

အာဏာရှင်တို့
နေဝင်ချိန်
တင်ညွန့်

**ထုတ်ဝေသူ**

ဦးကျော်ကျော်ဝေ အမှတ်(၄၃) အေ မြေညီထပ်၊
၄ လမ်း၊ ၁ ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဒေါ်ခင်မာဝေ၊ ထွန်းတောက်ပြည် (မြ) (၀၀၆၅၅)
အမှတ် (၁၀) အနော်ရထာလမ်း၊ ပုဇွန်တောင်မြို့နယ်

**အဖုံးဒီဇိုင်း**

ဒီဇိုင်း(kzo)

**အုပ်ရေ**

၁၀၀၀

**တန်ဖိုး**

၂၅၀၀ ကျပ်

**ညီနောင်စာပေ**
**09-250014436, 09-425026619**

# မာတိကာ


အိုမာအယ်လ်ဘာရှား ---------- ၁၃
ဟို့စ်နီ မူဘာရက် ---------- ၂၁
ဘာရှာ အယ်လ် အာဆတ် ---------- ၂၉
တေအိုဒိုရို အိုဘီအွန် အန်ဝွေမာ အမ်ဘာဆိုဂို ---------- ၃၇
ကင်ဂျုံအီ ---------- ၄၅
ရောဘတ် မူဂါဘီ ---------- ၅၃
အိုင်ဆိုင်း ဖာဝါကီ ---------- ၆၁
မွမ်မာ အယ်လ် ကဒါဖီ ---------- ၆၉
အလက်ဇန်းဒါး လူကာရှန်ကို ---------- ၇၇
ပါဗက် မူရှာရက်ဖ် ---------- ၈၅
ယူဝီရီ မူဆာဗနီ ---------- ၉၃
ပိုပေါ့ ---------- ၁၀၁
အဘ်ဒုလာ ဘင် အဘ်ဒူ အဇစ် အယ်လ် ဆတ် ---------- ၁၀၉
အမ်ဆွာတီ (တတိယ) ---------- ၁၁၇
မိုဟာမက်မော်ဒီ ---------- ၁၂၅
အယာတိုလာ အလီ ခါမေနီ ---------- ၁၃၃
ကင်ဂျုံအန် ---------- ၁၄၁
အစ္စလမ် ခါရီမော့ ---------- ၁၄၉
အီဒရစ် ဒယ်ဘီ ---------- ၁၅၇
အဘာဒူ ဖာတာ အယ်လ် စီစီ ---------- ၁၆၅
ဖရန်ဆွာ ဘိုနိုင်ဇီ ---------- ၁၇၃
မိုဘူတူ စီစီ ဆီကို ---------- ၁၈၁
ဗိုလ်ချုပ်ကြီးနေဝင်း (၁၉၁၀–၂၀၀၂) ---------- ၁၈၉
ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၁၉၃၃–      ) ---------- ၂၀၇

## အမှာစကား

ကျွန်တော်တို့သည် လှိုင်းလုံးများကို ရင်ဆိုင်နေကြရသည်။ စက်မှုခေတ်ပြောင်းတော်လှန်ရေးကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး အကျိုးဖြစ်လာသော ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံကြီးများသည် ဒုတိယလှိုင်းကိုစီးပြီး တတိယလှိုင်းပေါ်ရောက်သွားကြသည်။ ထိုနိုင်ငံများရင်ဆိုင်ရသည့် တတိယလှိုင်းမှာ သတင်းအချက်အလက်နှင့် နည်းပညာခေတ်ဖြစ်သည်။

ကျွန်တော်တို့လူ့ဘောင်သည် လှိုင်းသုံးလှိုင်းကို ဖြတ်သန်းကျော်ဖြတ်ခဲ့ပြီးဖြစ်သည်။ လှိုင်းတို့၏ သဘောသဘာဝအတိုင်း ဟောင်းနွမ်းသောလူ့ဘောင်ကို ဘေးသို့တွန်းထုတ်ပြီး ရှေ့အရောက်တိုးသွားခဲ့သည်သာဖြစ်သည်။ တိုးဝင်လာသောလှိုင်းများကို မည်သူမျှ တားဆီးချိန်မရ၊ တားဆီးခွင့်လည်း မရှိလိုက်ပေ။

ပထမလှိုင်းသည် လူ့ဘောင်၏ လယ်ယာစိုက်ပျိုးရေးခေတ်ကတည်းက အစပျိုးနေသည်။ တစ်နည်းပြောရလျှင် ကျောက်ခေတ်ကို ဖြတ်ကျော်လာပြီးသည့် လူ့ဘောင်အသိုင်းအဝိုင်းများတွင် စုပေါင်းမွေးရှာ၊ စုပေါင်းစိုက်ပျိုး၊ စုပေါင်းနေထိုင်သည့်ဓလေ့က ပထမလှိုင်းအတွက် အရှိန်ယူနေခြင်းသာဖြစ်သည်။

ဒုတိယလှိုင်းသည် စက်မှုခေတ်ကိုရောက်လာစေသည့် လှိုင်းဖြစ်သည်။ ဒုတိယလှိုင်း အစပျိုးခဲ့သည့်နေရာမှာ အနောက်ဥရောပဖြစ်ပြီး စက်မှုခေတ်ပြောင်းတော်လှန်ရေး ပေါ်ပေါက်လာခြင်းကစတင်ကာ တစ်ကမ္ဘာလုံးတွင် လှိုင်းလုံးများ ပျံ့နှံ့သွားခဲ့ရသည်။ ဒုတိယလှိုင်းပေါ်ပေါက်လာခြင်းအတွက် သိသာထင်ရှားလာသည့် အချက်များမှာ အနုမြူဆိုင်ရာ စည်းရုံးလက်တွဲသည့် အသိုင်းအဝိုင်းများထူထောင်လာခြင်း၊ ပညာရေးကို အလုပ်ရုံပုံစံဖြင့် ထူထောင်

လာခြင်း၊ နိုင်ငံအချင်းချင်း ပူးပေါင်းလက်တွဲ ဆောင်ရွက်သည့် အလေ့အထများ ခေတ်စားလာခြင်းဖြစ်သည်။

ဒုတိယလှိုင်းသည် စက်မှုလုပ်ငန်းများကို အခြေခံပြီး ကုန်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ဖြန့်ချိခြင်း၊ စားသုံးခြင်း၊ ပညာသင်ကြားခြင်း၊ မီဒီယာ၊ ဖျော်ဖြေရေး၊ အနားယူအပန်းဖြေရေးများကို အင်နှင့်အားနှင့် ထုနှင့်ထည်နှင့် လုပ်လာသလို၊ လက်နက်ဖျက်သိမ်းမှုများကိုလည်း သိသာထင်ရှားစွာ လုပ်ဆောင်လာကြောင်းလည်းတွေ့ရသည်။

တတိယလှိုင်းသည် စက်မှုခေတ်လွန်လူ့ဘောင်ကို ထူထောင်တည်ဆောက်နိုင်ခဲ့သည့်ခေတ်ဖြစ်သည်။ ၁၉၅၀ ပြည့်နှစ် နောက်ပိုင်းတွင် နိုင်ငံအမြောက်အမြားသည် ဒုတိယလှိုင်းမှ တတိယလှိုင်းသို့ ကူးပြောင်းရောက်ရှိလာကြသည်။ ထိုခေတ်မှာ မဖြစ်မနေ ရောက်ရှိလာရသည့်ခေတ်ပြီး အားလုံးရင်ဆိုင်ကြုံတွေ့လိုက်ရသည်မှာ သတင်းအချက်အလက်နှင့် နည်းပညာဖြစ်နေသည်။

ယခုဖော်ပြခဲ့သည့် တတိယလှိုင်းသည် လူမှုဖွံ့ဖြိုးတိုးတက်ရေးကို တတိယလှိုင်းအမြင်ဖြင့် စာရေးဆရာ **Alvin Toffler** က ရှုမြင်သုံးသပ်သည့် အမြင်ဖြစ်သည်။

ဒီမိုကရေစီအသွင်ကူးပြောင်းဆိုင်ရာ နိုင်ငံရေးအမြင်တွင်လည်း လှိုင်းသုံးလှိုင်းနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရကြောင်း နိုင်ငံရေး သိပ္ပံပညာရှင် **Samual P. Huntington** ကဆိုပါသည်။

ဟန်တင်တန်က ကမ္ဘာ့ဒီမိုကရေစီသည်လည်း လှိုင်းသုံးလှိုင်းကိုဖြတ်ကျော်ခဲ့ရကြောင်း ပြောခဲ့သည်။ ပထမလှိုင်းသည် ၁၉ ရာစုအစောပိုင်းလောက်ကတည်းကစတင်ခဲ့သည်။ ပထမလှိုင်းကာလတွင် ကမ္ဘာပေါ်၌ ဒီမိုကရေစီနိုင်ငံပေါင်း ၂၉ နိုင်ငံသာ ရှိခဲ့သည်။ ၁၉၂၂ ခုနှစ်မှ ၁၉၄၂ ခုနှစ် ကာလကို ပထမလှိုင်းအစနှင့် အဆုံးကာလဟု ခေါ်ဆိုနိုင်သည်။ ထိုကာလ နောက်ဆုံးပိုင်းတွင် မူဆိုလိုနီစသည့် စစ်အာဏာရှင်များထွန်းကားလာပြီး ဒီမိုကရေစီ ကျဆုံးသွားခဲ့ရသောကြောင့် နိုင်ငံ ၁၂ နိုင်ငံစန့်သာ ဒီမိုကရေစီကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခွင့် ရရှိနိုင်ခဲ့သည်။

ဒုတိယလှိုင်းသည် ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် မဟာမိတ်တို့ အောင်ပွဲနှင့်အတူ လိုက်ပါလာခဲ့သည်။ ပထမလှိုင်းနှင့် နှစ်ပေါင်း ၂၀ အကွာ

၁၉၆၂ ခုနှစ်တွင် ကမ္ဘာပေါ်တွင် ဒီမိုကရေစီနိုင်ငံပေါင်း ၃၆ နိုင်ငံဖြစ်လာသည်။ သို့သော် ဒုတိယလှိုင်းကလည်း ၁၉၆၂ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အတွင်း အရှိန်ပျော့ပြီး နိုင်ငံပေါင်း ၃၀ အထိ ကျဆင်းသွားခဲ့ရပြန်သည်။

တတိယလှိုင်းသည် ၁၉၇၄ ခုနှစ်လောက်မှ စတင်ခဲ့သည်။ ပေါ်တူဂီနိုင်ငံက စတင်ခဲ့သည်ဟုဆိုနိုင်သည်။ ၁၉၈၀ ပြည့်နှစ်လောက်တွင် လက်တင်အမေရိကတိုက်အတွင်း ဒီမိုကရေစီလှိုင်းရိုက်ခတ်ခြင်းမှာ ပိုပြီးပီပြင်လာခဲ့ကာ ၁၉၈၆ မှ ၁၉၈၈ ခုနှစ်အတွင်း ထိုလှိုင်းလုံးများသည် အာရှ–ပစိဖိတ်နိုင်ငံများဖြစ်သည့် ဖိလစ်ပိုင်၊ တောင်ကိုရီးယားနှင့် ထိုင်ဝမ်နိုင်ငံများသို့ ရောက်လာခဲ့သည်။ ထိုလှိုင်းများသည် ဥရောပကို တရွေ့ရွေ့ဖုံးလွှမ်းလာပြီး မကြာမီ ဆိုဗီယက်ယူနီယံ ပြိုလဲစေသည်အထိ ဖြစ်ခဲ့ရသည်။ သို့သော် တတိယလှိုင်းကြောင့်ပင် ယခုအခါ ကမ္ဘာပေါ်တွင် ဒီမိုကရေစီနိုင်ငံ ၁၀၀ ကျော်သွားခဲ့ပြီဖြစ်သည်။

ဒီမိုကရေစီလှိုင်း၏ ရိုက်ခတ်မှုအသက်ရောက်ဆုံးမှာ အာရပ်များနိုးကြားတက်ကြွလာခြင်းနှင့် အာရပ်နွေဦးလှုပ်ရှားမှုများ ပေါ်ပေါက်လာစေခြင်းဖြစ်သည်။ မည်သို့ဆိုစေ ၁၉၈၈ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်းသို့လည်း တတိယလှိုင်းဝင်ဆောင့်သဖြင့် အာဏာရှင်တို့ အလူးအလဲခံလိုက်ရသည်။ ဆိုရှယ်လစ်တပ်မတော်ကြီးပြိုကွဲသွားသည်။ နှစ်ပေါင်း ၁၆ နှစ်အကြာ စိုးမိုးအုပ်ချုပ်ခဲ့သော အာဏာရှင်နုတ်ထွက်လိုက်ရသည်။ သို့သော် စစ်တပ်ကနောက်ဆုတ်မရနိုင်သည့် အနေအထားများကြောင့် တိုင်းပြည်ကို ဆက်လက်ပြီး စစ်အစိုးရကအုပ်ချုပ်သည်။ ဒုတိယစစ်အာဏာရှင်အစိုးရသည် မြန်မာနိုင်ငံကို နောက်ထပ်နှစ်ပေါင်း ၂၀ ကျော်လွှမ်းမိုးအုပ်ချုပ်ပြီး ဒီမိုကရေစီ ပေးခဲ့သည်ဆိုသော်လည်း တင်းပြည့်ကျပ်ပြည့် ဒီမိုကရေစီအရသာကို ပြည်သူတို့ ခံစားခွင့်ရသည်ဟု မဆိုနိုင်သေးသော ကာလများဖြစ်နေသည်။

လူ့ဘောင်သမိုင်းကို လှိုင်းခြောက်လှိုင်းက ပြုပြင်ပြောင်းလဲသွားသည်။ ခေတ်လှိုင်းသုံးလှိုင်းနှင့် စနစ်လှိုင်းသုံးလှိုင်းဖြစ်သည်။ ခေတ်လှိုင်းများကလည်း စတုတ္ထလှိုင်းဆီသို့ ဦးတည်နေသလို စနစ်လှိုင်းတွေကလည်း စတုတ္ထလှိုင်းများဆီသို့ ဦးတည်နေသည်။ မည်သို့ဆိုစေ ဟန်တင်တန်ပြောသွားသည့် စကားတစ်ခွန်းကိုတော့ လက်ခံရလိမ့်မည်။ ဟန်တင်တန်က–

"ဒီမိုကရေစီဆိုသည်မှာ အကြောင်းတရားများကြောင့် ပေါ်ပေါက်လာ

ခြင်းမဟုတ်။ အကြောင်းတရားကိုဖြစ်အောင် ဖန်တီးသူများကြောင့် ပေါ်ပေါက်လာခြင်းဖြစ်သည်" ဆိုသည့်စကားဖြစ်သည်။ ဒီမိုကရေစီကို လိုချင်သူများကသာ မဖြစ် ဖြစ်အောင် ကြိုးဆောင်သွားရကြောင်း သမိုင်းသက်သေများရှိသည်။ စာတွေ့ရှုလိုင်းသည် ဒီမိုကရေစီနှင့် အာဏာရှင်တို့ကို ခွဲခြားသုတ်သင်သွားမည် ထင်ပါသည်။

အာဏာရှင်များ တည်ရှိလာရခြင်းမှာ ပြည်တွင်း ဩဇာအာဏာခွဲဝေပုံ မညီမှုကြောင့်ဖြစ်သည်ဟုဆိုကြသည်။ မြန်မာနိုင်ငံ အာဏာရှင်ဖြစ်တည်လာခြင်း အကြောင်းရင်းကို လေ့လာကြည့်လျှင် ပြည်တွင်းနိုင်ငံရေးပါတီများ စည်းလုံးညီညွတ်မှုမရှိခြင်း၊ နိုင်ငံရေးသမားအချင်းချင်း နားလည်မှုများ လွဲမှားနေခြင်း၊ သူတစ်လူငါတစ်မင်း စစ်ခင်းနေကြခြင်းများကြောင့်ဖြစ်ကြောင်း အကြမ်းဖျင်း သုံးသပ်နိုင်ပါသည်။ ထိုသို့အရပ်ဖက်နိုင်ငံရေး စည်းလုံးညီညွတ်မှုမရှိခြင်းက စစ်တပ်ကို ဖိတ်ခေါ်လိုက်သလိုဖြစ် သွားခဲ့ရသည်။ အရပ်သားအစိုးရ မရှုနိုင် မကယ်နိုင်ဖြစ်စေမည့် ပြည်တွင်းစစ်မီးနှင့် သောင်းကျန်းသူများ၏ ခေါင်းထောင်ထနိုင်သော အနေအထားများကို လက်နက်ကိုင်အဖွဲ့အစည်းကသာလျှင် ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ပါတီနိုင်ငံရေးသမားများ၏ မပါးနပ်မှုများနှင့် စစ်တပ်ကို ယုံကြည်ကိုးစားလိုက်ခြင်းက နှစ်ပေါင်း ၅၀ နီးပါး မြန်မာနိုင်ငံကို စစ်အာဏာရှင်လက်ထဲသို့ရောက်စေရန် တွန်းအားပေးလိုက်သလို ဖြစ်စေခဲ့သည်။

အာဏာရှင်တို့ကို လေ့လာသုံးသပ်ကြည့်လျှင် ပြည်ပအဖွဲ့အစည်း အထောက်အပံ့အကူအညီများကြောင့် အားနည်းသွားရသည် ရှိသလို၊ ပြည်ပနိုင်ငံအဖွဲ့အစည်းများကြောင့်ပင် ခေါင်းထောင်ထလာနိုင်သည့် အနေအထားများ ရှိကြောင်းတွေ့ရသည်။ နိုင်ငံတကာက အာဏာရှင်အစိုးရကြောင့် စီးပွားရေး ပိတ်ဆို့ခြင်း၊ အခြားသံတမန်ဖြတ်တောက်မှုများပြုလုပ်ခြင်း၊ ကုလသမဂ္ဂကပါ ဝင်ရောက်အရေးယူခြင်းစသည့် မည်သို့သော အရေးယူဆောင်ရွက်မှုများရှိသည် ဖြစ်စေ ပြည်တွင်းနိုင်ငံရေးလှုပ်ရှားသူများ၊ အခွင့်အရေးလှုပ်ရှားသူများ၊ နိုင်ငံရေး အံတုသူများ စည်းလုံးလက်တွဲပြီး အရှိန်အဟုန်တစ်ခုအားကိုယူကို အာဏာရှင်တို့ကို ဖြုတ်မချနိုင်သမျှ အောင်မြင်လိမ့်မည် မဟုတ်ပေ။ မြန်မာနိုင်ငံ ၁၉၈၈ အရေးအခင်းနှင့် ၂၀၁၀ မတိုင်မီနိုင်ငံရေး အနေအထားများကို လေ့လာသုံးသပ်

ကြည့်နိုင်ပါသည်။

အာဏာရှင်စနစ်သည် ဒီမိုကရေစီစနစ်နှင့် ဆန့်ကျင်ဘက်ဖြစ်နေခြင်းကပင် ရေရှည်တည်မြဲရန် ခက်ခဲလာခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ နိုင်ငံတိုင်းတွင် ဒီမိုကရေစီအရေးလှုပ်ရှားမှုများ၊ ဒီမိုကရေစီတောင်းဆိုမှုများသည် ခေတ်စားလာသည်။ အဘယ်ကြောင့်ဆိုသော် လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ ချစ်ကြည်ရင်းနှီးခြင်းဆိုသည့် ဒီမိုကရေစီ အခြေခံသဘောတရားများကို လူသားတိုင်းက မြတ်နိုးတန်ဖိုးထားကြခြင်းကြောင့် ဖြစ်သည်။

အာဏာရှင်စနစ်တွင် ချွတ်ယွင်းအားနည်းချက်များ ပါလာသည်။ အာဏာရှင်သည် လက်နက်စွဲကိုင်ခွင့်ရသောကြောင့် အင်အားတောင့်တင်းခိုင်မာသည့် အသွင်ဆောင်နေသော်လည်း နိုင်ငံအုပ်ချုပ်ရာတွင် ကျွမ်းကျင်ထိရောက်မှု မရှိခြင်း၊ အာဏာရှင်အချင်းချင်းနှင့် မိမိဖွဲ့စည်းထူထောင်ထားသည့် လက်နက်ကိုင်တပ်အတွင်းမှာပင် အပြိုင်အဆိုင်များအားကြီးပြီး ဖြုတ်ထုတ်သတ်မှုများရှိလာတတ်ခြင်း၊ အုပ်ချုပ်ရေးညံ့ဖျင်းခြင်း၊ အစိုးရအုပ်ချုပ်ရေး ယန္တရားတွင်တာဝန်ယူနေသူများနှင့် ပဋိပက္ခဖြစ်ခြင်း၊ အကျင့်ပျက်ခြစားမှုများ ပေါ်ပေါက်လာခြင်းစသည့် အချက်များမှာ အာဏာရှင်များကို နေဝင်သွားစေရန် လုပ်ဆောင်ပေးနေသည့် အချက်များဖြစ်ကြောင်း တွေ့ရသည်။

အာဏာရှင်များ ကျဆုံးရခြင်းသည် သူ့နောက်တွင် လိုက်သူမရှိတော့သောကြောင့်ဖြစ်သည်။ လက်အောက်ငယ်သားများကို စစ်တပ်ဖြင့်ထူထောင်၊ အာဏာဖြင့်ထူထောင်ပြီးဖြစ်သော်လည်း လက်အောက်ငယ်သားများက မလေးစား၊မကြည်ညိုသောကြောင့် ပုန်ကန်ခြားနားပြီး ဖြုတ်ချသောကြောင့် ပြုတ်ကျသွားရသည့် အာဏာရှင်ပေါင်းများစွာ ရှိကြောင်းလည်းတွေ့ရသည်။

အာဏာရှင်အများစု ကျဆုံးရခြင်းများကို လေ့လာသုံးသပ်ကြည့်လျှင် ကိုယ်ကျိုးစီးပွားနှင့် ယှဉ်လာသောကြောင့်လည်း အများဆုံးတွေ့ရသည်။ အဓိကအားဖြင့် အာဏာရှင်တိုင်းလိုလို ငါ့မယား၊ ငါ့သား၊ ငါ့သမီး၊ ငါ့အမျိုးစသည့် 'ငါ' ဆိုသော အတ္တများနှင့် မကင်းနိုင်သောကြောင့် ကျဆုံးသွားရသည်က များပါသည်။ တိုင်းပြည်ကို လက်နက်ဖြင့် အနိုင်ယူ တက်လာပြီး အစပိုင်းတွင် ပြည်သူတွေကို မက်လုံးပေးကာ အုပ်ချုပ်ရေးအာဏာရအောင်လုပ်တတ်သော်လည်း နောက်ပိုင်းတွင် တိုင်းပြည်၏ သယံဇာတများဖြင့် ကိုယ်ကျိုးရှာပြီး

သူဌေးကြီးများ ဘွဲ့ခံသွားသော အာဏာရှင်ပေါင်းများစွာကိုလည်း တွေ့မြင်ရပါသည်။

အာဏာရှင်တိုင်းလိုလို အလွန်အမင်းချမ်းသာ၊ အလွန်အမင်းဩဇာများရှိပြီး အလွန်အကျူး ကိုယ်ကျိုးရှာ မာန်မာနများဖြင့် ရက်စက်ယုတ်မာမှုများကို ပြုလေ့ရှိကြသည်။ သို့သော် ထိုအာဏာရှင်များ ကျဆုံးချိန်မှာ သံဝေဂရစရာ ကောင်းလှသည်။ အချို့ ခွေးသေဝက်သေ မရှုမလှသေဆုံးကြရသည်။ ပြည်သူတို့က ဒဏ်ခတ်လိုက်သည့် သဘောဖြစ်သည်။ အာဏာရှင်တိုင်းကို ပြည်သူတို့ နှစ်သက်မြတ်နိုးမှုအလွန်နည်းပါသည်။ အဘယ်ကြောင့်ဆိုသော် တိုင်းပြည်အုပ်ချုပ်ရန် တက်လာစဉ်ကတည်းက ပြည်သူတို့ လိုအားအပ်သော ပုံစံများဖြင့် တက်လာကြခြင်း မဟုတ်သောကြောင့်ဖြစ်သည်။ ၂၁ ရာစုသည် အာဏာရှင်များကို သွေးလန့်စေသောနှစ်များဖြစ်သည်။ အာဏာရှင်တွေ တစ်ဦးပြီးတစ်ဦး ကျဆုံးကုန်သည်။

အာဏာရှင်တို့ နေဝင်ချိန်သည် တတိယလှိုင်းများနှင့်အတူ အရှိန်ယူနေသည်။ စတုတ္ထလှိုင်းလုံး ဝင်ဆောင့်သည့်ဒဏ် အာဏာရှင်များ ခံနိုင်ရည်ရှိရန် ပြင်ဆင်ထားဖို့ လိုပေလိမ့်မည်။

အာဏာရှင်တို့နေဝင်ချိန် စာစုများသည် ကျွန်တော် ၂၀၁၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်များအတွင်း The Voice Weekly ဂျာနယ်တွင် အပတ်စဉ်ရေးသား ဖော်ပြခဲ့သော ဆောင်းပါးများကို စုရုံးထုတ်ခြင်းဖြစ်ကြောင်း ဦးစွာဝန်ခံလိုပါသည်။ ကျွန်တော်သည် ဂျာနယ်မဂ္ဂဇင်းများတွင် စာများရေးသားရာ၌ နောက်ဆုံးတွင် စာအုပ်တစ်အုပ်အဖြစ် မှတ်တမ်းတင်ကျန်ရစ်ခဲ့စေရန် ဦးတည်လုပ်ဆောင်လေ့ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် မဂ္ဂဇင်း၊ ဂျာနယ်စာစုများကို လူတိုင်းသိမ်းနိုင်မည်မဟုတ်သည့်အပြင် မှတ်တမ်းမှတ်ရာများမှာလည်း ပြန့်ကြဲသွားသောကြောင့် တစ်စုတစ်စေးတည်းဖြစ်စေရန် စာအုပ်ဖြင့် စီစဉ်ရခြင်းဖြစ်ပါသည်။ ကျွန်တော်၏ ပြန့်ကြဲနေသော စာစုများကို တစ်စုတစ်ပေါင်းတည်း ထုတ်ပေးနိုင်ရေးအတွက် အကူအညီပေးသော ထုတ်ဝေသူနှင့် စာရေးဖြစ်စေရန် တွန်းအားပေးခဲ့သည့် The Voice အဖွဲ့ကို ကျေးဇူးတင်စကား ဆိုခြင်းဖြင့်သာ . . .

တင်ညွန့်
(၁.၁.၂၀၁၅)



1

ဆူဒန်နိုင်ငံ

# အိုမာအယ်လ်ဘာရှား

ဒုတိယဗိုလ်ချုပ်ကြီး အိုမာဟာ့စန် အာမက်အယ်လ်ဘာရှား (Omar (Hassan Ahmad Al-Bashir) ကို ၁၉၄၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် မွေးဖွားသည်။ ၁၉၈၉ ခုနှစ်တွင် ဆူဒန်တပ်မတော်၌ ဗိုလ်မှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်နေစဉ် အရာရှိအချို့ကိုဦးဆောင်ပြီး ဝန်ကြီးချုပ်ဆာဒစ် အယ်လ်မာဒီလက်ထဲမှ အာဏာကိုသိမ်းယူခဲ့သူဖြစ်သည်။

## ဘဝအစ

အယ်လ်ဘာရှားကို ယခု ခါတွန်မြို့တော်မြောက်ပိုင်းရှိ ဟို့ရှ်ဘန်နာဂါမြို့တွင် မွေးဖွားသည်။ ဆူဒန်နိုင်ငံမြောက်ဘက် အလယ်ပိုင်း အာရပ်မျိုးနွယ်စုတစ်စုဖြစ်သည့်

လူမည်း နွားဘီယံမျိုးနွယ်စုမှ ပေါက်ဖွားလာသူလည်း ဖြစ်သည်။ မူလတန်းပညာကို ထိုအရပ်တွင်ပင် သင်ကြားခဲ့ပြီးနောက်ပိုင်း မိသားစုက ဓါတွန်သို့ပြောင်းရွှေ့သွားသဖြင့် ဓါတွန်တွင် အထက်တန်းပညာကို ဆက်လက်သင်ကြားခဲ့ရသည်။

ဝမ်းကွဲနှစ်မတစ်ဦးဖြစ်သူ ဖာတီမာဓါလစ်နှင့် လက်ထပ်ခဲ့သည်။ နောက်မိန်းမတစ်ယောက်ထပ်ယူရာ အမည်မှာ ဝီဒတ်ဘာဘာကာအိုမာဖြစ်သည်။ အိုမာတွင် ပထမလင် အီဘရာဟင်ရှမ်ဆာဒင်နှင့်ရသော ကလေးတွေပါလာသည်။ ထိုအထဲမှ သားတစ်ယောက်မှာ တော်လှန်ရေးကောင်စီ အမျိုးသားကာယတင်ရေးတပ်ဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ရဟတ်ယာဉ်ပျက်ကျသဖြင့် သေဆုံးသွားခဲ့သည်။ ယခုလက်ရှိ နောက်တစ်ယောက်နှင့်ထပ်ပြီး အိမ်ထောင်ပြုထားကြောင်း သိရသည်။ အယ်လ်ဘာရှားနှင့်ရခဲ့သည့် မိန်းမတိုင်းတွင် ကလေးတစ်ဦးမျှ မထွန်းကားခဲ့ပေ။

## တပ်ထဲသို့ဝင်ခြင်း

ဆူဒန်တပ်မတော်သို့ ၁၉၆၀ ပြည့်နှစ်တွင် ဝင်ရောက်အမှုထမ်းသည်။ ကိုင်ရိုရှိ အီဂျစ်တပ်မတော်အကယ်ဒမီကျောင်းတွင် တက်ရောက်ခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် ဓါတွန်၌ဖွင့်လှစ်ထားသည့် ဆူဒန်တပ်မတော် အကယ်ဒမီမှ ဘွဲ့ရရှိခဲ့သည်။ ချက်ချင်း ရာထူးအဆင့်ဆင့်တိုးပြီး လေထီးတပ်အရာရှိတစ်ဦး ဖြစ်လာသည်။ နောက်ပိုင်း အစ္စရေးကိုဆန့်ကျင်တိုက်ပွဲဝင်ခဲ့သည့် ယွမ်းကစ်ပါးစစ်ပွဲတွင် အီဂျစ်တပ်မတော်ဘက်မှ ဝင်ရောက်တိုက်ခိုက်ပေးခဲ့သည်။

၁၉၇၅ ခုနှစ်တွင် အယ်လ်ဘာရှားကို ဆူဒန်တပ်မတော်ပူးတွဲတာဝန်ကို ထမ်းဆောင်ရန် အာရပ်စော်ဘွားများနိုင်ငံသို့ စေလွှတ်ခဲ့သည်။ တာဝန်ပြီးဆုံးသဖြင့် ဆူဒန်နိုင်ငံသို့ ပြန်လာချိန်တွင် မြို့စောင့်တပ်တပ်မှူးကြီးအဖြစ် ရာထူးတိုးမြှင့်ပေးခြင်းခံရသည်။ ၁၉၈၁ ခုနှစ်တွင် သံချပ်ကာနှင့် လေထီးတပ်တပ်မှူးကြီး ဖြစ်လာသည်။

## သမ္မတရာထူးကို အာဏာသိမ်းရယူခြင်း

ဆူဒန်နိုင်ငံသို့ ဆူဒန်တပ်မတော်၏ တပ်မှူးရာထူးဖြင့်ပြန်လာချိန်တွင် အရာရှိအချို့နှင့်ပူးပေါင်းပြီး ဝန်ကြီးချုပ် ဆာဒစ်အယ်လ်မာဒီ ညွန့်ပေါင်းအစိုးရကြောင့် တိုင်းပြည်မငြိမ်မသက်ဖြစ်နေသည်ဟု အကြောင်းပြကာ ၁၉၈၉ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် စစ်တပ်က သွေးမဲ့အာဏာသိမ်းလိုက်သည်။

အယ်လ်ဘာရှားစစ်အစိုးရ အုပ်ချုပ်မှုအောက်တွင် နိုင်ငံရေးပါတီများကို ဆိုင်းငံ့ပိတ်ပင်ထားခြင်း၊ အစ္စလာမ်ဥပဒေကို နိုင်ငံတော်အဆင့်သတ်မှတ်ခြင်းများ ပြုလုပ်ခဲ့သည်။

တော်လှန်ရေးကောင်စီ အမျိုးသားကယ်တင်ရေးကောင်စီ (အသွင်ကူးပြောင်းရေးကာလတွင် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာများကို သတ်မှတ်ပြဌာန်းနိုင်ရန် ဖွဲ့စည်းထားသည့်အဖွဲ့) ၏ ဥက္ကဋ္ဌဖြစ်လာသည်။ ထိုရာထူးသည် နိုင်ငံတော်အကြီးအကဲ၊ ဝန်ကြီးချုပ်၊ တပ်မတော်အကြီးအကဲ၊ ကာကွယ်ရေးဝန်ကြီး ရာထူးအားလုံးကို သိမ်းကျုံးချုပ်ထားလိုက်သည့်ရာထူးလည်းဖြစ်သည်။

နိုင်ငံအကြီးအကဲရာထူးကို ကိုယ်တိုင် သတ်မှတ်ရယူပြီးနောက် အမျိုးသား အစ္စလာမ့်တပ်ပေါင်းစုခေါင်းဆောင် ဟာ့စ်ဆန်အယ်လ်တူရာဘီနှင့် မဟာမိတ်ဖွဲ့လိုက်သည်။ နောက်ပိုင်း တပ်မတော်ထိပ်ပိုင်းခေါင်းဆောင်များကို ဖြုတ် ထုတ် သတ်လုပ်ခြင်း၊ အဖွဲ့အစည်းအသင်းအဖွဲ့များကို ကန့်သတ်ခြင်း၊ နိုင်ငံရေးပါတီများကို ပိတ်ပင်တားဆီးခြင်း၊ သတင်းစာလွတ်လပ်ခွင့်ကို ချုပ်ကိုင်ခြင်းနှင့် သတင်းစာလောက၊ နိုင်ငံရေးလောကတွင် ထင်ရှားသည့် ခေါင်းဆောင်များကို ဖမ်းဆီးထောင်ချခြင်းများ ဆက်တိုက်ဆောင်ရွက်ခဲ့သည်။

## အစိုးရအဖြစ် အုပ်ချုပ်ခြင်း

၁၉၉၃ ခုနှစ် အောက်တိုဘာ ၁၆ ရက်နေ့တွင် အယ်လ်ဘာရှားသည် သူ့ကိုယ်သူ သမ္မတအဖြစ်တင်မြှောက်ခဲ့သည်။ တော်လှန်ရေး အမျိုးသား

ကယ်တင်ရေးကောင်စီကိုလည်း ဖျက်သိမ်းပြီး အခြားပြိုင်ဘက် နိုင်ငံရေးပါတီများကိုလည်း ဖျက်သိမ်းလိုက်သည်။ တိုင်းပြည်၏ တရားစီရင်ရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာအားလုံးကို အယ်လ်ဘာရှားတစ်ဦးတည်းက သိမ်းပိုက်လိုက်သည်။

၁၉၉၀ ပြည့်နှစ် အစောပိုင်းတွင် ဆူဒန်နိုင်ငံအတွင်း အသုံးပြုနေသော ငွေကြေးကို ဆူဒန်ပေါင်အစား၊ ဆူဒန်ဒီနာအဖြစ် ပြောင်းလဲလိုက်သည်။ ထိုသို့ငွေကြေးစနစ်ကို ပြောင်းလဲလိုက်ခြင်းကြောင့် ၁၉၈၀ ပြည့်နှစ်ကထက် ငွေကြေးတန်ဖိုး ၉၀ ရာခိုင်နှုန်းခန့် လျော့နည်းသွားခဲ့သည်။

နောက်ပိုင်း ပြည်သူများကရွေးချယ် တင်မြှောက်သည့် သမ္မတအဖွဲ့ (ငါးနှစ်သက်တမ်း) ကို တရားဝင်ခံယူလိုသောကြောင့် ၁၉၉၆ ခုနှစ်တွင် အမျိုးသားရွေးကောက်ပွဲကို ကျင်းပပေးခဲ့ပြီး ရွေးကောက်ပွဲတွင် ပြိုင်ဘက်မရှိ တစ်ဦးတည်းအရွေးခံကာ သမ္မတဖြစ်လာခဲ့သည်။

၁၉၉၈ ခုနှစ်တွင် အယ်လ်ဘာရှား၏ သမ္မတအဖွဲ့က ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ရေးဆွဲခဲ့သည်။ နိုင်ငံရေးတွင် အတိုက်အခံနိုင်ငံရေးပါတီများ ပါဝင်မှုကို ကန့်သတ်ပိတ်ပင်ထားသဖြင့် အယ်လ်ဘာရှား ထူထောင်ထားသည့် အမျိုးသားကွန်ဂရက်ပါတီနှင့် သူ့ပါတီကိုထောက်ခံသူများသာ အစိုးရအဖွဲ့ဝင်များဖြစ်လာကြသည်။ သို့သော် အစိုးရအဖွဲ့သည် ဒါဖာအရေးအခင်းနှင့် ပဋိပက္ခများကြောင့် အာဏာကိုမချုပ်ကိုင်နိုင်သည့် အနေအထားသို့ ရောက်ခဲ့ရသည်။

၁၉၉၀ ပြည့်နှစ်လယ်တွင် အယ်လ်တူရာဘီနှင့် အယ်လ်ဘာရှားတို့ ကမ္ဘာ့ရန်များအဖြစ် ယှဉ်ပြိုင်တိုက်ခိုက်မှုပြင်းထန်လာသည်။ တူရာဘီသည် အစ္စလာမ်ဘာသာရေးခေါင်းဆောင်များအုပ်စုနှင့် အဆက်အသွယ်ရှိသူဖြစ်သည်။ ဆူဒန်နိုင်ငံပြင်ပတွင် လှုပ်ရှားနေသည့် အဖွဲ့အစည်းများနှင့်လည်း အဆက်အသွယ်ရှိပြီး အိုစမာဘင်လာဒင်ကို နိုင်ငံအတွင်းသို့ ဖိတ်ခေါ်လာနိုင်ခဲ့သူလည်းဖြစ်သည်။ ၁၉၉၃ ခုနှစ်ကတည်းက အမေရိကန်ပြည်ထောင်စုသည် ဆူဒန်နိုင်ငံအား အကြမ်းဖက်သမားများကို ထောက်ပံ့နေသည့်နိုင်ငံအဖြစ် သတ်မှတ်ထားခဲ့သည်။

၁၉၉၆ ခုနှစ်တွင် သမ္မတ ငါးနှစ်သက်တမ်းပြည့်သဖြင့် နောက်ထပ်ရွေး

ကောက်ခံရာ ၇၅ ဒသမ ၇ ရာခိုင်နှုန်းမဲဖြင့် သမ္မတဖြစ်လာပြန်သည်။

၂၀၀၀ ပြည့်နှစ် သမ္မတရွေးကောက်ပွဲတွင်လည်း အတိုက်အခံပါတီများအပါအဝင် ဖြိုင်ဘက်တူရာဘီကိုပါ ၈၆ ဒသမ ၅ ရာခိုင်နှုန်းမဲဖြင့်ဖြတ်ပြီး အနိုင်ယူကာ သမ္မတဖြစ်လာပြန်သည်။ အမတ်နေရာ ၃၆၀ ရှိသည့်လွှတ်တော်တွင် အယ်လ်ဘာရှား၏ အမျိုးသားကွန်ဂရက်ပါတီက အမတ်နေရာ ၃၅၅ နေရာ ရခဲ့သည်။ လွှတ်တော်ဥက္ကဋ္ဌဖြစ်နေသော တူရာဘီသည် သမ္မတအာဏာကို လျှော့ချရန် အမျိုးမျိုးကြိုးစားသော်လည်း မအောင်မြင်ခဲ့ပေ။

၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်နေ့တွင် အယ်လ်ဘာရှားသည် လွှတ်တော်၏ပြောရေးဆိုခွင့်ရှိသူရာထူးကို သူကိုယ်တိုင် ခန့်ထားသည့် ဟာ့စ်ဆန်အယ်လ်တူရာဘီအား စစ်တပ်နှင့် တင့်ကားများလွှတ်ပြီး ဖြုတ်ချခဲ့သည်။ နိုင်ငံတကာက ကန့်ကွက်နေသည့်ကြားမှ အယ်လ်ဘာရှားသည် ဆူဒန်နိုင်ငံ၏ စီးပွားရေးကိုချုပ်ကိုင်ခဲ့သည်။ ထိုလုပ်ငန်းစဉ်ကို ဆောင်ရွက်သည့်အနေနှင့် ဆူဒန်တောင်ပိုင်းမှ ရေနံတင်ပို့ခြင်းလုပ်ငန်းများကို သိမ်းပိုက်ကာ ကိုယ်တိုင်ဦးစီးလုပ်ကိုင်ခဲ့သည်။ တူရာဘီကိုလည်း ဖမ်းဆီးထောင်ချခဲ့ရာ ၂၀၀၅ ခုနှစ် ဇွန်လ ၂၈ ရက်နေ့မှ ပြည်တွင်းစစ်ငြိမ်းချမ်းရေး သဘောတူညီချက်အရ ပြန်လွှတ်ပေးခဲ့သည်။

## ပြည်တွင်းစစ်

မြောက်ပိုင်းအာရပ်လူမျိုးစုများနှင့် ဌာနေတောင်ပိုင်း အာဖရိကလူမျိုးစုတို့သည် ဆူဒန်တွင် ၁၉ နှစ်ကြာ ပြည်တွင်းစစ်ပွဲကို ဆင်နွှဲနေခဲ့သည်။ အထူးသဖြင့် ဆူဒန်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်နှင့် အယ်လ်ဘာရှားအစိုးရကြားတွင် တိုက်ပွဲများ ဖြစ်ပွားနေခဲ့ခြင်းဖြစ်သည်။

ပြည်တွင်းစစ်ကြောင့် လူပေါင်းနှစ်သိန်းမှ လေးသိန်းကြား သေဆုံးခဲ့ကြရသည်။ သို့သော် အယ်လ်ဘာရှားအစိုးရက ပဋိပက္ခအတွင်း လူပေါင်းသောင်းဂဏန်းခန့်သာ သေဆုံးခဲ့ရကြောင်း ထုတ်ပြန်ခဲ့သည်။ ဆူဒန်အစိုးရသည်

၂၀၀၄ ခုနှစ်တိုင် သတင်းသမားများကို ဖမ်းဆီးသတ်ဖြတ်ခြင်း၊ လူမျိုးတုံးသတ်ဖြတ်မှုများကို ကျူးလွန်ခြင်းများရှိခဲ့ကြောင်း ကုလသမဂ္ဂကိုယ်တိုင် သံသယများရှိနေခဲ့သည်။

၂၀၀၄ ခုနှစ် ဇွန်လ ၂၉ ရက်နေ့တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပေါဝဲလ်ကိုယ်တိုင် ဆူဒန်တွင် အယ်လ်ဘာရှားနှင့်တွေ့ဆုံပြီး သူပုန်များနှင့် တွေ့ဆုံဆွေးနွေးကာ ငြိမ်းချမ်းရေးရယူရန် တိုက်တွန်းခဲ့သည်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်ကလည်း အယ်လ်ဘာရှားနှင့် သုံးကြိမ်တိုင်တွေ့ဆုံပြီး လက်နက်ဖျက်သိမ်းပြီး သူပုန်များနှင့် ဆွေးနွေးရန် တိုက်တွန်းခဲ့သည်။

၂၀၁၁ ခုနှစ်တွင် အယ်လ်ဘာရှားက ဆူဒန်တပ်မတော်သည် လစ်ဗျား သူပုန်များကိုထောက်ပံ့ကာ ကဒါဖီဖြုတ်ချရေးကို ကြိုးပမ်းနေကြောင်းပြောကြားခဲ့သည်။

## ဖမ်းဝရမ်းအထုတ်ခံရခြင်း

၂၀၀၈ ခုနှစ်ကတည်းက အယ်လ်ဘာရှားကို နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) က ဒါဖာတွင် ၂၀၀၃ ခုနှစ်ကတည်းက ကျူးလွန်ခဲ့သည့် လူမျိုးတုံးသတ်ဖြတ်မှုများ၊ လူသတ်မှု၊ မုဒိမ်းမှု၊ ပြည်နှင်ဒဏ်ပေးမှု ပေါင်းများစွာဖြင့် စစ်ခုံရုံးတင်ရန် အလိုရှိသူအဖြစ် ထုတ်ပြန်ကြေညာခဲ့သည်။

အယ်လ်ဘာရှားကို ဖမ်းဆီးရန် ၂၀၀၉ ခုနှစ် မတ်လ ၄ ရက်နေ့တွင် နိုင်ငံတကာခုံရုံးများကလည်း အမိန့်များထုတ်ခဲ့သည်။ ICC ရှေ့နေတစ်ဦးဖြစ်သူ လူးဝစ်မိုရီနိုအိုကမ်ပိုက အယ်လ်ဘာရှား ဆူဒန်ပြည်သူများထံက ခိုးထားသည့် ငွေပေါင်း ဒေါ်လာကိုးဘီလီယံခန့်ရှိပြီး ထိုငွေများကို ပိတ်ဆို့ထားပေးပါရန် အမေရိကန်အစိုးရသို့ တောင်းဆိုခဲ့သည်။

## လွှတ်နေသေးသော အာဏာရှင်

၂၀၁၀ ဆူဒန်သမ္မတ ရွေးကောက်ပွဲတွင် အယ်လ်ဘာရှားသည် နောက်တစ်ကြိမ် ထပ်မံရွေးကောက်ပွဲဝင်ပြန်သည်။ ယခု တစ်ကြိမ်ရွေးကောက်ပွဲကို ဒီမိုကရေစီနည်းကျဖြစ်စေရမည်ဟုအာမခံပြီး ပါတီပေါင်းစုံပါဝင်စေခဲ့သည်။ အယ်လ်ဘာရှားသည် ICC ကထုတ်ပြန်ထားသည့် ရာဇဝတ်သားဘဝကို ရှောင်တိမ်းနိုင်ရန်မှာ အာဏာဆက်ရနေမှ ဖြစ်မည်။ ဧပြီလ ၂၆ ရက်နေ့ ရွေးကောက်ပွဲတွင် မည်သို့လုပ်လိုက်သည်မသိ၊ အယ်လ်ဘာရှားသာ ၆၈ ရာခိုင်နှုန်းမဲဖြင့် အနိုင်ရရှိသွားခဲ့သည်။ သမ္မတသက်တမ်းဆက်ပွဲကို နိုင်ငံတကာက ဆန့်ကျင်ခဲ့သော်လည်း ရာထူးကိုဆက်လက်စွဲကိုင်ခဲ့သည်။

၂၀၁၃ ခုနှစ် ဇူလိုင်လတွင် အယ်လ်ဘာရှားသည် နိုင်ဂျီးရီးယားနိုင်ငံ၊ အာဖရိကနိုင်ငံများညီလာခံသို့တက်ရောက်ရန် လာရောက်ခဲ့သည်။ ၂၄ နာရီ မပြည့်မီ သူ့ကိုဖမ်းဆီးရန် အမိန့်ထုတ်ခံရသဖြင့် နိုင်ငံအတွင်းသို့ ပြန်လှည့်ခဲ့ရသည်။ ၂၀၁၃ ခုနှစ် ဩဂုတ်လတွင်လည်း အယ်လ်ဘာရှား၏ လေယာဉ်ကို ဆော်ဒီအာရေးဗီးယားနိုင်ငံအတွင်းသို့ ဝင်ရောက်ရန် တားမြစ်ခြင်းခံရသည်။ သူသည် အီရန်သမ္မတ ဟာ့စ်ဆန်ရိုဟာနီရာထူးအပ်နှံပွဲသို့ တက်ရောက်ရန် လာခြင်းဖြစ်ပြီး တားမြစ်ခြင်းကြောင့် မတက်ရောက်နိုင်ခဲ့ပေ။

**Ref: http://www.biography.com**



2

အီဂျစ်နိုင်ငံ

# ဟိုစ်နီ မူဘာရက်

ဟိုစ်နီမူဘာရက်ကို ၁၉၂၈ ခုနှစ်၊ မေလ ၄ ရက်နေ့တွင် အီဂျစ်နိုင်ငံ ကာ့ဖ်အယ်လ်မီဆဲလ်ဟာတွင် မွေးဖွားခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် သမ္မတ အန်နဝါအယ်လ် ဆာဒတ်ကသူ့ကို လေတပ်တပ်မှူးအဖြစ် ခန့်အပ်ခဲ့သည်။ နောက်သုံးနှစ်အကြာတွင် ဆာဒတ်က ဒုတိယသမ္မတအဖြစ် တာဝန်ပေးခဲ့သည်။ ၁၉၈၁ ခုနှစ် အောက်တိုဘာ ၆ ရက်နေ့တွင် ဆာဒတ်သည်လုပ်ကြံခံခဲ့ရသဖြင့် သမ္မတရာထူးကို မူဘာရက်ရရှိခဲ့သည်။ ထိုရာထူးကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတိုင်အောင် ဆုပ်ကိုင်ထားနိုင်ခဲ့သည်။ ထိုနှစ်တွင် အီဂျစ်တစ်နိုင်ငံလုံး ဆူပူအုံကြွမှုများဖြစ်ခဲ့ပြီးနောက် သမ္မတရာထူးကို စွန့်လွှတ်ခဲ့ရသည်။

## ငယ်စဉ်ဘဝ

နာမည်အပြည့်အစုံမှာ မိုဟာမက်ဟို့စ်နီဆေရစ်မူဘာရက် (Muhammad Hosni Sayyid Mubarak) ဖြစ်သည်။ ဖခင်မှာ အစိုးရအရာရှိတစ်ဦးဖြစ်ပြီး ငယ်စဉ်ကပင် စစ်မှုထမ်းရန် ဝါသနာကြီးခဲ့သူဖြစ်သည်။ ၁၉၄၉ ခုနှစ်တွင် စစ်တက္ကသိုလ်ကျောင်းဆင်းခဲ့ပြီး နောက်ထပ် လေတပ်အကယ်ဒမီသို့ ဆက်တက်ကာ လေယာဉ်မောင်းအတတ်များကို လေ့လာသင်ယူခဲ့သည်။ လေတပ်အကယ်ဒမီ ကျောင်းတွင် တက်စဉ်က မူဘာရက်သည် ဆိုဗီယက်နိုင်ငံသို့ သွားရောက်ခွင့်ရခဲ့ပြီး လေကြောင်းပညာရပ်များကို လက်တွေ့လေ့လာသင်ယူခွင့်ရခဲ့သည်။

လေတပ်သင်တန်းကျောင်းမှဆင်းပြီးနောက် မူဘာရက်သည် လေယာဉ် ပျံသန်းခြင်းအတတ် သင်ကြားပေးသူနည်းပြအဖြစ် အမှုထမ်းခဲ့သည်။ အီဂျစ် လေတပ်တွင် ရာထူးအတိုးခံရပြီး ၁၉၆၆ ခုနှစ်တွင် ညွှန်ကြားရေးမှူးရာထူးကို ရရှိခဲ့သည်။ ၁၉၇၂ ခုနှစ် သမ္မတအနွာဝါဆာဒတ်က သူ့ကိုစစ်သေနာပတိရာထူး ပေးပြီး မြှောက်စားခဲ့သည်။ ၁၉၇၃ ခုနှစ် အစ္စရေးနှင့်ဖြစ်ပွားခဲ့သော ယွမ်းကစ်ပါး စစ်ပွဲတွင် စစ်ဗျူဟာများကို ပြောင်မြောက်စွာထုတ်ပြနိုင်ခဲ့သဖြင့် သမ္မတသဘော အကျဆုံးသူဖြစ်ခဲ့ရသည်။

## နိုင်ငံရေးသမားဘဝ

၁၉၇၅ ခုနှစ်တွင် မူဘာရက်ကို သမ္မတဆာဒတ်ကိုယ်တိုင် ဒုတိယသမ္မတ အဖြစ် ရွေးချယ်ခန့်အပ်ခဲ့သည်။ ဒေသတွင်းရှိ ဩဇာအာဏာကြီးမားသူများနှင့် ခေါ့စပ်ညှိနှိုင်းနိုင်ခြင်းကြောင့် သူ့လုပ်ဆောင်ချက်များကို အသိအမှတ်ပြုလာ ကြသည်။ ၁၉၈၁ ခုနှစ် အောက်တိုဘာ ၆ ရက်နေ့ သမ္မတဆာဒတ် စစ်ရေးပြ အခမ်းအနားတစ်ခုတွင် လုပ်ကြံခံရစဉ်က မူဘာရက်သည် ဆာဒတ်ဘေး၌ရှိနေ ခဲ့သူဖြစ်သည်။ ဆာဒတ်ကွယ်လွန်ပြီး တစ်ပတ်အကြာတွင် အီဂျစ်နိုင်ငံသမ္မတသစ် ရာထူးကို လက်ခံခဲ့သည်။

သမ္မတဖြစ်လာပြီးနောက် မူဘာရက်သည် အရှေ့အလယ်ပိုင်းဒေသတွင်

ဩဇာလွှမ်းနိုင်သူတစ်ဦးဖြစ်လာစေရန် ကြိုးပမ်းလုပ်ဆောင်ခဲ့ကြောင်း တွေ့ရသည်။ အထူးသဖြင့် ငြိမ်းချမ်းရေးအတွက် ဈေးစပ်ဆွေးနွေးညှိနှိုင်းမှု မှန်သမျှကို လုပ်ဆောင်ရန်အတွက် အထောက်အကူများစွာပေးခဲ့သည်။ အစ္စရေးနှင့် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုနိုင်ရန် အမေရိကန်ပြည်ထောင်စု၏ ဒေသအတွင်း ကြိုးပမ်းအားထုတ်မှုများကို အထောက်အကူများစွာပေးခဲ့သည်။ ထိုအထဲတွင် ပါရှင်းပင်လယ်ကွေ့အကျပ်အတည်းလည်း ပါဝင်သည်။ အီဂျစ်နိုင်ငံတွင် သမ္မတအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ကာလတစ်လျှောက်လုံး ပြဿနာပေါင်းများစွာကိုလည်း ရင်ဆိုင်ခဲ့ရသည်။ အထူးသဖြင့် ကန့်သတ်ချုပ်ခြယ်မှုများခြင်း၊ ပုဂ္ဂလိကလွတ်လပ်ခွင့်များကို ချုပ်ကိုင်ခြင်းနှင့် နိုင်ငံရေးလွတ်လပ်ခွင့်များကို ကန့်သတ်လွန်းခြင်းကြောင့် သူ့ကို သဘောမကျကြပေ။ ၁၉၉၀ ဝန်းကျင်တွင် သူ့ကို နှစ်ကြိမ်တိုင်လုပ်ကြံခဲ့သော်လည်း အသက်ဘေးကလွတ်မြောက်ခဲ့သည်။

## သမ္မတဘဝ နောက်ဆုံးကာလ

၂၀၁၁ ခုနှစ်အစပိုင်း ဇန်နဝါရီလတွင် သမ္မတရာထူးကဆင်းပေးရန် တွန်းအားများအပေးခံရသည်။ ကိုင်ရိုမြို့လမ်းမကြီးများပေါ်တွင် ဆန္ဒပြသူများ ပြည့်နေသည်။ သူ့ကို သမ္မတရာထူးကဆင်းပေးပြီး ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် တောင်းဆိုမှုများပြုခဲ့ကြသည်။

မူဘာရက်သည် ပြည်သူတို့၏ ဆန္ဒပြမှုများကို အဆုံးသတ်ရေးအတွက် အကြမ်းဖက်နှိမ်နင်းမှုများ ပြုလုပ်ခဲ့သည်။ ရလဒ်မှာ ပြည်သူပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရသည်။ အမေရိကန်သမ္မတ ဘားရက်အိုဘားမားကိုလည်း အီဂျစ်တွင် ဆန္ဒပြသူများကို ထောက်ခံအားပေးနေသည်ဟု စွပ်စွဲခံခဲ့ရသည်။ အိုဘားမားသည် မူဘာရက်ကိုခေါ်ပြီး အာဏာကို စနစ်ကျစွာဖြင့် လွှဲပြောင်းပေးအပ်ခြင်းသည်သာ ငြိမ်းချမ်းနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အီဂျစ်နိုင်ငံအတွင်း တစ်ပတ်ခန့် ဆူပူဆန္ဒပြမှုများ ဖြစ်ပွားခဲ့ပြီးနောက် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် သမ္မတရာထူးကဆင်းပေးရန်

မူဘာရက် သဘောတူခဲ့သည်။ သူနှင့် သူ့မိသားစုသည် ကိုင်ရိုမှထွက်ပြေးသွားခဲ့ပြီး သူတို့ အခြေစိုက်နေထိုင်ခဲ့သည့် ရှမ်းအယ်လ်ရှိတ်မြို့တွင် ခိုနားရန်ဆုံးဖြတ်ခဲ့သည်။

သို့သော် နောက်ထပ်တက်လာသည့်အုပ်စုက မူဘာရက်နှင့် သားနှစ်ယောက်ဖြစ်သည့် အေလားနှင့် ဂါမဲလ်တို့ကို ၂၀၁၁ ခုနှစ် ဧပြီလတွင် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ သူတို့သားအဖကို အကျင့်ပျက်ခြစားမှု၊ လာဘ်စားမှု၊ အာဏာအလွဲသုံးစားလုပ်မှုအပြင် အခြားအမှုပေါင်းများစွာနှင့် စွဲချက်တင်ကာ ဖမ်းဆီးထိန်းသိမ်းလိုက်ခြင်းဖြစ်သည်။ မူဘာရက်ကို ဖမ်းဆီးထိန်းသိမ်းပြီး စစ်ဆေးနေစဉ်ကာလမှာပင် နှလုံးရောဂါအခြေအနေဆိုးရွားမှု မကြာခဏ ကြုံတွေ့ခဲ့ရသည်။ သူ့ကို ရှမ်းအယ်လ်ရှိတ်ဆေးရုံတွင် တင်ထားရပြီး ၂၀၁၁ ခုနှစ် ဩဂုတ်လအထိ ဆေးရုံတွင် တက်ရောက်ကုသမှုကို ခံခဲ့ရသည်။

၂၀၁၂ ခုနှစ် ဇွန်လ ၂ ရက်နေ့တွင် မူဘာရက်သည် ဒီမိုကရေစီထောက်ခံဆန္ဒပြသူများက သေဒဏ်အပြစ်ပေးရန် တောင်းဆိုကြသည်။ ထိုအချိန်တွင် သူ့ကျန်းမာရေးကလည်း ပိုပြီးဆိုးရွားလာခဲ့သည်။ အကျဉ်းထောင်သို့ ပြန်ခေါ်သွားပြီးနောက် လေဖြတ်သွားပြန်သဖြင့် စစ်ဆေးရုံကြီးသို့ ပြန်တင်ပေးခဲ့ရသည်။

**နေဝင်ချိန်ကာလများ**

၂၀၁၃ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့တွင် အီဂျစ်စစ်တပ်က ခန့်အပ်တာဝန်ပေးထားသော အစိုးရသည် သမ္မတဟောင်း မူဘာရက်ကို အကျဉ်းထောင်မှ အိမ်သို့ပြောင်းရန် အမိန့်ထုတ်လိုက်ပြီး နေအိမ်အကျဉ်းကျဘဝဖြင့် နေထိုင်ရန် အမိန့်ထုတ်လိုက်သည်။ သူ့ကိုအကျဉ်းချထားရန် ဥပဒေအရလည်း မတတ်နိုင်သောကြောင့်ဟု အကြောင်းပြကြသည်။

ထိုသို့ နေအိမ်အကျဉ်းစံဘဝဖြင့် နေထိုင်ရန်အမိန့်ကို လွှတ်တော်က အတည်ပြု ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ သို့သော် မည်မျှကြာကြာ ပြစ်ဒဏ်ခံရမည်ဆိုခြင်းနှင့် မည်သည့်နေရာတွင် ထားမည်ဆိုခြင်းကိုမူ ထုတ်ပြန်ကြေညာခြင်းမရှိပေ။ မူဘာရက်သည် အီဂျစ်နိုင်ငံကို နှစ်ပေါင်း ၃၀ ကြာအောင် အုပ်စိုးသွားသူဖြစ်သည်။

သို့သော် သူထောင်အတွင်းနေထိုင်လိုက်ရသည့် ကာလမှာ ၁၇ လသာဖြစ်သည်။

မူဘာရက်ကို ထောင်မှလွှတ်ပေးလိုက်ခြင်းသည် အလွန်သက်ညှာစွာ သတ်မှတ်လိုက်ခြင်းဖြစ်သည်။ လက်ရှိ အီဂျစ်နိုင်ငံရေး အခြေအနေကလည်း တည်ငြိမ်သည်မဟုတ်။ နိုင်ငံရေးပဋိပက္ခများကို ရင်ဆိုင်နေခဲ့ရသည်မှာ ခြောက်ပတ်ခန့်ရှိသွားပြီဖြစ်သည်။ မူဘာရက်ရာထူးကျပြီးနောက် သူ့နေရာတွင် ဆက်ခံသူမှာ မွတ်ဆလင်ညီနောင်များအဖွဲ့က မိုဟာမက်မော်စီဖြစ်သည်။ သူသည် အီဂျစ်နိုင်ငံ၏ ပထမဦးဆုံး လွတ်လပ်စွာ ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတလည်းဖြစ်သည်။

သမ္မတမော်စီကိုယ်တိုင်ပင် လက်ရှိအနေအထားတွင် ဘယ်ရောက်ပြီး ဘယ်ပေါက်နေမှန်းမသိ။ သို့ဖြစ်ရာ မူဘာရက်ကို ယခုကဲ့သို့ အိမ်အကျဉ်းစံဘဝဖြင့် နေထိုင်ရန် အမိန့်ချမှတ်လိုက်ခြင်းမှာ သူ့အကြံဉာဏ်များပါသည်ဟု ပြောရန်မှာလည်း မသေချာပေ။

မူဘာရက်ကိုလွှတ်ပေးရန် ကြေညာချက်ထွက်ပေါ်လာခြင်းကို သုံးသပ်ကြည့်လျှင် အီဂျစ်တရားရုံးကလည်း ထောင်ထဲတွင် သူ့ကိုအကျဉ်းချထားရခြင်းမှာ ဝန်ထုပ်ဝန်ပိုးတစ်ခုလိုဖြစ်နေသည်။ သူ့ရှေ့နေ ဖရစ်အယ်လ်ဒီက မူဘာရက်မှာ အသက် ၈၅ နှစ်ရှိပြီဖြစ်သောကြောင့် လွှတ်ရခြင်းဖြစ်ကြောင်း ပြောဆိုခဲ့သည်။ မူဘာရက်ကို အိမ်အကျဉ်းစံဘဝဖြင့်ထားရန် လွှတ်တော်က ဆုံးဖြတ်သည်ဆိုခြင်းကလည်း မရှင်းလင်းသည့်လုပ်ရပ်တစ်ခု ဖြစ်သည်။

ထိုသို့ အရေးပေါ်အမိန့်ထုတ်ရခြင်းသည် မော်စီကိုလည်း ဖြုတ်ချရန် အချိန်နှင့် တိုက်ဆိုင်နေသောကြောင့်လည်း ဖြစ်နိုင်သည်။ အီဂျစ်နိုင်ငံတွင် အရေးပေါ်အခြေအနေကို ကြေညာခဲ့ပြီးနောက် စစ်တပ်ကခန့်အပ်သည့်အစိုးရက တရားစီရင်ရေးများကို အာဏာအပြည့်အသုံးချပြီး ကျင့်သုံးနေခြင်းကလည်း ထူးခြားသည်ဟုဆိုရမည်။

မူဘာရက်ကို လွှတ်လိုက်ခြင်းနှင့်ပတ်သက်ပြီး သူ့ကိုဆန့်ကျင်သူများက လွန်ခဲ့သည့် ၂ နှစ်ခန့်က မူဘာရက်ကိုယ်တိုင် ဆန္ဒပြသူများကို စီရင်ခဲ့ပုံများကို ယနေ့တိုင် မမေ့နိုင်သေးသဖြင့် ကျေနပ်ခြင်းမရှိသလို မူဘာရက်ပြန်လည်

တစ်စခန်းထလာမည်ကိုလည်း မလိုလားကြပေ။ ၂၀၁၁ ခုနှစ် ဇန်နဝါရီလ လူထုဆန္ဒပြပွဲတွင် မူဘာရက် အမိန့်ပေးပြီး သတ်ခဲ့သည်အတွက် သေဆုံးသူပေါင်း ၈၀၀ ခန့်ရှိခဲ့သည်မှာလည်း ပြည်သူများအတွက် ရင်ထဲတွင် စူးနစ်ဝင်နေသည့် ဆူးတစ်ချောင်းဖြစ်ခဲ့သည်။

မူဘာရက်ကို စွပ်စွဲချက်များတွင် အကျင့်ပျက်ခြစားခြင်းကိစ္စများ ပါဝင်နေသည်။ နိုင်ငံတော်ပိုင်သတင်းအဖွဲ့အစည်းတစ်ခုဖြစ်သည့် Al Ahram ထံမှ လက်ဆောင်အဖြစ် အီဂျစ်ပေါင် ၁၈ သန်း (ဒေါ်လာ ၂ ဒသမ ၆ သန်း) ခန့်ကို လာဘ်စားထားသည်ဆိုသည့် ပြဿနာကိုလည်း မရှင်းနိုင်သေးပေ။ သူ့ရှေ့နေကမူ ထိုငွေများကို ပြန်ပေးပြီးသောကြောင့် အပြစ်ကလွှတ်ခဲ့ကြောင်း ပြောကြားသည်။ သားနှစ်ယောက် လာဘ်စားမှုများကလည်း တရားရုံးမရောက်လိုက်ဘဲ ပျောက်သွားခဲ့သည်။

## နှစ်ပေါင်း ၃၀ စုဆောင်းမိခဲ့သမျှ

၂၀၁၁ ဖေဖော်ဝါရီလတွင် ABC သတင်းဌာန၏ ထုတ်ပြန်ချက်အရ မူဘာရက် စုဆောင်းမိခဲ့သည့် ငွေကြေးပမာဏမှာ သူ့မိသားစုအတွက် အမေရိကန်ဒေါ်လာ ၄၀ သို့မဟုတ် ၇၀ ဘီလီယံခန့်ရှိမည်ဟုဆိုသည်။ လေတပ်တွင် အမှုထမ်းခဲ့စဉ်ကတည်းက စစ်တပ်အတွက် လက်နက်ပစ္စည်းများနှင့် စစ်သုံးပစ္စည်းများ တင်သွင်းခွင့်ကန်ထရိုက်ကတစ်ဆင့် လာဘ်ငွေများရယူခဲ့သည်ဟု ယင်းသတင်းကဆိုသည်။

ဗြိတိန် Guardian သတင်းစာကမူ အကျင့်ပျက်ခြစားမှုကတစ်ဆင့် မူဘာရက်နှင့် သူ့မိသားစုရရှိထားသည့် ငွေပေါင်းမှာ ဒေါ်လာ ၇၀ ဘီလီယံခန့်ရှိသည်ဟုဆိုသည်။ ထိုငွေများကို ဘဏ်စာရင်းအမည်အမျိုးမျိုးနှင့် ပြည်တွင်း၌လည်းကောင်း၊ နိုင်ငံခြား၌လည်းကောင်း ဘဏ်များအတွင်း စုဆောင်းထည့်သွင်းထားသည်ဟု သတင်းတွင်ဖော်ပြထားသည်။ ဆွစ်ဇာလန်ဘဏ်နှင့် ဗြိတိန်ဘဏ်များတွင် ထည့်သွင်းထားသည့် ထိုငွေများသည် စီးပွားရေးလုပ်ငန်းရှင်

ပေါင်းများစွာထံက တရားမဝင်ရယူထားသည့် လာဘ်ငွေများဖြစ်သည်။ Newsweek ဂျာနယ်က ထိုစွပ်စွဲချက်များသည် အခြေအမြစ်မရှိကြောင်း၊ နိုင်လုံသည့် အထောက်အထားများမရှိကြောင်း ငြင်းဆိုခဲ့သည်။

၂၀၁၁ ခုနှစ်မတ်လ ၁၇ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုလွှတ်တော်အမတ်ဖြစ်ပြီး နိုင်ငံခြားဆက်ဆံရေးကော်မတီ၏ ဥက္ကဋ္ဌဖြစ်သူ ဂျွန်ကာရေးက အမေရိကန်ပြည်ထောင်စုသည် မူဘာရက်ပိုင်ဆိုင်သည့် ငွေပေါင်း ဒေါ်လာ ၃၁ သန်းကို ထိန်းချုပ်ထားလိုက်ကြောင်း ကြေညာခဲ့သည်။ နောက်ပိုင်းကျမှ ဂျွန်ကာရေးသည် သူတို့ထိန်းချုပ်ခဲ့သည်ဆိုသော ဘဏ်ငွေစာရင်းများနှင့် ပစ္စည်းများသည် မူဘာရက်ပိုင်ဆိုင်မှုများကို မဟုတ်ကြောင်း၊ မိုဟာမက်ဂဒါဖီ၏ ပိုင်ဆိုင်မှုများဖြစ်ကြောင်း ပြန်လည်ပြင်ဆင်ပြောဆိုခဲ့သည်။

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ဆွစ်ဇာလန်အစိုးရက ဆွစ်ဘဏ်ရှိ မူဘာရက်နှင့်မိသားစု၏ ငွေစာရင်းများကို ထိန်းချုပ်လိုက်ကြောင်း ကြေညာခဲ့သည်။ ဖေဖော်ဝါရီ ၂၀ ရက်နေ့တွင်လည်း အီဂျစ်တရားသူကြီးချုပ်က မူဘာရက်နှင့် မိသားစုပိုင်ငွေကြေးနှင့် စည်းစိမ်ဥစ္စာများကို ထိန်းချုပ်လိုက်သည်ဟု ကြေညာခဲ့သည်။

**Ref: http://www.biography.com, http://www.nytimes.com/ , http://www.huffingtonpost.com/**



# 3

## ဆီးရီးယားနိုင်ငံ

# ဘာရှာ အယ်လ် အာဆတ်

ပြည်သူတွေကိုသတ်တဲ့ အစိုးရဆိုတာ မရှိဘူး။ ပြည်သူတွေကို မိုက်မဲစွာ ဦးဆောင်နေတဲ့ အစိုးရပဲရှိတယ်" ဟုပြောပြီး ဆီးရီးယားနိုင်ငံကို ဦးဆောင်အုပ်ချုပ်နေသူမှာ Bashar al-Assad ဖြစ်သည်။ နိုင်ငံရေးလောကအတွင်းသို့ မမျှော်လင့်ဘဲဝင်ရောက်လာသူဖြစ်ပြီး ဆီးရီးယားနိုင်ငံ၏ သမ္မတလည်းဖြစ်လာခဲ့သည်။ ၂၁ ရာစုတွင် ဆီးရီးယားနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံကြီးဖြစ်အောင် စွမ်းဆောင်ပေးမည်ဟု ကတိတွေပေးခဲ့သော်လည်း သူ့ဖခင်ခြေရာကိုနင်းပြီး အာဏာရှင်ဖြစ်လာကာ ပြည်သူတွေကို ချနင်းသည့် သမ္မတတစ်ဦးသာ ဖြစ်လာခဲ့သည်။

## ငယ်စဉ်ဘဝ

၁၉၆၅ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် ဖခင် ဆီးရီးယားသမ္မတဟောင်း ဟာဖက်ဇ်အယ်လ်အာဆတ်နှင့် မိခင် အနီဆာဟာဖက်ဇ်တို့က မွေးဖွားခဲ့သည်။ ဖခင်ဖြစ်သူ ဟာဖက်ဇ်သည် ဆီးရီးယားစစ်တပ်တွင် အာဏာကို ထူထောင်ခဲ့ပြီး လူနည်းစု Alawite ပါတီမှတစ်ဆင့် ဆီးရီးယားနိုင်ငံကို ၁၉၇၀ ပြည့်နှစ်တွင် ထိန်းချုပ်နိုင်ခဲ့သည်။ စစ်တပ်မှတစ်ဆင့် Alawite ကို ထောက်ခံသူအများအပြားစုဆောင်းပြီး စစ်တပ်ကိုအခြေခံသည့် ညီဇာအာဏာဖြင့် နိုင်ငံရေးလုပ်ကာ တိုင်းပြည်ကိုအုပ်ချုပ်သွားသူဖြစ်သည်။ နှစ်ပေါင်း ၃၀ ခန့် ဆီးရီးယားနိုင်ငံကို သံလက်သီးပြင့်အုပ်ချုပ်သွားသူအဖြစ် ထင်ရှားခဲ့သူတစ်ဦးလည်းဖြစ်သည်။

အာဆတ်ဘဝသည် ပြည့်စုံစွာဖြင့် ကြီးပြင်းလာခဲ့သည်ဟုဆိုရမည်။ ထက်မြက်သည့် အစ်ကိုဖြစ်သူ ဘာ့စ်ဆဲလ်၏ လွှမ်းမိုးမှုအောက်တွင် ကြီးပြင်းလာခဲ့ရသောကြောင့်လည်း လူတော်တစ်ယောက်ဖြစ်လာရသည်ဟု ဆိုနိုင်သည်။ ဒမတ်စကပ်မြို့ရှိ အာရပ်-ပြင်သစ် al Hurriya ကျောင်းတွင် တက်ရောက်ပညာသင်ကြားခဲ့ပြီး အင်္ဂလိပ်နှင့် ပြင်သစ်ဘာသာစကားကို ကျွမ်းကျင်စွာပြောဆိုနိုင်သူလည်းဖြစ်သည်။ ၁၉၈၂ ခုနှစ်တွင် အထက်တန်းကျောင်းအဆင့်အောင်မြင်သဖြင့် ဒမတ်စကပ်တက္ကသိုလ်တွင် ဆေးပညာကို ဆက်လက်သင်ကြားခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် ဘွဲ့ရရှိခဲ့သည်။ ဒမတ်စကပ်မြို့ပြင်ရှိ Tishreen စစ်ဆေးရုံကြီးတွင် မျက်စိအထူးကုတစ်ယောက်ဖြစ်ရန် လေ့လာသင်ယူခဲ့ပြီး၊ ၁၉၉၂ ခုနှစ်တွင် အင်္ဂလန်သို့သွားကာ လန်ဒန်အနောက်ပိုင်း မျက်စိဆေးရုံကြီးတွင် ဆက်လက်ပညာသင်ကြားခဲ့သည်။

ဆေးပညာလေ့လာမှုတွင် ထင်ရှားသည့် ကျောင်းသားတစ်ဦးဘဝနှင့် ပျော်မွေ့နေသော အာဆတ်သည် နိုင်ငံရေးကို စိတ်ဝင်စားခြင်းမရှိခဲ့ပေ။ သူ့ဖခင်ကလည်း သားကြီးဖြစ်သူ ဘာ့စ်ဆဲလ်ကို သူ့အရိုက်အရာဆက်ခံမည့် အနာဂတ်သမ္မတလောင်းအဖြစ် လျာထားသတ်မှတ်ပြီးသားဖြစ်သည်။ သို့သော် ၁၉၉၄ ခုနှစ်တွင် ဘာ့စ်ဆဲလ်သည် ကားမတော်တဆဖြစ်ကာ ကွယ်လွန်သွားခဲ့သည်။ အာဆတ်ကို ဖခင်ဖြစ်သူက ဒမတ်စကပ်သို့ ချက်ချင်းပြန်ခေါ်လိုက်ချိန်ကစပြီး

သူ့ဘဝ လုံးဝပြောင်းသွားခဲ့ရတော့သည်။

ဖခင်ဖြစ်သူ ဟာဖက်ဇ်က အာဆတ်ကို သူ့အရိုက်အရာဆက်ခံမည့် သမ္မတအဖြစ် ချက်ချင်းသတ်မှတ်လိုက်ပြီး အာဆတ်ကို ဒမတ်စကပ်မြောက်ပိုင်းရှိ Homs စစ်ကျောင်းကို တက်ရောက်စေသည်။ ငါးနှစ်အတွင်း ဖခင်၏ အရှိန်အဝါဖြင့် ဗိုလ်မှူးကြီးရာထူးကိုရရှိခဲ့သည်။ တပ်မတော်တွင် အမှုထမ်းစဉ် ဖခင်ဖြစ်သူ၏ အကြံပေးအဖြစ်လုပ်ဆောင်ခဲ့ပြီး ပြည်သူများ၏ တိုင်ကြားစာ၊ ပစ်စာများကို ကိုင်တွယ်ဖြေရှင်းပေးခဲ့ရသည်။ ထို့ပြင် ဆီးရီးယားနိုင်ငံ၏ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးလှုပ်ရှားမှုတွင် ဦးဆောင်ပါဝင်ခဲ့သူလည်းဖြစ်သည်။ ထိုရာထူးဖြင့် အနာဂတ်အတွက် အလားအလာရှိသော ဖြိုင်ဘက်ပေါင်းများစွာကို ဖယ်ရှားသုတ်သင်နိုင်ခဲ့သည်။

## သမ္မတဘဝ

ဖခင်ဖြစ်သူ ဟာဖက်ဇ် အယ်လ် အာဆတ်သည် ၂၀၀၀ ပြည့်နှစ် ဇွန်လ ၁၀ ရက်နေ့တွင် ကွယ်လွန်သွားခဲ့သည်။ ဖခင်ကွယ်လွန်ပြီး နောက်တစ်ရက်တွင် ဆီးရီးယား ပါလီမန်သည် သမ္မတလောင်း၏အသက်ကို ပျမ်းမျှ ၄၀ မှ ၃၄ နှစ်အတွင်း ဖြစ်ရမည်ဟု ပြင်ဆင်လိုက်သောကြောင့် အာဆတ်သည် အလိုအလျောက် အစိုးရအဖွဲ့အတွင်းသို့ ရောက်လာခဲ့ရသည်။

ဟာဖက်ဇ်ကွယ်လွန်ပြီး ၁၀ ရက်အကြာတွင် အာဆတ်ကို ဆီးရီးယားနိုင်ငံအတွက် ခုနစ်နှစ်သက်တမ်းအုပ်ချုပ်ရန် သမ္မတအဖြစ် ရွေးချယ်ခြင်းခံရသည်။ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီးကျင်းပစဉ်ကလည်း ဆန့်ကျင်ကန့်ကွက်သူမရှိ၊ ၉၇ ရာနှုန်းထောက်ခံမဲဖြင့် သမ္မတဖြစ်လာခဲ့သည်။ သူသည် Ba'ath ပါတီ၏ ခေါင်းဆောင်ကြီးလည်းဖြစ်လာပြီး စစ်တပ်တွင်လည်း ကာကွယ်ရေးဦးစီးချုပ်ရာထူးကို ရရှိခဲ့သည်။

အာဆတ်ကို လူငယ်မျိုးဆက်သစ် အာရပ်ခေါင်းဆောင်တစ်ယောက်အဖြစ် အားလုံးက မျှော်လင့်ခဲ့ကြသည်။ ဆီးရီးယားနိုင်ငံ ပြုပြင်ပြောင်းလဲမှုများကို

လုပ်ဆောင်ပေးနိုင်လိမ့်မည်ဟုလည်း ထင်မှတ်ခဲ့ကြသည်။ ပြည်သူတွေက အာဏာရှင်စနစ်၏ ခါးသည်းဖွယ်အတွေ့အကြုံများကို နှစ်ပေါင်းများစွာ ခံစားခဲ့ရသဖြင့် အာဆတ်အပေါ် မျှော်လင့်နေကြခြင်းဖြစ်သည်။ သူကပညာတတ်တစ်ယောက်ဖြစ်သည်။ ဖခင်အုပ်စိုးသွားသော သံမဏိစည်းမျဉ်းများနှင့် အာဏာစက်ကို ပြုပြင်ဖြိုဖျက်ကာ ခေတ်သစ်နိုင်ငံတော်ကို ထူထောင်သွားမည့်သူဟုလည်း ကိုးစားယုံကြည်နေကြသည်။ သူ့တွင် လွှမ်းမိုးထားသည့် အနောက်တိုင်းပညာရေးစနစ်၊ မြို့ပြလူနေမှုတွင် ကြီးပြင်းလာခဲ့ရသော ယဉ်ကျေးသောဝန်းကျင်က ဆီးရီးယားယဉ်ကျေးမှုတော်လှန်ရေးကို ခေါင်းဆောင်မည့်သူဟု ထင်မှတ်စရာဖြစ်သည်။

သူက အစောပိုင်းကာလများတွင် ဒီမိုကရေစီကို 'ဘဝမြှင့်တင်ရေးလက်နက်' တစ်ခုအနေဖြင့် ယုံကြည်ခဲ့သည်။ သို့သော် ဆီးရီးယားနိုင်ငံတွင် ဒီမိုကရေစီကို အလျင်အမြန်ကူးပြောင်းရန် မလိုသေးကြောင်း သူကပြောဆိုခဲ့သည်။ သမ္မတဖြစ်လာသည့် ပထမတစ်နှစ်တွင် အစိုးရ၏ အကျင့်ပျက်ခြစားမှုများကို တိုက်ဖျက်ပေးမည်ဟု ကတိပေးခဲ့သည်။ ဆီးရီးယားနိုင်ငံကို ကွန်ပျူတာနည်းပညာဖြင့် တိုးတက်ခေတ်မီသည့်နိုင်ငံတစ်နိုင်ငံဖြစ်အောင် လုပ်ပေးမည်ဟုလည်း ပြောကြားခဲ့သည်။ ထို့ပြင် အင်တာနက်နှင့် ဆဲလ်ဖုန်းများကို တိုးမြှင့်သုံးနိုင်သည့် ၂၁ ရာစု ဆီးရီးယားနိုင်ငံဖြစ်စေရမည်ဟု ကြွေးကြော်ခဲ့သည်။

ဆီးရီးယားနိုင်ငံ သမ္မတအဖြစ် တာဝန်ယူစဉ်ကာလတွင် နိုင်ငံ၏ စီးပွားရေးမှာ ကြောက်မက်ဖွယ်ရာ ထိုးဆင်းနေသည်။ ၁၉၉၁ ခုနှစ် ဆိုဗီယက်တို့ပြိုလဲသွားပြီး နောက်ပိုင်း နိုင်ငံသို့အထောက်အပံ့ပေးနေမှုများလည်း ရပ်ဆိုင်းသွားခဲ့သည်။ ၁၉၉၀ ပြည့်နှစ်လယ်ပိုင်းလောက်တွင် စီးပွားရေးကပ်ဆိုက်ကာ ရေနံမှရသည့်ဝင်ငွေများလည်း လျော့နည်းကျဆင်းသွားခဲ့ရသည်။ သို့သော် ၂၀၀၁ ခုနှစ်တွင် ဆီးရီးယားနိုင်ငံသည် ခေတ်မီသည့်နိုင်ငံတစ်နိုင်ငံဖြစ်လာစေရန် အားထုတ်မှုများပြုလာသည်ကိုတွေ့ရသည်။ ဥပမာ- ဆဲလ်ဖုန်း၊ ဂြိုဟ်တုရုပ်မြင်သံကြား၊ ခေတ်မီစားသောက်ဆိုင်များနှင့် အင်တာနက်ကဖေးများကို ဆီးရီးယားတွင် တွေ့မြင်လာရသည်။

စီးပွားရေးပြုပြင်ပြောင်းလဲရန်အတွက် နိုင်ငံတော်ကထိန်းချုပ်သည့် စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့သည်။ ပြုပြင်ပြောင်းလဲမှုသည် အသွင်ပြောင်းရန် သက်သက်မဟုတ်၊ အစိုးရဌာနများအတွင်း ဝန်ထမ်းများပိုလျှံနေမှု၊ အကျင့်ပျက်ခြစားမှုများ၊ ဗျူရိုကရေစီ ကြိုးနီစနစ်ထွန်းကားခြင်းနှင့် ပုဂ္ဂလိက စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်ခက်ခဲခြင်းတို့ကို ပြုပြင်ပြောင်းလဲမှုရမည်ဖြစ်ကြောင်း အာဆတ်ကလက်ခံသည်။ ဆီးရီးယားနိုင်ငံနှင့် ပြည်သူ ၁၇ သန်းဖွံ့ဖြိုးတိုးတက်ပြီး ၂၁ ရာစုသို့ရောက်ရန် အများကြီး ပြုပြင်ပြောင်းလဲရဦးမည်ဖြစ်ကြောင်း အာဆတ်ခံယူထားသည်။

နိုင်ငံတကာရေးတွင်လည်း သူ့ဖခင်ထားသွားခဲ့သည့် နိုင်ငံရေးဆိုးမွေများကို သူဆက်ခံနေရသည်။ အစ္စရေးနှင့် မတည်ငြိမ်သော နိုင်ငံရေးဆက်ဆံမှု၊ လက်ဘနွန်တွင် စစ်တပ်အာဏာသိမ်းမှု၊ ရေရပိုင်ခွင့်နှင့်ပတ်သက်ပြီး တူရကီနှင့် တင်းမာမှုများ၊ အရှေ့အလယ်ပိုင်းတွင် ဩဇာမလွှမ်းမိုးနိုင်သောကြောင့် မလုံခြုံဟုထင်နေရသည့် အနေအထားများရှိနေသည်။ သူ့ဖခင်၏ နိုင်ငံခြားရေးမူဝါဒများကို ဆက်လက်ကိုင်စွဲကျင့်သုံးနေလျှင် ပြဿနာများနှင့် ရင်ဆိုင်နေရမည်သာဖြစ်ကြောင်း လေ့လာအကဲခတ်သူများက သုံးသပ်ကြသည်။ စစ်အုပ်စုများဖြစ်သည့် ဟားမတ်စ်၊ ဟဲဇ်ဘိုလာနှင့် အစ္စလမ်မစ်ဂျီဟတ်များက ဆီးရီးယားကို အထောက်အပံ့ပေးမည်ဟု ပြောနေကြသော်လည်း ဆီးရီးယားက ငြင်းဆန်ခဲ့သည်။

၂၀၀၀ ပြည့်နှစ်ကစပြီး လက်ဘနွန်မှ တဖြည်းဖြည်းရုပ်သိမ်းလာသော်လည်း လက်ဘနွန်ဝန်ကြီးချုပ်ဟောင်း ရာဖစ်ဟာရီရီ လုပ်ကြံခံရသည့်အမှုတွင် ဆီးရီးယား ပါဝင်ပတ်သက်နေသည့်ကိစ္စကိုလည်း ဖြေရှင်းနေရသေးသည်။ ထိုကိစ္စက လက်ဘနွန်ပြည်သူများ ဆူပူအုံကြွလာစေရန် လမ်းကြောင်းပေးနေပြီး နိုင်ငံတကာကလည်း ဆီးရီးယားတို့ လုံးဝရုပ်သိမ်းသွားရန် တွန်းအားပေးနေသည်။ အနောက်နှင့် အာရပ်နိုင်ငံများကို ဆက်သွယ်ရေးကိစ္စများတွင် လုံးဝဆိုးရွားနေသော်လည်း အရှေ့အလယ်ပိုင်းတွင် သူတို့ကိုထောက်ခံသည့် မိတ်ဆွေ အီရန်နိုင်ငံရှိနေသောကြောင့် တော်သေးသည်။

လူ့အခွင့်အရေးများကို ပြုပြင်တိုးမြှင့်ဆောင်ရွက်ပေးမည်ဟု ကတိခံ

ထားသော်လည်း အစိုးရအဖွဲ့တွင် တာဝန်ယူပြီးချိန်ကတည်းက ထူးခြားသော ပြောင်းလဲမှုများကို မတွေ့ရပေ။ နောက်ပိုင်း ဆယ်နှစ်ခန့်ကြာချိန်အထိ ပြည်တွင်းရေးတွင် သဘောထားကွဲလွဲမှုများနှင့် ရင်ဆိုင်နေခဲ့ရသေးသည်။

၂၀၀၆ ခုနှစ်တွင် ဆီးရီးယားသည် အစိုးရနှင့် ဆန့်ကျင်သူများအား ခရီးသွားခွင့် ပိတ်ပင်လိုက်သည်။ ပြည်ပက ဆန့်ကျင်သူများလည်း ပြည်တွင်း မဝင်ရ၊ ပြည်တွင်းဆန့်ကျင်သူများလည်း ပြည်ပမထွက်ရနှင့် ပြဿနာများ ဖြစ်ခဲ့ရသည်။ ၂၀၀၇ ခုနှစ်တွင် ဆီးရီးယားပါလီမန်သည် ပြည်သူများ Chatting လုပ်နေသည့် ဝေဖန်ဆွေးနွေးချက်အားလုံးကို အစိုးရထံပို့ပေးရမည်ဆိုသည့် ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းရန်ခွင့်ပြုလိုက်သည်။ ၂၀၀၈ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၁ ခုနှစ်တွင်တစ်ကြိမ် ဆိုရှယ်မီဒီယာ Website များဖြစ်သော YouTube နှင့် Facebook များကို နိုင်ငံအတွင်း အသုံးပြုခွင့်ပိတ်လိုက်သည်။ လူ့အခွင့် အရေးအဖွဲ့များ၏ သတင်းပို့ချက်အရ အာဆတ်သည် သူ့ကိုဆန့်ကျင်သူများကို ဖမ်းဆီးခြင်း၊ ထောင်ချခြင်း၊ သတ်ဖြတ်ခြင်းများပြုလုပ်သည်ဟုဆိုသည်။

တူနီးရှား၊ အီဂျစ်နှင့် လစ်ဗျားတို့တွင် ဆန့်ကျင်ကန့်ကွက်သူများ အောင်ပွဲခံပြီး နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ဖြစ်ခဲ့သည်။ ဆီးရီးယားတွင်လည်း ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၆ ရက်နေ့တွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ပေးရန် တောင်းဆိုမှုများ စတင်လုပ်ဆောင်လာကြသည်။ ပြည်သူ့ ဝန်ထမ်းအခွင့်အရေးနှင့် ၁၉၆၃ ခုနှစ် ကတည်းက ထုတ်ပြန်ထားခဲ့သည့် အရေးပေါ်အမိန့်များကို ရုပ်သိမ်းရန် တောင်းဆိုလာကြသည်။ အစိုးရကလည်း ဒေါသထွက်ကာ ရက်ရက်စက်စက်နှိမ်နင်းမှုများ ပြုလုပ်ခဲ့သည်။ သို့သော် တစ်နိုင်ငံလုံးဆန့်ကျင် တိုက်ပွဲဝင်မှုများ ပိုမိုကျယ်ပြန့်လာခဲ့သည်။

၂၀၁၁ ခုနှစ် မေလ ၁၁ ရက်နေ့တွင် ဆီးရီးယားစစ်တပ်သည် ဟုမ်းစ် နှင့် ဒမတ်စကတ်မြို့များတွင် ဆူပူအုံကြွသည့်လူအုပ်ကြီးကို အကြမ်းဖက်ကာ နှိမ်နင်းတော့သည်။ ဇွန်လတွင် အာဆတ်သည် အမျိုးသားတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ကာ ပါလီမန်ရွေးကောက်ပွဲကိုလည်း ပြန်လည်ကျင်းပပေးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ သို့သော် ပြုပြင်ပြောင်းလဲမှုများ ထင်သလို ဖြစ်မလာခဲ့ပေ။

ဆန္ဒပြပွဲများကား ဆက်လက်ဖြစ်ပွားနေခဲ့သည်။ ထိုတစ်လတည်းတွင် အစိုးရဆန့်ကျင်လှုပ်ရှားသူများက 'အမျိုးသားကောင်စီ'ကို ဖွဲ့စည်းလိုက်ပြီး ဆီးရီးယားတော်လှန်ရေးကို ဦးဆောင်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

၂၀၁၁ ခုနှစ်အတွင်း နိုင်ငံများက အာဆတ်ကို သမ္မတရာထူးက နုတ်ထွက်ပြီး အာရပ်အဖွဲ့ချုပ်က ဆီးရီးယားကိုထိန်းချုပ်ထားရန်နှင့် အာရပ်လေ့လာသူများကို ဆီးရီးယားနိုင်ငံအတွင်း ဝင်ရောက်လေ့လာခွင့်ပြုရန်ကိုပါ တောင်းဆိုကြသည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ရိုက်တာသတင်း အေဂျင်စီက ဆီးရီးယားစစ်တပ် (ရှာဘီးဟာ)၏ သတ်ဖြတ်မှုကြောင့်အရပ်သား ၅၀၀၀ ကျော် သေဆုံးခဲ့ပြီး အစိုးရဆန့်ကျင်ရေးတပ်များကြောင့် လူ ၁၀၀၀ ကျော်သေဆုံးခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ မတ်လအတွင်း၌ပင် ကုလသမဂ္ဂကလည်း ယခင်ကုလသမဂ္ဂအတွင်းရေးမှူးဟောင်း ကိုဖီအာနန်ရေးဆွဲတင်ပြလာသည့် ဆီးရီးယား ငြိမ်းချမ်းရေးစီမံချက်ကို ထောက်ခံကြောင်း ကြေညာခဲ့သည်။ သို့သော် အကြမ်းဖက်မှုများကို မရပ်တန့်နိုင်ခဲ့ပေ။ ပြဿနာကပိုမိုကြီးထွားလာပြီး ၂၀၁၂ ခုနှစ် ဇွန်လတွင် ပြည်တွင်းစစ်ဖြစ်လုလုအနေအထား ရောက်နေကြောင်း ကုလသမဂ္ဂကလည်း ပြောကြားခဲ့သည်။ အစိုးရစစ်တပ်၏ပစ်ခတ်နှိမ်နင်းမှုကြောင့် အရပ်သားများသေဆုံးနှုန်းကလည်း မြင့်မားလာသည်။ အစိုးရကိုဆန့်ကျင်သည့်အဖွဲ့များ၏ သတ်ဖြတ်မှုများကလည်း တိုးမြင့်လာသည့်အပြင် ပြည်ပသွေးထိုး လှုံ့ဆော်မှုများကြောင့် တိုင်းပြည်အနေအထားမှာ ပျက်စီးယိုယွင်းပြီး ထိန်းမနိုင်သိမ်းမရ ဖြစ်လာခဲ့သည်။

နှစ်ပေါင်း ၁၃ နှစ်ကြာ နိုင်ငံတော်ကို စိုးမိုးအုပ်ချုပ်ခဲ့သည့်ကာလတွင် လွန်ခဲ့သည့် ၂ နှစ်ခွဲအချိန်ကစတင်ကာ သူ့ကိုဆန့်ကျင်နုတ်ထွက်ခိုင်းမှုများ ပိုမိုများပြားလာကြောင်းတွေ့ရသည်။ ၂၀၁၁ ခုနှစ်ကတည်းက စတင်ခဲ့သည့် ဆူပူဆန့်ကျင်မှုများကလည်း မရပ်မနားတရစပ် ဖြစ်လာသည်။ ယမန်နှစ် နိုဝင်ဘာလတွင် ရုရှား Today TV နှင့်တွေ့ဆုံစဉ်က အာဆတ်သည် "ကျွန်တော်ဟာ ဆီးရီးယားလူမျိုးပါ။ ဆီးရီးယားမှာ မွေးတယ်။ ဆီးရီးယားမှာ နေတယ်။ ဆီးရီးယားမှာပဲ သေမယ်" ဟု ပြောခဲ့သည်။

ဆီးရီးယားတွင် အကြမ်းဖက်သတ်ဖြတ်မှုများကို စစ်တပ်ကပြုလုပ်နေသော်လည်း အာဆတ်က "အဲဒါ ကျုပ်တပ်တွေ မဟုတ်ဘူး။ အဲဒါ အစိုးရရဲ့တပ်တွေ။ အဲဒီစစ်တပ်ကို ကျုပ်ပိုင်တာမဟုတ်ဘူး။ ကျုပ်က သမ္မတပဲ။ နိုင်ငံကို ကျုပ်ပိုင်တာလည်း မဟုတ်ဘူး။ ဒါကြောင့် အဲဒါကျုပ်စစ်တပ်လို့ ဘယ်လိုလုပ်ပြောနိုင်မှာလဲ" ဟု ABC သတင်းဌာနက ဘာဘာရာဝေါ်တာကို ပြောကြားခဲ့သည်။

၂၀၁၃ ခုနှစ် ဩဂုတ်လအတွင်းက ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့အနီး ဆင်ခြေဖုံးရပ်ကွက်တစ်ခုတွင် ဓာတုလက်နက်များသုံးပြီး တိုက်ခိုက်မှုကြောင့် လူပေါင်း ၁၃၀၀ ကျော်သေဆုံးခဲ့ရသည်။ လက်ရှိအစိုးရအာဆတ်တပ်ဖွဲ့များက တိုက်ခိုက်ခြင်းဖြစ်သည်ဆိုသော စွပ်စွဲချက်များနှင့်အတူ ပြည်သူများ ယမ်းပုံမီးကျဖြစ်ခဲ့ရသလို အမေရိကန်နှင့် ဗြိတိန်အစိုးရများအနေဖြင့်လည်း အလေးပေးဆွေးနွေးစရာများ ဖြစ်ခဲ့ရသည်။

ပြည်တွင်းစစ်မီး ၂ နှစ်ခွဲကျော်ကြာလာသည့် ဆီးရီးယားအရေးတွင် အာဏာရှင်သမ္မတကလည်း နုတ်ထွက်ပေးရန် အခြေအနေမရှိ၊ ပြည်တွင်းရေးကလည်း မတင်မကျနှင့် ဖြေရှင်းရနိုင်မည့်ပုံမပေါ်၊ ဤကြားထဲတွင် နိုင်ငံသူနိုင်ငံသားများကို ဓာတုလက်နက်များသုံးကာ တိုက်ခိုက်သည့်အတွက် အမေရိကန်နှင့် အနောက်နိုင်ငံများ၏ စစ်ရေးအရ ဝင်ရောက်စွက်ဖက်မှုများကို ရင်ဆိုင်ရဖွယ်ရှိနေသည့် အာဆတ်ဘဝသည် နေဝင်ချိန်ရောက်တော့မည်လော။ အာရပ်ကမ္ဘာတွင် အာဏာရှင်တွေ တစ်ယောက်ပြီး တစ်ယောက် ပြိုလဲနေချိန်တွင် အာဆတ်သည် နောက်ထပ်သားကောင်ဖြစ်တော့မည်လော စဉ်းစားစရာဖြစ်တော့သည်။

**Ref: http://www.biography.com, http://edition.cnn.com/**



4

အီကွေတိုရီရယ်
ဂီနီနိုင်ငံ

# တေအိုဒိုရို အိုဘီအွန်
# အန်ဂွေမာ အမ်ဘာဆိုဂို

Teodoro Obiang Nguema Mbasogo သည် အီကွေတိုရီရယ် ဂီနီနိုင်ငံတွင် နှစ်ပေါင်း ၃၀ ကျော် အုပ်စိုးခဲ့သူဖြစ်သဖြင့် အာဖရိကတိုက်၏ သက်တမ်းရှည် အာဏာရှင် တစ်ဦးဟု ဆိုနိုင်သည်။

၁၉၇၉ ခုနှစ်တွင် ဦးလေးဖြစ်သူ သမ္မတမားစီးယပ်စ် အန်ဂွေမာထံက အာဏာ သိမ်းခဲ့ရာတွင် အစုလိုက်အပြုံလိုက် ပြည်သူ တွေကိုသတ်ခဲ့ပြီးမှ သမ္မတဖြစ်လာသူတစ်ဦး ဖြစ်သည်။ ထို့ကြောင့် သွေးစွန်းသောသမ္မတ တစ်ဦးဟူ၍လည်း ဆိုနိုင်သည်။

သမ္မတဟောင်း မားစီးယပ်စ် အာဏာ ရချိန်တစ်လျှောက်လုံးတွင် ဦးလေးထံပါး

စေးကာ အမျိုးသားလုံခြုံရေးတပ် အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မားစီးယပ်စ် အုပ်ချုပ်ခဲ့စဉ်ကာလတစ်လျှောက်လုံး သွေးလွှမ်းသည့် အုပ်ချုပ်ရေးစနစ်ကြီးတစ်ခုလုံးကို ဝိုင်းဝန်းအကောင်အထည်ဖော်ပေးခဲ့သူဟုလည်းဆိုရမည်။ မားစီးယပ်စ် အုပ်ချုပ်စဉ်ကာလကို အီကွေတိုရီရယ် ဂီနီနိုင်ငံအား 'အာဖရိက အော့ဇ်ဝစ်' ဟု ဂျူးခြောက်သန်းကျော်ကို သတ်ဖြတ်ခဲ့သည့် ဟစ်တလာခေတ် နာဇီအကျဉ်းထောင်နှင့် တင်စားနှိုင်းယှဉ် ခေါ်ဝေါ်ခဲ့ကြသည်။

အိုဘီအွန် သမ္မတဖြစ်လာချိန်တွင် အာဏာရှင်အဖြစ် ပြောင်တင်းစွာ မယူခဲ့ရုံမက သူ့ပြိုင်ဘက်များက သူ့ကို လူသားစားသူအဖြစ် စွပ်စွဲပြစ်တင်မှုများကိုပါ ခံခဲ့ရသည်။ တစ်နည်းအားဖြင့် မိမိအချင်းချင်း ပြိုင်ဘက်များကို သုတ်သင်ရှင်းလင်းပြီး အာဏာရလာစေရန် ဆောင်ရွက်ခဲ့ခြင်းကြောင့်လည်း ထိုသို့ခေါ်ခြင်းဖြစ်ဟန်တူသည်။

## သမ္မတမတိုင်မီဘဝ

အီကွေတိုရီရယ် ဂီနီနိုင်ငံသည် စပိန်ကိုလိုနီအုပ်ချုပ်မှုအောက်တွင် ရှိနေစဉ်ကတည်းက အိုဘီအွန်သည် စစ်တပ်ထဲဝင်ခဲ့သည်။ စပိန်နိုင်ငံဇာရာဂိုဇာ စစ်အကယ်ဒမီကျောင်းသို့ တက်ရောက်ပညာသင်ကြားခဲ့သည်။ နိုင်ငံ၏ ပထမဆုံးသမ္မတဖြစ်လာသူ ဦးလေးမားစီးယပ်စ်ထံတွင် ဗိုလ်ကြီးရာထူးဖြင့် တာဝန်ထမ်းဆောင်သည်။ မားစီးယပ်စ်လက်ထက်တွင် အလုပ်ပေါင်းများစွာ တာဝန်ယူလုပ်ဆောင်ပေးခဲ့ရသည်။ ဘိုင်အိုကိုမြို့ ဘုရင်ခံအဖြစ်လည်းကောင်း၊ အမျိုးသားလုံခြုံရေးတပ်တွင် အကြီးအကဲအဖြစ်လည်းကောင်း တာဝန်များထမ်းဆောင်ခဲ့သည်။ အမည်ဆိုးဖြင့် ကျော်ကြားသည့် ဘလက်ဘိချ် အကျဉ်းထောင်၏ အကြီးအကဲအဖြစ်လည်း တာဝန်ယူခဲ့သည်။

ဦးလေးဖြစ်သူ သမ္မတမားစီးယပ်စ်သည် သူ့မိသားစုဝင်များအားလုံးကို သတ်ပစ်ရန် အမိန့်ထုတ်လိုက်ချိန်၌ ရူးသွပ်သွားပြီဟု သတ်မှတ်လိုက်ကာ

အိုဘီအွန်က ၁၉၇၉ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့တွင် အာဏာသိမ်းလိုက်တော့သည်။ ထိုအာဏာသိမ်းမှုသည် သွေးစွန်းသော အာဏာသိမ်းမှုတစ်ခု ဖြစ်ခဲ့ရသည်။ မားစီးယပ်စ်ကို ထောင်ချထားပြီး ကာလရှည်ကြာစွာ စစ်ဆေးခဲ့ရုံမက နောက်ဆုံး သေဒဏ်သတ်မှတ်စီရင်ခဲ့သည်။ ဘာဘီမျိုးနွယ်စုတစ်စုလုံးကို မျိုးတုံးလုနီးပါး သတ်ဖြတ်သည်ဟု စွပ်စွဲခဲ့ပြီး ထိုသို့ သေဒဏ်စီရင်ခြင်းဖြစ်ကာ ၁၉၇၉ ခုနှစ် စက်တင်ဘာ ၂၉ ရက်နေ့တွင် သေနတ်ပစ်အဖွဲ့နှင့် စီရင်ခဲ့သည်။

အိုဘီအွန်က မိမိတို့အစိုးရသစ်တက်လာပြီဖြစ်သဖြင့် မားစီးယပ်စ်၏ ရက်စက်ကြမ်းကြုတ်ပြီး ဖိနှိပ်ချုပ်ချယ်မှုလက်အောက်က လွတ်မြောက်ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ သူက လူ့အခွင့်အရေးသမားများကိုလည်း ထောင်များအတွင်း ဝင်ကြည့်ခွင့်ပေးကာ ထောင်သားများကို အကြမ်းဖက် နှိပ်စက်ခြင်းမရှိကြောင်း ပြသခဲ့သည်။ သို့သော် ဦးလေးရှိစဉ်ကာလကတည်းက ရက်စက်မှုအပေါင်း သရဖူဆောင်းခဲ့သူမှာ မည်သူဖြစ်ကြောင်းကို အားလုံးသိခဲ့ကြပြီးဖြစ်သည်။

### ဧကွေတာတိုရီရယ် ဂီနီနိုင်ငံအခြေအနေ

လူဦးရေ ၆၆၈,၂၂၅ ဦးကျော်ရှိသည်။ ဖန်းလူမျိုးစု ၈၅ ဒသမ ၇ ရာနိုင်နှုန်း၊ ဘူဘီလူမျိုးစု ၆ ဒသမ ၅ ရာနိုင်နှုန်း၊ အမ်ဒိုဝီ လူမျိုးစု ၃ ဒသမ ၆ ရာနိုင်နှုန်း၊ အန်နိုဘွန်လူမျိုးစု ၁ ဒသမ ၆ ရာနိုင်နှုန်း၊ ဘူကီဘီလူမျိုးစု ၁ ဒသမ ၁ ရာနိုင်နှုန်းနှင့် အခြားလူမျိုးစု ၁ ဒသမ ၄ ရာနိုင်နှုန်း ပါဝင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အုပ်ချုပ်သည့် သမ္မတနိုင်ငံဖြစ်သည်။ နေ့စဉ်ကျင့်သုံးနေသည့် ဥပဒေများသည် စပိန်တရားမကျင့်ထုံးနှင့် လူမျိုးစုဓလေ့ထုံးစံများ အတိုင်းဖြစ်သည်။ တစ်နိုင်ငံလုံး၏ GDP မှာ ၂၄ ဒသမ ၆၆ ဘီလီယံဖြစ်ပြီး ကမ္ဘာ့အဆင့် ၁၁၃ ရှိသည်။

အာဖရိကတိုက်အတွင်း စပိန်စကားပြောသည့် တစ်ခုတည်းသော နိုင်ငံဖြစ်သည်။ အာဖရိကတိုက်အတွင်း၌လည်း အငယ်ဆုံးတိုင်းပြည်ဖြစ်သည်။

၁၉၉၀ ပြည့်နောက်ပိုင်းတွင် အမေရိကန်ကုမ္ပဏီများနှင့် ပူးပေါင်းပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့များထုတ်လုပ်ခြင်းကို အကြီးအကျယ်လုပ်ဆောင်လာခဲ့သည်။ နောက်ပိုင်း၊ ငါးနှစ်တွင် အမေရိကန်နိုင်ငံအတွက် လိုအပ်သည့်လောင်စာများကို အများဆုံးအထောက်အပံ့ပေးနိုင်သည့် နိုင်ငံဖြစ်လာသည်။

## ဖွဲ့စည်းပုံအသစ်၊ သမ္မတအသစ်

၁၉၇၉ ခုနှစ်တွင် အာဏာသိမ်းအစိုးရအဖြစ် အုပ်ချုပ်နေခဲ့ရာက ၁၉၈၂ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပြင်ဆင်ရေးဆွဲခဲ့သည်။ ရွေးကောက်ပွဲတွင် ပြိုင်ဘက်မရှိ တစ်ဦးတည်းသော ဝင်ရောက်အရွေးချယ်ခံသည့် သမ္မတဖြစ်ပြီး သမ္မတသက်တမ်း ခုနှစ်နှစ် တာဝန်ထမ်းဆောင်ရန် တာဝန်အပ်နှင်းခြင်းခံရသည်။

၁၉၈၉ ခုနှစ် ရောက်ပြန်သည့်အခါတွင်လည်း တစ်ဦးတည်းသော ဝင်ရောက်ယှဉ်ပြိုင်သည့် သမ္မတလောင်းဖြစ်ပြီး နောက်ထပ်ခုနှစ်နှစ်သက်တမ်းအတွက် ရွေးချယ်ခံရပြန်သည်။ နိုင်ငံရေးပါတီများ ဖွဲ့စည်းခွင့်ပေးထားသော်လည်း ၁၉၉၆ ခုနှစ်မှ ၂၀၀၂ ခုနှစ် အထိ သမ္မတသက်တမ်းကို မဲ ၉၈ ရာခိုင်နှုန်းဖြင့် ထပ်မံရရှိခဲ့သည်။ နိုင်ငံတကာ လေ့လာစောင့်ကြည့်သူများက ရွေးကောက်ပွဲ မသမာမှုများကို ဖော်ထုတ်ကန့်ကွက်ခဲ့ကြောင်း တွေ့ရသည်။

ဂီနီတွင် ပါတီများဖွဲ့စည်းခွင့်ပေးထားကြောင်း သတင်းလွှင့်ထားသော်လည်း အမှန်တကယ်နိုးမိုးထားသည်မှာ အိုဘီအွန်၏ ဒီမိုကရက်တစ်ပါတီသာ ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အာဏာရှင်စနစ်ဖြင့် အုပ်စိုးမှုကို တားမြစ်ကန့်ကွက်ထားသည့် အချက်များပါဝင်သော်လည်း အိုဘီအွန်၏ ဩဇာအာဏာကို မည်သူမျှမလွန်ဆန်နိုင်သည့် အနေအထားတွင် ရှိနေသည်။ သမ္မတအမိန့်သည် ဝိုပြီးပြင်းထန်သဖြင့် အားလုံးကကြောက်နေရသည့် အနေအထားတွင်ရှိနေသည်။ ၁၉၉၂ ခုနှစ် ကစတင်ပြီး ပါတီများကို တရားဝင်မှတ်ပုံ

တင်ကာ ထုထောင်ခွင့်ပေးထားသော်လည်း ပါလီမန်တွင် အမတ်နေရာပေါင်း ၁၀၀ အနက် ၉၉ နေရာသည် သူ့ပါတီ (PDGE) က အမတ်များသာဖြစ်နေသည်။ သို့ဖြစ်ရာ သမ္မတနှုတ်မှ ထွက်ဟချက်ကို မည်သူမျှမလွန်ဆန်နိုင်သည့် အနေအထားတွင်ရှိသည်။

ဂီနီတွင် အမှန်တော့ အတိုက်အခံများအတွက် ထုတ်ဖော်ပြောစရာ မီဒီယာမရှိပေ။ သတင်းစာကိုလည်း အစိုးရကထိန်းချုပ်ထားသည်။ တစ်ခုတည်းသော နိုင်ငံပိုင်အသံလွှင့်မီဒီယာကိုလည်း အတိုက်အခံတို့ မကပ်နိုင်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် လုံးဝမရကြသော ပြည်သူတို့၏ဘဝတွင် အခွင့်အရေးဆိုသည်မှာ ပေးမှရမည့် အနေအထားတွင်ရှိနေသည်။

**ကြွယ်ဝချမ်းသာသောသမ္မ**

သမ္မတ အိုဘီအွန်တွင် သားတစ်ယောက်ရှိသည်။ သူ့အမည်က မန်ဂွီ (Teo-doro Nguema Obiang Mangue) ဖြစ်သည်။ အမေရိကန်အစိုးရက သူ့ပိုင်ဆိုင်မှု ဒေါ်လာ ၇၁ သန်းကို ဖော်ထုတ်နိုင်ခဲ့ပြီး ထိုငွေများသည် ဂီနီနိုင်ငံက တရားမဝင်ယူလာသော ငွေများဟုတ်၊ မဟုတ်စစ်ဆေးနေဆဲ ဖြစ်သည်။

အမေရိကန်အာဏာပိုင်များသည် ၂၀၁၁ ခုနှစ်တွင် မာလီဘူးရှိ မာဗွီ နေထိုင်သောအိမ်မှ· ဒေါ်လာ သန်း ၃၀၊ သူ့ပိုင်ဂျက်လေယာဉ်ထဲမှ ဒေါ်လာ ၃၈ ဒသမ ၅ သန်း၊ ဒေါ်လာ ငါးသိန်းတန် ဖာရာရီကားတစ်စင်းနှင့် မိုက်ကယ်ဂျက်ဆင်ပိုင် ဒေါ်လာနှစ်သန်းတန် အထိမ်းအမှတ်ပစ္စည်းများကို ထိန်းသိမ်းသိမ်းဆည်းရမိသည်။

ဆင်းရဲသည့်နိုင်ငံအတွင်း များပြားလှသော ငွေကြေးများကိုကဲ့ယူကာ အမေရိကန်တွင် အဘယ်ကြောင့်လာရောက် ရင်းနှီးမြှုပ်နှံနေသည်ကိုလည်း အမေရိကန်အာဏာပိုင်များက သိလိုကြသည်။ ကုမ္ပဏီအချို့က ထိုငွေများကို အခွန်များဆောင်ပေးထားခြင်း၊ သူလုပ်နေသည့် အိမ်မွေးတိရစ္ဆာန်ပရောဂျက်ကို

လျှို့ဝှက်ထားသည့် ငွေများနှင့် သူပိုင်ရန်ပုံငွေများသည် မည်သည့်နည်းနှင့် ရလာကြောင်းကလည်း စစ်ဆေးစရာ ဖြစ်နေသည်။

အိုဘီအွန်ပိုင်ဆိုင်မှု ငွေစုစုပေါင်းမှာ ဒေါ်လာ သန်း ၇၀၀ ခန့်ရှိမည်ဟု Forbes မဂ္ဂဇင်းက ခန့်မှန်းထားသည်။ ထိုငွေများကို အမေရိကန်ဘဏ်တစ်ခုတွင် စာရင်းဖွင့်ထားသည်။ ထို့ပြင် Forbes က သူ့ကို ကမ္ဘာ့အချမ်းသာဆုံး နိုင်ငံ့ခေါင်းဆောင်စာရင်းသို့လည်း ထည့်သွင်းထားသေးသည်။ ဂီနီအစိုးရက ထိုငွေများသည် နိုင်ငံပိုင်ငွေများဖြစ်ပြီး သမ္မတပိုင်ငွေမဟုတ်ကြောင်း ငြင်းဆိုထားကြသည်။

၂၀၀၃ ခုနှစ်တွင် သမ္မတအိုဘီအွန်က သူသည် အခြေအနေအရ နိုင်ငံတော်ပိုင်ဘဏ္ဍာများကို ထိန်းသိမ်းထားရခြင်းဖြစ်ကြောင်း၊ နိုင်ငံဝန်ထမ်းများ အကျင့်ပျက်ခြစားမှုများ မပြုလုပ်နိုင်ရေးအတွက်သူ ထိန်းချုပ်ထားရခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ကြောင့် သမ္မတကြီးက အမြော်အမြင်ကြီးစွာဖြင့် အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်ဒီစီရှိ Riggs ဘဏ်တွင် ထိုငွေများကို အပ်နှံထားပြီး အတိုးအမြတ်များကိုယူကာ တိုင်းပြည်အတွက် လုပ်နေခြင်းဖြစ်သည်ဟုဆိုသည်။ ထိုငွေအပ်နှံခြင်းကို ဘဏ်ကလက်ခံသဖြင့် အမေရိကန်အစိုးရသည် ဘဏ်ကို ဒေါ်လာ ၁၆ သန်း ဒဏ်ငွေရိုက်ခဲ့သည်။

၂၀၀၄ ခုနှစ်စစ်ဆေးတွေ့ရှိချက်အရ Riggs ဘဏ်သည် ထိုငွေများထဲမှ ဒေါ်လာ သန်း ၃၀၀ ကို Exxon Mobile နှင့် Amerada Hess ကုမ္ပဏီများထံက တစ်ဆင့် အိုဘီအွန်အမည်ဖြင့် လာရောက်သွင်းပေးထားခြင်းဖြစ်ကြောင်း သိရှိရသည်။

Transparency International အဖွဲ့က အီကွေတာရီရယ် ဂီနီနိုင်ငံကို ကမ္ဘာ့အကျင့်ပျက်ခြစားမှု နိုင်ငံ ၁၂ နိုင်ငံစာရင်းတွင် ထည့်သွင်းထားခဲ့သည်။

၂၀၁၁ ခုနှစ် ဇက်တင်ဘာလတွင် ပြင်သစ်နိုင်ငံ၌လည်း ရဲများက ဇိမ်ခံကား ၁၁ စီးကိုဖမ်းမိခဲ့သည်။ ထိုကားများသည် သမ္မတ အိုဘီအွန်သား

ပိုင်သည့်ကားများဟု နာမည်ထွက်လာပြီး ထိုအထဲတွင် ကမ္ဘာ့ဈေးအကြီးဆုံးကား နှစ်စီးဖြစ်သည့် Bugatti Veyrons ကားနှစ်စီးပါဝင်သည်။ ထို့ပြင် သူ့သား ပြင်သစ်တွင် ပိုင်ဆိုင်သည့် အမှတ် ၄၂ Foch ရိပ်သာလမ်းအိမ်သည် ဒေါ်လာ သန်း ၁၈၀ ခန့်တန်သည်ကိုလည်း ဖော်ထုတ်နိုင်ခဲ့ကြသည်။ အိမ်ခန်းထဲတွင် အဖိုးတန်ပစ္စည်းများအပါအဝင် နာမည်ကျော် ဈေးအကြီးဆုံး Château Pétrus အရက်ပုလင်းပေါင်းများစွာကိုလည်း တွေ့ရှိကြရသည်။ မာဗွီပတ်သည့် လက်ပတ်နာရီတစ်လုံး တန်ဖိုးကပင် ဒေါ်လာ ၃ ဒသမ ၇ သန်းရှိသည်။

ယခုအခါ အသက် ၄၁ နှစ်ရှိပြီဖြစ်သော မာဗွီသည် မိန်းမ၊ ရွက်လှေနှင့် တန်ဖိုးကြီးကားများ လိုက်စားရာတွင် နာမည်ကြီးလှသည်။ မာဗွီ၏ရှေ့နေကတော့ ထိုသုံးဖြုန်းနေသည့် ငွေအားလုံးတရားဝင်ရရှိထားသည့် ငွေများဖြစ်ကြောင်း ပြောသည်။ သို့သော် တိုင်းပြည်ကဆင်းရဲ၊ သမ္မတနှင့် သားဖြစ်သူ ချမ်းသာသည့် အဖြစ်ကတော့ စဉ်းစားစရာ ဖြစ်သည်။

## ဘုရားသခင်ကာယ်တင်ရှင်

၂၀၀၃ ခုနှစ် ဇူလိုင်လတွင် နိုင်ငံတော်ပိုင် အသံလွှင့်ဌာနက အိုဘီ အွန်ကို 'တိုင်းပြည်၏ဘုရားသခင်' အဖြစ် ကြေညာခဲ့သည်။ သို့ဖြစ်ရာ နိုင်ငံ အတွင်းရှိ လူတိုင်း၊ ပစ္စည်းတိုင်းအားလုံးသည် တိုင်းပြည်၏ အရှင်သခင်ကြီး စိတ်ကြိုက် လုပ်ချင်တိုင်းလုပ်ပိုင်ခွင့်ပေးလိုက်ရသည့် သဘောသက်ရောက် သွားသည်။ ထို့ပြင် ရေဒီယိုအသံလွှင့်ဌာနက သမ္မတဆိုသည်မှာ ဘုရားသခင်နှင့် ထာဝရဆက်သွယ်ပိုင်ခွင့်ရှိသူဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်ခေါ်သည်ဖြစ်စေ၊ မခေါ်သည်ဖြစ်စေ သမ္မတက ခေါ်ပိုင်ခွင့်ရှိသူအဖြစ် တင်စားပေးခဲ့သည်။ သူ့ ယခင်သမ္မတဟောင်း ဦးလေးတော်သူကလည်း သူ့ကိုယ်သူ ဘုရားသခင်ဟု ဝင့်ကြွားစွာခေါ်ခဲ့သေးသည်။

## အာဏာရှင်ထံမှ အာဏာသိမ်းခြင်း

၂၀၀၄ ခုနှစ်တွင် အိုဘီအွန်ကိုဖြုတ်ချမည့် အာဏာသိမ်းမှုတစ်ခု ပေါ်ပေါက်ခဲ့သည်။ ထိုအာဏာသိမ်းမှုတွင် ယခင်ဗြိတိန်ဝန်ကြီးချုပ်ဟောင်း၏ သားဖြစ်သူ မာ့ခ်သက်ချာပါဝင်သည်ဟု စွပ်စွဲထားသည်။

**Ref : BBC.co.uk, CBSNews.com, NYTimes.com, World News Rfeport 2013**



5

မြောက်ကိုရီးယားနိုင်ငံ

# ကင်ဂျုံအီ

သူ့ကိုမွေးဖွားသည့်ခုနှစ်မှာ ၁၉၄၁ လား ၁၉၄၂ လား ဝိဝါဒ ကွဲပြားနေသည်။ မြောက်ကိုရီးယားနိုင်ငံတွင် နှစ်ပေါင်းများစွာ ဆွေစဉ်မျိုးဆက်အုပ်စိုးခဲ့သည့် မိသားစုကြီး၏ အာဏာဆက်ခံသူနှင့် သားစဉ်မြေးဆက် အာဏာလွှဲနိုင်ရန် စီစဉ်ဆောင်ရွက်နိုင်သူ ဖြစ်ခဲ့သဖြင့် ထင်ရှားခဲ့သူဖြစ်သည်။

ဖခင်ဖြစ်သူသည် ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ DPRK (Democratic People's Republic of Korea) ကို ထူထောင်ခဲ့သူ နာမည်ကျော်ခေါင်းဆောင်ကြီး ကင်အီဆွန်းဖြစ်သည်။ ကင်ဂျုံအီသည် ဖခင်ထံမှ နိုင်ငံရေးအမွေကို ဆက်ခံခဲ့သလို သူ့အမွေကို သူ၏တတိယသားဖြစ်သူ ကင်ဂျုံအန်ကို လွှဲပေးနိုင်ခဲ့သူဖြစ်သဖြင့် အာဏာရှင်ခေတ်ကို ဆက်ခံသူ၊ လက်လွှဲသူလည်း ဖြစ်သည်။

## အစောပိုင်းကာလ

သူ့ကို ၁၉၄၁ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် မွေးဖွားသည်ဟု သိထားကြသော်လည်း နောက်ပိုင်းတွင် တရားဝင်ထုတ်ပြန်ထားချက်က ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်နေ့ဖြစ်နေသည်။ အဘယ်ကြောင့် သက္ကရာဇ်တစ်နှစ် ဖြိုထားရသည်ကို ကာယကံရှင်များသာ သိကြပေလိမ့်မည်။

ကင်ဂျုံအီကို ရန်ကျန်ပြည်နယ် ဆမ်ဂျီယုံစီရင်စုအတွင်းရှိ တရုတ်နယ်စပ်အနီး ပေ့ဒူးတောင်တန်းရှိ လျှို့ဝှက်စခန်းတွင် မွေးဖွားခဲ့သည်။ အခြားမှတ်တမ်းတစ်ခုတွင်လည်း သူ့ကို ဆိုဗီယက်ယူနီယံ ယက်စကိုရယ်နယ်တွင် မွေးဖွားသည်ဟု ဆိုသည်။ ဒုတိယကမ္ဘာစစ်အတွင်း သူ့ဖခင်သည် အမှတ် ၈၈ ဆိုဗီယက်တပ်မဟာ အောက်ရှိ အမှတ် (၁) တပ်ရင်းတွင် တာဝန်ထမ်းဆောင်ဖူးပြီး ပြည်ပရောက် တရုတ်နှင့် ကိုရီးယားတို့ကိုစုစည်းကာ ဂျပန်စစ်တပ်ကို ပြန်လည်တွန်းလှန်တိုက်ခိုက်ခဲ့စဉ်က မွေးဖွားခဲ့သည်ဟုလည်းဆိုကြသည်။ ကင်ဂျုံအီမိခင် ကင်ဂျုံဆွတ်သည် သူ့ဖခင်၏ ပထမဇနီးဖြစ်သည်။ သူတို့မိသားစုကို မြောက်ကိုရီးယားသမိုင်းမှတ်တမ်း၌ ၂၀ ရာစုအစောပိုင်း ဂျပန်နယ်ချဲ့တို့ကို ခုခံတိုက်ခိုက်ရာတွင် မျိုးချစ်စိတ်ရှိသည့် မိသားစုအဖြစ် တင်စားအလေးထားခဲ့ကြောင်းလည်း တွေ့ရသည်။

၁၉၆၀ ပြည့်နှစ်တွင် နမ်ဆန်းအထက်တန်းကျောင်းပြီးသည်။ ထိုနှစ်တွင်ပင် ကင်အီဆွန်းတက္ကသိုလ်သို့ ဝင်ခွင့်ရသည်။ အဓိကယူထားသည့်ဘာသာမှာ မာ့ခ်စ်နိုင်ငံရေး စီးပွားပညာရပ်ဖြစ်ပြီး ဘာသာခွဲများအဖြစ် ဒဿနိကဗေဒနှင့် စစ်ရေးသိပ္ပံဘာသာရပ်တို့ကို သင်ယူခဲ့သည်။ တက္ကသိုလ်တက်နေစဉ် အထည်လိပ်စက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံတွင် အလုပ်သင်အဖြစ်ဝင်ရောက်ကာ လုပ်ငန်းခွင်လက်တွေ့သင်ယူခဲ့သည်။ နောက်ပိုင်း ရုပ်သံထုတ်လွှင့်ရေးပစ္စည်းများထုတ်လုပ်သည့် စက်ရုံတွင်လည်းလုပ်ကိုင်ခဲ့သည်။ ကျောင်းသားဘဝကတည်းက ဖခင်ဖြစ်သူနှင့်အတူ မြောက်ကိုရီးယားပြည်နယ်အနှံ့အပြား ခရီးစဉ်များသို့ လိုက်ပါပြီး နိုင်ငံတော်အုပ်ချုပ်ရေးပညာရပ်များကို လက်တွေ့လေ့လာခဲ့သူလည်းဖြစ်သည်။

## အာဏာစတင်ထူထောင်ခြင်း

၁၉၆၁ ခုနှစ် ဇူလိုင်လတွင် မြောက်ကိုရီးယား၌ လက်ရှိအာဏာရပါတီကြီး ဖြစ်သည့် အလုပ်သမားပါတီသို့ဝင်ခဲ့သည်။ ထိုပါတီသည် ၁၉၅၆ ခုနှစ် ဆိုဗီယက်တို့ လွှမ်းမိုးစဉ်ကာလကတည်းက မြောက်ကိုရီးယားကို အချေးထိန်း စနစ်ဖြင့် ချုပ်ကိုင်ထားသော စတာလင်နိုင်ငံရေးနောက်လိုက် ပါတီတစ်ခုဟု ဆိုကြသည်။ အလုပ်သမားပါတီသည် ကိုယ်ပိုင်ရပ်တည်ချက်ဖြင့် ထူထောင်ထား သောပါတီဖြစ်သည်ဆိုသော်လည်း ပါတီမူဝါဒဖြစ်သည့် ဂျူချေသဘောတရား သည် ဆိုဗီယက်တို့ထံမှ ဆင်းသက်လာသည့် ဒဿနများသက်ဝင်နေသည် ကတော့ သိသာသည်။

၁၉၆၀ ပြည့်နှစ်နှောင်းပိုင်းတွင် ပါတီသည် သစ္စာစောင့်သိမှုကို တိုးမြှင့်ခြင်း သို့မဟုတ် မဟာခေါင်းဆောင် (ကင်အီဆွန်း) ကို အလွန်အမင်း ချီးမြှောက်ကိုးကွယ်မှုများ ပြုလာကြောင်းတွေ့ရသည်။ ပုဂ္ဂိုလ်ရေးကိုးကွယ်ခြင်းကို အလွန်အမင်းဖော်ကျူးခြင်းသည် စတာလင်ရှုရှားခေတ်အတိုင်း ပုံတူကူးချ ထားခြင်းဖြစ်ပြီး ကင်အီဆွန်းကိုလည်း မြောက်ကိုရီးယားခေါင်းဆောင်ကြီး အဖြစ် ဂုဏ်တင်ခဲ့ခြင်းသာမက သားစဉ်မြေးဆက် ကင်ဂျုံအီအထိ အမွေဆက်ခံနိုင် စေရန် လမ်းကြောင်းချထားပေးလိုက်ခြင်းလည်း ဖြစ်သည်။

၁၉၆၄ ခုနှစ်တွင် တက္ကသိုလ်ကဘွဲ့ရပြီးသည်နှင့် ကင်ဂျုံအီ၏အဆင့် နှင့် ပါဝါကလည်း ပါတီတွင်း၌ ကြီးမားလာသည်။ ၁၉၆၀ ပြည့်နှစ်လွန် ကာလများတွင် ကွန်မြူနစ်နိုင်ငံများကို နိုင်ငံအများစုက စိတ်ဝင်စားစွာဖြင့် စောင့်ကြည့်နေသည့် ကာလဟုဆိုနိုင်သည်။ တရုတ်နှင့် ဆိုဗီယက် ရုရှားတို့သည် ဝါဒသဘောတရားရေးတိုက်ပွဲကြောင့် အကျိုးဆက်အဖြစ် နယ်စပ်ဒေသများတွင် တိုက်ပွဲများဖြစ်ပွားခဲ့သည်အထိ အခြေအနေများတင်းမာခဲ့သည်။ တရုတ်နှင့် ဆိုဗီယက်ရုရှားတို့ အခြေအနေတင်းမာနေချိန်တွင် မြောက်ကိုရီးယားသည် နှစ်နိုင်ငံစလုံး၏ဩဇာအောက်က ရုန်းထွက်နိုင်စေရန် ကြိုးစားခဲ့သည်။

ထိုအချိန်တွင် မြောက်ကိုရီးယား၌ ပြည်တွင်းပါတီရေးရာတိုက်ပွဲများ ပြင်းထန် နေခဲ့သည်။ ကင်ဂျုံအီကို အလုပ်သမားပါတီ ဗဟိုကော်မတီဥက္ကဋ္ဌအဖြစ်

ခန့်အပ်တာဝန်ပေးခဲ့သည်။ ပါတီတွင်း ပြန်လည်ပြင်ဆင်ရေးသဘောတရားများကို ချမှတ်အကောင်အထည်ဖော်ခဲ့သောကြောင့် သူဖခင်ချမှတ်ခဲ့သည့် သဘောတရားရေးရာလမ်းကြောင်းမှ သွေဖည်သွားခဲ့သည်ဟုဆိုရမည်။ ထို့ပြင် ကင်ဂျုံအီသည် စစ်တပ်ကိုလည်း အဓိကပြုပြင်ပြောင်းလဲမှုများ လုပ်ခဲ့ပြီး ပါတီကထိန်းချုပ်သည့် တပ်မတော်အဖြစ်အသွင်ပြောင်းကာ သူ့ကိုသစ္စာမခံသည့် တပ်မတော်အရာရှိများကို တပ်မှထုတ်ပစ်သည်အထိ ပြုလုပ်ခဲ့သည်။

ကင်ဂျုံအီသည် ဝါဒဖြန့်ချိရေးနှင့် လှုံ့ဆော်ရေးဌာနကို ကိုယ်တိုင်ကြီးကြပ်ကိုင်တွယ်ခဲ့သည်။ အစိုးရသည် မီဒီယာကိုချုပ်ကိုင်ရန်နှင့် ဆင်ဆာဖြတ်ခြင်းများကို တာဝန်ယူရန် ဆုံးဖြတ်လုပ်ကိုင်ခဲ့သည်။ ထို့ပြင် ကင်ဂျုံအီကပါတီ၏တရားသေစွဲကိုင်ထားသော သဘောတရားရေးရာများကို စာရေးဆရာများ၊ အနုပညာရှင်များနှင့် မီဒီယာလုပ်ငန်းများကို လုပ်ကိုင်နေကြသော သူများထံသို့ပို့ကာ ထိုသဘောတရားအတိုင်း အနုပညာလုပ်ငန်းများကို လုပ်ဆောင်ကြရေး တင်းကျပ်စွာ ပြဋ္ဌာန်းသတ်မှတ် ပေးခဲ့သည်။ နိုင်ငံတော်၏အနုပညာလုပ်ငန်းများကို ပြုပြင်ပြောင်းလဲမည်ဟုကြွေးကြော်ပြီး သူကိုယ်တိုင် ဖခင်ဖြစ်သူ ကင်အီဆွန်းရေးသားသည့် ဇာတ်လမ်းများကို ရုပ်ရှင်ရိုက်ပြီးထုတ်လုပ်သည်။ သူတို့သားအဖ၏ ကြီးကျယ်မြင့်မြတ်သော လုပ်ဆောင်ချက်များကို ဝါဒဖြန့်သည့် ရုပ်ရှင်များအား နိုင်ငံသို့ပြခဲ့သည်။ သူကိုယ်တိုင် ရုပ်ရှင်ဝါသနာအိုးဖြစ်သဖြင့် ရုပ်ရှင်ဇာတ်ကားပေါင်း ၂၀၀၀၀ ကျော် ပိုင်ဆိုင်ထားသည်။ ထိုဇာတ်ကားများထဲတွင် ဂျိမ်းစ်ဘွန်းဇာတ်ကားအားလုံး ပါဝင်သည်။

နိုင်ငံတော်အကြီးအကဲ ကင်အီဆွန်းသည် သူ့သားဖြစ်သူ ကင်ဂျုံအီကို ၁၉၇၀ ပြည့်နှစ်လောက်ကစတင်ပြီး မြောက်ကိုရီးယားနိုင်ငံကိုဦးဆောင်ရန်အတွက် တာဝန်များလွှဲအပ်ရန် ပြင်ဆင်ခဲ့သည်။ ၁၉၇၁ ခုနှစ်နှင့် ၁၉၈၀ ပြည့်နှစ်များကြားတွင် ကင်ဂျုံအီအား ကိုရီးယားအလုပ်သမားပါတီ၏ အရေးပါသောနေရာများကို အပ်နှင်းခဲ့သည်။ သူအလုပ်သမားပါတီအကြီးအကဲဖြစ်လာချိန်တွင် ပါတီခေါင်းဆောင်ပိုင်း တာဝန်ရှိသူများကို တစ်နှစ်လျှင် တစ်လခန့် မိမိကိုယ်မိမိနှိမ့်ချရေး၊ ပြည်သူ့ဘဝလေ့လာရေး အစီအစဉ်အနေဖြင့် လူထုထဲ

ဆင်းကာ အလုပ်လုပ်နိုင်ခြင်းများ ပြုလုပ်ခဲ့သည်။ သူ့လက်ထက်တွင်လည်း တော်လှန်ရေးသုံးရပ် အဖွဲ့လိုက်လှုပ်ရှားမှုကို ဆောင်ရွက်ခဲ့သည်။ ထိုသုံးရပ်မှာ နိုင်ငံရေး၊ နည်းပညာနှင့် သိပ္ပံနယ်ပယ်သုံးရပ်ကို တိုင်းပြည်အနှံ့လှည့်လည်ကာ သင်တန်းများပေးစေခြင်း ဖြစ်သည်။

၁၉၈၀ ပြည့်နှစ်တွင် ကင်ဂျုံအီသည် မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင်အဖြစ် သူ့ဖခင်ကိုအမွှန်းတင်ရင်း ပုဂ္ဂိုလ်ရေးကိုးကွယ်မှုကို ရှေ့တန်းတင်ပေးကာ မိမိအပေါ် ယုံကြည်ကိုးကွယ်လာစေရန်ကိုပါ တည်ဆောက်ခဲ့ကြောင်း တွေ့ရသည်။ တိုင်းပြည်က သူ့ဖခင်ကင်အီဆွန်းကို 'မဟာခေါင်းဆောင်ကြီး' အဖြစ်ရှုမြင်စေပြီး သူ့ကိုမူ နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် 'ကြောက်ရွံ့ခြင်းကင်းမဲ့သောခေါင်းဆောင်' တစ်ယောက်အနေဖြင့် ထင်သာမြင်သာရှိလာစေရန် ဆောင်ရွက်ခဲ့သည်။ အဘယ်ကြောင့် ထိုဘွဲ့ကိုခံယူရသနည်းဆိုသော် 'တော်လှန်ရေးများကို အောင်မြင်စေရန် ဆောင်ရွက်နိုင်စွမ်းရှိသောကြောင့်' ဟု ဖော်ပြခဲ့ကြသည်။ ထိုအချိန်မှစပြီး သူ့ဖခင်၏ရုပ်ပုံကြီးများနှင့်ယှဉ်တွဲပြီး သူ့ပုံများကိုပါ အဆောက်အအုံကြီးများတွင် ပူးတွဲချိတ်ဆွဲမှုများ ပြုလုပ်လာကြကြောင်း တွေ့ရသည်။

၁၉၉၄ ခုနှစ် ဇူလိုင်လတွင် ဖခင်ဖြစ်သူကင်အီဆွန်း ကွယ်လွန်သွားပြီးနောက် ကင်ဂျုံအီ တိုင်းပြည်ကိုအုပ်ချုပ်သည့်ရာထူး အလိုအလျောက်ရရှိသွားခဲ့သည်။ ကွန်မြူနစ်စနစ်လွှမ်းမိုးသော တိုင်းပြည်များတွင် ဖခင်ကတစ်ဆင့်သားဖြစ်သူနိုင်ငံနှင့် အာဏာကို အမွေဆက်ခံသကဲ့သို့ ပြုလုပ်ခြင်းသည် အစဉ်အလာမရှိခဲ့သောကြောင့် ထူးဆန်းနေကြသည်။ သူ့ဖခင်၏ဆန္ဒဟုဆိုကာ သမ္မတနှင့် အစိုးရအဖွဲ့ကိုလည်း ဖျက်သိမ်းလိုက်သည်။ ကင်ဂျုံအီသည်သူ့ကိုယ်သူ အလုပ်သမားပါတီ အထွေထွေအတွင်းရေးမှူး၊ အမျိုးသားကာကွယ်ရေးကော်မရှင် ဥက္ကဋ္ဌရာထူးများဖြင့် တိုင်းပြည်ကိုတာဝန်ယူကြောင်း၊ ထို့ပြင် တိုင်းပြည်၏ အမြင့်ဆုံးအစိုးရအဖွဲ့အကြီးအကဲဖြစ်ကြောင်းလည်း ထုတ်ပြန်ကြေညာလိုက်သည်။

## ဆုပ်ရှပ်ရေးကာလ အခက်အခဲများ

၁၉၉၀ ပြည့်နှစ်တွင် မြောက်ကိုရီးယားနိုင်ငံသည် စီးပွားရေးမှဲပြာကျကာ ဆင်းရဲတွင်းနက်သည့် စာရင်းဝင်နိုင်ငံဖြစ်သွားခဲ့ရသည်။ ၁၉၉၁ ခုနှစ်တွင် ဆိုဗီယက် ရုရှားတို့ကလည်း ပြိုလဲသွားသဖြင့် မြောက်ကိုရီးယား၏ စီးပွားဖက် နိုင်ငံတစ်နိုင်ငံ လျော့နည်းသွားခဲ့ရသည်။ ၁၉၉၂ ခုနှစ်ကစတင်ပြီး တရုတ်နှင့် လည်း ခပ်တန်းတန်းဖြစ်သွားသလို တောင်ကိုရီးယားကလည်း ကုန်သွယ်မှုများကို ကန့်သတ်ပိတ်ပင်လိုက်သည်။ ၁၉၉၅ ခုနှစ်မှ ၁၉၉၇ ခုနှစ်အတွင်း ဝေါ်မှုတ် ခေါင်းပါးကပ်ဆိုက်ခဲ့ပြီး အစားအစာများပြတ်လတ်ကာ ပြည်သူများဒုက္ခရောက် ခဲ့ကြရသည်။

တိုင်းပြည်ကဆင်းရဲ၊ လူတွေကမွဲကာ ဝေါ်မှုတ်ခေါင်းပါးလာသဖြင့် ပုန်ကန်ထကြွပြီး အာဏာလုမည်စိုးရိမ်သောကြောင့် ကင်ဂျုံအီသည် 'စစ်တပ် ပထမပေါ်လစီ' ကို စတင်ပြဋ္ဌာန်းအသုံးပြုခဲ့သည်။ ထိုပေါ်လစီအရ တစ်တိုင်းပြည် လုံးရှိ အမျိုးသားရင်းမြစ်အားလုံးကို စစ်တပ်ကချုပ်ကိုင် ဆောင်ရွက်ရန်ဖြစ်သည်။ သို့ဖြစ်ရာ စစ်တပ်သည် သူ့ထိန်းချုပ်မှုနှင့် ကြီးကြပ်မှုအောက်တွင် ရောက်နေရန်လိုသည်။ ထိုအချိန်တွင် ပြည်တွင်းပြည်ပ ခြိမ်းခြောက်မှုအန္တရာယ်နှင့် စီးပွားရေးချုတ်ခြုံ ကျမှုကိုပါခံစားနေရပြီး နိုင်ငံအတွက် အစိုးရိမ်ရဆုံး အနေအထားဖြစ်ခဲ့သည်။

၂၀၀၂ ခုနှစ်တွင် အမေရိကန်ထောက်လှမ်းရေးက မြောက်ကိုရီးယားတွင် အဏုမြူဗုံးထုတ်လုပ်သည့် ယူရေနီယံသတ္တုစာတ်များ အမြောက်အမြားရှိပြီး နျူကလီးယား လက်နက်များထုတ်လုပ်ရန် သံသယရှိကြောင်း ထုတ်ဖော်ပြော ကြားသည်။ ထိုစဉ်က အမေရိကန်သမ္မတဖြစ်သူ ဂျော့ဘုရှ်ကလည်း မြောက် ကိုရီးယားနိုင်ငံကို အီရတ်နှင့် အီရန်နိုင်ငံများကဲ့သို့ပင် မကောင်းဆိုးဝါးဝင်ရိုးစွန်း စာရင်းဝင်နိုင်ငံအဖြစ်သတ်မှတ်ကြောင်း ထုတ်ဖော်ပြောကြားသည်။ အမေရိကန် ထောက်လှမ်းရေးကလည်း မြောက်ကိုရီးယားတွင် အနည်းဆုံး အဏုမြူဗုံး တစ်လုံးနှစ်လုံးခန့်ရှိနိုင်ကြောင်း ခန့်မှန်းပြောကြားသည်။

**ကျန်းမာရေးအခြေအနေဆိုးရွားလာခြင်း**

တိုင်းပြည်အနေအထား၊ ပြည်ပဖိအား၊ ပြည်တွင်းသောကများက ကင်ဂျုံအီကို စိတ်ထောင်းကိုယ်ကျေဖြစ်စေခဲ့သည်။ ၂၀၀၈ ခုနှစ် ဩဂုတ်လတွင် ဂျပန်တို့က ကင်ဂျုံအီသည် ၂၀၀၃ ခုနှစ်ကတည်းက သေဆုံးခဲ့ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ ပြည်သူများကြားတွင် ရုပ်ထွက်ပြနေသူမှာ သူ့ကိုယ်စား အသုံးပြုထားသူအတုဖြစ်ကြောင်းလည်း သတင်းများပေါ်ထွက်ခဲ့သည်။

၂၀၀၈ ခုနှစ် ဧပြီလတွင် ပြုလုပ်ခဲ့သော အိုလံပစ်မီးရှူးတိုင် သယ်ယူခြင်း အခမ်းအနားပြီးကတည်းက ကင်ဂျုံအီကို ပြည်သူ့ရှေ့မှောက် ရောက်လာခြင်း မတွေ့ရတော့ပေ။ မြောက်ကိုရီးယားနိုင်ငံ နှစ် (၆၀) ပြည့်မြောက် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်ခြင်းကို ခန့်မှန်းပြီး အမေရိကန်ထောက်လှမ်းရေးကလည်း ကင်ဂျုံအီ၏ ကျန်းမာရေးအခြေအနေ ဆိုးရွားနေကြောင်း ထောက်ပြခဲ့သည်။

၂၀၀၉ ခုနှစ်မတ်လတွင် ကျင်းပမည့် အမျိုးသားရွေးကောက်ပွဲသို့ ကင်ဂျုံအီဝင်ပြိုင်မည်ဖြစ်ကြောင်း နိုင်ငံတော်ကကြေညာခဲ့ပြန်သည်။ ကင်၏ အခြေအနေစိုးရိမ်စရာကောင်းသည့်အနေအထားတွင် ရောက်နေသော်လည်း သူ့ဖခင်ထံမှ နိုင်ငံရေးအမွေဆက်ခံသကဲ့သို့ သားသုံးယောက်ထဲမှ တစ်ယောက် ယောက်ကို အပ်နှင်းခဲ့ရန်ဆိုသည်ကလည်း နိုင်ငံခြားသို့ အားလုံးရောက်နေကြသည်။ သို့ဖြစ်ရာ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုကို သူနှင့် အတူယှဉ်တွဲထူထောင်မည့်သားမှာ မည်သူဖြစ်ကြောင်းကိုလည်း ခန့်မှန်းရခက်နေကြသည်။

၂၀၀၉ ခုနှစ်တွင် ကင်ဂျုံအီက သူ့နေရာတွင် ဆက်ခံမည့်သူမှာ သား ဖြစ်သူ ကင်ဂျုံအန်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ ကင်ဂျုံအန်၏ဓာတ်ပုံ များကိုလည်း တရားဝင်ထုတ်ပြန်မှုများ ပြုလုပ်လာသဖြင့် ၂၀၁၀ စက်တင်ဘာတွင် နိုင်ငံ့အကြီးအကဲရာထူးကို ဆက်ခံမည့်သူမှာ အာဏာရှင်လက် လွှဲဖြစ်လာမည့် ကင်ဂျုံအန်ဖြစ်ကြောင်း ကျိန်းသေသွားသည်။

## နောက်ဆုံးအချိန်

ကင်ဂျုံအီသည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်နေ့တွင် ရထားဖြင့် ခရီးသွားစဉ် နှလုံးရောဂါဖြင့်ကွယ်လွန်သွားကြောင်း တရားဝင်သတင်းထုတ်ပြန် ကြေညာခဲ့သည်။ မီဒီယာများကလည်း ခေါင်းဆောင်ကြီးသည် တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ခေါင်းဆောင်ကြီး ကွယ်လွန်သွားသောကြောင့် မြို့ကြီးများတွင် ဝမ်းနည်းပူဆွေးငိုကြွေးကြပုံများကိုလည်း မီဒီယာများက ထုတ်ပြန်ခဲ့ကြသည်။

ကင်ဂျုံအီတွင် ဇနီးသုံးယောက်၊ သားသုံးယောက်၊ သမီးသုံးယောက် ရှိသည်။ အခြားသတင်းများအရလည်း ကင်ဂျုံအီတွင် သားသမီးပေါင်း ၇၀ ခန့်ရှိသည်ဟု ကောလာဟလများထွက်ပေါ်ခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံတစ်ဝန်းတွင် အိမ်ကြီးအိမ်ကောင်းများဖြင့် ဇနီးနှင့် သားသမီးများကိုထားသည် ဟုလည်းဆိုကြသည်။

ကင်ဂျုံအီကွယ်လွန်ပြီးနောက် သားဖြစ်သူ ကင်ဂျုံအန်တက်လာသည်။ သူလည်း စစ်တပ်၏ထောက်ခံမှုဖြင့် တက်လာခဲ့ခြင်းဖြစ်သည်။ စစ်တပ်နှင့် အာဏာရှင်တို့၏ ဆက်နွှယ်မှုများကား စဉ်းစားစရာဖြစ်သည်။

**Ref: biography.com, The New York Times, Kyodo News, BBC News.**



6

ဇင်ဘာဘွေနိုင်ငံ

# ရောဘတ် မူဂါဘီ

"အာဖရိကတိုက်၏ အသက်အကြီးဆုံး ခေါင်းဆောင်တစ်ယောက် ဘွဲ့ခံထားသည့် သက်တမ်းရှည်သမ္မတ ရောဘတ်မူဂါဘီသည် အတိုက်အခံတို့ သပိတ်မှောက်နေသည့်ကြားက ပဥ္စမမြောက် သမ္မတသက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆိုပွဲ ကျင်းပခဲ့သည်။ အာဏာရှင်တို့နေဝင်ချိန်တွင်ပင် ထာဝရအာဏာရှင်ဘွဲ့ကို ကွယ်လွန်ချိန်အထိ ဆက်ခံသွားရန် ပြင်ဆင်နေသည်"

**ငယ်စဉ်ဘဝ**

အမည်အပြည့်အစုံမှာ ရောဘတ် ဂါဘရီရယ် မူဂါဘီ (Robert Gabriel Mugabe) ဖြစ်သည်။ ၁၉၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂၁

ရက်နေ့ဖွားဖြစ်သည်။ ရိုဒီးရှားနိုင်ငံတောင်ပိုင်း (ယခု ဇင်ဘာဘွေ) ဗြိတိသျှကိုလိုနီလက်အောက်သို့ ကျွန်သပေါက်အဖြစ် ကျရောက်ခဲ့သည့် လပိုင်းခန့်အချိန်တွင် မွေးဖွားလာခဲ့သည်။ ကိုလိုနီလက်အောက်သို့ ကျရောက်ချိန်ကစပြီး ရိုဒီးရှားနိုင်ငံသည် ဖိနှိပ်သည့်ဥပဒေအမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ရသည်။

မူဂါဘီ၏ဖခင်သည် လက်သမားတစ်ဦးဖြစ်သည်။ သူငယ်စဉ်ကတည်းက ဘရင်ဂျီဘာသာရေးဂိုဏ်းတစ်ဂိုဏ်းနှင့် တောင်အာဖရိကသို့ လိုက်သွားခဲ့ပြီး ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့သူလည်း ဖြစ်သည်။ မိခင်မှာ ကျောင်းဆရာမတစ်ဦး ဖြစ်သည်။ ဆရာမဘဝရသည့်ဝင်ငွေလေးဖြင့် မူဂါဘီအပါအဝင် မောင်နှမသုံးဦးကို ရှာဖွေကျွေးမွေးခဲ့ရသည်။ သူငယ်စဉ်က နွားကျောင်းရသည်။ ကြံ့ရာကျပမ်းအလုပ်ကိုလုပ်ပြီး ငွေရှာခဲ့ရသည်။

ရိုဒီးရှားတောင်ပိုင်းရှိ လူငယ်အများစုသည် ဒေသအတွင်းဖွင့်လှစ်ထားသည့် သင်္ချါကျောင်းလောက်သာ တက်နိုင်ချိန်တွင် မူဂါဘီက ပညာရေးကံကောင်းသည်ဟုဆိုရမည်။ ဘရင်ဂျီဂိုဏ်းကဖွင့်လှစ်ထားသည့် ကျောင်းအုပ်ကြီးအိုဟီး၏ကျောင်းတွင် တက်ရောက်ပညာသင်ကြားခွင့်ရခဲ့သည်။ လူတိုင်းတန်းတူညီမျှပညာသင်ကြားနိုင်ရေးနှင့် ပညာရေးဖြင့် စွမ်းအားမြှင့်နိုင်သည်ဆိုသော သဘောတရားများကို ကျောင်းအုပ်ကြီးအိုဟီးက သူ့အားလက်တွေ့ပြသသင်ကြားပေးခဲ့သည်။ မူဂါဘီ၏ဆရာများက သူ့ကို 'လူတော်လေး' ဟု အသိအမှတ်ပြုလာသည်အထိ သူကလည်း အစွမ်းပြနိုင်ခဲ့သူဖြစ်သည်။

ဆရာအိုဟီးက သူ့ကိုပြုစုပျိုးထောင်ပေးခဲ့သည်မှာ သူ့လိုကျောင်းဆရာတစ်ယောက်ဖြစ်ရန်သာ ဖြစ်သည်။ ကိုးနှစ်ခန့် ရိုဒီးရှားတောင်ပိုင်း မစ်ရှင်ကျောင်းများတွင် လှည့်လည်ပညာသင်ကြားခဲ့ပြီးနောက် မတင်းတိမ်နိုင်သည့် မူဂါဘီသည် တောင်အာဖရိက ဖို့ဟဲတက္ကသိုလ်သို့ဆက်တက်ပြီး ဝိဇ္ဇာဘွဲ့ကို ၁၉၅၁ ခုနှစ်တွင် သမိုင်း၊ အင်္ဂလိပ်စာအဓိကဖြင့် ရရှိခဲ့သည်။ ဘွဲ့ရပြီးနောက် ဇာတိမြေသို့ပြန်လာပြီး ကျောင်းဆရာလုပ်ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ပညာရေးဘွဲ့ကို စာပေးစာယူဖြင့် ရရှိခဲ့ပြန်သည်။

၁၉၅၅ ခုနှစ်တွင် မူဂါဘီသည် ရိုဒီးရှားနိုင်ငံမြောက်ပိုင်းသို့ ပြောင်းရွှေ့

သွားသည်။ ချာလင်ဘာနာ လေ့ကျင့်ရေးကောလိပ်တွင် လေးနှစ်ခန့် ဆရာဝင် လုပ်ခဲ့သည်။ ထိုကျောင်းတွင် စာသင်နေရင်း လန်ဒန်တက္ကသိုလ်ကပေးအပ်သည့် စီးပွားရေးဆိုင်ရာသိပ္ပံဘွဲ့ကို စာပေးစာယူတက်ပြီး ရရှိခဲ့ပြန်သည်။ ဂါနာနိုင်ငံသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ၁၉၅၈ ခုနှစ်တွင်မှ စီးပွားရေးဘွဲ့ကို ရရှိခဲ့ခြင်းဖြစ်သည်။ စိန့်မေရီ ဆရာအတတ်သင် ကောလိပ်တွင်လည်း စာသင်ခဲ့ပြီး ထိုကောလိပ်တွင် ပထမဇနီး ဆာရာဟေဖရွန်နှင့်ဆုံတွေ့ကာ ၁၉၆၁ ခုနှစ်၌ လက်ထပ်ခဲ့ကြသည်။ ဂါနာနိုင်ငံတွင် မူဂါဘီသည် သူ့ကိုယ်သူ မာ့ခ်စ်ဝါဒီဟု ကြေညာခဲ့ပြီး ဆင်းရဲသားများတန်းတူညီမျှ ပညာသင်ကြားခွင့်ရရေးအတွက် အစိုးရကို အကူအညီပေးခဲ့သည်။

## နိုင်ငံရေးအတွေ့အကြုံ

၁၉၆၀ ပြည့်နှစ်တွင် မိမိမွေးရပ်မြေသို့ ခွင့်ဖြင့်ပြန်လာသည်။ သူ့ဇနီးကို မိသားစုနှင့် မိတ်ဆက်ပေးရန်ဖြစ်သည်။ သို့သော် သူပြန်ရောက်ချိန်တွင် ရိုဒီးရှားနိုင်ငံသည် အကြီးအကျယ်ပြောင်းလဲနေကြောင်း ရင်ဆိုင်လိုက်ရသည်။ သူ့ဒေသတွင် ထောင်ပေါင်းများစွာသော လူမည်းတွေက ကိုလိုနီအစိုးရသစ်ထံ ပြောင်းရွှေ့သွားကြပြီး လူဖြူတို့က နေရာအနှံ့စိုးမိုးထားသည်ကို တွေ့လိုက်ရသည်။

အစိုးရကလည်း လူမည်းအများစု အုပ်ချုပ်ရေးကို ပိတ်ပင်ထားသဖြင့် နိုင်ငံအနှံ့အပြား၌ လူမည်းအခွင့်အရေးတိုက်ပွဲများကို ကြုံတွေ့ခဲ့ရသည်။ ၁၉၆၀ ဇူလိုင်လတွင် ဆလစ်ဘူရီ မြို့တော်ခန်းမရှေ့ရှိ ဆန္ဒပြချီတက်လာသော လူ ၇၀၀၀ ခန့်ကို မိန့်ခွန်းပြောရန် အခွင့်အရေးရရှိခဲ့သည်။ သူတို့ခေါင်းဆောင်များကိုဖမ်းထားသဖြင့် လွှတ်ပေးရန် ဆန့်ကျင်ဆန္ဒပြနေသည့် ပွဲဖြစ်သည်။ ရဲများက ခြိမ်းခြောက်တားမြစ်နေသည့်ကြားမှ မူဂါဘီသည် ပရိသတ်ကို မာ့ခ်စ်ဝါဒကြောင့် လွတ်လပ်ရေးရသွားပြီး အောင်မြင်နေသည့် ဂါနာနိုင်ငံ အကြောင်းကို မိန့်ခွန်းဟောကြားနိုင်ခဲ့သည်။

နောက်တစ်ပတ်ခန့်အကြာတွင် မူဂါဘီကို အမျိုးသားဒီမိုကရက်တစ်ပါတီ၏ ပြည်သူ့ရေးရာအတွင်းရေးမှူးအဖြစ် ရွေးကောက်တင်မြှောက်လိုက်သည်။ သူက ဂါနာနိုင်ငံ၏ နိုင်ငံရေးပုံစံအတိုင်း တက်ကြွသောလူငယ်အဖွဲ့ကို ထပ်မံဖွဲ့စည်းကာ ရိုဒီးရှားနိုင်ငံ လူမည်းလွတ်မြောက်ရေးဆိုသည့် စကားလုံးကို လူထုကြားတွင်ပျံ့နှံ့သွားစေရန် စွမ်းဆောင်ခဲ့သည်။ အစိုးရက ၁၉၆၁ ခုနှစ်တွင် ပါတီကိုပိတ်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် မူဂါဘီနှင့် သမဂ္ဂခေါင်းဆောင် ဂျိုရှုနာ ကိုမိုတို့ပူးပေါင်းပြီး ZANU ဟုခေါ်သည့် ဇင်ဘာဘွေအာဖရိကန်အမျိုးသားသမဂ္ဂကို တန်ဇန်နီးယားနိုင်ငံတွင်ထူထောင်ခဲ့သည်။ မူဂါဘီကို ရဲများကဖမ်းပြီး ဟွာဟွာအကျဉ်းထောင်သို့ ပို့လိုက်သည်။

ထောင်ထဲတွင် ဆယ်နှစ်ခန့်နေခဲ့ရပြီးနောက် သူ့ကို ဆီကွမ်ဘီလာအကျဉ်းထောင်သို့ပို့ပြီး နောက်တစ်ကြိမ် ဆာလစ်ဘူရီအကျဉ်းထောင်သို့ ထပ်မံပြောင်းရွှေ့ခဲ့ပြန်သည်။ ၁၉၆၄ အကျဉ်းထောင်ထဲတွင်ရှိနေစဉ် ပြောက်ကျားစစ်ဆင်နွှဲရန်နှင့် ရိုဒီးရှားတောင်ပိုင်းကို ဗြိတိသျှကိုလိုနီဘဝမှလွတ်မြောက်ရေးအတွက် လျှို့ဝှက်အဖွဲ့အစည်းများဖွဲ့ကာ ဆက်သွယ်လှုပ်ရှားခဲ့သည်။

၁၉၇၄ ခုနှစ်တွင် ဗြိတိန်ဝန်ကြီးချုပ် အီရန်စမစ်သည် မူဂါဘီကို အကျဉ်းထောင်က လွှတ်ပေးလိုက်ပြီး ဇမ်ဘီယာ (ယခင် မြောက်ပိုင်းရိုဒီးရှား) နိုင်ငံ လူဆာကမြို့တွင် ကျင်းပပြုလုပ်သည့် ညီလာခံသို့တက်ရောက်စေခဲ့သည်။ သို့သော် မူဂါဘီသည်လွတ်လွတ်ချင်း ရိုဒီးရှားတောင်ပိုင်း နယ်စပ်ကိုဖြတ်ကျော်လာပြီး ရိုဒီးရှားပြောက်ကျားများကို စုစည်းကာ သင်တန်းများပေးခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် အီရန်စမစ်သည် မူဂါဘီနှင့် ဆွေးနွေးညှိနှိုင်းခဲ့ပြီး လူမည်းအများစုအုပ်စိုးခွင့်ရရေးနှင့် ကုလသမဂ္ဂပိတ်ဆို့ အရေးယူမှုပယ်ဖျက်ပေးရေးတို့ကို သဘောတူခဲ့သည်။

၁၉၈၀ ပြည့်နှစ်တွင် ရိုဒီးရှားတောင်ပိုင်းသည် ဗြိတိသျှတို့လက်အောက်မှ လွတ်မြောက်ခွင့်ရခဲ့ပြီး ဇင်ဘာဘွေသမ္မတနိုင်ငံအဖြစ် ထူထောင်ခဲ့သည်။ ZANU ပါတီ၏အလံတော်အောက်တွင် မူဂါဘီကို သမ္မတနိုင်ငံသစ်၏ ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်လိုက်ကြသောကြောင့် နာကိုမိုနှင့်

လည်း ပြိုင်ဘက်များ ဖြစ်သွားခဲ့ရသည်။

၁၉၈၁ ခုနှစ်တွင် ZANU နှင့် ZAPU ပါတီနှစ်ပါတီအကြား တိုက်ပွဲများ ပြင်းထန်ခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် မူဂါဘီကို ပြန်လည်ရွေးကောက်တင်မြှောက်ပြန်သဖြင့် တိုက်ပွဲများဆက်လက်ဖြစ်ပွားခဲ့ပြန်သည်။ ၁၉၈၇ ခုနှစ်တွင် မူဂါဘီထောက်ပံ့ထားသည့် သာသနာပြုမစ်ရှင်အဖွဲ့တစ်ဖွဲ့လုံး အသတ်ခံရပြီးနောက် မူဂါဘီနှင့် နာကိုမိုတို့ ပါတီအချင်းချင်း နားလည်မှုရယူပြီး အမျိုးသားစီးပွားဖွံ့ဖြိုးရေး ဦးစားပေးလုပ်ဆောင်ရန် သဘောတူညီခဲ့ကြသည်။

**သမ္မတဘဝ**

ပါတီနှစ်ခုပူးပေါင်းရန် သဘောတူညီခဲ့ပြီးနောက် မူဂါဘီကို ဇင်ဘာဘွေသမ္မတနိုင်ငံ၏ သမ္မတအဖြစ်တင်မြှောက်လိုက်ကြသည်။ သူကလည်း နာကိုမိုကို သူ၏ဝန်ကြီးများထဲတွင် အထူးဝန်ကြီးတစ်ဦးအဖြစ် သတ်မှတ်ခဲ့သည်။ မူဂါဘီ၏ ပထမဦးဆုံး အဓိကဦးတည်လုပ်ဆောင်ရန်မှာ နိုင်ငံ၏ကျဆင်းနေသည့် စီးပွားရေးကို ပြန်လည်ပြုပြင်ပေးရန်ဖြစ်သည်။ ၁၉၈၉ ခုနှစ်တွင် ငါးနှစ်စီမံကိန်းကို ချမှတ်ပြီး လယ်သမားများ၏ သီးနှံဈေးနှုန်းသတ်မှတ်ထားမှုကို ဖြေလျှော့ပေးလိုက်သည်။ ၁၉၉၄ ခုနှစ် ငါးနှစ်စီမံကိန်းကာလပြီးဆုံးချိန်တွင် လယ်ယာ၊ သတ္တုနှင့် စက်မှုလုပ်ငန်းများတွင် အတိုင်းအတာတစ်ခုအထိ တိုးတက်လာကြောင်းတွေ့ရသည်။ မူဂါဘီသည် လူမည်းတို့အတွက် သီးသန့်ဆေးခန်းနှင့် ကျောင်းများကို ထူထောင်ပေးခဲ့သည်။ ထိုကာလတွင်ပင် ဇနီးဖြစ်သူ ဆာရာကွယ်လွန်သွားခဲ့ပြီး အိမ်တော်ထိန်းအမျိုးသမီး ဂရေ့စ်မာရုဖုနှင့် ထပ်မံအိမ်ထောင်ပြုခဲ့သည်။

၁၉၉၆ ခုနှစ်တွင် မူဂါဘီသည် သူကိုယ်သူ လွတ်မြောက်ရေးအတွက် ခေါင်းဆောင် သူရဲကောင်းတစ်ယောက်အသွင်ပုံဖော်ခဲ့ပြီး ပြည်သူများကြားတွင် သူ့ကို ကြည်ညိုလေးစားမှုများ ရရှိလာစေရန် လုပ်ဆောင်ခဲ့သည်။ လူဖြူများက မြေယာများကို လျော်ကြေးမပေးဘဲ သိမ်းယူထားသည့် ကိစ္စနှင့်ပတ်သက်ပြီး

မူဂါဘီကမျက်နှာသာပေးနေသည်ကို ပြည်သူများက မကျေနပ်ကြပေ။ ထို့ပြင် ဇင်ဘာဘွေနိုင်ငံတွင် တစ်ပါတီအာဏာရှင်စနစ်ကြီးစိုးထားနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းအားလည်း ပြည်သူများက ဆန့်ကျင်ခဲ့ကြသည်။

တိုင်းပြည်အတွင်း ငွေကြေးဖောင်းပွပြီး ကုန်ဈေးနှုန်းများ ကြီးမြင့်လာခြင်းကြောင့် အစိုးရဝန်ထမ်းများကလည်း လစာတိုးပေးရန် သပိတ်မှောက်ဆန္ဒပြမှုများ ပြုလုပ်လာကြသည်။ အစိုးရအရာရှိများကိုလည်း တီထွင်ပေးအပ်သည့် ဂုဏ်ထူးတံဆိပ်များ ဖောင်းပွလွန်းသောကြောင့် မူဂါဘီအစိုးရ အုပ်ချုပ်ရေးအပေါ် ပြည်သူတွေက ရွံမုန်းလာကြသည်။

ပြဿနာဖြစ်စရာနှင့် အငြင်းပွားဖွယ်ရာ နိုင်ငံရေးဗျူဟာများ ချမှတ်လုပ်ဆောင်ခဲ့ခြင်းများက မူဂါဘီအစိုးရကို ပြည်သူနှင့် အလှမ်းဝေးစေခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် မြေယာဆိုင်ရာအစီအစဉ်များအတွက် အလှူငွေများပေးအပ်ကြပါရန် နိုင်ငံတကာသို့ သူကိုယ်တိုင်မေတ္တာရပ်ခံခဲ့သည်။ သို့သော် အလှူရှင်နိုင်ငံများက ကျေးလက်ဒေသများတွင် စီးပွားရေးဖွံ့ဖြိုးစေရန် မဆောင်ရွက်နိုင်လျှင် မထောက်ပံ့နိုင်ကြောင်း ပြန်ကြားခဲ့ကြသည်။ မူဂါဘီကလည်း ကျေးလက်ဖွံ့ဖြိုးရေးကို မလုပ်ဆောင်နိုင်ကြောင်း ငြင်းပယ်လိုက်သဖြင့် နိုင်ငံတကာကလည်း ထောက်ပံ့ပေးရန် လျစ်လျူရှုခဲ့သည်။

၂၀၀၈ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင်ကျင်းပသည့် သမ္မတရွေးကောက်ပွဲတွင် သူသည် မော်ဂန်ဆွာဗန်ဂီရိုင်းကို ရှုံးနိမ့်ခဲ့သည်။ မော်ဂန်သည် MDC (Movement for Democratic Change) အဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်ပြီး မူဂါဘီ၏ အတိုက်အခံတစ်ဦးလည်းဖြစ်သည်။ ရွေးကောက်ပွဲရှုံးနိမ့်သော်လည်း မူဂါဘီသည် ရာထူးကဆင်းပေးရန် ငြင်းဆန်ခဲ့ပြီး မဲများကိုပြန်လည်ရေတွက်ရန် တောင်းဆိုခဲ့သည်။

ထိုနှစ်ဖွန်လတွင် ရွေးကောက်ပွဲရလဒ်ကို ပြန်လည်စစ်ဆေးပြီး မဲရေတွက်ရန် သတ်မှတ်ခဲ့ကြသည်။ MDC ပါတီနှင့် ထောက်ခံသူများက အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်လာပြီး အတိုက်အခံများက မူဂါဘီပါတီဝင်များကိုပါ ရန်ပြုတိုက်ခိုက်လာကြသည်။ မူဂါဘီက သူအသက်ရှင်နေသမျှ

မော်ဂန်ကို ဇင်ဘာဘွေနိုင်ငံအား အုပ်ချုပ်ခွင့်မရစေရဟု ကြေညာခဲ့သည်။ မည်သည့်နည်းဖြင့် အောင်မြင်သည်ဆိုစေ မူဂါဘီ၏ရန်ပြုခြင်းက မလွတ်ကင်းနိုင်သဖြင့် မော်ဂန်ကလည်း နောက်ဆုတ်သွားခဲ့သည်။

ရွေးကောက်ပွဲရှုံးသော်လည်း အာဏာလက်မလွှတ်သဖြင့် တိုင်းပြည်အတွင်း ဆူပူအုံကြွမှုများ ပိုဆိုးရွားလာခဲ့သည်။ လူထောင်ပေါင်းများစွာ ဒဏ်ရာရခဲ့ပြီး မော်ဂန်ကို ထောက်ခံသူ ၈၅ ဦးခန့် အသတ်ခံလိုက်ရသည်။ စက်တင်ဘာလတွင် မူဂါဘီနှင့် မော်ဂန်တို့ အာဏာကိုခွဲဝေအုပ်ချုပ်ရန် သဘောတူခဲ့ကြသည်။ သို့သော် နေရာတကာတွင် အထက်စီးလိုချင်သော မူဂါဘီက ကာကွယ်ရေး၊ အုပ်ချုပ်ရေးနှင့် ဝန်ကြီးများခန့်ထားရေးတွင် လွှမ်းမိုးချုပ်ကိုင် အသာစီးရစေရန် ဆောင်ရွက်ခဲ့သည်။

၂၀၁၀ ပြည့်နှစ်တွင် မူဂါဘီသည် မော်ဂန်ကို တိုင်ပင်ခြင်းမရှိဘဲ ဒေသဆိုင်ရာ ဘုရင်ခံများကို ခန့်အပ်ခဲ့သည်။ နိုင်ငံအတွင်း ကောလာဟလတွေကလည်း ပျံ့နှံ့လာသည်။ မူဂါဘီသည် ဆီးကျိတ်ကင်ဆာကို ဆိုးရွားစွာခံစားနေရကြောင်း၊ သူသေလျှင် စစ်တပ်ကအာဏာသိမ်းရန် ပြင်ဆင်နေကြောင်း၊ သူ့နေရာကိုဆက်ခံရန် ZANU-PF ပါတီက လူရွေးချယ်ထားပြီးဖြစ်ကြောင်း သတင်းများဖြစ်သည်။

## ၂၀၁၃ ရွေးကောက်ပွဲ

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်နေ့ ရွေးကောက်ပွဲတွင် ဘူလာဝါယိုမှ NPC (National People's Conference) ပါတီ ဝင်ရောက်အရွေးခံရန် ပြင်ဆင်ခဲ့သည်။ မူဂါဘီက သမ္မတရွေးကောက်ပွဲကို ၂၀၁၂ ခုနှစ်သို့ရွှေ့ပြောင်းရန် တရားဝင်သတင်းထုတ်ပြန်ခဲ့သည်။ ရွေးကောက်ပွဲကို ရွှေ့ဆိုင်းရခြင်းနှင့် ပတ်သက်ပြီး နှစ်ဖက်စလုံးက ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲရန်ဟု အကြောင်းပြပြီး ရွေးကောက်ပွဲကို ၂၀၁၃ ခုနှစ်သို့ ထပ်မံရွှေ့ဆိုင်းခဲ့ပြန်သည်။ ပြည်သူတွေက အနိုင်ရအပေါ်အယုံအကြည်မဲ့လာသည်။ ၂၀၁၃ ရွေးကောက်ပွဲသည်

လည်း အကျင့်ပျက်ခြစားမှုများ၊ အကြမ်းဖက်မှုများရှိနေလိမ့်ဦးမည်ဟု ယူဆခဲ့ကြသည်။

၂၀၁၃ ခုနှစ် ဇူလိုင်လနှောင်းပိုင်းတွင် ဇင်ဘာဘွေရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ ယခုအခါ အသက် ၈၉ နှစ်ရှိပြီဖြစ်သော ရာသက်ပန်သမ္မတ မူဂါဘီက လာမည့် ၂၀၁၈ ခုနှစ်ရွေးကောက်ပွဲအထိ ဆက်လက်အရွေးခံဦးမည်ဟု ဆိုခဲ့သည်။ ထိုအချိန်တွင် သူအသက်ရှင်နေဦးမည်ဆိုပါက ၉၄ နှစ် ရှိမည်ဖြစ်သည်။

ဩဂုတ်လအစောပိုင်းတွင် ဇင်ဘာဘွေ သမ္မတရွေးကောက်ပွဲကော်မရှင်က သမ္မတပြိုင်ပွဲတွင် မူဂါဘီအနိုင်ရရှိကြောင်း ကြေညာခဲ့သည်။ မဲအရေအတွက် ၆၁ ရာခိုင်နှုန်းအသာစီးဖြင့် အနိုင်ရရှိသွားခြင်းဖြစ်သည်။ အတိုက်အခံမော်ဂန်က မဲအရေအတွက် ၃၄ ရာခိုင်နှုန်းသာရရှိခဲ့သည်။ မော်ဂန်က ထိုရလဒ်ကို မကျေနပ်သော်လည်း "အဲဒါ ပြည်သူ့ဆန္ဒရဲ့ အစစ်အမှန် ရောင်ပြန်ဟပ်တာကြောင့် ရရှိခဲ့တာမဟုတ်ပါဘူး။ မဲခိုးပြီးတက်လာတဲ့ အစိုးရမျိုးလောက် မျက်နှာပြောင်တိုက်တာရှိဦးမလား" ဟုဆိုခဲ့သည်။ သူ့ကြိုတင်မဲ ၇၀,၀၀၀ လောက်ကို ရွေးကောက်ပွဲကော်မရှင်က ပယ်ဖျက်ခဲ့သောကြောင့်လည်း မော်ဂန့်အနေဖြင့် ကျေနပ်စရာအကြောင်းရှိမည်မထင်ပေ။

**Ref : BBC News, The New York Times, The Washington Post, The Independent (UK)**



7

အီရီထရီးယား
နိုင်ငံ

# အိုင်ဆိုင်း ဖာဝါကီ

အိုင်ဆိုင်းဖာဝါကီ (Isaias Afewerki) သည် ၁၉၉၃ ခုနှစ်ကတည်းက အီရီထရီးယား (Eritrea) နိုင်ငံ၏ ရွေးကောက်ခံ သမ္မတ တစ်ဦးဘဝကို ရရှိခဲ့သောကြောင့် နှစ်ပေါင်း ၂၀ ကျော် သက်တမ်းရှည်သမ္မတ တစ်ဦးဟု ဆိုရမည်ဖြစ်သည်။ ၁၉၉၁ ခုနှစ် မေလတွင် အီရီထရီးယန်းပြည်သူ့လွတ်မြောက်ရေးတပ် (EPLF) ကိုဦးဆောင်ပြီး* တိုင်းပြည်ကို အာဏာသိမ်းခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် လွတ်လပ်သော အမျိုးသားညီလာခံတစ်ရပ်ကို ကျင်းပခဲ့ပြီး သမ္မတဘွဲ့ကို ခံယူနိုင်ခဲ့သည်။ ဒီမိုကရေစီနှင့် တရားမျှတရေးပြည်သူ့တပ်ဦး ဆိုသည့် အမည်လှလှလေးသုံးကာ အီရီထရီးယား နိုင်ငံကို နှစ်ပေါင်း ၂၀ ကျော် စိုးမိုးခဲ့သည်။

## ငယ်စဉ်ဘဝ

၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် အက်စ်မာရာမြို့၌မွေးဖွားခဲ့သည်။ သူ့ဖခင် ဖာဝါကီအေဘာရာဟာသည် ဆီလော့မြို့ကဖြစ်ပြီး မိခင်အေဒါနက်ရှ် ဘာဟီးသည်သည် ဆီနာဖီမြို့ကဖြစ်သည်။ သူငယ်စဉ်ကတည်းက ဖခင်ပျောက်သွားသဖြင့် ဖတဆိုးလေးဖြစ်ခဲ့ရသည်။ မိခင်နှင့်အတူ ငယ်ဘဝကို ဖြတ်သန်းခဲ့ရပြီး ၁၉၆၅ ခုနှစ်တွင် အက်စ်မာရာမြို့ရှိ လူကုံထံ အထက်တန်းကျောင်း တစ်ကျောင်းဖြစ်သည့် မင်းသားမာကိုနန်ကျောင်းတွင် ပညာသင်ကြားခဲ့သည်။

၁၉၆၅ မှ ၁၉၉၆ ခုနှစ်အထိ ဟေလီဆယ်လက်ဆီ တက္ကသိုလ်တွင် အင်ဂျင်နီယာပညာရပ်များကို တက်ရောက်ပညာသင်ကြားခဲ့သည်။ ကျောင်းမပြီးမီမှာပင် စစ်တပ်ထဲဝင်ကာ စစ်မှုထမ်းခဲ့သည်။

## ကျောင်းသားဘဝမှ နိုင်ငံရေးလောကသို့

အီရီထရီးယား လွတ်မြောက်ရေးတပ်ဦး (ELF) သို့မဝင်မီက ဟေလီဆယ် လက်ဆီတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားခဲ့သည်။

ELF သို့ဝင်ပြီး စစ်မှုထမ်းနေစဉ် တရုတ်ပြည်သို့သွားကာ နိုင်ငံရေးနှင့် စစ်ရေးပညာရပ်များ လေ့လာသင်ကြားခွင့်ရခဲ့သည်။ နောက်ပိုင်းတွင် ဖာဝါကီသည် EPLF ကိုထူထောင်ရာတွင် ပါဝင်ခဲ့သူတစ်ယောက် ဖြစ်လာသည်။ ၁၉၇၄ ခုနှစ်ကတည်းက ပြည်တွင်းစစ်ကိုအခြေခံပြီး နိုင်ငံအတွင်း စစ်အုပ်စုသုံးစုကွဲနေခြင်းကို EPLF အဖြစ် ပြန်လည်စုစည်းနိုင်ခဲ့သဖြင့် နိုင်ငံရေးတွင် အရေးပါသူတစ်ယောက်လည်း ဖြစ်လာခဲ့သည်။

၁၉၇၅ ခုနှစ်တွင် EPLF စစ်ကောင်စီတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ရသည်။ ၁၉၇၇ ခုနှစ်တွင် EPLF အထွေထွေအတွင်းရေးမှူး ရာထူးကိုရရှိခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် အီရီထရီးယားနိုင်ငံအတွင်း နောက်ထပ် ပြည်တွင်းစစ်တစ်ကြိမ်ထပ်မံဖြစ်ပွားခဲ့သည်။ ၁၉၉၁ ခုနှစ်တွင်မှ ပြည်တွင်းစစ်ပြီးဆုံးနိုင်ခဲ့ပြီး အီသီ

ယိုးပီးယားနိုင်ငံလက်အောက်မှလွတ်မြောက်ကာ လွတ်လပ်သော သမ္မတနိုင်ငံကို ယူထောင်နိုင်ခဲ့သည်။ ထို့နောက် အမျိုးသားညီလာခံကိုခေါ်ပြီး ၁၉၉၃ ခုနှစ် တွင် သူကိုယ်တိုင် သမ္မတဘွဲ့ကိုခံယူခဲ့သည်။

**အာဏာရှင်အခင်းအကျင်း**

၁၉၉၃ ခုနှစ်တွင် အီရီထရီးယား နိုင်ငံသည် လွတ်လပ်ရေးရရှိခဲ့ပြီးနောက် တစ်ပါတီစနစ်ကိုသာ ကျင့်သုံးခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် သမ္မတနိုင်ငံအဖြစ်သတ်မှတ်ခဲ့ပြီးနောက် ပါလီမန်ဒီမိုကရေစီစနစ်ဖြင့် နိုင်ငံတော်ကို လမ်းကြောင်းချခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် အီသီယိုးပီးယားနိုင်ငံနှင့် နယ်စပ်ပြဿနာဖြစ်ခဲ့ပြီး နှစ်နိုင်ငံစစ်မက် ဖြစ်ပွားခဲ့ရသည်။ စစ်ပွဲရလဒ်အဖြစ် နှစ်နိုင်ငံစစ်သားပေါင်း တစ်သိန်းကျော် ကျဆုံးခဲ့ရသည်။

အီရီထရီးယားနိုင်ငံကို တစ်ပါတီ PFDJ (People's Front for Democracy and Justics) စနစ်ဖြင့် ပြဋ္ဌာန်းအုပ်ချုပ်ခဲ့ပြီး အခြားပါတီများကို ဖွဲ့စည်းထူထောင်ခွင့်မပေးခဲ့ပေ။ ၁၉၉၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါတီစုံနိုင်ငံရေးစနစ်နှင့် အကောင်အထည်ဖော်မည်ဆိုသော ပြဋ္ဌာန်းချက်သည် စာအုပ်ထဲတွင်သာရှိခဲ့ပြီး သူထူထောင်ထားသည့် တစ်ပါတီတည်းသာ ဖြောင်ကျကျ စိုးမိုးအုပ်ချုပ်ခဲ့သည်။

အမျိုးသားညီလာခံတွင် အမတ်နေရာပေါင်း ၁၅၀ ရှိပြီး ၇၅ နေရာကို PFDJ ပါတီကလွှမ်းမိုးထားသည်။ ရွေးကောက်ပွဲကို သမ္မတသက်တမ်းတစ်ခု ကုန်သည်နှင့် ထပ်မံရွေးကောက်တင်မြှောက်ရန်ဖြစ်သော်လည်း ရွေးကောက်ပွဲ စကား နောက်ထပ်မကြားချင်သည့် သမ္မတဖာဝါကီသည် ၁၉၉၃ ခုနှစ်ကတည်းက နှစ်ပေါင်းနှစ်ဆယ်ကျော်တိုင် ရာသက်ပန်သမ္မတအဖြစ် အုပ်ချုပ်ခွင့်ရရန် ကြံဆောင်နိုင်ခဲ့သည်။

အီရီထရီးယား နိုင်ငံရေးနှင့်ပတ်သက်ပြီး နိုင်ငံအတွင်းသတင်းကို ပြင်ပမထွက်စေရန် ထိန်းချုပ်ထားသည့်အပြင် ပြည်တွင်း၌လည်း သတင်းမှောင်

ချထားခြင်းခံရသဖြင့် အာဏာရှင်ပြုသမျှနေရသည့် အနေအထားဖြစ်သည်။ ၂၀၀၁ ခုနှစ် စက်တင်ဘာလကစတင်ပြီး အစိုးရသည် တစ်နိုင်ငံလုံးရှိ ပုဂ္ဂလိကပိုင် ပုံနှိပ်မီဒီယာများကို ပိတ်သိမ်းခဲ့သည်။ အစိုးရကို ဝေဖန်ပြစ်တင်သူများမှာလည်း တရားရုံးသို့ပို့ခြင်းပင်မလုပ်ဘဲ ထောင်ချခြင်းများပြုလုပ်ခဲ့သည်။

## ဓုက္ခများကြားက အီရိုထရီးယား

သံတမန်ရေးရာ ဖြတ်တောက်မှုများကြောင့် အထီးကျန်နိုင်ငံအဖြစ် နှစ်ပေါင်းများစွာ ရပ်တည်ခဲ့ရရုံမက နိုင်ငံသားတို့ ဝေါ်မှုတ်ခေါင်းပါးမှုဘေးကို ရင်ဆိုင်ခဲ့ရပြီး နိုင်ငံခြားအစားအစာ ထောက်ပံ့မှုများနှင့်သာ ရပ်တည်နေကြရသည်။ ဝေါ်မှုတ်ခေါင်းပါးမှုဘေးဒုက္ခကို မခံစားနိုင်သော ပြည်သူအပေါင်းတို့သည် အခြားနိုင်ငံများသို့ ထွက်ပြေးကြရရုံမက နိုင်ငံသားတို့သည် လူကုန်ကူးမှုကိုပါ ခံစားခဲ့ကြရသည်။

လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့၏အဆိုအရ ဖာဝါကီသည် နိုင်ငံကိုဖိနှိပ်ချုပ်ချယ်မှု အလွန်အမင်းလုပ်ခဲ့ရုံမျှမက ကမ္ဘာကြီးနှင့်ပါအဆက် အသွယ်ပြတ်တောက်စေရန် စနစ်တကျစီမံဖန်တီးခဲ့သူဖြစ်သည်။ သို့သော် နှစ်ပေါင်းနှစ်ဆယ်ကျော် အာဏာရှင်ဘဝနှင့် စိုးမိုးမှုသည် ယခုနောက်ပိုင်းတွင် တဖြည်းဖြည်းဖြေလျော့လာခဲ့ရပြီဖြစ်သည်။ သမ္မတအာဏာသည် ကျဆုံးနေပြီး မကျေနပ်မှုများကြောင့် မကြာမီဆုံးရှုံးလက်လွှတ်ရမည့် အနေအထားရောက် နေကြောင်း ဝေဖန်မှုများရှိလာသည်။ သူ့အာဏာကျဆုံးတော့မည်ဟုပြောရသည့် အကြောင်းခြင်းရာ သုံးချက်ရှိသည်။

## အာဏာသိမ်းမည့်အလားအလာများ မကြာခဏဖြစ်ပွားခြင်း

နိုင်ငံအတွင်း အခြေအနေတင်းမာမှုများနှင့် မတည်ငြိမ်မှုများက စစ်တပ်ကို ဘယ်တော့အာဏာသိမ်းမလဲဟု မျှော်လင့်ဖိတ်ခေါ်နေသလိုဖြစ်သည်။

နိုင်ငံကူးပြောင်း ထွက်ပြေးနေမှုများလာခြင်းမှာလည်း သမ္မတဖာဝါကီအပေါ် ယုံကြည်မှုများ နည်းပါးနေသောကြောင့်သာဖြစ်သည်။ သူ့ပြန်ကြားရေးဝန်ကြီး ကိုယ်တိုင်က သူ့ကိုယုံကြည်မှုမရှိပေ။ လေတပ်အရာရှိနှစ်ယောက်ကလည်း သမ္မတစီးသည့် ဂျက်လေယာဉ်ကိုအပိုင်စီးပြီး ထွက်ပြေးသွားသည်။

ယခုနှစ် ဇန်နဝါရီလကစတင်ပြီး မအောင်မြင်သော အာဏာသိမ်းမှုများ၊ စစ်တပ်တွင်း ဆန္ဒပြပွဲများဖြစ်ပွားခဲ့သည်ဆိုသော်လည်း သတင်းများမှောင်ချထားသဖြင့် ပြင်ပတွင်သိပ်မသိခဲ့ပေ။ သို့သော် စစ်တပ်အပေါ် ဖာဝါကီသြဇာလျော့ပါးလာနေပြီဆိုသည်ကတော့ ထင်ရှားသည်။ ဖာဝါကီသည် တပ်မတော်အတွင်း ဖမ်းဆီးထိန်းသိမ်းမှုများကို အတောမသတ်နိုင်အောင်လုပ်နေခြင်းက ထိုအချက်ကို ပိုပြီးထင်ရှားစေသည်။ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ဖြစ်ပွားခဲ့သည်ဆိုသော အာဏာသိမ်းမှုက လက်ရှိသမ္မတ၏သြဇာကို စိန်ခေါ်နေသလိုဖြစ်ပြီး သူပုန်များအတွက် အားတက်စရာဖြစ်စေခဲ့ရသည်။

အာဏာသိမ်းသူများတွင် လက်ရှိအစိုးရအဖွဲ့၌ တာဝန်ယူနေသူများလည်း ပါဝင်ခဲ့သည်။ အထူးသဖြင့် စစ်ရေးနှင့် လုံခြုံရေးတာဝန်များကို တွဲဖက်တာဝန်ယူထားသူများဖြစ်သည်။ ပြည်သူများကမူ လက်နက်မရှိသဖြင့် မဲအရေးအတွက်ဖြင့်သာ ဆန္ဒဖော်ထုတ်လိုပြီး နောက်တစ်ကြိမ် ရွေးကောက်ပွဲကို မျှော်လင့်နေကြရသည်။ မနောက်တက်မည့်အစိုးရသည် အာဏာရှင်ဖြစ်ပါစေ ဖာဝါကီထက်တော့သာမည်ဟုယူဆနေကြသည်။ နိုင်ငံ၏ စီးပွားရေးကလည်း ချွတ်ခြုံကျနေပြီး နိုင်ငံတကာ၏ ဖယ်ကြဉ်ထားမှုများမှ အဆုံးသတ်စေချင်သည့် ဆန္ဒများသည် ပြည်သူများ၏ စစ်မှန်သောသဘောထားသာ ဖြစ်သည်။

## ပြုပြင်ပြောင်းလဲလိုစိတ်များရှိလာခြင်း

နိုင်ငံအတွင်း ၁၆ နှစ်ကြာကာလ မတင်မကျနှင့် ပြည်သူများခံစားနေရသည့် ဝေဒနာမှာ ၁၉၉၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း သမ္မတက မလိုက်နာခြင်းဖြစ်သည်။ သမ္မတကိုယ်တိုင် အတိုက်အခံမှန်သမျှ ဖြိုဖျက်ချေနေပြီး

အတိုက်အခံပါတီ၊ အတိုက်အခံခေါင်းဆောင်ဆိုသည့်စကားသံများ ပေါ်ထွက်မလာစေရန် ဖိနှိပ်ကန့်သတ်ထားသဖြင့် ပြည်သူများရင်ထဲတွင် ခံစားချက်ပြင်းထန်နေသည်ဟု ဆိုရမည်။

ပြုပြင်ပြောင်းလဲခြင်းဆိုသည့် စကားကိုပြောလျှင် ရန်သူသာဖြစ်သည်။ သူ့စိတ်ထဲတွင် စိုးမိုးပြီး စိတ်ဝေဒနာခံစားနေရသည်မှာ နိုင်ငံကူးပြောင်းသွားသူများနှင့် စစ်တပ်ပုန်ကန်မှုများဖြစ်လာမည်ကိုသာ ဖြစ်သည်။ အခြားအာဏာရှင်များကဲ့သို့ ဒီမိုကရေစီအနံ့ပေးပြီး မိမိအာဏာကို လွှမ်းမိုးမှုရှည်ကြာစေရန် ဆောင်ရွက်လိုသော်လည်း သူကိုယ်တိုင်က ဒီမိုကရေစီဆိုသည့်စကားကို ကြောက်နေသူဖြစ်သည်။ သူ့ကိုယ်သူ ကောက်ကျစ်သူမဖြစ်စေရန် ပုံဖော်ရင်းက ကောက်ကြောင်းပျောက်ပြီး အာဏာရှင်သာမက စစ်ဘီလူးအသွင်အစွယ်များထွက်လာခြင်းသာ အဖတ်တင်ခဲ့သည်။ သူက လက်တွေ့ကျသော ပြုပြင်ပြောင်းလဲမှုများထက် ဖိနှိပ်ခြင်းကိုသာ အာရုံထားနေချိန်တွင် ပြည်သူများက ပြုပြင်ပြောင်းလဲမှုများကို တောင်းဆိုလာကြသည်။

## တော်လှန်သော ခေါင်းဆောင်အတွေးအခေါ်များ ထွန်းကားလာခြင်း

အနာဂတ် အီရီထရီးယားနိုင်ငံအရေးမှာ ရင်လေးဖွယ်ရာသာဖြစ်သည်။ ပြည်သူတွေအပေါ် PFDJ ပါတီက နှစ်ပေါင်းများစွာ လွှမ်းမိုးခဲ့သည်။ ဆန္ဒဖော်ထုတ်မှုများ၊ ဆန္ဒပြပွဲများ တိုင်းပြည်အတွင်း နှစ်ပေါင်းနှစ်ဆယ်ကျော်မရှိသလောက်ဖြစ်သည်။ သမ္မတအပေါ်မကျေနပ်သူများ၊ အစိုးရအဖွဲ့ကို မကြိုက်သူများနှင့် တစ်ပါတီစနစ်ကို ရွံမုန်းသူများရှိနေသော်လည်း ပေါ်ပေါ်ထင်ထင်ထုတ်ပြရဲသည့် အနေအထားတွင်မရှိခဲ့ပေ။ လျှို့ဝှက်ဖွဲ့စည်းထားသော အတိုက်အခံများနှင့် ပြည်သူတို့ရင်တွင်းက အမုန်းတရားတို့သည် ယမ်းပုံမီးကျ အချိန်မရွေးပေါက်ကွဲနိုင်သည့် အနေအထားတွင် ဖြစ်သည်။

အာရပ်ခေါင်းဆောင်များမှသည် ပြုပြင်ပြောင်းလဲလိုသော၊ အာဏာရှင်စနစ်ကို ချုပ်ငြိမ်းစေလိုသော ပြည်သူများအတွက် အားဆေးတစ်ခွက်ဖြစ်သည်။

မြို့တော် အက်စ်မာရာတွင် လမ်းပေါ်ထွက် ဆန္ဒပြသည့်အကဲစမ်းမှုများ မကြာခဏပေါ်ထွက်လာသည်။ ယင်းအာဏာဖီဆန်မှုများက တိုင်းပြည်၏ ဒုက္ခများကို ချုပ်ငြိမ်းစေချင်သည့်ဆန္ဒများ ပြည်သူတို့ရင်ထဲတွင် မည်မျှကိန်းဝပ်နေကြောင်းကို ပြဆိုလိုက်ခြင်းဖြစ်သည်။ သေနတ်ဖြင့် ခြိမ်းခြောက်ချိန်တွင် မကြောက်မရွံ့ လမ်းပေါ်သို့ထွက်လာဝံ့သော ပြည်သူများ၏ သေမထူးနေမထူးဘဝများကိုလည်း အစိုးရကိုယ်တိုင် ကြောက်ရွံ့လာကြရသည်။

သမ္မတဖာဝါကီကလည်း သူ့လုံခြုံရေးတပ်သည် လူတွေလမ်းပေါ်ထွက်လာလျှင် မည်သို့ရင်ဆိုင်မည်နည်းဆိုသည့်အရေး ရတက်မအေးနိုင်အောင်ဖြစ်နေသည်။ အရာရှိများကိုယ်တိုင် နောက်ပေါက်တပ်သားများအပေါ် မည်မျှအထိ ဩဇာညောင်းမည်နည်းဆိုသည်မှာ မရေရာတော့ပေ။ စစ်တပ်သည် သစ္စာခံမှုမည်သူ့အပေါ်တွင် ရှိသနည်း။ ပြည်သူကို သစ္စာခံသွားမည်လား မိမိဘက်ကို သေနတ်ပြောင်းပြန်လှည့်လာမည်လားဆိုသည်မှာ သမ္မတလည်း မမှန်းဆနိုင်သည့်ကိစ္စဖြစ်သည်။ သတ်မှာလား သေမှာလားဟု အမိန့်ပေးသူသည် သေလူဖြစ်သွားနိုင်သဖြင့် အာဏာရှင်ဖာဝါကီဘဝသည် မရေရာလှပဟုဆိုရမည်ထင်သည်။

**Ref : Think Africa Press, Awramba Times, BBC News, CBS News, Aljazeera**



8

လစ်ဗျားနိုင်ငံ

# မွမ်မာ အယ်လ် ကဒါဖီ

သူ့ကို ကာနယ်ကဒါဖီဟု လူသိများသည်။ လစ်ဗျားနိုင်ငံတော်လှန်ရေးခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်ဟု မိမိကိုယ်ကိုသတ်မှတ်ပြီး နိုင်ငံတွင် အာဏာရှင်တစ်ဦးအနေနှင့် နှစ်ပေါင်း ၄၂ နှစ်တိုင်အောင် စိုးမိုးအုပ်ချုပ်သွားခဲ့သူလည်း ဖြစ်သည်။

## ငယ်စဉ်ဘဝ

မွမ်မာ အယ်လ် ကဒါဖီကို ၁၉၄၂ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် လစ်ဗျားနိုင်ငံအနောက်ပိုင်း ဆာတီမြို့တွင် မွေးဖွားခဲ့သည်။ လစ်ဗျားသဲကန္တာရအတွင်းရှိ ဘီဒိုအင်တဲစုများအတွင်း ကြီးပြင်းလာသူတစ်ယောက်ဟုလည်း ဆိုနိုင်သည်။ သူတို့မျိုးနွယ်အုပ်စုအမည်မှာ အယ်လ်ကဒါဖာ ဖြစ်သည်။ သူ့ကို

မွေးဖွားစဉ်က လစ်ဗျားနိုင်ငံသည် အီတလီကိုလိုနီလက်အောက်ခံ နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။

၁၉၅၁ ခုနှစ်တွင် လစ်ဗျားနိုင်ငံသည် လွတ်လပ်ရေးရခဲ့သည်။ ငယ်စဉ်ကတည်းက ကဒါဖီကို အာရပ်အမျိုးသားရေးဝါဒီလှုပ်ရှားမှုက လွှမ်းမိုးထားခဲ့သည်။ အီဂျစ်နိုင်ငံ၏ ခေါင်းဆောင်ကြီးဖြစ်သူ ဂါမဲအာဘဒယ်နာဆာသည် သူအလေးစားအကြည်ညိုရဆုံး စံပြုထားသည့်ပုဂ္ဂိုလ်ဖြစ်သည်။ ၁၉၆၁ ခုနှစ်တွင် ဘင်ဂါဇီမြို့ရှိ စစ်တက္ကသိုလ်သို့ တက်ရောက်ခဲ့သည်။ ဗြိတိန်နိုင်ငံသို့ စစ်သင်တန်းလေးလသွားတက်ခဲ့ရသည်။ စစ်တက္ကသိုလ်က ဘွဲ့ရပြီးနောက် စစ်တပ်တွင် ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ရာ ရာထူးများအဆင့်ဆင့် တိုးတက်လာခဲ့သည်။

နိုင်ငံအတွင်း ဘုရင်အီဒရစ်၏အုပ်ချုပ်မှုသည် မကျေနပ်မှုများတိုးပွားလာပြီးနောက် ဘုရင်ဖြုတ်ချရေးအတွက် လူငယ်အရာရှိများလှုပ်ရှားမှုတွင် ကဒါဖီပါဝင်လာခဲ့သည်။ အရည်အချင်းအပြည့်ရှိပြီး ဩဇာရှိသူတစ်ယောက်ဖြစ်သဖြင့် ကဒါဖီ၏နိုင်ငံရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့ခြင်းမှာ အောင်မြင်ခဲ့သည်ဟု ဆိုရမည်။ ၁၉၆၉ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ဘုရင်အီဒရစ်ကို ဖြုတ်ချနိုင်ခဲ့သည်။ သူ့ကိုတပ်မတော်တွင် ကာကွယ်ရေးဦးစီးချုပ်ရာထူးပေးအပ်ပြီး တော်လှန်ရေးကောင်စီတွင်လည်း ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ အသက် ၂၇ နှစ်တွင် ကဒါဖီသည် လစ်ဗျားနိုင်ငံ၏ အကြီးအကဲတစ်ဦးဖြစ်လာသည်။

## လစ်ဗျားနိုင်ငံကို စိုးမိုးအုပ်ချုပ်ခြင်း

ကဒါဖီအာဏာရသည်နှင့် ပထမဆုံး အမေရိကန်နှင့် ဗြိတိန်စစ်တပ်အခြေစိုက်စခန်းများကို လစ်ဗျားတွင် ပိတ်ပစ်ရန်ကြိုးပမ်းခဲ့သည်။ ထို့နောက် လစ်ဗျားနိုင်ငံအတွင်း နိုင်ငံခြားက လာရောက်ရင်းနှီးမြှုပ်နှံကြသော ရေနံကုမ္ပဏီများကို နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုငွေပမာဏများ လျှော့ချပေးရန် တောင်းဆိုခဲ့သည်။ ထို့နောက် လက်ရှိအသုံးပြုနေသည့် ဂျော်ဂျီယံပြက္ခဒိန်စနစ်အစား အစ္စလာမ္မစ်ပြက္ခဒိန်ကိုသုံးစွဲစေခဲ့ပြီး နိုင်ငံအတွင်း အရက်ရောင်းချခြင်းကို ပိတ်ပင်တားမြစ်ခဲ့သည်။

၁၉၆၉ ခုနှစ် ဒီဇင်ဘာလတွင် လက်အောက်အရာရှိများ အာဏာသိမ်းရန် ကြိုးပမ်းမှုနှင့်ကြုံရပြီး ထိုမအောင်မြင်သည့် အာဏာသိမ်းမှုမျိုးကို စိုးရိမ်ကြောက်လန့်ကာ နိုင်ငံရေးအရ သဘောထားကွဲလွဲဆန့်ကျင်သူများကို ရာဇဝတ်မှုကျူးလွန်သည့်ပမာ အရေးယူရန်ဥပဒေများ ထုတ်ပြန်ခဲ့သည်။

၁၉၇၀ ပြည့်နှစ်တွင် နိုင်ငံအတွင်း ကျန်ရှိနေသေးသည့် အီတလီလူမျိုးများကို နှင်ထုတ်ခဲ့သည်။ အာရပ်အမျိုးသားရေးဝါဒနှင့် အနောက်တိုင်းနယ်ချဲ့ဝါဒတို့ကို အထူးအလေးထားပြီး နိုင်ငံအတွင်းသတိထားကာ အုပ်ချုပ်နိုင်ရန် ကြိုးပမ်းခဲ့သည်။ သူ့နှုတ်က အမြဲဆန့်ကျင်ထုတ်ဖော်ပြောကြားနေသည့် စကားမှာ ဇီယွန်ဝါဒနှင့် အစ္စရေးနိုင်ငံတို့ဖြစ်သည်။ လစ်ဗျားနိုင်ငံအတွင်းက ဂျူးလူမျိုးများနှင့် အဖွဲ့အစည်းများကိုလည်း နှင်ထုတ်ခဲ့သည်။

ကဒါဖီအနေနှင့် ပြည်သူများအပေါ် ယုံကြည်မှုသည် နည်းသည်ထက်နည်းလာသည်။ သူယုံကြည်ရသည့် မိသားစုနှင့် မိတ်ဆွေများကိုသာ လုပ်ပိုင်ခွင့်နှင့် အာဏာများကို ခွဲပေးမှုများပြုလာသည်။ သူ့ထောက်လှမ်းရေးအဖွဲ့သည် ကမ္ဘာအနှံ့ဖြန့်ကြက်ကာ ပြည်ပရောက် လစ်ဗျားနိုင်ငံသားများကို လုပ်ကြံသတ်ဖြတ်သည်အထိ လက်ရဲဇက်ရဲလုပ်ခဲ့သည်။

အစောပိုင်းကာလများတွင် ကဒါဖီသည် လစ်ဗျားကို အနောက်နိုင်ငံများနှင့် ကင်းကွာစေရန်ဆုံးဖြတ်ပြီး အရှေ့အလယ်ပိုင်းနိုင်ငံများ အာဖရိကနိုင်ငံများနှင့်သာ ဆက်ဆံရန်ဆုံးဖြတ်ခဲ့သည်။ လစ်ဗျားစစ်တပ်ကို နိုင်ငံခြားပဋိပက္ခများတွင်ပါဝင်စေရန် စေလွှတ်ပေးခဲ့သည်။ အထူးသဖြင့် အီဂျစ်၊ ဆူဒန်နှင့် သွေးလွှမ်းသော ချက်နိုင်ငံ ပြည်တွင်းစစ်များတွင် လစ်ဗျားစစ်တပ်သည် ပါဝင်ပတ်သက်မှုများရှိခဲ့သည်။

၁၉၇၄ ခုနှစ်တွင် သူ့နိုင်ငံရေးအတွေးအခေါ်များကို ဖော်ထုတ်တင်ပြထားသည့် စာအုပ်စိမ်း (Green Book) ကိုထုတ်ဝေခဲ့သည်။ ထိုစာအုပ်ထဲတွင် လစ်ဘရယ်ဒီမိုကရေစီနှင့် အရင်းရှင်ဝါဒပြဿနာများကို ရှင်းလင်းထားပြီး သူ့အတွေးအခေါ်အယူအဆများနှင့် ပြင်ဆင်မွမ်းမံထားသော ပေါ်လစီများကို ချမှတ်ခဲ့သည်။ သူကလစ်ဗျားနိုင်ငံ၌ ထင်ရှားသည့်ကော်မတီတစ်ရပ်ကို

ဂုဏ်ယူစွာဖြင့်ဖွဲ့စည်းထားပြီး အာဏာကိုလည်း ခွဲဝေပေးထားကြောင်း ထုတ်ဖော်ကြေညာခဲ့သည်။ သို့ရာတွင် သူ့အပြောနှင့်လက်တွေ့မှာ ကွာခြားလွန်းလှသည်။ အရေးပါသည့်နေရာများနှင့် ရာထူးများကို သူ့မိသားစု၊ သူ့အသိုင်းအဝိုင်း၊ သူနှင့် နီးစပ်သူများကိုသာ ခွဲဝေပေးထားသည်။ ထိုသို့ ငါ့ဆွေ၊ ငါ့အမျိုးနှင့် ငါ့အသိုင်းအဝိုင်းက အာဏာကိုသုံးပြီး ခိုးလိုက်သောကြောင့် တိုင်းပြည်ကမွဲ၊ ပြည်သူက ဆင်းရဲပြီး နာလန်မထူနိုင်အောင် ဖြစ်ခဲ့ရသည်။ ကဒါဖီဆွေမျိုးတစ်သိုက်သည် သူ့ခေတ်တွင် ရေနံကရသည့်ဝင်ငွေများဖြင့် ကြီးပွားချမ်းသာနေကြသည်မှာ အထင်အရှားဖြစ်သည်။

## နာမည်ဆိုးဖြင့် ကျော်ကြားခြင်း

ကဒါဖီနိုင်ငံအတွင်း အုပ်ချုပ်ရေးစနစ်သည် ဖိနှိပ်ရုံသာမက ကြောင်တောင်တောင်နိုင်သည်ဟုပင် ပြောနိုင်သည်။ သူ့တွင် အမျိုးသမီးကိုယ်ရံတော်နှင့် သက်တော်စောင့်များရှိသည်။ သူ့ကိုယ်သူလည်း အာဖရိကတိုက်၏ ရှင်ဘုရင်တစ်ပါးကဲ့သို့ ယူဆထားသည်။ နိုင်ငံရပ်ခြားသို့သွားလျှင်လည်း ရောက်သည့်အရပ်တွင် တဲထိုးပြီး သီးခြားနေထိုင်လေ့ရှိသည်။ အဝတ်အစားဝတ်လျှင်လည်း ထူးထူးဆန်းဆန်းဒီဇိုင်းများကို ဝတ်ဆင်လေ့ရှိသည်။ သူ့ဝတ်စားနေထိုင်ပုံမလေ့က သူ့ကြမ်းတမ်းရက်စက်သည့်စရိုက်ကို အာရုံပြောင်းစေရန် ဖန်တီးထားမှန်းသိသာသည်။ ထို့ကြောင့် သူ့ကို အမည်ပြောင်အဖြစ် "အရှေ့အလယ်ပိုင်းက ခွေးရူး" ဟု နောက်ပြောင်ခေါ်ကြခြင်းဖြစ်သည်။

အိမ်တွင်နေထိုင်စဉ်၌လည်း ဖိနှိပ်ချုပ်ခြယ်မှုများကို ထင်ရှားစွာ လုပ်ဆောင်လေ့ရှိသည်။ ကဒါဖီသည် နိုင်ငံတကာအဖွဲ့အစည်းများကို အလွန်အထင်အမြင်သေးပြီး မုန်းတီးသူတစ်ယောက်ဖြစ်သည်။ သူ့ငွေကြေးဆိုင်ရာ ရပ်တည်ချက်သည် အနောက်တိုင်းနိုင်ငံများကို ဆန့်ကျင်သည့်အုပ်စုများနှင့် ပတ်သက်နေသည်။ အချို့ဆိုလျှင် အကြမ်းဖက်အုပ်စုများ၏ ထောက်ပံ့ကြေးများပင် ပါဝင်သည်။ အထူးသဖြင့် ကျူးသစ်နက်အဖွဲ့၊ အစ္စလာမ်အမျိုးသားအဖွဲ့နှင့် အိုင်ယာလန်ရီပတ်ဘလီကန်တပ်မတော်တို့သည် သူနှင့်အချိတ်အဆက်ရှိသည်။

အိုင်ယာလန်နိုင်ငံ အကြမ်းဖက်သမားများနှင့် လစ်ဗျားသည် ချိတ်ဆက်ထား သောကြောင့် သူ့ကို ဗြိတိန်ကလည်း သံတမန်ဆက်ဆံရေးကို ဆယ်စုတစ်စုခန့် ဖြတ်တောက်ထားခဲ့သည်။ အထူးသဖြင့် ၁၉၈၈ ခုနှစ်က လော့ကာဘီဗုံးပေါက်ကွဲမှု တွင် သူ့အပေါ်စိတ်နာကုန်ကြသည်။ ခရီးသည် ၂၇၀ တင်ဆောင်လာသည့် လေယာဉ်ကြီးသည် စကော့တလန်နိုင်ငံ လော့ကာဘီတွင် ပေါက်ကွဲပျက်စီးသွားပြီး လူပေါင်း ၂၇၀ စလုံးသေဆုံးသွားခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် ဗုံးများတင်ဆောင်လာ သော အမေရိကန်စစ်လေယာဉ်တစ်စီးသည် လစ်ဗျားနိုင်ငံသို့ပျံသန်းလာခဲ့ သော်လည်း ကဒါဖီကို မသတ်နိုင်ခဲ့ပေ။

**အနောက်ကိုပြန်တာခြင်း**

၁၉၉၀ ပြည့်နှစ်တွင် ကဒါဖီနှင့် အနောက်အုပ်စုပြန်ပြီး အလွန်းသင့်လာ သည်။ ကဒါဖီသည်သူ့ကိုဆန့်ကျင်နေသည့် အစ္စလာမ္မစ်အုပ်စုဒဏ်ကို ရင်ဆိုင် လာရသည်။ ထိုအုပ်စု၏ ခြိမ်းခြောက်မှုကိုကြောက်သဖြင့် သူထောက်လှမ်း ရရှိထားသည့် အကြမ်းဖက်သမားများ၏ သတင်းအချက်အလက်များကို ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့ရှိ ထောက်လှမ်းရေးဌာနများသို့ တိတ်တဆိတ်ပေးပို့ ခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် နယ်လ်ဆင်မင်ဒဲလားက လစ်ဗျားခေါင်းဆောင်ကို လော့ကာဘီဗုံးဖောက်ခွဲမှုနှင့်ပတ်သက်ပြီး သံသယရှိသူကို လွှဲပြောင်းပေးပြီး အယုံသွင်းလိုက်သည်။ သိပ်မကြာလိုက်သော အချိန်မှာပင် အနောက်အုပ်စုက ကဒါဖီကို လက်ခံလိုက်ပြီး ရွှေလမ်းငွေလမ်းတွေ ဖောက်တော့သည်။

ကဒါဖီသည် အနောက်အုပ်စု၏ ရင်းနှီးမြှုပ်နှံလာမှုများကို ကြိုဆိုလိုက် သည်။ အီတလီဝန်ကြီးချုပ် ဆေးလ်ဗီရိုဘာလူစကိုနီက သူ့ကိုမိတ်ရင်းဆွေရင်းပမာ လက်ခံပြလိုက်သည်။ ကဒါဖီသားနှင့် သူ့နောက်တော်ပါးများသည် လန်ဒန် မြို့ကြီးမျိုးကြီးအသိုင်းအဝိုင်းအတွင်း နှစ်ပေါင်းများစွာ ဝင်ထွက်သွားလာကာ မင်းမျိုးမင်းနွယ်အသွင် ဆောင်လာကြသည်။ ကဒါဖီကို အနောက်အုပ်စုက မျက်နှာလို မျက်နှာရလုပ်ပြနေခြင်းမှာလည်း နိုင်ငံအတွင်း အလျှံပယ်ထွက်ရှိ နေသည့် သဘာဝသယံဇာတ ရေနံကြောင့်သာဖြစ်သည်။

၂၀၁၁ ခုနှစ်တွင် ကုလသမဂ္ဂကလည်း လစ်ဗျားကို ပိတ်ဆို့အရေးယူထားခြင်းအား ပယ်ဖျက်ပေးလိုက်သည်။ နိုင်ငံခြားရေနံကုမ္ပဏီများကလည်း အကျိုးအမြတ်များနိုင်သည့် လမ်းဖွင့်ပေးထားသော ကန်ထရိုက်စာချုပ်များကို လက်မှတ်ရေးထိုးပြီး လစ်ဗျားသို့ လာရောက်ရင်းနှီးမြှုပ်နှံကြသည်။ နိုင်ငံခြားကရောက်လာသော ရင်းနှီးမြှုပ်နှံမှုများသည် ကဒါဖီနှင့် သူ့ဆွေမျိုးအပေါင်းအသင်းအုပ်စုအားလုံးကို ချမ်းသာသည်ထက် ချမ်းသာစေရန် အကြောင်းဖန်လာခဲ့သည်။ အနောက်အုပ်စုနှင့် ကဒါဖီဆွေမျိုးအုပ်စု ပူးပေါင်းလိုက်ခြင်းမှာ တိုင်းပြည်နှင့် ပြည်သူလူထုက ပိုမွဲသွားပြီး သူတို့ကိုပိုချမ်းသာစေရန် ဖန်တီးပေးလိုက်သလို ဖြစ်သွားခဲ့ရသည်။

## အာရပ်နွေဦး

ကဒါဖီသည် လစ်ဗျားနိုင်ငံကို နှစ်ပေါင်း ၄၀ ကျော် စိုးမိုးအုပ်ချုပ်သွားသော်လည်း သူ့အာဏာမှာ တစ်နှစ်အတွင်း ယုတ်လျော့ပျက်သုဉ်းသွားခဲ့ရသည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီလတွင် တူနီးရှားနိုင်ငံတော်လှန်ရေး အင်အားစုများက အာဏာရှင် ဇင်းအယ်လ်အဘီဒိုင်း ဘင်အလီကို ဖြုတ်ချနိုင်ခဲ့သည့် 'အာရပ်နွေဦးတော်လှန်ရေး' ကို ဖန်တီးဆောင်မြင်ခဲ့ကြသည်။ နောက်တစ်လတွင် အီဂျစ်အာဏာရှင် ဟိုစနီမူဘာရက် ပြုတ်ကျသွားပြန်သည်။ အာဏာရှင်နှစ်ဦးအရောကျသွားရခြင်းက အာရပ်ပြည်သူတို့ကို မျက်စိဖွင့်ပေးလိုက်ခြင်းဖြစ်သည်။ အာရပ်နိုင်ငံမြို့တော်ကြီးများတွင် အာရပ်နွေဦး ဂယက်များရိုက်ခတ်ပြီး ဆန့်ကျင်ပုန်ကန်လှိုင်းလုံးများ တစ်လုံးပြီးတစ်လုံးကြွလာခဲ့တော့သည်။

လစ်ဗျားနိုင်ငံအတွင်း၊ ဖိနှိပ်ချုပ်ခြယ်မှုများ ပိုတင်းကျပ်လာသော်လည်း ဘန်ဂါဇီမြို့တွင် ဆန္ဒပြပွဲများ ဖြစ်ပေါ်လာခဲ့သည်။ ထိုမှတစ်ဆင့် တစ်ပြည်လုံးသို့ ကူးစက်ပျံ့သွားခဲ့ရသည်။

ကဒါဖီသည် ဆန္ဒပြသူများကို အကြမ်းဖက်ဖြိုခွဲနည်းဖြင့် လက်တုံ့ပြန်ခဲ့သည်။ သူကဖိလေ ပြည်သူတွေက ပိုပြီးအုံကြွလေဖြစ်ကာ တစ်နိုင်ငံလုံးလက်တုံ့ပြန်မှုတွေက ပိုပြီးများလာသည်။ ရဲတပ်ဖွဲ့နှင့် နိုင်ငံခြားသားကြေးစားစစ်သည်များက ဆန္ဒပြသူများကို သေနတ်ဖြင့်ပစ်ခတ်ကြသည်။ ရဟတ်ယာဉ်များနှင့် လေကြောင်းကတစ်ဆင့် ဆန္ဒပြသူများကို ဗုံးကြဲတိုက်ခိုက်သည်အထိ မကြံ့စမ်း

မြို့ခိုင်းမှုများကို ပြုလုပ်လာခဲ့ကြသည်။ သေကျေဒဏ်ရာရသူများ ပိုမိုများပြားလာသဖြင့် ကဒါဖီအပေါ် မကျေနပ်စိတ်များ ပိုမိုတိုးပွားလာကာ ဖြုတ်ချရန် ဝိုင်းပြီး တိုက်ပွဲဝင်လာခဲ့ကြသည်။

တစ်နိုင်ငံလုံးသို့ ဆန္ဒပြပွဲများကူးစက်သွားပြီးနောက် ကဒါဖီကလည်း နိုင်ငံတော်ပိုင် ရုပ်သံလွှင့်ဌာနကတစ်ဆင့် ဆန္ဒပြသူများကို သစ္စာဖောက်များ၊ ပြည်ပအားကိုးပုဆိန်ရိုးများ၊ အယ်လ်ကေဒါသူပုန်များ၊ မူးယစ်ဆေးစွဲနေသူများ စသည့် စကားလုံးကြမ်းများဖြင့် ထိုးနှက်တိုက်ခိုက်တော့သည်။ သူက မိမိကို ထောက်ခံသူများအား ဆန္ဒပြသူများကို ချေမှုန်းရန်တိုက်တွန်းခဲ့သည်။ ထို့ပြင် အစိုးရသစ္စာခံအုပ်စုကိုလည်း လက်နက်များထုတ်ပေးပြီး ဆန္ဒပြသူများကို သူပုန်များဟုခေါင်းစဉ်တပ်ကာ ပစ်သတ်နိုင်းခဲ့သည်။

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလကုန်ခန့်တွင် အတိုက်အခံအုပ်စုက မြို့အတော်များများကို ထိန်းချုပ်သွားနိုင်ခဲ့သည်။ သူပုန်ဟု ကဒါဖီခေါ်သူများသည် ကြားဖြတ်အစိုးရဖွဲ့လိုက်ပြီး အမည်ကိုလည်း NTC (National Transitional Council) ဟု ထုတ်ပြန်ကြေညာလိုက်သည်။ ဆန္ဒပြဆန့်ကျင်သူများက ကဒါဖီရှိနေမည်ထင်ရသည့် ထရီပိုလီမြို့ကိုဝိုင်းလိုက်ကြသည်။ နိုင်ငံတကာအဖွဲ့အစည်းများကလည်း NTC ကို ထောက်ခံလာကြပြီး ကဒါဖီကို ဖြုတ်ချရန်တောင်းဆိုလာကြသည်။

မတ်လကုန်ခန့်တွင် NATO အဖွဲ့က သူပုန်တပ်ဖွဲ့ကို အထောက်အပံ့ပေးပြီး လေကြောင်းတိုက်ခိုက်မှုများကို လေယာဉ်မပျံသန်းရဇုန်ဟု သတ်မှတ်ထားသည့် ဒေသများအတွင်း ဝင်ရောက်တိုက်ခိုက်မှုများ လုပ်ပေးခဲ့သည်။ NATO တပ်ဖွဲ့၏ နောက်ခြောက်လအတွင်း စစ်ရေးအရဝင်ရောက်စွက်ဖက်ပေးမှုသည် အာဏာရှင်ခေတ်သိမ်းခန်းအတွက် အဆုံးအဖြတ်ပေးမည့် ပွဲဖြစ်မည်ဟု နိုင်ငံတကာကလည်း ထင်ကြေးပေးလာကြသည်။ ဧပြီလတွင် NATO တပ်ဖွဲ့သည် လေကြောင်းဖြင့်ဝင်ရောက်တိုက်ခိုက်ရာ၌ ကဒါဖီ၏ သားတစ်ဦး သေဆုံးသွားခဲ့ရသည်။ ဩဂုတ်လတွင် ထရီပိုလီမြို့သည် သူပုန်အုပ်စုလက်အတွင်းသို့ ကျဆင်းသွားခဲ့ရသည်။ အတိုက်အခံသူပုန်တို့၏ အောင်ပွဲ၊ အာဏာရှင်ကျဆုံးပွဲဟုဆိုရမည်။

၂၀၁၁ ခုနှစ် ဇွန်လတွင် နိုင်ငံတကာစစ်ခုံရုံးက ကဒါဖီကို ဖမ်းဝရမ်း၊

ထုတ်လိုက်သည်။ သူ့သား ဆေဖ်အယ်လ်အစ္စလာမ်နှင့် သူ့ယောက်ဖတို့ကိုလည်း ရက်စက်ယုတ်မာမှုများကြောင့် ရာဇဝတ်သားများအဖြစ် အရေးယူရန် ဖမ်းဆီးမိန့် ထုတ်ခဲ့သည်။ ဇူလိုင်လတွင် နိုင်ငံပေါင်း ၃၀ ကျော်က NTC ကို အသိအမှတ်ပြု ခဲ့ကြသည်။ NTC သည် လစ်ဗျားနိုင်ငံ၏ တရားဝင်အစိုးရဖြစ်သွားပြီး အာဏာရှင် ကဒါဖီမှာ ထွက်ပြေးပုန်းရှောင်နေရသည်။

## ဇာတ်သိမ်း

၂၀၁၁ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် လစ်ဗျားနိုင်ငံကို တာဝန်ယူထိန်းသိမ်းထားသူများက ကဒါဖီသည် သူ့မွေးရပ်မြေ ဆာတီမြို့အနီး တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ အစောပိုင်းသတင်းများတွင် လည်း ကဒါဖီကို NATO တပ်ဖွဲ့က သတ်ဖြတ်လိုက်ပြီဖြစ်ကြောင်း သတင်းများ ထွက်ပေါ်လာခဲ့သေးသည်။ သို့သော် နောက်ဆုံး ဗီဒီယိုပြကွက်တစ်ခုထွက်ပေါ် လာရာတွင် သွေးလွှမ်းနေသည့် ကဒါဖီရုပ်အလောင်းကို တိုက်ခိုက်သူများက တရွတ်တိုက်ဆွဲလာပုံများကို မြင်တွေ့ကြရသည်။

လပေါင်းများစွာ ကဒါဖီနှင့် သူ့မိသားစုများသတင်းသည် အဆက်ပြတ် သွားခဲ့သည်။ အနောက်နိုင်ငံတစ်နိုင်ငံသို့ ရောက်ရှိသွားပြီဆိုသော သတင်း၊ သူတို့ကို ထောက်ခံသည့်အုပ်စုက စောင့်ရှောက်ထားသည်ဆိုသော သတင်းများ ထွက်ပေါ်လာသည်။ ကဒါဖီသေပြီဆိုသည့် သတင်းနှင့် ဗီဒီယိုများက ပျံ့နှံ့နေ သည်။ သို့သော် နှစ်ပေါင်း ၄၀ ကျော် လစ်ဗျားနိုင်ငံကို စိုးမိုးအုပ်ချုပ်ခဲ့သည့် အာဏာရှင်တစ်ယောက်၊ ရက်စက်ကြမ်းကြုတ်သည့်သူတစ်ယောက်ကို ဤမျှ လောက် လွယ်လွယ်လေး ချေမှုန်းနိုင်ခြင်းမှာမဖြစ်နိုင်ဟု ယုံကြည်လက်ခံသူ များလည်းရှိကြသည်။ မည်သို့ဆိုစေ အာရပ်နွေဦးဂယက်သည် အာဏာရှင် တို့ကိုဖြုတ်ချရှိနိုင်သည်ဆိုသော အသိတရားများက အာရပ်ပြည်သူများကြားတွင် စိတ်ခွန်အားကို ဖြစ်ပွားစေခဲ့သည်။

**Ref : www.salon.com, www.bbc.com.uk ,The Guardian, Biography of Gaddafi**



9

ဘယ်လာရုစ်နိုင်ငံ

# အလက်ဇန်းဒါး လူကာရှန်ကို

ဘယ်လာရုစ်နိုင်ငံ၏သမ္မတဖြစ်သည်။ သူ့ကို အနောက်အုပ်စုက ဝိုင်းပယ်ထားခြင်း ခံရသော်လည်း သူ့ကိုယ်သူ ဥရောပတိုက်၏ နောက်ဆုံး အာဏာရှင်တစ်ယောက်အဖြစ် ဂုဏ်တင်လေ့ရှိသည်။

**Alexander Lukáshenko** ကို ၁၉၅၄ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် မွေးဖွားသည်။ ၁၉၉၄ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့ကတည်းက ဘယ်လာရုစ်နိုင်ငံ၏ သမ္မတရာထူးကိုရယူခဲ့ပြီး ယခုတိုင် နှစ်ပေါင်း ၂၀ နီးပါး ဘယ်လာရုစ်နိုင်ငံ အာဏာရှင်တစ်ဦး အနေနှင့် စိုးမိုးအုပ်ချုပ်နိုင်ခဲ့သူဖြစ်သည်။

သူသည် နိုင်ငံရေးသမားမလုပ်မီက နိုင်ငံတော်ပိုင် စိုက်ပျိုးရေးခြံတစ်ခြံတွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ သူ့ဘဝကို ဆိုဗီယက်နယ်ခြားစောင့်တပ်နှင့် ဆိုဗီယက်တပ်မတော်တွင် အချိန်ကုန်ခဲ့သည်ကများသည်။ နိုင်ငံရေးလောကအတွင်း စတင်ဝင်ရောက်ခဲ့စဉ်က အကျင့်ပျက်ခြစားမှုများကို တိုက်ဖျက်သူ၊ ဆိုဗီယက်တို့ထံမှ ဘေလာရုစ်နိုင်ငံလွတ်မြောက်ရေးကို ဆန့်ကျင်ခဲ့သူအဖြစ် ထင်ရှားခဲ့သည်။

သူ၏ဆိုဗီယက်ထောက်ခံစိတ်နှင့် အားကိုးစိတ်များက အနောက်အုပ်စု၏ မြင်ပြင်းကပ်ခြင်းနှင့် အမေရိကန်တို့၏ ဆန့်ကျင်ခြင်းများကို အလူးအလဲခံခဲ့ရသည်။ ဘေလာရုစ်နိုင်ငံကိုလည်း ဥရောပနောက်ဆုံး အာဏာရှင်နိုင်ငံအဖြစ် ဝိုင်းဝန်းပြစ်တင်ရှုတ်ချခဲ့ကြသည်။ ထို့ပြင် သူ့ကိုအာဏာရှင်အစိုးရဟူ၍လည်း သတ်မှတ်ခေါ်ဝေါ်ခဲ့ကြသည်။ သို့သော် လူကာရှန်ကိုက သူ့မူဝါဒများသည် နိုင်ငံတော်နှင့်ဆိုင်သည်။ နိုင်ငံတော်မတည်ငြိမ်လျှင် မတည်ငြိမ်သလို ထိန်းသိမ်းအုပ်ချုပ်ရန်မှာ သူ့တာဝန်သာဖြစ်သည်။ နိုင်ငံတော်အတွင်း ဆင်းရဲမွဲတေမှုများဖြစ်နေရခြင်းသည် ယခင်ဆိုဗီယက်ယူနီယံကြောင့်ဖြစ်ပြီး ရုရှားမာဖီးယားများနှင့် ဆက်စပ်နေခြင်းကြောင့်လည်း ရာဇဝတ်မှုများထူပြောနေရခြင်းဖြစ်သည်ဟု အကြောင်းပြခဲ့သည်။

လူကာရှန်ကိုနှင့် သူ့အစိုးရအဖွဲ့ကို မကြိုက်သောကြောင့် ဥရောပသမဂ္ဂနှင့် အမေရိကန်နိုင်ငံတို့က ၂၀၀၆ ခုနှစ်ကတည်းက စီးပွားရေးပိတ်ဆို့ အရေးယူမှုများ ပြုလုပ်ခဲ့သည်။ ဆိုဗီယက်ယူနီယံကြီး အစိတ်စိတ်အမြွှာမြွှာပြိုကွဲသွားချိန်တွင် လူကာရှန်ကိုသည် ဘေလာရုစ်နိုင်ငံကို စိုးမိုးအုပ်ချုပ်နေချိန်ဖြစ်သည်။ ဆိုဗီယက်တို့လက်ထက်ကတည်းက ကွန်မြူနစ်ပုံစံကျနေသည့်နိုင်ငံကို ပြုပြင်ပြောင်းလဲမှုများစွာ လုပ်ဆောင်ခဲ့ရသည်။

## နိုင်ငံနောက်ခံသမိုင်း

ဘေလာရုစ်နိုင်ငံသည် အရှေ့မြောက်ဘက်တွင် ရုရှားနိုင်ငံ၊ တောင်ဘက်တွင် ယူကရိန်းနိုင်ငံ၊ အနောက်ဘက်တွင် ပိုလန်နိုင်ငံနှင့် အနောက်မြောက်ဘက်တွင် လစ်သူးနီးယားနှင့် လက်ဗီးယားနိုင်ငံများကြား၌ တည်ရှိသည်။ မြို့တော်မှာ Minsk ဖြစ်သည်။ နိုင်ငံတွင် သစ်တောဧရိယာ ၂၀၇,၆၀၀ ကီလိုမီတာပတ်လည် ဖုံးလွှမ်းနေပြီး အဓိကစီးပွားရေးမှာ စက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းများဖြစ်သည်။

ရုရှားတော်လှန်ရေးနောက်ပိုင်းတွင် ဆိုဗီယက်ယူနီယံ၏ နိုင်ငံအစိတ်အပိုင်းတစ်ခုဖြစ်သွားခဲ့ရပြီး ဘိုင်လိုရုရှားဆိုဗီယက် ဆိုရှယ်လစ်သမ္မတနိုင်ငံဟု အမည်ပြောင်းလဲ သတ်မှတ်ခြင်းခံခဲ့ရသည်။ ဒုတိယကမ္ဘာစစ်ပြီးချိန်တွင် တစ်နိုင်ငံလုံး ရစရာမရှိလောက်အောင် ပျက်စီးခဲ့ရပြီး နိုင်ငံသားတို့လည်း များစွာသေကျေဆုံးရှုံးခဲ့ရသည်။

၁၉၉၀ ပြည့်နှစ် ဇူလိုင်လ ၂၇ ရက်နေ့မှ လွတ်လပ်သောအချုပ်အခြာအာဏာပိုင်သည့်နိုင်ငံတစ်နိုင်ငံ ဖြစ်လာသည်။ ဆိုဗီယက်ရုရှားနိုင်ငံကြီး ပြိုကွဲပျက်စီးသွားပြီးနောက် ၁၉၉၁ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် ဘေလာရုစ်နိုင်ငံသည် လုံးဝလွတ်လပ်သော နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ရသည်။

## အစောပိုင်းကာလ ကြိုးပမ်းလုပ်ဆောင်ချက်များ

၁၉၅၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ဘိုင်လိုရပ်ရှား ဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီတက်စ်ဗိုဘလက်စ်ခရိုင်ရှိကိုပီစ်မြို့လေးတွင် မွေးဖွားခဲ့သည်။ သူ့ကလေးဘဝတွင် ဖခင်မရှိဘဲ မွေးဖွားလာခဲ့ရသူဖြစ်သည်။ လက်မထပ်ဘဲ အမေမယေါ်မွေးဖွားခဲ့သည့် သူ့ကို သူငယ်ချင်းများက လှောင်ပြောင်ခဲ့ကြသည်။ ၁၉၇၅ ခုနှစ်တွင် မိုဂီလက် ဆရာအတတ်သင်တက္ကသိုလ်က ဘွဲ့ရရှိခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် ဘေလာရုစ် စိုက်ပျိုးရေးသိပ္ပံကျောင်းက ဘွဲ့တစ်ခုထပ်ရပြန်သည်။ နယ်ခြားစောင့်တပ်တွင် ၁၉၇၅ ခုနှစ်မှ ၁၉၇၇

ခုနှစ်တိုင် အမှုထမ်းခဲ့သည်။ ၁၉၈၀ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ ဆိုဗီယက် တပ်မတော်တွင် အမှုထမ်းခဲ့ပြန်သည်။ ဆိုဗီယက်တပ်မတော်တွင် အမှုထမ်းစဉ်က အရာရှိတစ်ယောက်ဖြစ်ခဲ့ပြီး ၁၉၈၂ ခုနှစ် တွင် စပေါင်းလယ်ယာဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် နိုင်ငံတော်ပိုင် ဂိုရီဒက်စိုက်ပျိုးရေးခြံတွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၄ ခုနှစ်တွင် ဘေလာရုစ်နိုင်ငံအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲကြပြီး ပထမဦးဆုံး သမ္မတနိုင်ငံအတွက် သမ္မတရွေးကောက်တင်မြှောက်ပွဲကို ၁၉၉၄ ခုနှစ် ဇွန်လ ၂၃ ရက်နေ့မှ ဇူလိုင် လ ၁၀ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည်။ ပထမအချီ ရွေးကောက်တင်မြှောက်ခြင်းအတွက် သမ္မတလောင်းအမည်စာရင်း ခြောက်ဦးတွင် လူကာရှန်ကို၏အမည်လည်း ပါဝင်လာခဲ့သည်။ သမ္မတလောင်းများသည် လွတ်လပ်စွာရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးလှုပ်ရှားခွင့်များရခဲ့ကြသည်။ နိုင်ငံသစ်ထူထောင်ရန် လျှို့ဝှက်လုပ်ဆောင်မှုများနှင့် စီးပွားဝါဒဆန့်ကျင်ရေးလှုပ်ရှားမှုများ၊ မာဖီးယားဂိုဏ်းချေမှုန်းရေးအတွက် ဆန့်ကျင်ဟောပြောချက်များကြောင့် လူကြိုက်များပြီး ပထမအကြိမ်တွင် မဲ ၄၅ ရာနိုင်နှုန်းကျော်ရပြီး တက်လာခဲ့သည်။ ဒုတိယအကြိမ် ရွေးကောက်ပွဲကို ဇူလိုင် ၁၀ ရက်နေ့တွင် ထပ်မံပြုလုပ်ရာ ၈၀ ဒသမ ၁ ရာနိုင်နှုန်း မဲရရှိပြီး သမ္မတဖြစ်လာခဲ့သည်။

## သမ္မတဘဝ လုပ်ဆောင်ချက်များ

လူကာရှန်ကို သမ္မတဖြစ်လာချိန်တွင် ဘေလာရုစ်နိုင်ငံ၏ စီးပွားရေး အခြေအနေမှာ လွန်စွာဆိုးရွားလှသည်ဟုဆိုနိုင်သည်။ နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ညမအိပ် နေ့မနား ကြိုးစားလုပ်ဆောင်ခဲ့ရသည်။ နိုင်ငံ၏ အားနည်းချက်မှန်သမျှကို ပြုပြင်နိုင်ရန် ကြိုးစားရသည်။ အထူးသဖြင့် ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲရသည်။ အစိုးရဝန်ထမ်းများကိုလည်း ပြန်လည်လေ့ကျင့်သင်တန်းပေးခြင်းများ ပြုလုပ်ခဲ့သည်။ ခေတ်သစ်

ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်ရေးတွင်မရှိမဖြစ်အရေးကြီးသည့် ပါလီမန်၊ အစိုးရ၊ တရားစီရင်ရေးစနစ်၊ ပြည်သူ့တရားစီရင်ရေးဌာနများ၊ တပ်မတော် တို့ကို ပြန်လည်ဖွဲ့စည်းထူထောင်ခဲ့ရသည့်အပြင် ပြည်တွင်းပြည်ပအရေး မှန်သမျှကိုလည်း တာဝန်ယူပြီး ကိုင်တွယ်ဖြေရှင်းခဲ့ရသည်။

၁၉၉၉ ခုနှစ်တွင် လူကာရှန်ကို၏အုပ်ချုပ်မှုသည် အမြစ်ခိုင်မာခဲ့ပြီဟုဆိုရမည်။ ထိုနှစ်မေလတွင် သူ့ကို အတိုက်အခံလုပ်နေသည့် ယူရီဇာခါရန်ကိုဆိုသူ ပြည်ထဲရေးဝန်ကြီးဟောင်းကို လူတစ်စုက ကားထဲသို့အတင်းဆွဲသွင်းသွားသည်ကို အိမ်နီးချင်းများက နောက်ဆုံးမြင်လိုက်ရပြီး ပျောက်ကွယ်သွားခဲ့သည်။ နောက်လေးလအကြာတွင် သူ့ကို ပက်ပက်စက်စက် ဝေဖန်လေ့ရှိသည့် ပါလီမန် ပြောရေးဆိုခွင့်ရှိသူအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသော ဗစ်တာဂွန်ချာဆိုသူ သည်လည်း ရုတ်တရက်ပျောက်ကွယ်သွားခဲ့ရပြန်သည်။ ဘေလာရုစ် KGB သည် လူကာရှန်ကို၏ ရန်သူမှန်သမျှကို အစဖျောက်ရာတွင် သံသယရှိခြင်းခံရ သည့် အဖွဲ့အစည်းဖြစ်သည်။

အာဏာရှင်ဆန်ဆန် အုပ်စိုးထားသောနိုင်ငံအတွင်း ဂျာနယ်လစ် ဆိုသည်မှာ ဘယ်အရာကိုခေါ်ပါသနည်းဟု မေးရမလိုဖြစ်ခဲ့ရသည်။ ယခင် ဆိုဗီယက်ကွန်မြူနစ်ပုံစံ အငွေ့အသက်များမကင်းသေးသဖြင့် တိုင်းပြည်အတွင်းရှိ ပြည်သူများမှာ အကြောက်တရားနှင့် ကင်းစင်သည့်ပြည်သူများဟု မပြောနိုင်သည့် အနေအထားတွင်ရှိသည်။

မင့်စ်မြို့တော် နိုင်ငံတက္ကသိုလ်ကြီးကလည်း လေယာဉ်တွေ အတက်အဆင်းမရှိသလောက် ဖြစ်သွားသည်။ နိုင်ငံအတွင်း မည်သည့်နေရာတွင်မှ ကြော်ငြာတွေကပ်ခွင့်မရှိဟု အမိန့်ထုတ်ထားသော်လည်း နိုင်ငံရေးလမ်းညွှန်ချက်၊ ဆောင်ပုဒ်နှင့် သဘောတရားများကိုမူ နေရာအနှံ့ကပ်ထားကြသည်။ နိုင်ငံ အတွင်းရှိ စတိုးဆိုင်များတွင် နိုင်ငံခြားပစ္စည်းများကို တင်ရောင်းချခြင်းကိုလည်း ခွင့်ပြုမထားပေ။ လူကာရှန်ကိုသည် အားကစားဝါသနာပါသူဖြစ်သဖြင့် တစ်ခါတစ်ရံ မင့်စ်တစ်မြို့လုံးရှိလမ်းများကို စကိတ်စီးပြိုင်ပွဲအတွက် အကြောင်း ပြပြီး ပိတ်ထားတတ်သည်။ စကိတ်စီးပြိုင်ပွဲတွင် သူကိုယ်တိုင်ပါဝင်လေ့ရှိပြီး

ပြိုင်ဘက်မရှိ အနိုင်ရနေသူတစ်ဦးလည်းဖြစ်သည်။

လူကာရှန်ကိုက "အာဏာရှင်အုပ်ချုပ်တဲ့ စတိုင်ဆိုတာ ကျုပ်ရဲ့စတိုင်ပဲ။ ကျုပ်အဲဒါကို ဘယ်တော့မှမငြင်းဘူး" ဟု ၂၀၀၃ ခုနှစ် ရေဒီယိုအသံလွှင့်မိန့်ခွန်းတွင် ပြောကြားခဲ့သည်။ ထိုသို့ပြောကြားမှုနှင့်ပတ်သက်ပြီး Guardian သတင်းစာ ဂျာနယ်လစ်ဖြစ်သူ နစ်ပါတန်ဝေါ့ရှ်က မေးမြန်းရာ၌ "ဘာကြောင့်လဲဆိုတော့ ခင်ဗျားဟာ တိုင်းပြည်တစ်ပြည်ကို ထိန်းချုပ်ချင်တယ်ဆိုရင် လူတွေရဲ့အသက်တွေကို အဆုံးရှုံးခံဖို့မဖြစ်လို့ပဲ" ဟု ပြန်ဖြေသည်။

နိုင်ငံကို နှစ်ပေါင်းများစွာ အုပ်ချုပ်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုသလိုပုံသွင်းလုပ်ဆောင်ခဲ့ခြင်းကြောင့် နိုင်ငံသားများက မကျေနပ်ကြသော်လည်း KGB လိုထောက်လှမ်းရေးလက်ထဲတွင် ပျောက်ကွယ်သွားမည်ကို စိုးရိမ်နေကြရသည်။ သို့ဖြစ်ရာ နိုင်ငံတကာကလာရောက်ကြသည့် သတင်းသမားများသည်ပင် ဘေလာရုစ်တွင် ဖုန်းနှင့် အချင်းချင်းဆက်သွယ်မည့်အစား ဖုန်းကတစ်ဆင့် စာဖြင့်ပို့ပြီး ဆက်သွယ်ကြရန် သဘောတူထားလေ့ရှိကြသည်။

အိမ်နီးချင်း ယူကရိန်းနိုင်ငံတွင် ၂၀၀၄ ခုနှစ်နှောင်းပိုင်းနှင့် ၂၀၀၅ ခုနှစ်ဦးပိုင်းတို့တွင် အစိုးရအပေါ် ဆန့်ကျင်ဆန္ဒပြပွဲများ ဖြစ်ပေါ်ခဲ့သည်။ ရွေးကောက်ပွဲမသမာမှုများနှင့် ဒီမိုကရေစီဘက်တော်သားများအပေါ် နှိပ်ကွပ်ခြင်းတို့ကို မကျေနပ်သဖြင့် ယူကရိန်းနိုင်ငံ၏ နာမည်ကျော် လိမ္မော်ရောင်တော်လှန်ရေးပေါ်ပေါက်လာခဲ့ရသည်။ ထိုလိမ္မော်ရောင်တော်လှန်ရေးသည် ဘေလာရုစ်နိုင်ငံ ပြည်သူတို့အပေါ် များစွာရိုက်ခတ်မှုရှိခဲ့သည်။

နောက်တစ်ကြိမ် ရွေးကောက်ပွဲကို ထပ်မံအရွေးခံရရေးအတွက် လူကာရှန်ကိုသည် သူနှင့်ပြိုင်ဘက်များကို ပြောင်ပြောင်တင်းတင်း သတိပေးထားသည်။ "တိုင်းပြည်ကိုမတည်ငြိမ်အောင်လုပ်မယ်ဆိုရင်တော့ ထိထိရောက်ရောက်ကို အရေးယူခြင်းခံရမယ်" ဟု ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ဘေလာရုစ်ရုပ်သံတွင် ပွင့်လင်းစွာပြောဆိုခဲ့သည်။ ထို့ပြင် "အဲဒီလိုလုပ်တဲ့သူတွေကိုလည်းပင်း လိမ်ပြီးချိုးပစ်မယ်။ သတ္တိရှိရင်စမ်းကြည့်ကြ" ဟု ပြောင်တင်းစွာ စိန်ခေါ်ခဲ့သည်ဟု New York Times မဂ္ဂဇင်းသို့ပြောခဲ့ကြောင်း စတီဗင်လီ

မေယာကဆိုသည်။

၂၀၀၆ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင်ကျင်းပသည့် သမ္မတရွေးကောက်ပွဲကို လည်း တတိယအကြိမ်အဖြစ် သူသာဆက်လက်ရွေးကောက်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ထို့ပြင် ၂၀၁၀ ပြည့်နှစ်တွင် သမ္မတရွေးကောက်ပွဲကိုလည်း ကန့်ကွက်ဆန္ဒပြသူများက "ထွက်သွား၊ ဘေလာရုစ်နိုင်ငံ အစွန့်ရှည်ပါစေ" ဟု ဟစ်အော်ကြွေးကြော် ဆန္ဒပြနေသည့်ကြားမှ အောင်နိုင်သွားခဲ့ပြန်သည်။ ရွေးကောက်ပွဲကို ဆန္ဒပြသည့် အတိုက်အခံ ၇ ဦး အဖမ်းခံရသည်။ ထို့ပြင် ဆန္ဒပြသူများ၊ မီဒီယာသမားများလည်း အဖမ်းခံရပြီး ထောင်ထဲသို့အပို့ခံခဲ့ကြရ သည်။ ထိုရွေးကောက်ပွဲကို ၇၉ ဒသမ ၆၅ ရာခိုင်နှုန်းဖြင့် အနိုင်ရခဲ့ကြောင်း ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည်။

## မိသားစုဘဝ

လူကာရှန့်ကိုသည် ဂါလီနာဇီလ်နာဗိုစ်ဆိုသည့် အထက်တန်းကျောင်းသား ဘဝကတည်းက ချစ်ကြိုက်စုံမက်ခဲ့ရသူနှင့် ၁၉၇၅ ခုနှစ်တွင် လက်ထပ်ခဲ့သည်။ ထိုနှစ် နှောင်းပိုင်းတွင်ပင် သားဖြစ်သူ ဗစ်တာကို ဖွားမြင်ခဲ့သည်။ ဒုတိယသား ဒီမီထရီကို ၁၉၈၀ ပြည့်နှစ်တွင် မွေးဖွားခဲ့သည်။ ဇနီးဖြစ်သူ ဂါလီနာသည် ရှခလော့အနီးရှိ ရွာတစ်ရွာတွင် သူနှင့်ခွဲပြီး မိသားစုနှင့် သီးခြားနေထိုင်သည်။ သူတို့သည် ယနေ့တိုင် တရားဝင်လက်ထပ်ထားဆဲဖြစ်ပြီး ကွာရှင်းပြတ်စဲခြင်း လည်း မပြုလုပ်သေးပေ။ ဂါလီနာသည် သူ့မဏ္ဍိုင်ပွန်း သမ္မတရာထူးကို ရယူလိုက်ကတည်းက လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခြင်းမပြုတော့ပေ။ သူတို့၏သားဗစ်တာသည် 'နိုင်ငံတော်လုံခြုံရေးဌာန' တွင် တာဝန်ထမ်းဆောင်နေ သည်။ လူကာရှန့်ကိုက သူ့သားကို "အသုံးမကျတဲ့ ခပ်တုံးတုံးအကောင်၊ အလကားကောင်" ဟုဝေဖန်ခဲ့သည်။ လူကာရှန့်ကိုတွင် တရားမဝင်မွေးထားသည့် နောက်ထပ်သားတစ်ယောက်လည်း ရှိသေးသည်။ သူ့အမည်က နစ်ကိုလေဖြစ်သည်။ ၂၀၀၄ ခုနှစ်တွင်မှ မွေးဖွားခဲ့ခြင်းဖြစ်သည်။ သို့သော် မည်သူနှင့်ရပြီး မည်သို့

မွေးထားကြောင်း နိုင်ငံတော်ကလည်း ထုတ်ပြန်ပြောဆိုခြင်းမရှိပေ။ သို့သော် နောက်ပေါက်သား၏ မိခင်မှာ အီရီနာ အေဘာယံစကာယားဖြစ်မည်ဆိုသည့် ပြောဆိုမှုများကလည်းရှိနေသည်။ အီရီနာသည် လူကာရှန်ကို၏ သီးသန့်ဆရာဝန်မလေးအဖြစ် တာဝန်ထမ်းဆောင်နေရသူဖြစ်သည်။

**Ref : Reuters; Huffing Post; BBC News; The Guardian**



10

ပါကစ္စတန်နိုင်ငံ

# ပါဗက် မူရှာရက်ဖ်

**ယေဘုယျ**

ပါဗက်မူရှာရက်ဖ် (Pervez Musharraf) ကို ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့တွင် အိန္ဒိယနိုင်ငံ ဒေလီမြို့တွင် မွေးဖွားသည်။ အိန္ဒိယနှင့် ပါကစ္စတန် မကွဲမီ လေးနှစ်ခန့်က မွေးဖွားခြင်းဖြစ်သည်။ မိဘနှစ်ပါးစလုံး အူရဒူစကားပြော ပညာတတ်များဖြစ်သည်။ ဖခင် ဆရက်မူရှာရက်ဖ်သည် အိန္ဒိယနိုင်ငံ အလီဂါ မွတ်ဆလင်တက္ကသိုလ်က ဘွဲ့ရခဲ့ပြီး အိန္ဒိယအစိုးရထံတွင် ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မိခင်ဇာရင်သည် လည်း အလီဂါ မွတ်ဆလင်တက္ကသိုလ် ကျောင်းထွက်တစ်ဦးဖြစ်သည်။

မူရှာရက်ဖ်၏ ဖခင်သည် သံတမန်တစ်ဦးဖြစ်သဖြင့် ကရာချိ၊ ပါကစ္စတန်နှင့်

တူရကီနိုင်ငံ အီစတန်ဘူမြို့တို့တွင် ကြီးပြင်းလာခဲ့ရသည်။ တူရကီတွင် ကြီးပြင်းလာရသဖြင့် တူရကီစကားလည်း ကောင်းကောင်းပြောတတ်သည်။ ၁၉၅၆ ခုနှစ်တွင် တူရကီနိုင်ငံကထွက်ခွာလာခဲ့ပြီး ၁၉၅၇ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံ ကရာချိမြို့ရှိ စိန့်ပက်ထရစ်ကျောင်းတွင် ပညာသင်ကြားခဲ့သည်။ အထက်တန်းအောင်မြင်ပြီးသည့်နောက်တွင် လာဟိုးရှိ ဖော်မန်ခရစ်ယာန်တက္ကသိုလ်သို့ တက်ရောက်ခဲ့သည်။ ကျောင်းတက်စဉ်တွင် သင်္ချာဘာသာအဓိကယူခဲ့ပြီး နောက်ပိုင်းတွင် စီးပွားရေးဘာသာရပ်ကို ပြောင်းယူခဲ့သည်။

**စစ်သားဘဝ**

၁၉၆၁ ခုနှစ် အသက် ၁၈ နှစ်သားအရွယ်တွင် ပါကစ္စတန်စစ်တက္ကသိုလ်သို့ တက်ရောက်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ဘွဲ့ရခဲ့ပြီးနောက် ဒုဗိုလ်အဖြစ်ခန့်အပ်ခံရပြီး အိန္ဒိယ-ပါကစ္စတန်နယ်စပ်တွင် တာဝန်ပေးအပ်ခြင်းခံရသည်။ အိန္ဒိယနှင့် ပါကစ္စတန်တို့ဖြစ်ပွားသည့် ဒုတိယအကြိမ် ကက်ရှ်မီးယားစစ်ပွဲတွင် ထူးချွန်စွာ တိုက်ပွဲဝင်ခဲ့မှုကြောင့် သူရသတ္တိဆု (Imtia Sanad) ရရှိခဲ့သည်။

၁၉၆၅ ခုနှစ် စစ်ပွဲပြီးဆုံးသည့်အခါ အထူးစစ်သင်တန်းသို့ တက်ရောက်ရန် ရွေးချယ်ခံရပြီး ထူးချွန်စွာအောင်မြင်သောကြောင့် SSG (Special Service Group) တပ်ဖွဲ့သို့ ဝင်ရောက်အမှုထမ်းခွင့်ရခဲ့သည်။ SSG တပ်တွင် ၁၉၆၆ မှ ၁၉၇၂ ခုနှစ် အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုကာလအတွင်း ဗိုလ်ကြီးရာထူးမှ ဗိုလ်မှူးရာထူးသို့ အဆင့်ဆင့်တိုးမြှင့်ခြင်းခံရသည်။ ၁၉၇၁ ခုနှစ် အိန္ဒိယနှင့်ဖြစ်သောစစ်ပွဲတွင်လည်း အထူးတာဝန်များကိုထမ်းဆောင်ပြီး တိုက်ပွဲဝင်ခဲ့သည်။

၁၉၇၄ ခုနှစ်တွင် ဒုတိယဗိုလ်မှူးကြီး၊ ၁၉၇၈ ခုနှစ်တွင် ဗိုလ်မှူးကြီး ရာထူးများ အဆင့်ဆင့်တိုးခဲ့ပြီး ၁၉၈၀ ပြည့်နှစ်တွင် NDU ၌ နိုင်ငံရေးသိပ္ပံကို တက်ရောက်သင်ကြားခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် ဗိုလ်မှူးချုပ်ရာထူးနှင့် SSG တပ်ဖွဲ့သစ်တွင် တာဝန်ထမ်းဆောင်ခဲ့ရပြီး သမ္မတနှင့် ကာကွယ်ရေးဦးစီးချုပ်

တာဝန်ယူထားသူ ဗိုလ်ချုပ်အုပ်ချုပ်ခြင်း၏ ကိုယ်ရေးအရာရှိအဖြစ် ရွေးချယ်သတ်မှတ်ခြင်းခံခဲ့ရသည်။ ၁၉၉၀-၁၉၉၁ ခုနှစ်များတွင် ဗြိတိန်ရှိ RCDS (Royal College of Defence Studies) ကျောင်းတွင် တက်ရောက်ပညာသင်ကြားခဲ့သည်။ ၁၉၉၅ နှင့် ၁၉၉၈ ခုနှစ်ကြားတွင် ဒုတိယဗိုလ်ချုပ်ကြီးရာထူးကို ရရှိခဲ့သည်။

၁၉၉၉ ခုနှစ် အောက်တိုဘာ ၁၂ ရက်နေ့တွင် ဝန်ကြီးချုပ်ရှရစ်ဖ်က မူရှာရက်ဖ်ကို နိုင်ငံပြင်ပရောက်နေစဉ် ကာကွယ်ရေးဦးစီးချုပ်ရာထူးက ဖယ်ရှားရန် အားထုတ်ခဲ့သည်။ သို့သော် မူရှာရက်ဖ်ကို သစ္စာစောင့်သိသော အရာရှိများက ရှရစ်ဖ်ကိုဖယ်ရှားပြီး အကျယ်ချုပ်ချထားလိုက်သည်။ နောက်ပိုင်း ရှရစ်ဖ်ကို ဆော်ဒီအာရေးဗီးယားသို့ ပြည်နှင်ဒဏ်ပေးလိုက်သည်။ မူရှာရပ်ဖ် ပြန်ရောက်လာသည့်အခါတွင် တိုင်းပြည်အာဏာကို သိမ်းပိုက်လိုက်ပြီး လက်ရှိသမ္မတအဖြစ် တာဝန်ထမ်းဆောင်နေသော ရာဖစ်တာရားကို ၂၀၀၁ ခုနှစ်အထိ သမ္မတရာထူးတွင်ထားသည်ဆိုသော်လည်း အမှန်တကယ် သမ္မတတာဝန်ယူပြီး တိုင်းပြည်ကို အုပ်ချုပ်နေသူမှာ မူရှာရက်ဖ်သာဖြစ်သည်။

## တိုင်းပြည်ခေါင်းဆောင်ဘဝ

၂၀၀၀ ပြည့်နှစ် မေလ ၁၂ ရက်နေ့တွင် နိုင်ငံတော်တရားရုံးချုပ်က မူရှာရက်ဖ်ကို ၂၀၀၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့တွင် ရွေးကောက်ပွဲလုပ်ပေးရန် တောင်းဆိုခဲ့သည်။ ၂၀၀၁ ခုနှစ် ဇွန်လတွင် လက်ရှိသမ္မတရာဖစ်တာရားသည် ရာထူးကနုတ်ထွက်သွားခဲ့သည်။ သို့ဖြစ်ရာ ၂၀၀၁ ခုနှစ် ဇွန်လ ၂၀ ရက်နေ့၌ မူရှာရက်ဖ်သည် မိမိကိုယ်မိမိ သမ္မတအဖြစ်ကြေညာလိုက်တော့သည်။ ၂၀၀၂ ခုနှစ် ဩဂုတ်လတွင် နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေတွင် မိမိလိုသလို ဖြည့်စွက်မှုများ ပြုလုပ်ခဲ့သည်။

၂၀၀၂ ခုနှစ် အောက်တိုဘာလတွင် ပါကစ္စတန်နိုင်ငံ၌ အထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ မူရှာရက်ဖ်ကိုထောက်ခံသည့် PML-Q ပါတီအနိုင်ရရှိခဲ့သည်။ သို့သော် အစိုးရဖွဲ့ရလောက်အောင် မဲမရရှိသဖြင့်

အမြဲးပါတီ (MQM) နှင့် ပူးပေါင်းရာမှ ၁၉၉၉ ခုနှစ်တွင် ဘဏ္ဍာရေးဝန်ကြီး လုပ်ခဲ့သော အစေ်ကို အစိုးရအဖွဲ့တွင် ဝန်ကြီးချုပ်ရာထူးပေးအပ်ခဲ့ရသည်။

၂၀၁၀ ပြည့်နှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ခုလုံးကိုလည်း စိတ်ကြိုက်ပြုပြင် ပြောင်းလဲခဲ့ပြီးဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်အာဏာသည် ဝန်ကြီးချုပ်ထက် သမ္မတလက်ထဲတွင်ရောက်လာသဖြင့် အလိုအလျောက် သမ္မတသည် အာဏာပိုင်ဘဝသို့ ကူးပြောင်းခဲ့ရတော့သည်။

**သမ္မတဘဝ**

၂၀၀၇ ခုနှစ် နိုဝင်ဘာ ၃ ရက်နေ့တွင် သမ္မတနှင့် ကာကွယ်ရေးဦးစီးချုပ် တာဝန်ကိုယူထားသည့် မူရှာရက်ဖ်သည် နိုင်ငံတော်အရေးပေါ်အမိန့်ကို ထုတ်ပြန်ကြေညာခဲ့သည်။ ပါကစ္စတန် အမျိုးသားညီလာခံကျင်းပရေးနှင့် ရွေးကောက်ပွဲတို့ကား အလှမ်းဝေးသွားခဲ့ရပြန်သည်။ သို့သော် ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင် ကျင်းပပေးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ထိုအချိန်တွင် နိုင်ငံရေးလောကအတွင်း လူထုထောက်ခံမှုကိုရလာသည့် ဘနာဇီယာဘူတိုလုပ်ကြံခြင်း ခံလိုက်ရပြန်သည်။ နိုင်ငံတော်တည်ငြိမ်ရေး အကြောင်းပြချက်ဖြင့် ပါကစ္စတန်ရွေးကောက်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက်နေ့သို့ ထပ်မံရွှေ့ဆိုင်းကြောင်း ရွေးကောက်ပွဲကော်မရှင်က ကြေညာလိုက်ပြန်သည်။

ဖေဖော်ဝါရီလ ၁၈ ရက်တွင် ရွေးကောက်ပွဲကျင်းပသည့်အခါ မူရှာရက်ဖ်နှင့် သူ့ပါတီ (PML-Q) ကို ဆန့်ကျင်သော PPP ပါတီနှင့် PML-N ပါတီတို့ မဲအများဆုံးရပြီး အနိုင်ရရှိခဲ့သည်။

၂၀၀၈ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် PPP (Pakistan People Party) ပါတီနှင့် PML-N (Pakistan Muslim League-N) ပါတီတို့သည် မူရှာရက်ဖ်ကို ရာထူးကဆင်းပေးရန် တောင်းဆိုခဲ့ကြသည်။ ထို့ပြင် သမ္မတ တာဝန်ယူထားစဉ်က ကျူးလွန်ခဲ့သော ပြစ်မှုများအတွက်လည်း စွဲချက်တင်နိုင်ရန် ကြိုးပမ်းကြတော့သည်။

မူရှာရက်ဖ်ကို တရားစွဲနိုင်ရန်အတွက် ပါလီမန်တွင် မဲအများစု သုံးပုံနှစ်ပုံခန့်ရမှာသာဖြစ်ပေလိမ့်မည်။ သို့သော် ပါလီမန်အတွင်း သူ့ကိုထောက်ခံမဲအများစုရရန်မှာလည်း သိပ်ပြီးမသေချာတော့ပေ။ အတိုက်အခံများကလည်း အခြေခံဥပဒေပါ ဥပဒေပုဒ်မများအတိုင်း လုပ်ပိုင်ခွင့်ကိုတင်ပြကာ တောင်းဆိုကြသည်။ ထိုအချိန်တွင် ပြည်သူများကလည်း မူရှာရက်ဖ်အပေါ် ထောက်ခံမှုများနည်းလာပြီး ကန့်ကွက်ဆန္ဒပြမှုများ ပေါ်ပေါက်လာခဲ့သည်။

ဩဂုတ်လ ၁၆ ရက်နေ့တွင် မူရှာရက်ဖ်ကို ဩဂုတ်လ ၁၉ ရက်နေ့ နောက်ဆုံးထားပြီး ရာထူးကဆင်းပေးရန် တောင်းဆိုနေကြပြန်သည်။ နိုင်ငံခြားရေးဝန်ကြီး ရှားမာမွတ် ကူရေရှီကလည်း အကယ်၍ မူရှာရက်ဖ်ကို ပြစ်မှုကြောင်းအရ အရေးယူမှုမပြုလုပ်လျှင် ရာထူးကနုတ်ထွက်ပေးမည်ဆိုသည့် ပေလသံထွက်လာသည်။ တောင်းဆိုသည့်အတိုင်းလုပ်ပေးလျှင် ယနေ့ သို့မဟုတ် မနက်ဖြန်ဆိုလျှင်ပင် ဆင်းပေးမည်ဟုဆိုသည်။

ပါကစ္စတန်သမ္မတသမိုင်းတွင် နှစ်ပေါင်း ၆၁ နှစ်တိုင်အောင် သမ္မတအား အရေးယူအပြစ်ပေးခဲ့သည့် ထုံးစံမရှိခဲ့ပေ။ သမ္မတ၏ လက်ထောက်ကလည်း မူရှာရက်ဖ်သည် မိမိကို ဖိအားပေးလာလျှင် ရာထူးက ဆင်းပေးမည်မဟုတ်ဟု ကြေညာမှုများထွက်လာသည်။

ထိုအချိန်တွင် PPP ပါတီတွဲဖက်ဥက္ကဋ္ဌ အဆစ်ဖ်ဇာဒါရီက နောက်လာမည့် သမ္မတရာထူးကို မိမိလည်းဆက်ခံမည်မဟုတ်ကြောင်း၊ သမ္မတရာထူးကို ဆက်ခံမည့်သူမှာ အမျိုးသမီးတစ်ယောက်ဖြစ်နိုင်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

**ထွက်တော်မူနန်းကစွာခြင်း**

၂၀၀၈ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် သမ္မတမူရှာရက်ဖ်သည် မိမိရာထူးက ဆင်းပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အသက် ၆၅ နှစ်ရှိပြီဖြစ်သော မူရှာရက်ဖ်သည် ရာထူးကနုတ်ထွက်သည့်

ကြေညာချက်ကို နေ့လယ် ၁ နာရီအချိန်တွင် ရုပ်မြင်သံကြားကတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။ သူက-

"အခြေအနေကို သုံးသပ်ပြီးတော့ နိုင်ငံရေးမဟာမိတ်တွေနဲ့ ဥပဒေအကြံပေးတွေရဲ့ အကြံပြုချက်အတိုင်း ကျွန်တော်နုတ်ထွက်ပေးဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ကျွန်တော့်အနာဂတ်ကို ပြည်သူတွေရဲ့လက်ထဲကို ထည့်လိုက်ပါတယ်။ ကျွန်တော့်အပေါ် အရေးယူမှုတွေ၊ အပြစ်ပေးမှုတွေ၊ တရားစွဲဆိုမှုတွေ တစ်ခုမှ မလုပ်စေချင်ပါဘူး။ ကျွန်တော့်ကို ဘယ်သူကမှလည်း တရားစွဲလို့ မရနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်အနေနဲ့ ဘာအပြစ်တစ်ခုကိုမှ လုပ်ဆောင်ခြင်းမရှိခဲ့လို့ပါပဲ။ ကျွန်တော် လုပ်ဆောင်ခဲ့သမျှအားလုံးဟာ ပါကစ္စတန်နိုင်ငံအတွက်ပဲ ဖြစ်ပါတယ်။ ကမ္ဘာ့မြေပုံပေါ်မှာ ပါကစ္စတန်နိုင်ငံဟာ ခုဆိုရင် အရေးပါတဲ့ နိုင်ငံကြီးတစ်နိုင်ငံဘဝကို ရောက်ရှိခဲ့ပါပြီ။ ကျွန်တော့်ကို ခင်ဗျားတို့ တရားစွဲဖို့စီစဉ်နေကြတာ အောင်မြင်သည်ဖြစ်စေ၊ ရှုံးနိမ့်သည်ဖြစ်စေ နိုင်ငံတော်အတွက်တော့ ဆုံးရှုံးမှုတစ်ခုဖြစ်ပါလိမ့်မယ်။ ကျွန်တော့်ကိုနိုင်တာဟာ ခင်ဗျားတို့အတွက် အစားထိုးမရတဲ့ ဆုံးရှုံးမှုကြီးတစ်ခုဖြစ်သွားနိုင်ပါတယ်" ဟု တစ်နာရီခန့်စကားပြောပြီးနောက် စိတ်လှုပ်ရှားထိခိုက်စွာနှင့် ခေတ္တရပ်လိုက်သည်။ ထို့နောက်မှ မူရှာရက်ဖ်သည် သူ့လက်သီးကို ရင်ဘတ်ပေါ်တင်လိုက်ပြီး "ပါကစ္စတန်နိုင်ငံကြီး အဓွန့်ရှည်ပါစေ" ဟု ကြွေးကြော်လိုက်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတသစ်ကို ရက်ပေါင်း ၃၀ အတွင်း ရွေးကောက်တင်မြှောက်ကြရမည်ဖြစ်သည်။ ညွှန့်ပေါင်းအစိုးရသည် သမ္မတသစ်ကို ရွေးချယ်ပေးရမည်ဖြစ်သည်။ မူရှာရက်ဖ်နှင့်ပတ်သက်သော သတင်းတွေက အမျိုးမျိုးထွက်လာသည်။ ဆော်ဒီကိုသွားသလိုလို၊ မက္ကာကို ဘုရားဖူးသွားသလိုလို၊ လန်ဒန်ကိုရောက်သွားသလိုလို သတင်းတွေထွက်လာခြင်းဖြစ်သည်။

သမ္မတဟောင်း မူရှာရက်ဖ်သည် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ပါကစ္စတန်နိုင်ငံကထွက်ခွာသွားပြီး ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၂၄ ရက်နေ့တွင် လန်ဒန်သို့ရောက်ရှိခဲ့သည်။

မူရှာရက်ဖ်သည် သမ္မတရာထူးက ဆင်းပြီးနောက် မက္ကာသို့ ဘုရားဖူး

ထွက်ခဲ့သည်။ ထို့နောက် အရှေ့အလယ်ပိုင်း၊ ဥရောပနှင့် အမေရိကန်ပြည်ထောင်စုများသို့ ခရီးထွက်ပြီး ဟောပြောပို့ချမှုများ ပြုလုပ်ခဲ့သည်။ အမေရိကန်နိုင်ငံ ကုမ္ပဏီကြီးတစ်ခုက သူ့ကိုဖိတ်ပြီး စကားပြောနိုင်းသဖြင့် တစ်ရက်အတွက် ဒေါ်လာ ၁၅၀,၀၀၀ မှ ၂၀၀,၀၀၀ အထိပေးခဲ့ရပြီး ဂျက်လေယာဉ်နှင့်ကြိုကာ ဗီအိုင်ပီအဖြစ် သတ်မှတ်ခဲ့ရသည်။

၂၀၁၀ ပြည့်နှစ် အောက်တိုဘာ ၁ ရက်နေ့တွင် မုရှာရက်ဖ်သည် APML ပါတီ ကိုထူထောင်ပြီး သူ့ကိုယ်သူ ပါတီဥက္ကဋ္ဌအဖြစ် ကြေညာခဲ့သည်။

၂၀၁၃ ခုနှစ်တွင် မူရှာရက်ဖ်သည် ပါကစ္စတန်နိုင်ငံသို့ ပြန်လာခဲ့သည်။ သူက နိုင်ငံရေးလှုပ်ရှားမှုများကို ပြန်လည်လုပ်ဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။ သို့သော် ပြန်ရောက်လာမှ အမှုတွေတစ်ခုပြီးတစ်ခု စွဲဆိုမှုများနှင့် ရင်ဆိုင်ခဲ့ရတော့သည်။ သမ္မတသက်တမ်းအတွင်း လူပေါင်းရာချီသတ်ဖြတ်မှု၊ သူပုန်ခေါင်းဆောင်တစ်ဦးကို သတ်ဖြတ်မှု၊ ဘေနာဇီယာဘူတိုကိုလုပ်ကြံမှုများတွင် သူ့ကိုတာဝန်အရှိဆုံးပုဂ္ဂိုလ်အဖြစ် စွပ်စွဲကာ တရားစွဲရန် ပြင်ဆင်ခဲ့ကြသည်။ လူသတ်မှု၊ လူသတ်ရန် လျှို့ဝှက်ပူးပေါင်းကြံစည်မှု၊ လူသတ်ရန်ပံ့ပိုးကူညီမှုတို့ဖြင့် သူ့ကိုအရေးယူနိုင်ရန် ကြိုးစားနေကြောင်း CNN သတင်းတွင် ဖော်ပြထားသည်။

မူရှာရက်ဖ်သည် စွပ်စွဲချက်အားလုံးကို ငြင်းပယ်ထားပြီး "လုပ်ဇာတ်များ၊ အလွဲများ၊ ဖန်တီးမှုများ" ဟု မီဒီယာသို့ ရှင်းလင်းချက်ထုတ်ပြန်ခဲ့သည်။

သူပါကစ္စတန်သို့ပြန်လာခြင်းသည် တစ်ကျော့ပြန်နိုင်ငံရေးလှုပ်ရှားရန်ဖြစ်ကြောင်း ထင်ရှားသည်။ ၂၀၁၂ ခုနှစ် မတ်လ ၂၃ ရက်နေ့ သူပြန်ရောက်စကလည်း နိုင်ငံရေးလုပ်ရန်ဟု ဝန်ခံခဲ့ဖူးသည်။

၂၀၁၃ ခုနှစ် ဧပြီလ ၁၈ ရက်နေ့တွင် သူ့ကို အစ္စလာမာဘတ်တရားရုံးက ၂၀၀၇ ခုနှစ်တွင် ကျူးလွန်ခဲ့သောပြစ်မှုများအတွက် ဖမ်းဆီးထိန်းသိမ်းရန် အမိန့်ထုတ်ခဲ့သည်။ သူ့ကို အိမ်အကျယ်ချုပ် ထိန်းသိမ်းထားရာမှ အစ္စလာမာဘတ်ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးခဲ့သည်။ ၂၀၁၃ ခုနှစ် ဧပြီလ ၂၆ ရက်နေ့တွင် တရားရုံးက ဘေနာဇီယာဘူတိုလုပ်ကြံမှုတွင် ပတ်သက်မှုရှိသည်ဆိုကာ အကျယ်ချုပ်ထိန်းသိမ်းရန် အမိန့်ထုတ်ခဲ့သည်။ ဩဂုတ်လ ၂၀ ရက်နေ့တွင် ပါကစ္စတန်

တရားရုံးက ဘူတိုလုပ်ကြံမှုတွင် ပတ်သက်မှုရှိသည်ဟု အမိန့်ချခဲ့သည်။

တစ်ချိန်က အာဏာနှင့် လက်နက်များဝန်းရံပြီး အခြွေအရံတွေများခဲ့သော အာဏာရှင်တစ်ယောက်သည် ယနေ့လက်ညှိုးပေါင်းများစွာ၊ နာကြည်းမှုပေါင်းများစွာ၊ စွပ်စွဲမှုပေါင်းများစွာကြားတွင် မည်သို့ဆက်ဖြစ်လာမည်ကို ဘဝဇာတ်ခုံပေါ်တွင် ဆက်လက်ရှုစားကြရုံသာရှိသည်။

**Ref : CNN, Aljazeera, The Times, NBC News, The Guardian, BBC**



11

ယူဂန်ဒါနိုင်ငံ

# ယူဝီရီ မူဆာဗနီ

ယူဂန်ဒါနိုင်ငံအတွင်း ပြောက်ကျား စစ်ကို ငါးနှစ်တိုင်ဆင်နွှဲပြီးနောက် နိုင်ငံ သမ္မတရာထူးကို ရရှိလာသူဖြစ်သည်။ သူ့ အမည်အပြည့်အစုံမှာ ယူဝီရီ ကာဂူတာ မူဆာဗနီ (Youweri Kaguta Museveni) ဖြစ်သည်။ ယူဂန်ဒါနိုင်ငံကို နှစ်ပေါင်း ၂၆ နှစ်တိုင်အောင် စိုးမိုးအုပ်ချုပ်ခဲ့ပြီး ရွေးကောက်ပွဲ လေးဆက်တိုင် ဆက်လက်အောင်ပွဲခံအုပ်ချုပ် နေသည့် သမ္မတတစ်ဦးဖြစ်သည်။

## ငယ်စဉ်ဘဝ

မူဆာဗနီကို ၁၉၄၄ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် မွေးဖွားခဲ့သည်။ မူဆာဗနီ ဆိုသည့်အဓိပ္ပာယ်မှာ 'ခုနှစ်ယောက်မြောက် သား' ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်းက

ယူဂန်ဒါသားများ ဝင်ရောက်အမှုထမ်းခဲ့သည့် ဗြိတိသျှကိုလိုနီ အမှတ် ၇ အာဖရိကဘုရင့်ရိုင်ဖယ်တပ်ကို ဂုဏ်ပြုပြီး မှည့်ခေါ်ခဲ့ခြင်းဖြစ်သည်။

တွန်ဂါမိုရှိ ကရာမိတ်မူလတန်းကျောင်း၊ အမ်ဘာရာရာ အထက်တန်းကျောင်း၊ နာတာရီကျောင်းများတွင် တက်ရောက်သင်ကြားခဲ့ပြီး စရစ်ယာန်ဘာသာသို့ဝင်ခဲ့သည်။ ကျောင်းသားခေါင်းဆောင်တစ်ဦးလည်း ဖြစ်ခဲ့သည်။

၁၉၆၇ ခုနှစ်တွင် တန်ဇန်နီးယားရှိ ဒါအက်စ်ဆလမ်တက္ကသိုလ်၌ တက်ရောက် ပညာသင်ကြားခဲ့သည်။ တက္ကသိုလ်တွင် စီးပွားရေး၊ နိုင်ငံရေးသိပ္ပံဘာသာရပ်များကို သင်ကြားခဲ့သည်။ တက္ကသိုလ်တက်စဉ် အာဖရိကတော်လှန်ရေးတက္ကသိုလ်ကျောင်းသားတပ်ဦးကို ထူထောင်ခဲ့ပြီး ပေါ်တူဂီတို့လက်အောက်က လွတ်မြောက်ရေးအတွက် လှုပ်ရှားခဲ့သည်။ ထိုအချိန်က မူဆာဗနီ အားအကျဆုံး ပုဂ္ဂိုလ်မှာ ကျူးဘားတော်လှန်ရေးခေါင်းဆောင် ချေဂွေဗားရား ဖြစ်သည်။

၁၉၇၀ ပြည့်နှစ်တွင် ကျောင်းပြီးသောအခါ အသက် ၂၆ နှစ်အရွယ်ရှိပြီဖြစ်သော မူဆာဗနီသည် ယူဂန်ဒါသမ္မတ ဒေါက်တာ အိုဟ်လိုမီလ်တန်အိုဘိုတေ၏ ထောက်လှမ်းရေးတပ်ဖွဲ့တွင် ဝင်ရောက်အမှုထမ်းသည်။ သူ အိုဘိုတေထံတွင် ဝင်ရောက်အမှုထမ်းခြင်းမှာ ပုဂ္ဂိုလ်ရေးလေးစားကိုးကွယ်လိုသောကြောင့် ဖြစ်ကြောင်း သူကိုယ်တိုင် ပြောခဲ့သည်။ သို့သော် အစိုးရတစ်ရပ်မည်သို့ လုပ်ဆောင်သည်ကို သိလိုသောကြောင့်ဟုပြောလျှင် ပိုမှန်မည်ထင်သည်။

၁၉၇၁ ခုနှစ် ဇန်နဝါရီလတွင် အီဒီအာမင်အာဏာသိမ်းချိန်၌ မူဆာဗနီသည် တန်ဇန်နီးယားနိုင်ငံသို့ ထွက်ပြေးခဲ့ရသည်။ တန်ဇန်နီးယားနိုင်ငံတွင် ပြည်ပြေးဘဝနှင့်ရှိနေစဉ် လျှို့ဝှက်တပ်ဖွဲ့တစ်ဖွဲ့ကိုဖွဲ့စည်းပြီး အီဒီအာမင်ကို ဖြုတ်ချရန် ကြိုးပမ်းခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် အီဒီအာမင်တပ်များကို ရင်ဆိုင်တိုက်ခိုက်ခဲ့သော်လည်း အရှုံးကြီးရှုံးခဲ့ရသည်။ ၁၉၇၃ ခုနှစ်တွင် သူနှင့်ပူးပေါင်းတိုက်ပွဲဝင်ခဲ့သည့် စစ်သားပေါင်းများစွာကို အာမင်၏တပ်များက သတ်ဖြတ်ချေမှုန်းခဲ့သည်။ သူလည်းထွက်ပြေးခဲ့ရသည်။

## ပြောက်ကျားစစ်သားဘဝ

တန်ဇန်နီးယား၌ နိုင်ငံရေးခိုလှုံပြီး နေထိုင်စဉ် FRONASA(အမျိုးသား ကာယတင်ရေးတပ်ဦး) ကိုဖွဲ့စည်းထားကာ အာဏာရှင် အာမင်ဖြုတ်ချရေးအတွက် သူနှင့် သူ့တပ်သားများသည် မိုဇမ်းဗစ်နိုင်ငံတွင် ပြောက်ကျားစစ်သားများနှင့်အတူ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။

၁၉၇၉ ခုနှစ်တွင် တန်ဇန်နီးယား ပြောက်ကျားများနှင့် မူဆာဗနီတပ်များ ပူးပေါင်းပြီး အာမင်ကို ယူဂန်ဒါကမောင်းထုတ်ရန် တိုက်ပွဲဆင်ပြန်သည်။ ယူဂန်ဒါလွတ်မြောက်ရေးတပ်ဦးအဖြစ် ပေါင်းစုထားသော ညွန့်ပေါင်းတပ်သည် ၁၉၇၉ ခုနှစ်တွင် ကမ်ပါလာမြို့ကို သိမ်းပိုက်နိုင်ခဲ့ကြသည်။ ကျန်နိုင်ငံ၏ အစိတ်အပိုင်းများကို အာမင်၏တပ်များက သိမ်းပိုက်ထားသေးသည်။

၁၉၇၉ ခုနှစ်တွင် အီဒီအာမင်ကို အပြီးတိုင်ဖြုတ်ချလိုက်ပြီးနောက် မူဆာဗနီသည် ကာကွယ်ရေးဝန်ကြီး နောက်ပိုင်းတွင် ကြားဖြတ်အစိုးရကာလ၌ ဒေသဆိုင်ရာ ပေါင်းစည်းရေးဝန်ကြီး ရာထူးများကိုရယူပြီး ၁၉၈၀ ရွေးကောက်ပွဲ တိုင်အောင် တာဝန်ယူပြီး တိုင်းပြည်ကိုထိန်းသိမ်းပေးခဲ့သည်။

သူ့ကို စစ်သားတစ်ယောက်အနေနှင့် လူကြိုက်များသော်လည်း ၁၉၈၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် သမ္မတဟောင်းအိုဘိုတေကိုသာ သမ္မတအဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခဲ့ကြသည်။

အိုဘိုတေအစိုးရသည် အကျင့်ပျက်ခြစားမှုများနှင့် ဖိနှိပ်မှုများကို ဆက်လက်လုပ်ဆောင်သဖြင့် ကျေးလက်ဒေသများတွင် မူဆာဗနီသည် အမျိုးသား ကာကွယ်ရေးတပ်များကို လျှို့ဝှက်ဖွဲ့စည်းထားခဲ့သည်။ ၁၉၈၆ ခုနှစ် ဇန်နဝါရီလ တွင် မူဆာဗနီသည် မိမိသြဇာခံတပ်ကိုဦးဆောင်ပြီး သမ္မတအိုဘိုတေထံက အာဏာကိုသိမ်းပိုက်လိုက်တော့သည်။

**သမ္မတဘာဘ**

အာဏာသိမ်းပြီးနောက် တော်လှန်ရေးကောင်စီကို ဖွဲ့စည်းကာ ကျေးလက်မှ မြို့ပြတိုင်အောင် ဒီမိုကရေစီအသံများလွှင့်ပြီး လူထုထောက်ခံမှု ရစေရန် လုပ်ဆောင်ခဲ့သည်။ စစ်အာဏာသိမ်းအစိုးရသည် လွှတ်တော်ကို လူထုလူတန်းစားပေါင်းစုံပါဝင်သည့် လွှတ်တော်အဖြစ် ဖော်ဆောင်ပေးပြီး အတိုက်အခံများ၊ တပ်မတော်မှ အရာရှိကြီးများ၊ အစိုးရဝန်ထမ်းများမကျန် အားလုံးပူးပေါင်းပါဝင်သည့် လွှတ်တော်အဖြစ် ဖော်ဆောင်ခဲ့သည်။

မူဆာဗနီသည် ပါတီမဲ့လူကြိုက်များသည့် ဒီမိုကရေစီစနစ်ကိုဖော်ဆောင်ခဲ့သူ ဟုဆိုနိုင်သည်။ သူ့အဆိုအရ ယူဂန်ဒါနိုင်ငံရှိ နိုင်ငံရေးပါတီများသည် ဘာသာရေးနှင့် လူမျိုးစုပြဿနာများကို အခြေခံပြီး အငြင်းပွားမှုများ၊ ပဋိပက္ခများဖြစ်နေကြသောကြောင့် ပါတီအချင်းချင်းလည်း ညီညွတ်မှုမရှိပေ။ သို့ဖြစ်ရာ သူက အမျိုးသားတော်လှန်ရေးလှုပ်ရှားမှုအဖွဲ့ (NRM) ကို ထူထောင်ပြီး ယူဂန်ဒါနိုင်ငံသားအားလုံးကို ထိုအဖွဲ့အစည်းအတွင်းဝင်ကာ နိုင်ငံတော်အတွက် တာဝန်များကို ထမ်းဆောင်နိုင်ကြောင်း လမ်းဖွင့်ပေးလိုက်သည်။

သူတီထွင်ဖန်တီးလိုက်သည် တစ်ပါတီယောင်ယောင်စနစ်ကြောင့်ပင် သူသည် ၁၉၉၆ ခုနှစ်တွင် သမ္မတဖြစ်လာကာ ငါးနှစ်အုပ်ချုပ်ခွင့်ရသွားတော့သည်။ ပါတီမဲ့ဆိုသော်လည်း NRM အဖွဲ့ဦးဆောင်မှုဖြင့် ၂၀၀၀ ပြည့်နှစ်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကျင်းပခဲ့သည်။ သို့သော် ၂၀၀၅ ခုနှစ်တွင် ယူဂန်ဒါနိုင်ငံသားများသည် တစ်ပါတီတစ်ဖွဲ့တည်းရှိခြင်းကို ကောင်းစွာသဘောပေါက်လာသဖြင့် ပါတီစုံစနစ်လမ်းကြောင်းနှင့် နိုင်ငံရေးကူးပြောင်းရန် ထောက်ခံမဲပေးခဲ့ကြသည်။

၂၀၀၁ ခုနှစ်တွင် မူဆာဗနီကိုပင် သမ္မတအဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခဲ့ကြပြန်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေက သူ့ကို တတိယသမ္မတသက်တမ်းအထိ ဆက်စံရွေးချယ်ပိုင်ခွင့်များပေးရန်လည်း ကြံဆောင်ခဲ့သည်။ ထို့ကြောင့် ၂၀၀၆ ခုနှစ်တွင်လည်း သူ့ကိုသာ သမ္မတအဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ကြပြန်သည်။

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်နေ့တွင်ကျင်းပသည့် ရွေးကောက်ပွဲတွင်လည်း သူ့ကိုပင် ထပ်မံရွေးကောက်သဖြင့် စတုတ္ထအကြိမ် သမ္မတရာထူးကို လက်ခံခဲ့ရပြန်သည်။ သူက ထောက်ခံမဲ ၆၈ ရာခိုင်နှုန်းရရှိခဲ့သည် ဆိုသော်လည်း မဲပေးပိုင်ခွင့်ရှိသည့် မှတ်ပုံတင်ထားသော လူဦးရေ ၅၉ ရာခိုင်နှုန်းသာ မဲလာပေးသဖြင့် ထိုအရေအတွက်မှာ သမ္မတတစ်ဦးအတွက် အားရစရာတော့ မဟုတ်ပေ။ "ရွေးကောက်ပွဲကတော့ ရုပ်ပျက်ဆင်းပျက်ပဲ။ အုပ်ချုပ်ရေးကလည်းယိုယွင်း၊ ထောက်ခံမှုကလည်းသိပ်နည်းတယ်" ဟု ဥရောပသမဂ္ဂ ရွေးကောက်ပွဲလေ့လာသူများအဖွဲ့ကဆိုသည်။

ထိုစဉ်က အီဂျစ်က ဟိုစနီမူဘာရက်နှင့် လစ်ဗျားက ကဒါဖီတို့သည် အာဏာရှင်ဘဝက ကျဆုံးပြီး သေသူသေ၊ ပြေးသူပြေး ဖြစ်ကုန်ကြသည်။ ထိုအချိန်တွင် မူဆာဗနီတက်လာခြင်းက သူ့ကို အာဖရိကတိုက်၏ သက်တော်ရှည်အာဏာရှင်သမ္မတအဖြစ် မှတ်တမ်းတင်ရန် ဖြစ်လာခဲ့သည်။

## ယူဂန်ဒါနိုင်ငံရေး ဒီမိုကရေစီနှင့် အလှမ်းဝေး

၁၉၈၀ ပြည့်နှစ်လောက်ကတည်းက ယူဂန်ဒါတွင် ပြည်တွင်းစစ်မီးများ ပြန်လည်တောက်လောင်လာခဲ့သည်။ စီးပွားရေးကလည်း ကပ်ဆိုက်နေပြီး ဆက်စပ်နေသည့် နိုင်ငံရေး၊ ငြိမ်းချမ်းရေးတည်ငြိမ်မှုများကင်းကာ ထိခိုက်မှုများ ဖြစ်ခဲ့ရသည်။

ယူဂန်ဒါမြောက်ပိုင်းတွင် နေထိုင်ကြသော ပြည်သူထောင်ပေါင်းများစွာတို့သည် အရက်စက်ဆုံး အကြမ်းကြုတ်ဆုံးဟု စံတင်ရမည့် ပြည်တွင်းသူပုန်များ၏ နှိပ်စက်မှုဒဏ်ကို ခါးသီးစွာခံစားနေကြရဆဲဖြစ်သည်။

၁၉၇၀ မှ ၁၉၈၀ ပြည့်နှစ်ကာလများအတွင်း ယူဂန်ဒါနိုင်ငံသည် လူ့အခွင့်အရေးဖောက်ဖျက်သည့်နိုင်ငံများအတွင်း နာမည်ဆိုးနှင့် ကျော်ကြားခဲ့သည်။ ၁၉၇၁ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ အီဒီအာမင်အုပ်ချုပ်စဉ်ကာလ၊ အိုဘိုတေ ပြန်လည်အုပ်ချုပ်သည့်ကာလနှင့် နောက်ပိုင်း မူဆာဗနီအုပ်စိုးသည့်ကာလများတွင်

ပြည်သူပေါင်းသန်းဝက်ခန့်သည် ရက်စက်စွာသတ်ဖြတ်ခြင်း ခံခဲ့ရသည်။

၂၀၁၃ ခုနှစ် မေလ ၂၈ ရက်နေ့တွင် ယူဂန်ဒါသတင်းစာတစ်စောင်ဖြစ်သည့် ဒေးလီးမော်နီတာ သတင်းစာတိုက်ကို ရဲက ကိုးရက်ပိုင်းထားပြီး အခြေအနေများ တင်းမာခဲ့သည်။ ကိုးရက်မြောက်နေ့တွင် တိုက်အတွင်းသို့ မျက်ရည်ယိုဗုံးများ ပစ်ပြီး ထွက်လာသည့် သတင်းထောက်မှန်သမျှကို နံပါတ်တုတ်နှင့် ရိုက်နှက်ခဲ့သည်။

သတင်းထောက်များနှင့် လူ့အခွင့်အရေးအဖွဲ့ဝင်များက ထိုင်သပိတ် မှောက်ခဲ့ခြင်းကိုလည်း အတင်းရိုက်နှက် ဝင်ရောက်ဖမ်းဆီးခဲ့သည်။ ထိုမှတ်တမ်း ဗီဒီယိုများကို YouTube ပေါ်တွင် ရိုက်ထားသူများက တင်လိုက်သဖြင့် မူဆာဗနီ အစိုးရ သိက္ခာကျခဲ့ရသည်။

## အကျင့်ပျက်ခြစားမှုများ

၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် ကမ်ပါလာ၌ထုတ်ပြန်သည့် All Africa အစီရင်ခံစာ၌ လာဘ်ပေးလာဘ်ယူမှုများ၊ ငါးဖွေငါးအမျိုးကောင်းစားရေး အခွင့်အရေးပေးမှုများ၊ ရာထူးခန့်ထားရေးနှင့်ပတ်သက်သည့် အလွဲသုံးစားလုပ်မှု များ၊ နိုင်ငံ၏သဘာဝသယံဇာတရင်းမြစ်များကို အလွဲသုံးစားလုပ်မှုများပေါ်လာ ခဲ့သည်။

မူဆာဗာနီအာဏာရပြီးသည့် ၁၉၈၆ ခုနှစ်ကတည်းက လုပ်ဆောင်လာ ခဲ့သည့် 'အရှုပ်လှိုင်းများ' ဟုအမည်ပေးထားသော ထိုအစီရင်ခံစာက ဖွင့်ချ ဖော်ထုတ်ထားခြင်းဖြစ်သည်။ ထိုအစီရင်ခံစာတွင်-

"သူ့အနီးဆုံး အသိုင်းအဝိုင်းများဖြစ်သည့် စစ်တပ်နှင့် လွှတ်တော်က လူများသည် သူခိုးများဖြစ်ကြသည်။ သူတို့သည် နိုင်ငံတော်၏ ရင်းမြစ်များ ဖြစ်သော မီဒီယာ၊ အစိုးရဌာနများ၊ စာရင်းစစ်ရုံးနှင့် လွှတ်တော်ကတစ်ဆင့် ခိုးယူမှုများကို ကျူးလွန်နေကြသည်" ဟု ဖော်ထုတ်ရေးသားထားသည်။

ထိုအစီရင်ခံစာကို နယူးယောက်အခြေစိုက် ရေ့နေအဖွဲ့တစ်ဖွဲ့က ပြုစု ရေးသားထားခြင်းဖြစ်ပြီး ထိုလေ့လာရေးအဖွဲ့ထဲတွင် နိုင်ငံတကာလူ့အခွင့်အရေး

စောင့်ကြည့်ရေးအဖွဲ့ ယေးလ်တက္ကသိုလ်က လိုဝင်းစတိန်း နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့တို့ ပါဝင်ခဲ့ကြသည်။

ထိုအစီရင်ခံစာအရ ယူဂန်ဒါနိုင်ငံတွင်-

သမ္မတနှင့် ပါလီမန်သည် အဓိကကျသည့် နိုင်ငံအဖွဲ့အစည်းများပေါ်တွင် လုပ်ပိုင်ခွင့်အာဏာများကို အပ်နှံထားခြင်းမရှိပေ။ အဓိကကျသည့်နေရာနှင့် ရာထူးများခန့်ထားခြင်းတို့ကို သမ္မတကချုပ်ကိုင်ထားပြီး သက်ဆိုင်ရာအဖွဲ့အစည်း အကြီးအကဲက လုပ်ပိုင်ခွင့်မရှိခြင်း၊

ဌာနဆိုင်ရာတာဝန်ရှိ အရာရှိကြီးများသည် သူတို့ရာထူးနှင့် နေရာမြဲရန်အတွက်ပင် လာဘ်ထိုးမှုများ ပြုလုပ်နေရခြင်း။ မိမိရာထူးတည်မြဲရေးအတွက် လက်အောက်ငယ်သားများသည် မကြာခဏ ထိုးကျွေးခံရသော ဓားစာခံများဖြစ်နေကြရခြင်း၊

တရားဥပဒေအပိုင်းတွင်လည်း သက်သေခံမည့်သူများအတွက် အကာအကွယ်မရှိသဖြင့် ငွေများတရားနိုင် ပြစ်မှုကို ငွေနှင့်ဖုံးကာ ကိုယ်လွတ်ရုန်းမှုများရှိနေခြင်းတို့သည် ယူဂန်ဒါနိုင်ငံ၏ ခေတ်သစ်ပြယုဂ်များပင် ဖြစ်တော့သည်။

ထို့ပြင် တရားရုံးများ၌လည်းအကျင့် ပျက်ခြစားမှုများ၊ လာဘ်ပေးလာဘ်ယူမှုများနှင့် အမှုကိုထင်တိုင်းစီရင်မှုများရှိနေသည်။ ခြိမ်းခြောက်မှုများကြောင့် အမှုပျောက်တွေကလည်း ပေါများလာသည်။ လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့က လူပေါင်း ၄၈ ဦးနှင့် အင်တာဗျူးများကို မှတ်တမ်းတင်ခဲ့ပြီး ယူဂန်ဒါနိုင်ငံအတွင်းရှိ နိုင်ငံရေးလှုပ်ရှားသူများ နိုင်ငံခြားက ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မည့်သူများနှင့် ကမ္ဘာ့ဘဏ်လက်ထဲသို့ထည့်လိုက်သည့် မှတ်တမ်းများကြောင့် ယူဂန်ဒါနိုင်ငံ၏ ပကတိအနေအထားကို ကမ္ဘာကသိသွားခဲ့သည်။

အာဏာရှင်တို့ အာဖရိကတွင် တဖြုတ်ဖြုတ်ကြွေနေကြပြီဖြစ်သည်။ မူဆာဗာနီတွင် ထောက်ခံသည့်သူတွေကလည်း နည်းသည်ထက်နည်းလာသည်။ သို့သော် ၂၀၁၁ ခုနှစ်တွင် ငါးနှစ်သမ္မတသက်တမ်းကို ပိုင်ဆိုင်ခဲ့သဖြင့် ၂၀၁၆ ခုနှစ်အထိ သမ္မတတာဝန်များကို ထမ်းဆောင်ရဦးမည်ဖြစ်သည်။ အာဏာရှင်တို့က ဖွဲ့စည်းပုံအခြေခံဥပဒေ မည်သို့ဆိုထားစေကာမူ အာဏာကို သူ့နည်းသူ့ဟန်နှင့်

မရမက တိုးမြှင့်သွားကြသည်သာဖြစ်သည်။ ယခုလည်း ၂၀၁၆ ခုနှစ် သမ္မတ
သက်တမ်းကုန်လျှင် ငါမအိုသေးလုပ်နိုင်သေးသည်ဟု ဆိုထားသည်။ ဤကြာ
ထဲတွင် ဒီမိုကရေစီလှိုင်းတို့၏ ရိုက်ခတ်ဆောင့်မှုဒဏ် မခံရရန်လိုပေလိမ့်မည်။

**Ref : All Africa Report; State House Uganda Report; BBC News; Britannica Encyclopedia;**



12

ကမ္ဘောဒီးယား
နိုင်ငံ

# ပိုပေါ့

၁၉၇၅ ခုနှစ်မှ ၁၉၇၉ ခုနှစ်အတွင်း လူဦးရေရှစ်သန်းခန့်သာရှိသော ကမ္ဘောဒီးယားနိုင်ငံတွင် လူဦးရေ ၁ ဒသမ ၅ သန်းခန့်ကို သတ်ဖြတ်ခဲ့သဖြင့် လူမျိုးတုံးလူသတ်သမား ခမာနီခေါင်းဆောင်တစ်ယောက်အနေနှင့် ထင်ရှားသူတစ်ဦး ဖြစ်ခဲ့သည်။

## ငယ်စဉ်ဘဝ

ခမာနီခေါင်းဆောင် ပိုပေါ့ (Pol Pot)ကို ၁၉၂၈ ခုနှစ် မေလ ၁၉ ရက်နေ့တွင် မွေးဖွားသည်။ သူ့ကို ကမ္ဘောဒီးယားနိုင်ငံ တံငါရွာလေးတစ်ရွာဖြစ်သည့် ကမ်ပုံသောင် ပြည်နယ် ပရက်ဆဘောက်တွင် မွေးဖွားသည်။ ယခင်က ထိုရွာလေးသည် ပြင်သစ်ပိုင် အင်ဒို

ချိုင်းနား ရွာလေးတစ်ရွာဖြစ်ခဲ့သည်။ သူ့မိဘ များသည် တရုတ်–ခမာမျိုးနွယ်များ ဖြစ်ပြီး လူလတ်တန်းစားများဖြစ်ကြသည်။ သို့သော် သူတို့သည် ဘုရင့်မျိုးနွယ် များနှင့် အဆက်အစပ်တော့ရှိသည်။ သူ့အစ်မသည် ဘုရင်ဆီဆိုဝတ်မိုနီဗောင်၏ ကိုယ်လုပ်တော်အဖြစ်အမှုထမ်းရပြီး အစ်ကိုဖြစ်သူက တရားရုံးတွင် အရာရှိ တစ်ဦးဖြစ်သည်။

၁၉၃၄ ခုနှစ်တွင် ပိုပေါ့သည် အစ်ကိုဖြစ်သူနှင့်အတူ ဖနွမ်းပင်မြို့တွင် လိုက်နေခဲ့သည်။ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းတွင် တစ်နှစ်ခန့်နေထိုင်ခဲ့ပြီး ရေစ်ယာန် ကက်သလစ်ကျောင်းသို့ ပြောင်းတက်ခဲ့သည်။ အသက် ၁၄ နှစ် အရွယ်တွင် ကမ်ပုံချမ်း၌ အထက်တန်းပညာသင်ကြားခဲ့သည်။ နည်းပညာ ကျောင်းတွင် လက်သမားအတတ်ပညာကို သင်ကြားခဲ့သော်လည်း ထူးချွန်သည့် ကျောင်းသားတစ်ဦးတော့ မဖြစ်ခဲ့ပေ။

၁၉၃၄ ခုနှစ်တွင် ပိုပေါ့ကို ရေဒီယိုအီလက်ထရွန်နစ်ပညာသင်ရန် အတွက် ပြင်သစ်နိုင်ငံ ပဲရစ်သို့ ပညာတော်သင်အဖြစ် ရွေးချယ်ခံခဲ့ရသည်။ ပဲရစ်တွင် သူပျော်ရွှင်စွာနေထိုင်ပြီး ပညာသင်ကြားခဲ့သည်။ ကပွဲများ၊ သောက်ပွဲ စားပွဲများတွင် အချိန်ဖြုန်းခဲ့သည်က များသည်။ သို့သော် ပြင်သစ်ကျောင်း ဒုတိယနှစ်တွင် နိုင်ငံရေးစိတ်သန်သော ကျောင်းသားများနှင့် သွားပေါင်းမိပြီး လိုင်းပြောင်းသွားသည်ဟု ဆိုရမည်။

သူနှင့်ပေါင်းသင်းမိသော မိတ်ဆွေများကြောင့် ပိုပေါ့သည် မာ့ခ်စ်ဝါဒကို လေ့လာဆည်းပူးမိသည်။ ပဲရစ်ခမာ ကျောင်းသားမာ့ခ်စ်ဝါဒီများနှင့် ပူးပေါင်းမိ ကြပြီး ပြင်သစ်ကွန်မြူနစ်ပါတီသို့ ဝင်ရောက်ခဲ့သည်။ သူနှင့် ထိုအချိန်က အပေါင်း အသင်း ဖြစ်ခဲ့သူများသည် နောင်တွင် ခမာနီအဖွဲ့ထူထောင်ပြီး တိုင်းပြည်ကို စိုးမိုးရာတွင် အဓိကကျသည့် အခန်းကဏ္ဍကပါဝင်ခဲ့ကြသူများ ဖြစ်လာကြသည်။

ဒုတိယနှစ်တွင် ပိုပေါ့သည် စာမေးပွဲကျသော်လည်း ၁၉၅၃ ခုနှစ် တွင်မှသာ ကမ္ဘောဒီးယားနိုင်ငံသို့ ပြန်လာခဲ့သည်။

## စီယက်မင်းများနှင့် ပူးပေါင်းခြင်း

မာ့ခ်စ်ဝါဒီလူငယ်များအနေနှင့် ကမ္ဘောဒီးယားသို့ ပြန်ရောက်လာပြီးနောက် ကမ္ဘောဒီးယားအစိုးရကို တော်လှန်ပုန်ကန်ရန် သူပုန်အဖွဲ့များဖွဲ့စည်းထူထောင်ကြသည်။ ထိုလူငယ်မာ့ခ်စ်ဝါဒီများသည် နောက်ပိုင်းတွင် ခမာစီယက်မင်း (မော်တာခီဟာ) အဖွဲ့နှင့် ပူးပေါင်းလိုက်ကြသည်။ သူတို့သည် ပူးပေါင်းမှုပြုသော်လည်း ခမာစီယက်မင်းအဖွဲ့၏ စီယက်နမ်တို့နှင့် အလွမ်းသင့်လွန်းခြင်းကို သိပ်မနှစ်သက်ကြပေ။

၁၉၅၃ ခုနှစ် ဩဂုတ်လတွင် ပိုပေါ့သည် အိမ်က တိတ်တဆိတ်ထွက်ခွာသွားပြီး ကရာဘောင်ကျေးရွာအနီးတွင် တပ်စွဲထားသည့် စီယက်မင်းအရှေ့ပိုင်းစခန်းဌာနချုပ်သို့ တစ်ဦးတည်းရောက်ရှိလာခဲ့သည်။ ထိုစခန်းသည် တောထဲတွင် တည်ထောင်ထားခြင်းဖြစ်ပြီး တိုက်ခိုက်ခံရလျှင် အလွယ်တကူ ရွှေ့ပြောင်းနိုင်ရန် ရွက်ဖျင်တဲများနှင့် စခန်းတည်ထားကြသည်။

ပိုပေါ့နှင့် ထိုစခန်းသို့ နောက်ပိုင်းတွင် ရောက်လာသည့် သူ့မိတ်ဆွေများသည် ခွဲခြားဆက်ဆံမှုများနှင့် ကြုံတွေ့လိုက်ရသည့်အခါ အလွန်တုန်လှုပ်ချောက်ချားသွားခဲ့ကြသည်။ ထိုစခန်းအတွင်း စီယက်နမ်တို့က ရာထူးအဆင့်အတန်းမြင့်မားစွာ နေရာယူထားကြပြီး ခမာ (ကမ္ဘောဒီယား) တို့က သူတို့ကို အစေအပါးများသဖွယ် လုပ်ဆောင်ပေးနေကြရသဖြင့် စိတ်ပျက်သွားခဲ့ကြသည်။ ပိုပေါ့ကိုယ်တိုင် ခြံအလုပ်နှင့် စဖိုဆောင်တွင် အလုပ်လုပ်နေခဲ့ရသည်။ သို့သော် ပိုပေါ့သည် စီယက်မင်း (စီယက်နမ်ပြောက်ကျား) တို့၏ ဝါဒဖြန့်ချိမှုများ၊ ဒေသနှင့် တောင်သူလယ်သမားများအပေါ် ထိန်းချုပ်စိုးမိုးထားမှုများကို လေ့လာပြီး နိုင်းသမျှလုပ်ပေးကာ နေထိုင်ခဲ့သည်။

၁၉၅၄ ခုနှစ် ဂျနီဗာသဘောတူညီချက်အရ ခမာစီယက်မင်းတပ်များကို ဖျက်သိမ်းပြီးနောက် ပိုပေါ့နှင့် သူ့မိတ်ဆွေများသည် ဖနွမ်းပင်သို့ ပြန်လာခဲ့ကြသည်။

၁၉၅၅ ခုနှစ် ရွေးကောက်ပွဲ ၁၉၅၄ ခုနှစ် ဂျနီဗာသဘောတူညီချက်စာချုပ်အရ တော်လှန်ရေးတပ်ဖွဲ့ အမြောက်အမြားကို ဖျက်သိမ်းပြီးနောက် ၁၉၅၅ ခုနှစ်တွင် ရွေးကောက်ပွဲကိုကျင်းပပေးပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရန် ကြေညာ

ခဲ့ကြသည်။ ဖနွမ်းပင်သို့ ပြန်ရောက်လာသည့် ပိုပေါ့သည် ရွေးကောက်ပွဲဝင်ရန် စိတ်အားထက်သန်လျက်ရှိသည်။ ထို့နောက်သူသည် ဒီမိုကရက်တစ်ပါတီအတွင်း ဝင်ရောက်ပြီး နိုင်ငံရေးပေါ်လစီများကိုပါ ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့သည်။

မင်းသားကြီး နိုရိုဒွန်သီဟာနု (ဘုရင်ဆိုသည့်ရာထူးကို စွန့်လွှတ်ပြီး နိုင်ငံရေးကို တိုက်ရိုက်ကူးပြောင်းလာသူ) ကလည်း ရွေးကောက်ပွဲကိုဝင်ရန် အတွက် ကြိုးစားပြင်ဆင်နေခဲ့သည်။ သို့ဖြစ်ရာ ပိုပေါ့နှင့် သူ၏ ကွန်မြူနစ် မိတ်ဆွေများသည် ကမ္ဘောဒီးယား အာဏာကိုရရန်အတွက် တော်လှန်ရေး နည်းကိုသာသုံးမှဖြစ်မည်ဟု ဆုံးဖြတ်ခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် မင်းသားကြီး သီဟာနုကို ပြည်သူများကထောက်ခံကြသောကြောင့် သီဟာနု အောင်ပွဲခံသွားခဲ့သည်။

## ခမာတပ်ကို ဖွဲ့စည်းထူထောင်ခြင်း

၁၉၅၅ ခုနှစ် ရွေးကောက်ပွဲပြီးချိန်တွင် ပိုပေါ့သည် နှစ်ဘဝစံအဖြစ် နိုင်ငံရေးကို ဦးဆောင်လှုပ်ရှားနေခဲ့သည်။ သူသည် နေ့ဘက်တွင် ကျောင်းဆရာ လုပ်ပြီး ကလေးများကိုစာသင်ရာ အောင်မြင်သည့် ကျောင်းဆရာတစ်ယောက် ဖြစ်ခဲ့သည်။ ညဘက်တွင် သူသည် ကွန်မြူနစ်တော်လှန်ရေးလှုပ်ရှားသည့် အဖွဲ့များနှင့်ဆက်သွယ်ပြီး ကမ်ပူချား ပြည်သူ့တော်လှန်ရေးပါတီ (KPRP) ကို ထူထောင်ခဲ့သည်။ (ကမ်ပူချားဆိုသည်မှာ ကမ္ဘောဒီးယား၏ အခြားအမည် ဖြစ်ပြီး ယခုအခါ သုံးစွဲခြင်းမရှိတော့ပေ။)

ထိုကာလတွင် ပိုပေါ့သည် အိမ်ထောင်ပြုခဲ့သည်။ ၁၉၅၆ ခုနှစ် ဇူလိုင်လ ၁၄ ရက် နေ့တွင် ခီယူပုဏ္ဏရီဆိုသူနှင့် လက်ထပ်ခဲ့ပြီး မင်္ဂလာပွဲကို သုံးရက်တိုင်ကျင်းပခဲ့သည်။ ပုဏ္ဏရီသည် သူနှင့်ပဲရစ်တွင် ကျောင်းအတူတက် ခဲ့သော သူငယ်ချင်း၏ ညီမတစ်ဦးဖြစ်ပြီး သူတို့ဇနီးမောင်နှံတွင် ကလေးရရန် အတွက် အတူနေခဲ့သည့်ကာလများ မရှိခဲ့သလောက်ဖြစ်ခဲ့သောကြောင့် သား

သမီးလည်း မထွန်းကားခဲ့ပေ။

၁၉၅၉ ခုနှစ်တွင် မင်းသားကြီးသီဟာနုသည် လက်ဝဲယိမ်းကွန်မြူနစ်များ၏ ဖိနှိပ်ချုပ်ချယ်မှုကိုခံခဲ့ရပြီး မျိုးဆက်ဟောင်းများအနေနှင့် နိုင်ငံရေးတွင် ဝိုင်းပယ်ကြရန် တိုက်ခိုက်မှုများခံခဲ့ရသည်။ သို့ဖြစ်ရာ ယခင်နိုင်ငံခေါင်းဆောင်များသည် ကွန်မြူနစ်လူငယ်များကိုကြောက်ရွံ့ပြီး ပြည်ပနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်ကြတော့သည်။ ပါတီပိုင်းတွင် ပိုပေါ့နှင့် အခြားလူငယ်ခေါင်းဆောင်များသည် တိုင်းပြည်အတွင်းနေရာရလာပြီး KPRP ပါတီလည်း ရှေ့တန်းတက်လာခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် ပါတီအတွင်း တိုက်ပွဲများဖြစ်ပွားခဲ့ပြီးနောက် ပိုပေါ့သည် ပါတီကိုချုပ်ကိုင်လိုက်တော့သည်။

KPRP ပါတီကို နောက်ပိုင်း ၁၉၆၆ ခုနှစ်တွင် ကမ်ပူချားကွန်မြူနစ်ပါတီ (CPK) ဟုအမည်ပြောင်းပြီး 'ခမာနီ' အဖွဲ့အနေနှင့် သာလူသိများခဲ့သည်။ ခမာနီဟုခေါ်ဝေါ်ခြင်းကို သီဟာနုကစတင်ခဲ့ပြီး၊ အနီရောင်သည် ကွန်မြူနစ်များကိုကိုယ်စားပြုသောကြောင့် အနီများဟု ခမာလိုခေါ်ဝေါ်ခဲ့ခြင်း ဖြစ်သည်။

## သီဟာနုဖြုတ်ချခံရေး ကြိုးပမ်းမှုများ

၁၉၆၂ ခုနှစ် မတ်လတွင် ပိုပေါ့သည် တဖြည်းဖြည်းတိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်လာခဲ့ရသည်။ သူသည် သီဟာနုအစိုးရကို ပြောက်ကျားစစ်နှင့် တိုက်ခိုက်ရန်အတွက် တောခိုပြီး တော်လှန်ရေးကိုဆောင်ရွက်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် မြောက်ဗီယက်နမ်၏ အထောက်အပံ့အကူအညီဖြင့် နယ်စပ်တွင် စစ်စခန်းကိုတည်ဆောက်ခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်စနစ်ပပျောက်ရေး၊ အကျင့်ပျက်လာဘ်စားမှုများ တိုက်ဖျက်ရေးနှင့် ဖိနှိပ်မှုကင်းဝေးရေး ခေါင်းစဉ်များ တပ်ကာ တော်လှန်ရေးလုပ်မည်ဆိုပြီး ခမာနီတပ်ကို ထူထောင်ခဲ့ကြခြင်းဖြစ်သည်။

ထိုကာလတွင် ခမာနီတို့၏ ထိုးနက်တိုက်ခိုက်မှုများသည် သဘောတရားရေးအရ အောင်မြင်ခဲ့သည်ဟုဆိုရမည်။ တရုတ်ခေါင်းဆောင်ကြီးမော်စီတုန်း၏ လယ်သမား၊ အလုပ်သမားလူတန်းစားကိုအခြေခံပြီး တော်လှန်ရေးကိုဆင်နွှဲ

ခဲ့သောကြောင့်လည်း လူစိတ်ဝင်စားခြင်းခံလာရသည်ဟု ဆိုရမည်။ မော်စီတုန်း အတွေးအခေါ်၊ မာ့ခ်စ်ဝါဒ၏ အလုပ်သမား လယ်သမားလမ်းညွှန်တို့နှင့် တော်လှန်ရေးဆိုသည့် စကားရပ်သည် ထိုစဉ်က ရေပန်းအစားဆုံးစကားရပ်များလည်းဖြစ်ခဲ့သည်။

## ဒီမိုကရက်တစ်ကမ်ပူးချားၜ လူမျိုးတုံးသတ်ဖြတ်မှုများ

၁၉၆၅ ခုနှစ်မှသည် ၁၉၇၀ ပြည့်နှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံအတွင်း ငါးနှစ်တိုင် ပြည်တွင်းစစ်မီး အကြီးအကျယ်တောက်လောင်ခဲ့သည်။ ခမာနီတို့သည် ကမ္ဘောဒီးယားနိုင်ငံမြို့တော် ဖနွမ်းပင်မြို့တော်ကို ၁၉၇၅ ဧပြီလ ၁၇ ရက်နေ့တွင် သိမ်းပိုက်နိုင်ခဲ့ကြသည်။

ကမ္ဘောဒီးယားနိုင်ငံကို ခမာနီတို့က သိမ်းပိုက်ပြီးနောက် ဒီမိုကရက်တစ်ကမ်ပူးချားနိုင်ငံဟု အမည်ပြောင်းပြီး ပိုပေါ့သည် တစ်သက်လုံးမြှုသိပ်ခဲ့ရသည့် ရက်စက်ကြမ်းကြုတ်စိတ်များကို အတိုးချကာ သတ်ဖြတ်နှိမ်နင်းမှုများကို စတင်လုပ်ဆောင်တော့သည်။

ပိုပေါ့က ကမ္ဘောဒီးယားနိုင်ငံကို တရုတ်ကွန်မြူနစ်နိုင်ငံတော်တစ်ခုပမာ အသွင်ပြောင်းရန်အတွက် ဘာသာရေးကိုးကွယ်မှုများကို ဖျက်သိမ်းပစ်သည်။ တရုတ်ပြည် ယဉ်ကျေးမှုတော်လှန်ရေးကဲ့သို့ ကမ်ပူချားယဉ်ကျေးမှုတော်လှန်ရေးကို ဆင်နွှဲသည့်အနေနှင့် နိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးစုများကို မိမိတို့ကိုယ်ပိုင်ဘာသာစကား သုံးစွဲရန်ကိုပါ ပိတ်ပင်ခဲ့သည်။ မိသားစုဆိုသည့်အသွင်များကိုဖျောက်ပစ်ခြင်း၊ ကွန်မြူနစ်စနစ်ဘုံဝါဒကိုထူထောင်ခြင်း၊ နိုင်ငံရေးအရ ပြဿနာရှာနိုင်သည့်သူများကို ရှင်းထုတ်ပစ်ခြင်းတို့ကို တရားလက်လွတ်ပြုကျင့်တော့သည်။

ဒီမိုကရက်တစ်ကမ်ပူချားဟု အမည်ပြောင်းပြီးကတည်းက ပိုပေါ့သည် အုပ်စုလိုက်သတ်ဖြတ်ပွဲများကို စတင်ဆင်နွှဲတော့သည်။ ယခင်အစိုးရအဖွဲ့ဝင်ခေါင်းဆောင်ဟောင်းများ၊ ဗုဒ္ဓဘာသာဝင်ဘုန်းတော်ကြီးများ၊ မွတ်ဆလင်များ၊

အနောက်တိုင်းက ဘွဲ့ရခဲ့သည့် ပညာတတ်များ၊ တက္ကသိုလ်ကျောင်းသားများနှင့် ဆရာများ၊ အနောက်နိုင်ငံ သို့မဟုတ် ဗီယက်နမ်တို့နှင့် အဆက်အသွယ်ရှိသူများ၊ မသန်စွမ်းသူများ၊ အိန္ဒိယကျူးကန်းများ၊ တရုတ်လူမျိုးများ၊ လာအိုလူမျိုးစုနွယ် များနှင့် ဗီယက်နမ်များမှန်သမျှ အမြစ်ဖြတ်သုတ်သင်ရေးလုပ်ငန်းတို့ကို စတင် လုပ်ဆောင်တော့သည်။

ပြုပြင်ပြောင်းလဲရေးနှင့် တော်လှန်ရေးအပြင် လူဦးရေထိန်းသိမ်းမှု အကြောင်းပြချက်များဖြင့် လူမျိုးတုံးသတ်ဖြတ်ပွဲကြီးများကို စတင်ဆင်နွှဲခဲ့ရာ ၁၉၇၉ ခုနှစ် ကုန်ပိုင်းတွင် အနည်းဆုံး လူဦးရေ ၁ ဒသမ ၅ သန်းခန့် သတ်ဖြတ် သုတ်သင်ခြင်းခံလိုက်ရသည်။ ထိုအကြောင်းကို "Killing Field" ဆိုသည့် ရုပ်ရှင်အဖြစ် နိုင်ငံခြားကထုတ်ဖော်ရိုက်ကူးခဲ့သောကြောင့် ကမ္ဘာက သိခဲ့ရပြီး တုန်လှုပ်ချောက်ချားခဲ့ကြရသည်။ ကိုယ့်သေကျင်းကိုယ်တူးနိုင်းပြီး သံတုတ် များနှင့် မသေမချင်းရိုက်သတ်ခဲ့ရသည့်ဖြစ်ရပ်များကို ပြည်သူတို့ခံစားရပြီးနောက် ပိုင်းတွင် အရိုးတွေတောင်လိုပုံအောင် တူးဖော်ရရှိခဲ့သည်အထိ ရက်စက်ခဲ့မှုများကို ကမ္ဘောဒီးယားနိုင်ငံသားတို့ ခံစားခဲ့ရသည်။

## အာဏာရှင်နောက်ဆုံးနေ့ရက်များ

အိမ်နီးချင်းဗီယက်နမ်နိုင်ငံ၏ ဖိအားပေးမှုများကြောင့် ပိုပေါ့သည် ၁၉၈၅ ခုနှစ်တွင် ခမာနီတပါတီကနုတ်ထွက်ခဲ့ပြီး ဆွန်ဆမ်ကို အာဏာလွှဲခဲ့သည်။ သို့သော် ပါတီကိုမူ သူကချုပ်ကိုင်ထားစဲဖြစ်သည်။ ၁၉၈၆ ခုနှစ်တွင် သူ၏ ဒုတိယဇနီးမယ်ဆွန်နှင့် သမီးလေးတစ်ယောက်ဖွားမြင်ခဲ့သည်။ ပထမဇနီးသည် သူအာဏာမရမီလေးတွင် ရူးသွပ်သွားခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

၁၉၉၅ ခုနှစ်အထိ ပိုပေါ့သည် ထိုင်းနယ်စပ်သို့ ထွက်ပြေးပုန်းရှောင်ကာ မထင်မရှားနေထိုင်ခဲ့ရသည်။ ခန္ဓာကိုယ်ကလည်း လေဖြတ်ပြီးစိတ်ဓာတ်များကျနေ ခဲ့ရသည်။ နောက်နှစ်နှစ်အကြာတွင် ပိုပေါ့သည် ဆွန်ဆမ်နှင့် မိသားစုကိုလာဖမ်းပြီး သတ်ပစ်လိုက်သည်။ အကြောင်းပြချက်မှာ ကမ္ဘောဒီးယားအစိုးရနှင့် စေ့စပ်မှု

လုပ်သောကြောင့်ဖြစ်သည်။ ဆွန်ဆာမ် ကွယ်လွန်သွားခြင်းကြောင့် လက်ကျန် ခမာနီခေါင်းဆောင်များ တုန်လှုပ်သွားကြသည်။ နောက်ကြောင်း မအေးသဖြင့် ခမာနီတပ်များကို ပိုပေါ့ကိုဖမ်းကာ အစိုးရလက်ထဲသို့ အပ်လိုက်ကြသည်။

ပိုပေါ့ကို နေအိမ်အကျယ်ချုပ်ထိန်းသိမ်းထားပြီး အသက်ကို ချမ်းသာပေးထားကြသည်။ အကြောင်းမှာ ခမာနီအတွင်းရေးများကို သူကအတော်များများ သိနေသောကြောင့်ဖြစ်သည်။ ထို့ကြောင့် စစ်မေးစရာကိစ္စများ ရှိနေသဖြင့် လွတ်ငြိမ်းခွင့် ပေးထားကြခြင်းဖြစ်သည်။

၁၉၉၈ ခုနှစ် ဧပြီလ ၁၅ ရက်နေ့တွင် ပိုပေါ့သည် သူနေစဉ်နားထောင်သည့် အမေရိကန်အသံ (VOA) အသံလွှင့် အစီအစဉ်က သူ့ကို နိုင်ငံတကာစစ်ခုံရုံးတင်မည်ဆိုသည့် သတင်းကို ကြားလိုက်ရသည်။ ထိုသတင်းကို နံနက်ပိုင်းတွင် နားထောင်ပြီးနောက် ညပိုင်းတွင် သူကွယ်လွန်သွားခဲ့သည်။ သူ့ကိုယ်သူ သတ်သေသည်၊ အသတ်ခံရသည်ဆိုသည့် သတင်းများထွက်လာသည်။ သူ့အလောင်းကို စစ်ဆေးခြင်းလည်းမပြုဘဲ မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြသည်။ အာဏာရှင်ကြီး၏ နေဝင်ချိန်သည် မထင်မရှား ဇာတ်သိမ်းသွားခဲ့သော်လည်း သူသတ်ခဲ့သည့် လူပေါင်း ၁ ဒသမ ၅ သန်း အရိုးမှတ်တမ်းများကို ကမ္ဘောဒီယားနိုင်ငံတွင် ယနေ့တိုင်တွေ့နေရသေးသည်။

**Ref : Pol Pot History 1990; History Place; New York Times; BBC**



13

ဆော်ဒီ
အာရေးဗီးယား
နိုင်ငံ

# အဘ်ဒူလာ ဘင် အဘ်ဒူ အဇစ် အယ်လ် ဆတ်

**အစောပိုင်းကာလများ**

ဘုရင် အဘ်ဒူလာကို ၁၉၂၄ ခုနှစ်တွင် ရိယာဒ်၌ မွေးဖွားခဲ့သည်။ မွေးချင်းညီအစ်ကို မောင်နှမပေါင်း ၅၀ ခန့်ရှိသည်ဟု သူကိုယ်တိုင်ဖွင့်ဟ ပြောခဲ့ဖူးသည်။ ခေတ်သစ်ဆော်ဒီအာရေးဗီးယားနိုင်ငံကို ထူထောင်ခဲ့သူ ဘုရင်အဘ်ဒူအဇစ်အယ်လ်ဆတ်၏ ဆယ်ယောက်မြောက် သားတစ်ဦးဖြစ်သည်။

ဆော်ဒီသံရုံး၏ ထုတ်ပြန်ချက်အရ အဘ်ဒူလာသည် ငယ်စဉ်ဘဝက သဲကန္တာရအတွင်းနေထိုင်သည့် ဘီဒိုအင်လူမျိုးစုနှင့်အတူ သွားရောက်နေထိုင်ခဲ့သည်ဟု သိရသည်။ သူသည် အာရေဗီးယန်းမြင်းများကို မွေးမြူသည့်လုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။

## နိုင်ငံရေးလောကသို့ ဝင်ရောက်လာခြင်း

အဘ်ဒူလာသည် ဘုရင်ဘွဲ့ကို သူ့နောင်တော်တစ်ဝမ်းကွဲဖြစ်သူ ဘုရင် ဖာဒ်ဘင်အဘ်ဒူအစစ် ကွယ်လွန်ခဲ့ပြီးနောက် ၂၀၀၅ ခုနှစ်တွင် ဆက်ခံခဲ့သူဖြစ်သည်။ ထီးနန်းမဆက်ခံမီကတည်းက သူသည် ဝန်ကြီးချုပ်အဖြစ်လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးတပ်တွင် တပ်မှူးကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

အဘ်ဒူလာသည် အရွယ်ရောက်လာစဉ်ကတည်းက ဆော်ဒီတော်ဝင်မိသားစုအတွင်း၌ ထင်ရှားသူတစ်ဦးဖြစ်သည်။ ပထမဦးဆုံး အစိုးရအဖွဲ့တွင် မှတ်ဆလင်လူမျိုးတို့ အထွတ်အမြတ်ထားသည့် မက္ကာမြို့တော်၏ မြို့တော်ဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသည်။ ဘုရင်ဖာဒ်မကွယ်လွန်မီအထိ အိမ်ရှေ့မင်းသားဘဝနှင့်လည်း နေထိုင်ခဲ့ရသည်။ ၁၉၉၅ ခုနှစ်တွင် ဘုရင်ဖာဒ် လေဖြတ်နေချိန်တွင် ယာယီတိုင်းပြည်ကို အုပ်ချုပ်ခဲ့ရသည်။

## မိသားစုအကြောင်း

အဘ်ဒူလာတွင် မိန်းမ ၁၃ ယောက်၊ သားသမီး ၃၅ ယောက်ရှိသည်။ သူ၏သမီးဖြစ်သူ မင်းသမီးအဒီလာသည် အမျိုးသမီးများ ကားမောင်းခွင့်ရရေးအတွက် အမျိုးသမီးအခွင့်အရေးကို ဦးဆောင်လှုပ်ရှားနေသူတစ်ဦး ဖြစ်သည်။ ဆော်ဒီနိုင်ငံတွင် မင်းမျိုးမင်းနွယ်အတွင်း အလွန်ရှားပါးသည့်စိတ်ဓာတ်ရှိသူဖြစ်ပြီး ပြည်သူချစ်သောသူတစ်ဦးဟု ဆိုနိုင်သည်။ အကြမ်းမဖက်ရေး၊ အမျိုးသမီးများ အခွင့်အရေးတို့တွင် ဦးဆောင်ပြီး အလှူအတန်းများပြုလုပ်သည့် အဖွဲ့အစည်းများစွာတွင်လည်း အကြီးအကဲရာထူးများကို ခန့်အပ်ခြင်းခံထားရသူဖြစ်သည်။

## ဘုရင်ဘဝ ဆောင်ရွက်မှုများ

ဆော်ဒီအာရေးဗီးယားနိုင်ငံသည် အစ္စလာမ်ကို မွေးဖွားသည့်နိုင်ငံ တစ်နိုင်ငံအဖြစ် နာမည်ထင်ရှားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မွတ်ဆလင် နိုင်ငံနှစ်နိုင်ငံ၏ မြင့်မြတ်သောနိုင်ငံအဖြစ်လည်း သတ်မှတ်ခြင်းခံရသည်။ ဆော်ဒီနိုင်ငံတွင် ဘုရင်အဖြစ် ထီးနန်းဆက်ခံခွင့်ရသူသည် 'မြင့်မြတ်သည့် ဗလီကျောင်းတော်ကြီးနှစ်လုံးကို ထိန်းသိမ်းစောင့်ရှောက်သူ' ဆိုသည့်ဘွဲ့ကို ရရှိထားသူလည်းဖြစ်သည်။ ထိုရာထူး ဘွဲ့ထူးဂုဏ်ထူးထက်ပိုသော အခြား ဘွဲ့ထူးမှာ 'ကမ္ဘာ့အရေးအပါဆုံး ရေနံတွင်းကြီးများကို ထိန်းသိမ်းစောင့်ရှောက်သူ' အဖြစ် ဂုဏ်ထင်ရှားသူဖြစ်လာသည်။ ဆော်ဒီသည် ကမ္ဘာ့ရေနံစိမ်းတင်ပို့မှုတွင် အများဆုံးနိုင်ငံကြီးဖြစ်သဖြင့် ကမ္ဘာ့စီးပွားရေးတွင် အဓိကကျသည့် မောင်းနှင် စွမ်းအားအင်ဂျင်နိုင်ငံကြီးအဖြစ်လည်း တင်စားခြင်းခံရသည်။

ဆော်ဒီတွင် ဘုရင်အဖြစ် ဆက်ခံခွင့်ရသူများသည် အာရပ်လောကတွင် အလွန်အရေးပါသည့်နေရာကို ရရှိသူလည်းဖြစ်သည်။ ထိုသို့ အရေးပါမှုကို ဆက်ခံရသည်ဆိုသော ဂုဏ်ရှိန်ဖြင့် နိုင်ငံအတွင်းရှိ မူဝါဒများကို ပြုပြင်ပြောင်းလဲခြင်းများကို အဘ်ဒူလာလက်ထက်တွင် ဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် ဒေသတွင်းငြိမ်းချမ်းရေးကို ဦးစွာဆောင်ရွက်ခဲ့သည်။

ဘုရင် အဘ်ဒူလာသည် လွန်ခဲ့သည့် ၇ နှစ်ကတည်းက နိုင်ငံရေးတွင် ပြုပြင်ပြောင်းလဲမှုများလုပ်ခဲ့ကြောင်း တွေ့ရသည်။ သဘောထားမတူသူများနှင့် ဆွေးနွေးမှုပြုသည်။ လွတ်လပ်ပွင့်လင်းစွာ ဝေဖန်ဆွေးနွေးခွင့်များပေးလာသည်။ ဘာသာရေးသမားများ၏ တားမြစ်ပိတ်ပင်မှုများကို ဆန့်ကျင်ပြီး ဖြေလျှော့မှုများ ပေးခြင်း၊ အမျိုးသမီးများကို လွတ်လပ်ခွင့်ပိုပြီး ဖော်ဆောင်ပေးလာခြင်း၊ စီးပွားရေးတွင် လွတ်လပ်ခွင့်များပေးလာခြင်းစသည့် လုပ်ဆောင်ချက်များသည် မွတ်စလင်တိုင်းပြည်တစ်ပြည်အတွက် ထူးခြားသော ဆောင်ရွက်ချက်များဖြစ်သည်။ အရိုးစွဲနေသောစနစ်ကို ပြောင်းလဲရန်အတွက် အချိန်အတော်လေးယူခဲ့ရသည်။ ဘာသာရေးနှင့် တင်းကျပ်သောလူ့ဘောင်အတွက် သူ့အနေနှင့် သတိထား ကိုင်တွယ်ပြီး လုပ်ဆောင်ခဲ့ရခြင်းလည်းဖြစ်သည်။

အာရပ်ကမ္ဘာတွင် ပြုပြင်ပြောင်းလဲမှုများ၊ လှုပ်ခတ်မှုများသည် လွန်ခဲ့သော ၂ နှစ်လောက်ကတည်းက အရှိန်မြင့်ခဲ့သည်။ အထူးသဖြင့် ဆော်ဒီ အာရေးဗီးယားနိုင်ငံမျိုးတွင် သတိထားပြီး ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင် ခဲ့ရသည်။ အဘယ်ကြောင့် ဆော်ဒီတွင် အခြားအာရပ်နိုင်ငံများကဲ့သို့ ဆူပူ အုံကြွမှုများ မဖြစ်ခဲ့သနည်းဆိုသည့် ကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံရေးလေ့လာသူ များက အစိုးရကိုယ်တိုင်သည် ပြည်သူတွေကို လာဘ်ထိုးထားသောကြောင့်ဟု သုံးသပ်ခဲ့သည်။ အစိုးရသည် ပြည်သူတွေကို ပေးသင့်တာပေး၊ ကျွေးသင့်တာ ကျွေးပြီး ချွေးသိပ်ထားနိုင်သောကြောင့် မပူမပင်ရသော ဘဝလေးတွေကိုပျောက် သွားမှာ ကြောက်နေကြသည်ဆိုသည့် အချက်ကလည်း စဉ်းစားစရာဖြစ်သည်။

နိုင်ငံရေးလေ့လာသုံးသပ်သူများက အားမလိုအားမရဖြစ်မိသည်မှာ ဆော်ဒီပြည်သူတွေကိုသာ ဖြစ်သည်။ ဘုရင်များနှင့် ဘုရင်မများက သူတို့ဘဝ များကို တစ်သက်လုံး စောင့်ရှောက်ထားသည်ဆိုသော အတွေးများကိုလည်း သူတို့ဦးနှောက်ထဲက ရုတ်တရက်ထုတ်လိုက်ရန် မဖြစ်နိုင်သေးသည့် အနေ အထားတွင် ရှိနေသည်။

ဆော်ဒီနိုင်ငံသားသည် လူညံ့များမဟုတ်ကြပေ။ သူတို့ရင်ဆိုင်ကိုးကွယ် နေရသည့် အုပ်ချုပ်သူသည် ခေါင်းဆောင်ကောင်းတစ်ယောက် မဟုတ်သည်ကို သိကြသော်လည်း လက်ရှိတွင်သူတို့သည် အာရပ်ညီနောင်များ၊ အာရပ်ညီအစ်မများ စသည့် နိုင်ငံရေးလှုပ်ရှားသူများနှင့်ပင် လက်တွဲချင်ကြဦးမည် မဟုတ်ပေ။ တစ်နည်းအားဖြင့်ဆိုသော် ဘုရင်အဘ်ဒုလာ၏ ဘုန်းတန်ခိုးနှင့် ဩဇာအရှိန်အဝါ လောင်းရိပ်အောက်က သူတို့ရုန်းထွက်နိုင်ကြဦးမည် မဟုတ်ပေ။

ဆော်ဒီနိုင်ငံသည် အမေရိကန်ပြည်ထောင်စု၏ အရှေ့ပိုင်း မဟာဗျူဟာ အကျဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပြီး တစ်ကမ္ဘာလုံးအတွက်လည်း အရေးပါသည့် နိုင်ငံတစ်နိုင်ငံဖြစ်နေသည်။ အာရပ်ကမ္ဘာတစ်ခုလုံး အုတ်အုတ်ကျက်ကျက်ဖြစ် နေသော်လည်း ဆော်ဒီကို တည်ငြိမ်အောင်ထိန်းထားနိုင်ရေးသည် အမေရိကန် အတွက်လည်း အရေးကြီးလှသည်။

ယခုအခါ ဘုရင် အဘ်ဒုလာသည် အသက် ၈၉ နှစ်ရှိပြီဖြစ်သည်။

သူ့ကျန်းမာရေးနှင့်ပတ်သက်သည့် သတင်းတွေကလည်း သိပ်မကောင်း။ ကောလာဟလတွေကလည်း အမျိုးမျိုးထွက်နေသည်။ သူ့နေရာထီးနန်းကို ဆက်ခံမည့်သူသည် အနာဂတ်အရှေ့အလယ်ပိုင်း၊ မွတ်ဆလင်ကမ္ဘာ၊ အမေရိကန်နှင့်ဆက်ဆံရေး၊ ကမ္ဘာ့စီးပွားရေးတည်ငြိမ်ရေးတို့ကို ထိန်းသိမ်းပေးနိုင်စွမ်းရှိသူဖြစ်ရပေလိမ့်မည်။

## ရင်လေးဖွယ် ဆော်ဒီနိုင်ငံရေး

ဘုရင် အဘ်ဒူလာနေရာတွင် ရုတ်တရက်ဆက်ခံပြီး နေရာရလာသူမှာ မင်းသားဆာလ်မန်ဖြစ်သည်။ လက်ရှိကာကွယ်ရေးဝန်ကြီးရာထူးကို ရယူထားပြီးသူကိုလည်း ပြုပြင်ပြောင်းလဲသူတစ်ယောက်အနေနှင့် လက်ခံထားကြသည်။ မင်းသားဆာလ်မန်သည် ၁၉၅၃ ခုနှစ်တွင် ကွယ်လွန်သွားခဲ့သည့် ဘုရင်အဘ်ဒူအဇစ်နှင့် အတော်လေးတူသူဟုဆိုရမည်။ ဆော်ဒီတွင် များသောအားဖြင့် ညီအစ်ကိုချင်း ထီးနန်းလွှဲသွားကြသည်က များသည်။ သို့သော် အဘ်ဒူလာ၏ ညီအစ်ကိုတော်များသည် ကွယ်လွန်သူတွေက ကွယ်လွန်၊ လက်ရှိကျန်နေသူတွေကလည်း ၇၀ ကျော် ၈၀ ခန့်ရှိနေပြီဖြစ်သောကြောင့် အရိုက်အရာဆက်ခံရန်ဆိုသည်မှာ အားကိုးလောက်သည့် အနေအထားတွင်မရှိဘဲ ဖြစ်နေခဲ့ရသည်။

လက်ရှိအနေအထားတွင် မင်းသားဆာလ်မန်ကလွဲပြီး ဆော်ဒီကိုဦးဆောင်နိုင်မည့်သူကလည်း မတွေ့နိုင်လောက်အောင် ဖြစ်နေသည်။ အကယ်၍ ဘုရင်အဘ်ဒူလာ ကံတော်ကုန်သွားလျှင် မည်သူအရိုက်အရာ ဆက်ခံမည်နည်းဆိုသည့် ပြဿနာသည် ပေါ်ကောင်းပေါ်လာနိုင်သည့် ပြဿနာဖြစ်သည်။ သားတော်မြေးတော်အများအပြားသည် လုံခြုံရေး၊ ထောက်လှမ်းရေးစသည့် ရာထူးများတွင် ချုပ်ကိုင်ထားကြသူများဖြစ်သည်။ အနာဂတ်ဘုရင်လောင်းလျာအဖြစ် ကောင်းစွာလေ့ကျင့်ပျိုးထောင်ပေးထားသူများဟုလည်း ဆိုရမည်ဖြစ်သည်။

- လက်ရှိ နိုင်ငံတော်ကာကွယ်ရေးတွင် အကြီးအကဲအဖြစ် တာဝန်ယူထားရသည့် မင်းသား မီတက်ဘင်အဘ်ဒူလာသည်

အဘ်ဒူလာ၏သားဖြစ်ပြီး စစ်တပ်ကိုဦးဆောင်နေသူတစ်ဦး
ဖြစ်ကာ နိုင်ငံအတွင်းရှိ လူမျိုးစုပေါင်းစုံနှင့် ဒေသပေါင်း
များစွာကို ချုပ်ကိုင်ထားသူဖြစ်သည်။

- ပူပူနွေးနွေး ပြည်ထဲရေးဝန်ကြီးအဖြစ် တာဝန်ယူထားသည့်
မင်းသား မိုဟာမက်ဘင် နာအစ်သည် မကြာမီက ကွယ်လွန်
သွားခဲ့သည့် ဝန်ကြီး မင်းသား နာအစ်၏သားဖြစ်သည်။
ဆော်ဒီရှိ အယ်လ်ကိုင်းဒါးအဖွဲ့ကထို နှိမ်နင်းနိုင်ခဲ့သူဖြစ်သဖြင့်
သူ့ဩဇာကလည်း ကြီးမားလှသည်။ အစွန်းရောက်သမား
များကို ချေမှုန်းရာတွင် ဦးဆောင်နေသူတစ်ယောက်ဖြစ်သည်။
- ထောက်လှမ်းရေးဌာနဝန်ကြီးသစ် မင်းသားဘန်ဒါ ဘင်
စူလ်တန်သည် ကွယ်လွန်သွားပြီဖြစ်သော ကာကွယ်ရေး
ဝန်ကြီး မင်းသားစူလ်တန်၏ သားဖြစ်သည်။ ဝါရှင်တန်က
သူ့ကို မောက်မာလွန်းသူတစ်ဦးဟု သတ်မှတ်ထားပြီး ယခင်
အမေရိကန်ဆိုင်ရာ ဆော်ဒီသံအမတ်အဖြစ် တာဝန်ထမ်း
ဆောင်ခဲ့သူလည်း ဖြစ်သည်။ သူက အီရန်နိုင်ငံ၏ ဆော်ဒီ
အပေါ် အပုပ်ချပြောဆိုမှုများကို ကျွမ်းကျင်စွာကိုင်တွယ်
ဖြေရှင်းနိုင်သည့်အပြင် အာရပ်နွေဦးကဲ့သို့သော တော်လှန်ရေး
များ ဆော်ဒီတွင် မဖြစ်ပွားစေရေးကို ကောင်းစွာထိန်းသိမ်း
နိုင်ခဲ့သူလည်း ဖြစ်သည်။
- မင်းသား အဘ်ဒူလာစ် ဘင်အဘ်ဒူလာသည် လက်ထောက်
နိုင်ငံခြားရေး ဝန်ကြီးတာဝန်ကိုယူထားပြီး လက်ရှိ နိုင်ငံခြားရေး
ဝန်ကြီးနေရာတွင် ဆက်ခံရန်ပြင်ဆင်ထားသူလည်း ဖြစ်သည်။
လက်ရှိနိုင်ငံခြားရေးဝန်ကြီး မင်းသား ဆာဒ်အယ်လ်ဖိုင်ဆယ်
သည် ထိုတာဝန်ကို နှစ်ပေါင်းများစွာ ထမ်းဆောင်ခဲ့ပြီး
မကျန်းမမာဖြစ်နေသည်။ အဘ်ဒူလာအစေ်ထံတွင် နိုင်ငံရေး
နှင့်ပတ်သက်သည့် ဖိုင်တွေများစွာ ရှိနေသည်။ အထူးသဖြင့်

ဆီးရီးယားနှင့်ပတ်သက်သည့် ဗိုင်များဖြစ်သည်။ သူသည်
ဖခင်ဖြစ်သူ ဘုရင်အဘ်ဒုလာ၏ အနီးကပ်ပုဂ္ဂိုလ်ရေးအကြံပေး
အဖြစ်လည်း တာဝန်ထမ်းဆောင်နေရသူ ဖြစ်သည်။

အထက်ပါလေးဦးသည် ဆော်ဒီနိုင်ငံအတွက် အနာဂတ်မင်းလောင်းများ အဖြစ် အလားအလာအရှိဆုံး ပုဂ္ဂိုလ်များဖြစ်ကြသည်။ တစ်နည်းအားဖြင့် နေဝင်သော်လည်း လတွေကတန်းစီထွက်ရန် တာစူထားကြသည်။

ဘုရင်အဘ်ဒုလာသည် တိုင်းပြည်ကို အာဏာရှင်အပြင်သက်ဦးဆံပိုင် ဘုရင်တစ်ပါးအနေနှင့်ပါ အုပ်ချုပ်စိုးမိုးခဲ့သော်လည်း သူ့ကို ပဒေသရာဇ် အာဏာရှင်တစ်ဦးအနေနှင့် တိုင်းပြည်က မမြင်ကြခြင်းမှာ ထူးခြားသည်ဟု ဆိုရမည်။ သူသည် ဘဝတစ်လျှောက်လုံး သဲကန္တာရကြီးကို ချစ်မြတ်နိုးခဲ့သူ ဖြစ်သည်။ အာရပ်မျိုးနွယ်ဖြစ်သည့်အလျောက် မြင်းကိုလည်း အလွန်ချစ်မြတ်နိုး သူဖြစ်ပြီး မြင်းများကိုမွေးမြူပြီး အချိန်တွေကုန်လွန်ခဲ့သူဟုလည်း ဆိုကြသည်။ နာမည်ကျော် အာရေးဗီးယန်းမြင်းများကို မွေးခဲ့သူဖြစ်သည်။ ရီယာ့ဒ်တွင် မြင်းစီးကလပ်ကို ထူထောင်ထားသူလည်းဖြစ်သည်။ ဘဝတစ်လျှောက်လုံး စာဖတ်ခြင်းနှင့်သာ ပျော်မွေ့ခဲ့သူဖြစ်သည်။ စာကြည့်တိုက်ကြီးနှစ်ခုကို ထူထောင်ခဲ့သည်။ ရီယာ့ဒ်ရှိ ဘုရင်အဘ်ဒုလာဖစ် စာကြည့်တိုက်နှင့် မော်ရိုကိုရှိ ကာဆာဘလန်ကာ စာကြည့်တိုက်တို့သည် သူထူထောင်ထားသော စာကြည့် တိုက်များဖြစ်သည်။

အဘ်ဒုလာ မိသားစုသည် ဆီးရီးယားသူပုန်များကို ထောက်ပံ့ထားကြ သူများဖြစ်သည်ဟု စွပ်စွဲမှုများရှိသည်။ ၂၀၁၃ ခုနှစ် မေလကတည်းက ဆော်ဒီ သည် ဆီးရီးယားသူပုန်များကို ရပ်တည်နိုင်ရေးအတွက် အမိကထောက်ပံ့ပေး နေကြောင်း သတင်းများတွင်လည်း ဝေဖန်ရေးသားခြင်းခံရသည်။

၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့ထုတ် Parade မဂ္ဂဇင်းတွင် စာရေးသူ ဒေးဗစ်ဝေါလန်ချင်းစကီးက ဘုရင်ဖာ့ဒ်နှင့် အိမ်ရှေ့မင်းသားအဘ်ဒုလာ တို့ကို ကမ္ဘာတွင် ဒုတိယအဆိုးဆုံး အာဏာရှင်များဟု ဝေဖန်ရေးသားခဲ့သည်။

ဆော်ဒီနိုင်ငံသားများသည် တင်းကျပ်သည့် Sharia ဥပဒေနှင့် တရားစီရင်ခြင်း ခံနေရသေးသည်။ ဥပမာ- ခိုးလျှင် လက်ဖြတ်ခြင်း၊ အရက်သောက်လျှင် ကြိမ်ဒဏ်ပေးခြင်းစသည့် စီရင်မှုမျိုးများသည် လူ့အခွင့်အရေးဘက်ကကြည့်လျှင် ဖိနှိပ်ချိုးနှိမ်လွန်းသည်ဟု ပြောနိုင်သည်။ လူသတ်မှု၊ မုဒိမ်းမှု၊ မူးယစ်ဆေးများ သယ်ဆောင် ရောင်းဝယ်ဖောက်ကားမှု၊ အောက်လမ်းပညာများအသုံးပြုလျှင် ခေါင်းဖြတ်စီရင်မှုများသည် မျက်မှောက်ကာလတွင် အာဏာရှင်အသွင်ကိုပိုပြီး ဖော်ဆောင်ရာရောက်စေသည်ဟု ဝေဖန်ပြစ်တင်ခဲ့ကြသည်။

ဘုရင် အဘ်ဒူလာသည် အရပ် ၅ ပေ ၁၁ လက်မခန့်ရှိပြီး ကျန်းမာ တောင့်တင်းသန်မာသူဟု ဆိုနိုင်သော်လည်း ဧရာထောက်လာပြီဖြစ်သောကြောင့် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၂ ခုနှစ်အတွင်း လေးကြိမ်တိုင် ခွဲစိတ်ကုသခြင်းခံခဲ့ရသည်။ နောက်ဆုံးအကြိမ် ခွဲစိတ်ကုသမှုကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ရီယာ့ဒ်၌ ပြုလုပ်ခဲ့သည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလထုတ် Forbes မဂ္ဂဇင်းက ဘုရင် အဘ်ဒူလာကို 'ကမ္ဘာ့ဩဇာအာဏာအရှိဆုံး ပုဂ္ဂိုလ်များ' စာရင်းတွင် သတ္တမမြောက်အဖြစ်ဖော်ပြ ခဲ့သည်။ သူ့ပိုင်ဆိုင်မှုမှာ ဒေါ်လာ ၂၁ ဘီလီယံ ခန့်ရှိပြီး ကမ္ဘာ့ဘုရင်မျိုးနွယ် များထဲတွင် အချမ်းသာဆုံးဖြစ်ကြောင်း Forbes မဂ္ဂဇင်းကဆိုထားသည်။

**Ref : Forbes, Gulf News, Saudie Embassy Report, Asian History Abdullah Profile.**



14

ဆွာဇီလန်နိုင်ငံ

# အမ်ဆွာတီ (တတိယ)

## ဝယ်စဉ်ဘဝ

အမ်ဆွာတီ (တတိယ) (Mswati III) ကို ၁၉၆၈ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် မွေးဖွားသည်။ ဆွာဇီလန်နိုင်ငံ၏ ဘုရင်မင်းမြတ်ဘွဲ့ခံ ဆွာဇီ တော်ဝင်မိသားစု၏ အကြီးအကဲဖြစ်သည်။ ဘုရင်မင်းမြတ်ဆိုဘူဇာ (တတိယ) နှင့် သူ၏မိဖုရားပေါင်းများစွာထဲမှ အငယ်ဆုံးမိဖုရား အင်နိတွမ်ဘီဖာဝါလာတို့က မွေးဖွားသည့်သားတစ်ယောက်ဖြစ်သည်။ ဖာလာဝါနှင့်ရသည့် တစ်ဦးတည်းသောသားလည်း ဖြစ်သည်။ ဘုရင်ဆိုဘူဇာသည် မိဖုရားငယ်က မွေးဖွားသည့်သားကို နိုင်ငံနှင့်ပြည်နယ်ပေါင်းများစွာ၏ အကြီးအကဲတစ်ဦးဖြစ်မည့်သူအဖြစ် ဝမ်းမြောက်အားရစွာဖြင့် 'မာခိုဆီတိုက်' ဆိုသည့် ဘွဲ့အမည်ပေးခဲ့သည်။

အဓိပ္ပာယ်မှာ နိုင်ငံအားလုံး၏ ဘုရင်မင်းမြတ်ဆိုသည့် အဓိပ္ပာယ်ရသည်။

ဖခင်ဖြစ်သူ ဆိုဘူဇာသည် ဆွာဇီလန်နိုင်ငံကို ၈၂ နှစ်တိုင်အောင် စိုးမိုးအုပ်ချုပ်သွားခဲ့စဉ် ဇနီးမယားပေါင်း ၁၂၅ ယောက် ထားရှိခဲ့သူဖြစ်သည်။ ငယ်စဉ်ကတည်းက တော်ဝင်မိသားစုများတက်သည့် ကျောင်းများတွင် တက်ရောက်ပညာသင်ကြားခွင့်ရခဲ့ပြီး ၁၉၈၂ ခုနှစ်တွင် ဖုန်ဒိုတော်ဝင် အထက်တန်းကျောင်းမှ ပထမအဆင့် သင်္ချာ၊ အင်္ဂလိပ်စာ ထူးချွန်အဆင့်နှင့် အောင်မြင်ခဲ့သည်။ ငယ်စဉ်ကတည်းက ဘုရင့်တော်ဝင်အစောင့်တပ်ကိုအားကျ ခဲ့သူဖြစ်သောကြောင့် တပ်သားဘဝနှင့် USDF (Umbutfo Swaziland Defence Force) စတင်ဝင်ရောက်အမှုထမ်းခဲ့သည်။

## ဘုရင်ဘဝ

ဖခင်ဖြစ်သူ ဆိုဘူဇာသည် ၁၉၈၂ ခုနှစ်တွင် ကွယ်လွန်သွားခဲ့သည်။ သို့ဖြစ်ရာ နိုင်ငံတော်ကောင်စီ (Liqoqo) က အသက် ၁၄ နှစ်သာရှိသေးသည့် မင်းသား အမ်ဆွာတီကို နောက်မင်းဆက်အဖြစ်သတ်မှတ်ကာ ထီးနန်းတင်မြှောက် ခဲ့သည်။ ငယ်ရွယ်သေးသဖြင့် ဆိုဘူဇာ၏ မိဖုရားကြီးများဖြစ်သော ဇီလီဝီရောင်ဝီ (၁၉၈၂-၁၉၈၃) နှင့် အမ်ဆွာတီ၏ မိခင်ဖြစ်သော ဗာလာဝါ (၁၉၈၃-၁၉၈၆) တို့က ရင်ခွင်ပိုက်ထီးနန်းကိုအုပ်ချုပ်ကာ အမ်ဆွာတီကို အင်္ဂလန်နိုင်ငံသို့သွားပြီး ပညာဆက်လက်သင်ကြားစေခဲ့သည်။ အင်္ဂလန်တွင် နိုင်ငံတကာကောလိပ် ရှားဘွန်းကျောင်းကို တက်ရောက်ပညာသင်ကြားခဲ့သည်။ ဘုရင်ဆိုဘူဇာ ကွယ်လွန်သောအခါ သူ့ကိုထီးနန်းဆက်ခံရန် အင်္ဂလန်မှ ပြန်ခေါ်ခဲ့သည်။

၁၉၈၃ ခုနှစ်ကစတင်ပြီး အိမ်ရှေ့မင်းအဖြစ် ၁၉၈၆ ခုနှစ် ဧပြီလ ၂၅ ရက်နေ့တိုင်အောင်နေခဲ့ရသည်။ အသက် ၁၈ နှစ်နှင့် ခြောက်ရက်ပြည့်သော အချိန်မှ အသက်အငယ်ဆုံးဘုရင်အဖြစ် ဆွာဇီလန်နိုင်ငံထီးနန်းကို အုပ်ချုပ်ခွင့် ရရှိခဲ့သည်။

ယနေ့ခေတ်တွင် အမ်ဆွာတီသည် အာဖရိကတိုက်၏ နောက်ဆုံးကျေရာဇ်

တစ်ပါးအနေနှင့် စံစားလျက်ရှိသည်။ ခေတ်နှင့်အညီဖြစ်စေရန် ဝန်ကြီးချုပ် ရာထူးကိုလည်းကောင်း၊ နိုင်ငံတော်၏ ထိပ်ပိုင်းရာထူးကြီးများကိုလည်းကောင်း တစ်ဦးတည်းဆက်ခံထားသူလည်း ဖြစ်သည်။ မိခင်ဖြစ်သူကိုလည်း အုပ်ချုပ်ရေး အမြင့်ဆုံးကောင်စီတွင် ဘုရင်မကြီးအဖြစ် အထူးအကြံပေးရာထူးခန့်ကာ ဆက်လက်ထားရှိသည်။ နိုင်ငံတွင် လွှတ်တော်ကို ဖွဲ့စည်းသည့်အခါတွင် ဝန်ကြီးချုပ်ရာထူးကို သူပဲယူထားသည်။

ဘုရင်ဖြစ်လာပြီးနောက် ၂၀၀၁ ခုနှစ်တွင် နိုင်ငံအတွင်း HIV နှင့် AIDS ရောဂါဖြစ်ပွားမှု လျော့ပါးသက်သာစေရေးအတွက် လုပ်ဆောင်မှုတစ်ခုကို ထူးခြားစွာလုပ်ဆောင်ပြခဲ့သည်။ သူကိုင်စွဲထားသည့် ဘုရင့်အာဏာဖြင့် ဆွာဇီလန်နိုင်ငံအတွင်းရှိ မိန်းမပျိုလေးများသည် ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့မှ ၂၀၀၅ ခုနှစ် ဩဂုတ်လ ၁၉ ရက် နေ့အထိ မည်သည့်ယောကျ်ားနှင့်မျှ လိင်ဆက်ဆံခြင်းမပြုရဟု အမိန့်ထုတ်လိုက်သည်။ သူတားမြစ်ထားသည့် အသက်မှာ အသက် ၁၈ နှစ် မပြည့်သေးသည့် မိန်းကလေးတိုင်းနှင့်သက်ဆိုင် သည်။ အံ့ဩစရာကောင်းသည်မှာ သူထုတ်ထားသည့်အမိန့်ကို ထုတ်ပြန်ပြီး နှစ်လအကြာ တွင် သူကိုယ်တိုင်ပြန်ချိုးဖောက်ခဲ့သည်။ သူ၏ ၁၄ ယောက်မြောက် ဇနီးဖြစ် လာမည့် အရွယ်မရောက်သေးသည့် မိန်းကလေးတစ်ယောက်ကို ရွေးကောက် မိဖုရားမြှောက်ခဲ့သောကြောင့်ဖြစ်သည်။ ထုံးစံလေ့အရ ဥပဒေကိုချိုးဖောက်သည့် ဘုရင်သည် သူ့လူမျိုးစုအဖွဲ့သို့ နွားတစ်ကောင်ပေးပြီး ဒဏ်ငွေဆောင်ခြင်းဖြင့် ကိစ္စပြီးသွားခဲ့သည်။

## ဒီမိုကရေစီဘုရင်

ဆွာဇီလန်နိုင်ငံသည် တောင် မြောက် ကီလိုမီတာ ၂၀၀ ကျယ်ဝန်းပြီး အရှေ့နှင့် အနောက် ကီလိုမီတာ ၁၃၀ ခန့်သာကျယ်ဝန်းသည့် နိုင်ငံငယ်လေး တစ်ခုဖြစ်သည်။ ဆွာဇီလန်နိုင်ငံသည် ထူးခြားသည့်ဓလေ့တစ်ခုကြောင့် ထင်ရှား သည်။ ဩဂုတ်လ သို့မဟုတ် စက်တင်ဘာလနှင့် **ဒီဇင်ဘာ သို့မဟုတ်**

ဇန်နဝါရီလများတွင် ခြောက်ရက်တိုင်ကျင်းပသည့် ကျူရိုးပွဲတော်ကြောင့်ဖြစ်သည်။ ထိုပွဲကို တစ်နိုင်ငံလုံးရှိ မိန်းမပျိုတိုင်းတက်ရောက်ကြရပြီး ဘုရင့်မယ်တော်မိဖုရားကြီးကို ကျူရိုးများယူလာကာ လာရောက်ပူဇော်ရင်း ကပွဲတွေဆင်နွှဲကြသည်။ ၂၀၁၂ ခုနှစ်တွင် ထိုပွဲသို့ တစ်နိုင်ငံလုံးရှိ မိန်းမပျိုပေါင်း ၈၀,၀၀၀ ခန့်တက်ရောက်ခဲ့ကြသည်။ ထိုပွဲသည် တစ်နည်းအားဖြင့် ဘုရင့်တော်ကောက်ပွဲဟုလည်းဆိုနိုင်သည်။ ကပွဲသို့တက်ရောက်လာသည့် မိန်းကလေးတိုင်းသည် အပေါ်ပိုင်းဗလာဖြင့် တက်ရောက်ကြရပြီး ရိုးရာကပွဲကို ဆင်နွှဲကြရသည်။

အမ်ဆွာတီသည် သူအုပ်ချုပ်နေသည့် နိုင်ငံရေးစနစ်ကို 'ဘုရင်ဒီမိုကရေစီစနစ်' ဟုကြွေးကြော်ခဲ့သည်။ ဆွာဇီလန်ညီညွတ်ရေး လွန်ရက် (SSN) ပါတီမှ ပြောရေးဆိုခွင့်ရှိသူ လပ်ကီးလူဇီလီကမူ ဘုရင်စနစ်သည် ဒီမိုကရေစီသဘောတရားမဆန်သော စနစ်ဖြစ်သည်။ ထို့ကြောင့်ပင် ကိုယ့်ကိုယ်ကိုယ်ရွေးကောက်၊ ကိုယ့်ဘာသာတင်မြှောက်ခြင်းသည် ဒီမိုကရေစီမဟုတ်သောကြောင့် လက်ခံသင့်သော ကိစ္စမဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

၁၉၆၈ ခုနှစ်တွင် ဆွာဇီလန်နိုင်ငံသည် ဗြိတိသျှတို့ထံက အပြည့်အဝလွတ်လပ်ရေးရခဲ့ပြီးနောက် ဗြိတိန် West-minister စတိုင် ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း ရေးဆွဲကျင့်သုံးကာ လွှတ်တော်ကိုဖွဲ့စည်းခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ဆိုဘူဇာသည် ပါလီမန်အကြီးအကဲ အကြံပေးအဖြစ် နေရာဝင်ယူခဲ့သော်လည်း ပြည်သူများက သဘောကျနှစ်မြို့ခြင်းမရှိကြပေ။ ၁၉၉၆ ခုနှစ်တွင် အမ်ဆွာတီသည် လွှတ်တော်တွင် ဆက်လက်နေရာယူထားသောကြောင့် အတိုက်အခံများနှင့် လူ့အခွင့်အရေးလှုပ်ရှားသူများက မကျေနပ်ဖြစ်ကာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ရေးဆွဲရန် တိုက်တွန်းတောင်းဆိုကြသည်။ သို့ဖြစ်ရာ ၁၉၉၉ မေလတွင် ပြန်လည်ရေးဆွဲကြပြီး ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ပြန်လည်ရေးဆွဲနိုင်ခဲ့သည်။

၂၀၀၁ ခုနှစ် ဒီဇင်ဘာလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ အုပ်ချုပ်ရေးအဖွဲ့ ၁၅ ဦးကို ရွေးချယ်တင်မြှောက်ကြရာတွင် အများစုမှာ ဘုရင့်မိသားစုအနွယ်တော်များ ပါဝင်နေသည်ကိုတွေ့ကြရသည်။ ၂၀၀၅ ခုနှစ်တွင်

ဖွဲ့စည်းပုံအခြေခံဥပဒေသည် အသက်ဝင်ပြီဖြစ်သော်လည်း ပြည်သူများ စိတ်ကြိုက် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်နိုင်သည့်အဆင့်တွင် မရှိသေးပေ။

လက်ရှိဘုရင် အမ်ဆွာတီတွင် တရားဝင်မိန်းမ ၁၅ ယောက်ရှိပြီး ကလေး ၂၄ ယောက်ရှိသည်။ သူ့ပထမဇနီးနှစ်ယောက်သည် နိုင်ငံတော်ကောင်စီက ရွေးချယ်ပေးရသည့် တောင်နန်းစံနှင့် မြောက်နန်းစံတို့ ဖြစ်သည်။ ဆွာဇီလူမျိုးစု ဥပဒေအရလည်း မိန်းမတစ်ယောက် ကိုယ်ဝန်ရှိတိုင်း နောက်မိန်းမတစ်ယောက်ကို ဆန္ဒရှိလျှင် ထပ်ယူခွင့်ရှိသည်။

အမ်ဆွာတီအုပ်စိုးစဉ်ကာလသည် အစိုးရနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်ခဲ့သည်ဆိုသော်လည်း အတိုက်အခံများကမူ လက်ခံခြင်းမရှိခဲ့ကြပေ။ ဥပမာ- အတိုက်အခံ ပြည်သူ့ညီညွတ်ရေး ဒီမိုကရက်တစ်လှုပ်ရှားမှုအဖွဲ့ (PUDEMO) က ထိုပြောင်းလဲမှုဆိုသည်မှာ အစဉ်အလာကို ပိုပြီးကြံ့ခိုင်အောင် ဆောင်ရွက်နေခြင်း ဖြစ်သည်ဟုဆိုသည်။

## ဘုရင်မင်းမြတ်ပိုင်ဆိုင်မှုများ

အမ်ဆွာတီ၏ နေထိုင်ပုံစရိုက်နှင့် မီဒီယာအပေါ် ဆက်ဆံမှုများနှင့် ပတ်သက်ပြီး ဝေဖန်မှုများရှိနေခဲ့သည်။ သူစီးသည့် ဒိမ်ဓကားသည် ဒေါ်လာ ငါးသိန်းတန် ဒိုင်မလာခရိုင်စလာထုတ် ကားဖြစ်သည်။ သူက သူ့ကားကို မီဒီယာဓာတ်ပုံရိုက်ခြင်းအား အပြင်းအထန် တားဆီးပိတ်ပင်ထားသည်။

Forbes မဂ္ဂဇင်း၏ ၂၀၀၉ ခုနှစ် ဖော်ထုတ်တင်ပြချက်အရ ကမ္ဘာ့အချမ်းသာဆုံး ဘုရင် ၁၅ ဦးစာရင်းတွင် အမ်ဆွာတီသည် နောက်ဆုံးအဆင့်တွင် ရှိသည်ဆိုသော်လည်း သူပိုင်ဆိုင်မှုမှာ အမေရိကန်ဒေါ်လာသန်း ၂၀၀ ဖြစ်သည်။ ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ထုတ် Times မဂ္ဂဇင်းကြီးတွင် ဆွာဇီလန် ဘုရင် အမ်ဆွာတီသည် သူ့ဇနီး ၁၁ ယောက် နေထိုင်ရန်အတွက် နန်းတော်၏ ပင်မအဆောင်ကြီးသုံးဆောင်ကိုပြုပြင်ရန် ဒေါ်လာ ၁၅ သန်းသုံးခဲ့သည်ဟုဖော်ပြ

ထားသည်။ ထို့ပြင် နိုင်ငံတော်အတွင်း နိုင်ငံတော်ငွေဖြင့် ဝယ်ထားသည့် အိမ်တော်ငါးလုံးကလည်း ယူရိုငွေ ၁၉ ဒသမ ၉ သန်းခန့်တန်ကြေးရှိသည်။ ပြည်သူ့ငွေဖြင့် ဒေါ်လာလေးသန်းတန် အဆောက်အအုံသစ်ငါးလုံးကို ထပ်မံဆောက်လုပ်ရန် ပြင်ဆင်နေသေးသည်။

၂၀၀၈ ခုနှစ် ဩဂုတ်လကလည်း ဇနီး ၁၃ ယောက်အနက် ကိုးယောက်မြောက်ဇနီးသည် ဈေးဝယ်ထွက်လျှင် ထင်တိုင်းပြုမှုလေ့ရှိခြင်းကို ကန့်ကွက်သည့်အနေဖြင့် ဆွာဇီကင်းထောက်လူငယ်အဖွဲ့က ကန့်ကွက်ဆန္ဒပြခဲ့သေးသည်။ ထိုဆန္ဒပြပွဲကို ဆွာဇီ NGO အမျိုးသမီးအဖွဲ့တစ်ဖွဲ့က ဦးဆောင်ကျင်းပခဲ့ခြင်းဖြစ်သည်။

## ပြဿနာနှင့် အငြင်းပွားစရာဘုရင်

၂၀၀၂ ခုနှစ် အောက်တိုဘာတွင် ဇီနာမာလန်ဂူဆိုသည့် အထက်တန်းကျောင်း သူလေးတစ်ယောက်ပျောက်သွားကြောင်း မိခင်ဖြစ်သူက ရဲစခန်းသို့ တိုင်ကြားသည်။ သူမ၏ သမီးကို အမျိုးသမီးနှစ်ဦးက ဖမ်းခေါ်သွားခြင်းဖြစ်ပြီး သူမသမီးသည် ယခုအခါ ဘုရင့်အိမ်တော်သို့ရောက်နေပြီး ဘုရင်ကတော်ကောက်ရန် ကြိုနေကြောင်း လာရောက်တိုင်ကြားခဲ့သည်။ သူမက သမီးဖြစ်သူကို သူမထံ အမြန်ဆုံးပြန်ပို့ပေးရန် တောင်းဆိုခဲ့ပြီး ပြန်မပို့လျှင် အရွယ်မရောက်သေးသော သူမသမီးကို နိုးယူပေါင်းသင်းမှုဖြင့် ဘုရင်ကိုတရားစွဲမည်ဟု ခြိမ်းခြောက်ခဲ့သည်။ ဆွာဇီလန် တရားသူကြီးချုပ်ကိုယ်တိုင် ဝင်ရောက်ဖြန်ဖြေပေးမှုကြောင့် ကြေအေးခဲ့ရပြီး ဘုရင့်ကတော်စာရင်းဝင် ဖြစ်သွားခဲ့ရသည်။

နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကလည်း ဆွာဇီလန်နိုင်ငံဘုရင်သည် နိုင်ငံတကာကကျင့်သုံး လက်ခံဆောင်ရွက်နေသည့် အမျိုးသမီးများနှင့် ကလေးသူငယ်များ အခွင့်အရေးကိုချိုးဖောက်ပြီး ထင်တိုင်းလုပ်ဆောင်နေမှုအပေါ် ကန့်ကွက်ထားသည်။

ဘုရင်၏ ခြောက်ယောက်မြောက် ဇနီးဖြစ်သူသည် ယမန်နှစ်က သူမ

ခင်ပွန်းသည်၏ နှိပ်စက်ညှင်းပန်းမှုများကြောင့် ထွက်ပြေးခဲ့ကြောင်း Daily Mail သတင်းတွင် ဖော်ပြထားသည်။

၂၀၀၇ ခုနှစ်ကလည်း အန်ဂိုဘီနီဆိုသည့် ကောင်မလေးကို မတရား သိမ်းပိုက်ရန်ကြံခဲ့သဖြင့် ကောင်မလေးသည် အင်္ဂလန်သို့ထွက်ပြေးပြီး နိုင်ငံရေး ခိုလှုံခွင့်တောင်းခံခဲ့သည်။ အင်္ဂလန်က လက်မခံဘဲ ဆွာဇီလန်သို့ပြန်ပို့ရာ လူ့ဝင်မှုကြီးကြပ်ရေးက ဂိုဘီနီကိုဖမ်းဆီးခဲ့သဖြင့် TUC ၏ ဖိအားကြောင့် ပြန်လွှတ်လာခဲ့ရသည်။

ယခုအခါ အသက် ၄၅ နှစ်အရွယ်ရှိနေပြီဖြစ်သော ဘုရင်အမ်ဆွာတီသည် အာဖရိကနိုင်ငံတွင် နောက်ဆုံးကျေးရာဇ်ဟုဆိုနိုင်သည်။ ယခုနှစ် စက်တင်ဘာလက ကျင်းပခဲ့သော ကချေးကပွဲတွင် နောက်ထပ် ဇနီးသစ်ဒီလာမီနီကို ပွဲထုတ်ခဲ့ပြန် သည်။

လူဦးရေ ၁ ဒသမ ၂ သန်းကျော်ရှိ သည့် ဆွာဇီလန်နိုင်ငံတွင် ၇၀ ရာခိုင်နှုန်းသော ပြည်သူအပေါင်းသည် ဆင်းရဲတွင်းနက်လျက် ရှိနေသေးသည်။ အမ်ဆွာတီသည် အစိုးရအဖွဲ့ကို ဒီမိုကရေစီအသွင်ပြောင်းရန် အတန်တန် ပြောကြားနေသော်လည်း အမှန်လက်တွေ့တွင် ဝန်ကြီးချုပ်ရာထူးကို သူသာ သိမ်းပိုက်ယူငင်ထားဲဖြစ်သည်။ ဝန်ကြီးချုပ်ရာထူးကို လွတ်လပ်စွာရွေးကောက် ပွဲနှင့် တင်မြှောက်ပေးမည်ဆိုသော်လည်း အစဉ်အလာအရ ခန့်ထားသည် နိုင်ငံတော်အုပ်ချုပ်ရေးကောင်စီတွင် အရေးပါသည့်နေရာကို သူ့မယ်တော်က သိမ်းပိုက်ယူငင်ထားပြီး အခြားအရေးပါသည့် နေရာများကိုလည်း ဆွေတော် မျိုးတော်များကိုသာ ခန့်အပ်ထားဆဲဖြစ်သည်။

ဆွာဇီလန်နိုင်ငံသည် တောင်အာဖရိက နိုင်ငံတစ်ဘက်ခြားနေရာတွင် တည်ရှိပြီး အလွန်သေးငယ်သည့် ကျေးရာဇ်နိုင်ငံအဖြစ် တည်ရှိနေသည်။ နိုင်ငံ အတွင်း HIV နှင့် AIDS ဖြစ်ပွားမှုနှုန်းမှာ အမြင့်ဆုံးဖြစ်နေပြီး လူငယ်ဦးရေ၏ ထက်ဝက်ခန့်မှာ အလုပ်လက်မဲ့များဖြစ်နေကြသည်။ နိုင်ငံကဆင်းရဲ၊ ပြည်သူ တွေကမွဲ၊ ခေတ်ပေါ် AIDS ရောဂါ ထူပြောမှုများနေချိန်တွင် ဘုရင်အမ်ဆွာတီ သည် ဒေါ်လာငါးသိန်းတန် Maybach ကားကြီးကိုစီးပြီး တိုင်းခန်းလှည့်လည်နေ

သည်။ ပြည်သူတွေကို အစာရေစာပေးရမည့်အစား လက်ရှိမယား ၁၅ ယောက် အပြင် နောက်ထပ်ကျူရိုးပွဲတော်ရောက်လျှင် မည်သည့် အသက်မပြည့်သေးသူကို တော်ကောက်ရလျှင် ကောင်းမည်နည်းဟု စဉ်းစားနေသော ဒီမိုကရေစီဘုရင် တစ်ပါးရှိသည်ကို မယုံကြည်လျှင် ဆွာဇီလန်နိုင်ငံဘုရင် အမ်ဆွာတီနှင့် သက်သေ ပြရမည်ဖြစ်သည်။

**Ref : Monitor; IOL Report 2013; WebPro News; Swazi King Website; News24.com; Daily Mail;**



15

ဒီဂျစ်နိုင်ငံ

# မိုဟာမက်မော်စီ

ဟိုစနီမူဘာရက်သည် အစိုးရအဖွဲ့တွင် နောက်ဆုံးတာဝန်က စွန့်ခွာသွားချိန်၌ အိုမာဆူလေမန်သည် ဒုတိယသမ္မတတာဝန်ကို ထမ်းဆောင်ခဲ့ရသည်။ သို့သော် ရက်သတ္တတစ်ပတ်အနည်းငယ်မျှသာ တာဝန်ထမ်းဆောင်လိုက်ရသည်။ ထိုကဲ့သို့ ဒုတိယသမ္မတအဖြစ် တာဝန်ထမ်းဆောင်နေရသည့် အချိန်အတန့်ကာလလေးသည် သူ့အတွက် သေရေးရှင်ရေး တမျှ အရေးပါလှသောကာလဟူ၍လည်း ဆိုနိုင်သည်။ သမ္မတတာဝန်များကို ယူနေရစဉ် ကာလအတွင်း သူသည်သတင်းသမားများနှင့် တွေ့ဆုံမှုနည်းသည်။ ရှားရှားပါးပါးခရစ်ရှန် အေမန်ပူးဆိုသူနှင့် အင်တာဗျူးကို လက်ခံပြောကြားစဉ်က သူပြောသွားသည့် မှတ်သားစရာ စကားတစ်ခွန်းမှာ “ဒီဂျစ်နှင့် ဒီဂျစ်

နိုင်ငံသားများသည် ဒီမိုကရေစီအတွက် အသင့်မဖြစ်သေး" ဆိုသည့် စကားဖြစ်သည်။

ဆူလေမန်အဓိက ပြောကြားလိုသည့် အုပ်စုမှာ မွတ်ဆလင်ညီနောင်များအဖွဲ့ဖြစ်သည်။ ထိုအဖွဲ့သည် အီဂျစ်နိုင်ငံတွင် နှစ်ပေါင်း ၈၀ ကျော် လှုပ်ရှားထားသည့် အဖွဲ့အစည်းကြီးဖြစ်ပြီး အီဂျစ်နိုင်ငံကြီးတစ်ခုလုံးကို ရှာရီယားဥပဒေ၊ မွဲ့စည်းပုံအခြေခံများနှင့် အစ္စလာမ္မစ်နိုင်ငံတော်အဖြစ် ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းအားထုတ်နေသည့် အဖွဲ့လည်းဖြစ်သည်။

ဆူလေမန်က ထိုသို့တင်းတင်းမာမာ ပြောနိုင်သည့် အချက်များစွာရှိသည်။ မူဘာရက်ကို ဖယ်ရှားနိုင်ခဲ့ပြီး သုံးနှစ်အကြာတွင် အီဂျစ်နိုင်ငံသည် ဒုက္ခနွံထဲတွင် နစ်နေဆဲဖြစ်သည်။ အစ္စလာမ္မစ် အစွန်းရောက်ဝါဒီများသာ ခေါင်းထောင်ထလာပြီး အာဏာရလာသည်။ သူတို့ဖြစ်ချင်သော နိုင်ငံတော်တစ်ခုဖြစ်လာစေရန် သူတို့မရမက ပုံသွင်းမှုများဖြစ်လာသည်ကိုသာ တွေ့နေရသည်။

မိုဟာမက်မော်စီကို ၁၉၅၁ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် မွေးဖွားသည်။ အီဂျစ်နိုင်ငံ၏ ပဉ္စမမြောက်သမ္မတတစ်ဦးဖြစ်လာပြီး ၂၀၁၂ ခုနှစ် ဇွန်လ ၃၀ ရက်နေ့မှ ၂၀၁၃ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့အထိ သမ္မတတာဝန်ကိုထမ်းဆောင်ခဲ့သည်။ သမ္မတရာထူးက ပြုတ်သွားရခြင်းမှာ အီဂျစ်တစ်နိုင်ငံလုံး ဆူပူအုံကြွဆန္ဒပြပွဲများဖြစ်ခဲ့ပြီးနောက် စစ်တပ်ကသူ့ကို ဖယ်ရှားပစ်ခဲ့ခြင်းကြောင့်ဖြစ်သည်။

သူသည် အီဂျစ်အစိုးရကျောင်းတစ်ကျောင်းနှင့် တက္ကသိုလ်တွင် ပညာသင်ကြားပြီး ဘွဲ့ရထားသည်။ ပညာတော်သဖြင့် သူ့ကို အီဂျစ်အစိုးရက အမေရိကန်ပြည်ထောင်စုသို့ စေလွှတ်ပြီး Ph.D ဘွဲ့ယူရန် နှစ်ကြိမ်တိုင်ရွေးချယ်ထားသော်လည်း နှစ်ကြိမ်စလုံးပျက်ခဲ့ရသည်။

၂၀၀၀ ပြည့်နှစ်မှ ၂၀၀၅ ခုနှစ်အထိ အီဂျစ်လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရပြီးနောက် မွတ်ဆလင်ညီနောင်များအဖွဲ့ (Muslim Brotherhood) တွင် ခေါင်းဆောင်တစ်ဦး ဖြစ်လာခဲ့သည်။ မွတ်ဆလင်ညီနောင်များ ထူထောင်ထားသည့် FJP (Freedom and Justice Party) တွင် ဥက္ကဋ္ဌရာထူးရခဲ့သည်။ ၂၀၁၂ ခုနှစ် သမ္မတရွေးကောက်ပွဲတွင်

သူ့ကို FJP ပါတီ၏ အမတ်လောင်းအဖြစ်ထည့်သွင်း လျာထားခြင်းခံရသည်။

မော်စီသည် သမ္မတရာထူးကိုလက်ခံပြီးနောက် တစ်နှစ်ခန့်သာ အီဂျစ်နိုင်ငံကြီးကို အုပ်ချုပ်လိုက်ရသည်။ သူ့ကို အီဂျစ်ပြည်သူ ၁၁ သန်းခန့်က မဲပေးခဲ့ပြီး ပြိုင်ဘက်ကို မဲနှစ်ရာခိုင်နှုန်းလောက်အသာဖြင့်သာ အနိုင်ရခဲ့ခြင်း ဖြစ်သည်။ သူအနိုင်ရရှိခဲ့သည့် ပြိုင်ဘက် အာမက်ရှာဖစ်သည် သမ္မတမူဘာရက် လက်ထက်က ဝန်ကြီးချုပ်ရာထူးယူခဲ့သူဖြစ်သည်။ ယခင်အစိုးရအဖွဲ့ကို မုန်းတီး သဖြင့် မဲမပေးဘူးဆိုစေ အာမက်သည် မဲ ၄၉ ရာခိုင်နှုန်းခန့် ရရှိခဲ့သည်။ သို့ဖြစ်ရာ သမ္မတရွေးကောက်ပွဲတွင် ၅၁ ဒသမ ၇ ရာခိုင်နှုန်းမဲအရေအတွက်နှင့် အနိုင်ရရှိခဲ့ပြီး သမ္မတအဖြစ် ၂၀၁၂ ခုနှစ် ဇွန်လ ၂၄ ရက်နေ့တွင် ကြေညာခြင်း ခံရသည်။

သမ္မတသစ်မော်စီ၏ အမှားတစ်ခုမှာ သူ့ကိုထောက်ခံသူများအား သိမ်မွေ့စွာ မကိုင်တွယ်တတ်ခြင်းဖြစ်သည်။ သမ္မတအဖြစ်တာဝန်ယူပြီး မကြာမီမှာပင် သူသည် အီဂျစ်နိုင်ငံတော်တွင် ပြည်သူထောက်ခံမှု အများဆုံးရပြီး ဖြစ်လာသော သမ္မတဟု ပြောင်ပြောင်တင်းတင်းကြေညာခဲ့သည်။

သူ့ကစားကွက်ကလှသည်။ ယခင် မူဘာရက်ခေတ်က လက်သပ်မွေး ခဲ့သော ခရိုနီများကို သူ့လူကိုယ့်ဘက်သားဖြစ်စေရန် ပြန်လည်လက်သပ်မွေး လိုက်သည်။ သူ့ကို နိုင်ငံရေးဇာတ်ခုံပေါ်သို့တင်ပေးလိုက်သည့် မွတ်ဆလင်ညီနောင် များအဖွဲ့ကိုလည်း "ကျုပ်မိသားစု ကျုပ်လူမျိုးစု" ဟု ပြောကာစည်းရုံးလိုက် သည်။ လွှတ်တော်တွင် အရေးပါသည့် ဝန်ကြီးနေရာများကို ကာကွယ်ရေးဌာနက လွဲပြီး သူ့သာခန့်အပ်တာဝန်ပေးခြင်း ပြုလုပ်ခဲ့သည်။

သူနှင့် မွတ်ဆလင်ညီနောင်များအဖွဲ့သည် FJP ပါတီကို ကိုယ်စားပြု သူများဖြစ်ကြောင်း အားလုံးသိကြပြီးဖြစ်သည်။ သူတို့ဦးတည်ချက်မှာ အရှေ့ အလယ်ပိုင်းဒေသတွင် အီဂျစ်နိုင်ငံကို အစ္စလာမ္မစ်နိုင်ငံအဖြစ် အသွင်ပြောင်းပြီး အစ္စလာမ္မစ်ဥပဒေအတိုင်း လွှမ်းမိုးအုပ်ချုပ်ကြရန်ဖြစ်သည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလအတွင်းက အီဂျစ်နိုင်ငံ သမ္မတနန်းတော်ရှေ့သို့ ပြည်သူ လူထုထောင်ပေါင်းများစွာ ရောက်လာကြပြီး ဆန္ဒပြခဲ့ကြသည်။

သူတို့ကြွေးကြော်သံကတော့ ရွေးကောက်ပွဲပြန်ကျင်းပပေး၊ မော်စီအလိုမရှိဖြစ်သည်။ မော်စီဘက်ကလည်း သေနတ်များဖြင့် လက်တုံ့ပြန်လိုက်သောကြောင့် လူပေါင်းများစွာ သေဆုံးခဲ့ရသည့်အပြင် အရေးအခင်းကာလအတွင်းက ဆူပူသောင်းကျန်းမှုများကြောင့် သေဆုံးရသူများအတွက် မော်စီတွင် တာဝန်ရှိနေသည်။

ထိုအချိန်တွင် အစ္စလာမ္မစ်ဝါဒီများ လွှမ်းမိုးနေသည့် ကောင်စီကလည်း အစ္စလာမ္မစ် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပြဋ္ဌာန်းနိုင်ရေးအတွက် အီဂျစ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအဖွဲ့ကို အားခံပြီး ပြောင်ပြောင်တင်းတင်း မူကြမ်းကိုတင်နိုင်ရန် ကြိုးစားနေသည်။ ထိုအချက်ကပင် ဥပဒေကြမ်းပြုစုရေးအတွက် တရားဝင်ဖွဲ့စည်းထားသည့်အဖွဲ့ အစည်းကို စိန်ခေါ်သလိုရှိနေသည်။

နောက်ဆုံး ဥပဒေပြုအဖွဲ့က တွေ့ဆုံဆွေးနွေးပြီး သူတို့အာဏာကို ထုတ်ပြရတော့သည်။ မွတ်ဆလင်ညီနောင်များအဖွဲ့မှ ဘာသာရေးအယူသည်းသူများနှင့် အစွန်းရောက် ဆာလာဖီများသည် လွှတ်တော်ကို ဝိုင်းထားပြီး ဥပဒေပြုအဖွဲ့၏ တွေ့ဆုံဆွေးနွေးပွဲကို ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ မော်စီသည် သူ့လူများ၏ ဆန္ဒပြမှုကို မကန့်ကွက်၊ မတားဆီးရုံမက လုံခြုံရေးအဖွဲ့ကိုပင် တစ်နေရာ၌ ရှောင်နေရန်အမိန့်ပေးခဲ့သည်။

ပြည်သူတွေ၏ဆန္ဒပြမှုများက ပိုပြီးထိန်းမနိုင်သိမ်းမရဖြစ်လာသည်။ ၂၀၁၂ ခုနှစ် ဇွန် ၃၀ ရက်နေ့မှ ဇူလိုင် ၃ ရက်နေ့ အထိ စစ်တပ်ကဝင်ပြီး အာဏာသိမ်းခဲ့ရသည့်အကြောင်းမှာ ပြည်သူများသည် မော်စီကိုဖယ်ရှားရေးအတွက် အသည်းအသန်ကြိုးပမ်းနေပြီး အခြေအနေကပိုပြီး ဆိုးလာနိုင်သောကြောင့်လည်း ဖြစ်နိုင်သည်။ ဇူလိုင်ဆန့်ကျင်ဆန္ဒပြပွဲတွင် ပါဝင်လာသူအများစုသည် လူငယ်များသာဖြစ်သည်။ သူတို့သည် ယခင်က မော်စီကိုထောက်ခံခဲ့ကြသူများဖြစ်သော်လည်း သူတို့တင်လိုက်သည့် သမ္မတမှာ ကျားကြောက်၍ ရှင်ကြီးကို ကိုးကွယ်ခါမှ ကျားထက်ပိုဆိုးနေသည့်အဖြစ်နှင့် ရင်ဆိုင်တိုးနေရသောကြောင့် အပြင်းအထန် ဆန့်ကျင်နေကြခြင်းဖြစ်သည်။

မော်စီက ဆန္ဒပြနေသူများ၏ တောင်းဆိုမှုများကို မလိုက်လျောနိုင်

ကြောင်း ပြင်းပြင်းထန်ထန် အာခံနေသောအခါတွင် စစ်တပ်ကကြားဝင်လာပြီး သူ့ကို ဖယ်ရှားခဲ့ရတော့သည်။ စစ်တပ်က အာဏာသိမ်းလိုက်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးဥပဒေပြုအဖွဲ့၏ တရားသူကြီးချုပ်ကို ကြားကာလတွင် သမ္မတအဖြစ် ယာယီတာဝန်ယူထားရန်လည်း အပ်နှင်း တာဝန်ပေးအပ်ခဲ့သည်။

အီဂျစ်နိုင်ငံတွင် သမ္မတမူဘာရက် လက်ထက်ကလည်း ပြည်သူတွေက ကန့်ကွက်သည့်အခါ စစ်တပ်သည်သမ္မတကို ဖယ်ရှားပြီး နိုင်ငံတာဝန်ကို ၁၆ လတာမျှ ထိန်းသိမ်းပေးကာ ပြည်သူ့လက်အတွင်းသို့ အာဏာပြန်လွှဲပေး ခဲ့သည်။ ယခုတစ်ကြိမ်တွင်လည်း မော်စီကိုဖယ်ရှားပြီး သုံးရက်သာ အာဏာကို သိမ်းကာ ယာယီသမ္မတထံ အာဏာကိုပြန်လွှဲအပ်ခဲ့သည်။

အီဂျစ်ပြည်သူတွေကသူတို့စစ်တပ်အပေါ် ယုံကြည်မှုအပြည့်ရှိကြသည်။ မော်စီနှင့် မူဘာရက်တို့သည် အလွန်ကွဲပြားသောသူနှစ်ဦး ဖြစ်သည်။ သူတို့ နှစ်ဦးစလုံးကို အကျယ်ချုပ်နှင့်သာထားပြီး ပြည်သူတွေက အခြားအာဏာရှင် များကဲ့သို့ တရားစီရင်ခြင်း မပြုလိုက်သည်မှာလည်း အီဂျစ်၏ထူးခြားသော ဓလေ့တစ်ခုဖြစ်နေသည်။ သူတို့နှစ်ဦးစလုံးကို အာဏာရှင်များဟု ဆိုနိုင်သည်။ သူတို့ပတ်လည်တွင် ခရိုနီများကို ခစားထားစေပြီး အစိုးရအကျင့်ပျက်ခြစားမှု အားလုံး ခရိုနီများနှင့်ပတ်သက်စေကာ သူတို့ကြီးပွားချမ်းသာအောင် ကြံဆောင် ကြခြင်းမှာ မထူးဆန်းသော အာဏာရှင်နိုင်ငံများ၏ထုံးစံသာဖြစ်သည်။ သူတို့ နှစ်ဦးစလုံးသည် ဒီမိုကရေစီကို ယုံကြည်ကြသူများမဟုတ်။ သူတို့အုပ်စိုးနေသည့် ကာလအတွင်း ဒီမိုကရေစီနည်းကျ လက်တွေ့ကျင့်သုံးခဲ့မှုများလည်း မရှိခဲ့။

သို့သော် သူတို့နှစ်ဦးကို ခုံရုံးတင်ပြီး ဆုံးဖြတ်ရာတွင် ကွဲပြားမှုများ ရှိခဲ့သည်။ မူဘာရက်ကို အီဂျစ်တရားရုံးက အပြစ်ဒဏ်ခံယူမည်လော မိသားစု လိုက် နိုင်ငံကထွက်သွားမည်လောဟု ဆုံးဖြတ်နိုင်းသည်။ မူဘာရက်မိသားစု သည် ဝမ်းမြောက်ဝမ်းသာ ပေးအပ်သည့် အခွင့်အရေးကိုအရယူပြီး နိုင်ငံက ထွက်ခွာသွားခဲ့ကြသည်။ မော်စီကမူ စစ်တပ်နှင့် ပြန်လည်သင့်မြတ်အောင် ပူးပေါင်းပြီး ဓနစပ်ညှိနှိုင်းလိုသဖြင့် အချိန်ဆွဲနေသည်။

တရားရုံးတွင် မူဘာရက်သည် မတုန်မလှုပ် ကျောက်ရုပ်လိုနေသည်။ တရားသူကြီးများက မေးလျှင်ဖြေသည်။ အပိုစကားမပြော။ မော်စီကတော့ ရန့်လိုသည့် အပြုအမူတွေလုပ်ပြသည်။ စကားပြောလျှင်လည်း အော်ကြီးဟစ်ကျယ် ပြောကာ သူသည် လက်ရှိသမ္မတအာဏာကို ပိုင်ဆိုင်နေသေးသည့် အာဏာရှိသူ တစ်ဦးဖြစ်သောကြောင့် သူ့ကိုလေးစားစွာ ဆက်ဆံရန်ပြောရင်း ရွတ်ဖတ်မှုများ ပြုနေတတ်သည်။ မော်စီကို ရုံးတင်စစ်ဆေးနေရသည်မှာ ပြဇာတ်တစ်ပုဒ်ကို ကြည့်နေရသလိုဖြစ်သည်။ သူက လွတ်မြောက်သွားလျှင် အီဂျစ်တပ်မတော် ကိုဆန့်ကျင်ပြီး ဂျိဟတ်အသွင် တိုက်ပွဲဆင်သွားမည်ဟု ပြောနေသည်။

မွတ်ဆလင်ညီနောင်များအဖွဲ့နှင့် မော်စီကို ထောက်ခံသူများသည် ယခုမှ လေလုံးထွားသော သူတို့တင်မြှောက်ပေးခဲ့သည့် သမ္မတကိုကြည့်ကာ နောင်တတွေ ရနေမည်ထင်သည်။ ထိုအဖွဲ့များသည် အီဂျစ်အဖွဲ့အစည်းများ၏ လှုပ်ရှားမှုများကိုလည်း ကြည့်မရ၊ မိမိတို့သမ္မတကလည်း အရာကျနှင့် များစွာ ဒုက္ခတွေ့နေခဲ့ရသည်။ လက်ရှိအနေအထားတွင် အစ္စလာမ္မစ်စစ်သွေးကြွများနှင့် မွတ်ဆလင်ညီနောင်များအဖွဲ့ဝင်အချို့သည် မြေအောက်သို့ပုန်းလျှိုးပြီး အခြေအနေကို စောင့်ကြည့်ကြရန်သာရှိသည်။

အီဂျစ်နိုင်ငံတွင် ဒီမိုကရေစီကို မွေးဖွားလိုက် လူတွေသေလိုက်၊ တက်လာသည့် သမ္မတကို စစ်တပ်ကဖြုတ်ချလိုက်နှင့် ဒီမိုကရေစီပတ်ချာလည် နေခြင်းကို သရော်စရာဖြစ်လာသည်။ စစ်တပ်ကလည်း အာဏာသိမ်းပြီး ပြည်သူ့ဆန္ဒအတိုင်း ဆောင်ရွက်ပေးရန်နှင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေး သည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုဖြစ်မည်ဆိုသည့် ဦးတည်ချက်ကို အကောင်အထည်ဖော်ပေးနေရန်ကလွဲပြီး အခြားနည်းလမ်းမရှိပေ။

ထိုအချိန်တွင် စစ်တပ်အကြီးအကဲ ဗိုလ်ချုပ်ကြီးအယ်လ်စီစီကို သမ္မတအရာပေးရန် လှုပ်ရှားမှုများဖြစ်လာသည်။ စီစီကိုတော့ ထောက်ခံသူတွေ များသည်။ အမျိုးသားအစွန်းရောက်ဝါဒီများ၊ လူချမ်းသာများ၊ စီးပွားရေး လောကသားများ၊ လူမှုရေးအဖွဲ့ အစည်းအားလုံးက လက်ခံကြသည်။ အဘယ် ကြောင့်ဆိုသော် တိုင်းပြည်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးက အရေးကြီး

နေပြီး ထိုတာဝန်ကို စစ်ခေါင်းဆောင်စီစီက တာဝန်ယူလုပ်ဆောင်ပေးနိုင်လိမ့်မည်ဟု ယူဆနေကြသောကြောင့် ဖြစ်သည်။

မော်စီတစ်နှစ်တာ အုပ်ချုပ်သည့်ကာလအတွင်း တိုင်းပြည်တွင် လက်စွမ်းပြခဲ့သော မှတ်ဆလင်ညီနောင်များကို ပြည်သူတွေကလည်း ရွံရှာမုန်းတီးနေကြသည်။ ထို့ကြောင့် အားလုံးအသွင်တူပြီး စည်းလုံးညီညွတ်သွားခဲ့ကြသည်။ အကယ်၍ စီစီသာသမ္မတရာထူးကို ဆက်ခံနိုင်မည်ဆိုလျှင် ၁၉၅၂ ခုနှစ်က ဘောင်းဘီချွတ်ပြီး အရပ်ဝတ်ကိုပြန်ဝတ်သော စစ်အစိုးရ အာဏာရှင်အသွင် ပြန်ရောက်လာမည်ကိုလည်း ပြည်သူများစိုးရိမ်နေကြသည်။

အီဂျစ်ဒီမိုကရေစီအရေးသည် လမ်းပြမြေပုံအတိုင်း အကောင်အထည်မဖော်နိုင်သေးသည်ကတော့ သေချာသည်။ အီဂျစ်ပြည်သူများသည် ညီညွတ်မှုဖြင့် အာဏာရှင်နှစ်ဆက်ကို ဖယ်ရှားနိုင်ခဲ့ကြသည်။ သူတို့က တိုက်ရိုက်ဒီမိုကရေစီစနစ်ကို လမ်းပေါ်ထွက်ပြီး မြင်သာအောင် ဖွင့်လှစ်ပြကြသည်။ သို့သော် လမ်းပေါ်ထွက်ပြီး ဆန္ဒပြနေတိုင်း အဖြေမဟုတ်။ ဆန္ဒပြခြင်းဖြင့် သမ္မတကို အဖြေမထုတ်နိုင်ပေ။ အနောက် ဒီမိုကရေစီသည် လွတ်လပ်စွာထုတ်ဖော်ပြီးသည့်နောက်တွင် အေးချမ်းစွာ မဲပေးကောက်တင်မြှောက်ကာ အဖြေရှာကြသည်ကို သတိပြုရမည်။

အီဂျစ်နိုင်ငံသားများသည် မအုပ်ချုပ်တတ်သော ရုပ်သေးသမ္မတမော်စီနှင့် သူ့ခရိုနီများကို နဖူးတွေ့ဒူးတွေ့ရင်ဆိုင်ခဲ့ကြပြီး ဖြစ်သည်။ ယခုသူတို့လက်ဖြင့် သမ္မတကိုရွေးချယ်ကြစတမ်းဆိုလျှင် မည်သူ့ကို ရွေးချယ်ကြမည်နည်း။ အီဂျစ်သည် ၂၁ ရာစု ၏ ဒီမိုကရေစီသစ်ကို အကောင်းဆုံးပုံဖော်ပြနိုင်ခဲ့သည့်နိုင်ငံဖြစ်သည်။ ယခင်သမ္မတ ဟောင်းဆူလေမန်ပြောခဲ့သလို အီဂျစ်သည် ဒီမိုကရေစီအတွက် အသင့်မဖြစ်သေးဘူးလား။ အချိန်ကစကားပြောမည်ထင်သည်။

**Ref : Is Egypt Ready for Democracy?, Nezar AlSayyad; New York Times; Washington Times; Huffington Post News, November 2013.**



16

အီရန်နိုင်ငံ

# အယာတိုလာ အလီ ခါမေနီ

**ဘဝအစ**

သူ့အမည်အပြည့်အစုံမှာ ဆေယက် အလီ ဟူစိန်နီခါမေနီ (Sayyid Ali Hosseini Khamenei) ဖြစ်သည်။ ၁၉၃၉ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့တွင် မွေးဖွားသည်။ လက်ရှိအီရန်နိုင်ငံ၏ ထိပ်တန်းခေါင်းဆောင်တစ်ယောက်အဖြစ် တာဝန်ယူထားသည်။ သူသည် အီရန်နိုင်ငံ၏ သမ္မတကြီးအဖြစ် ၁၉၈၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ Forbes မဂ္ဂဇင်းက ကမ္ဘာ့ဩဇာအကြီးဆုံး ပုဂ္ဂိုလ်များစာရင်းတွင် သူ့ကို ၂၀ ဦးမြောက်အဖြစ် ရွေးချယ်သတ်မှတ်ထားသည်။

လက်ရှိ နိုင်ငံတော်အကြီးအကဲအဖြစ် တာဝန်ယူထားရခြင်းသည် အီရန်နိုင်ငံတွင်

နိုင်ငံရေးအရ ပြဿနာအကြီးဆုံးဟု သတ်မှတ်ထားခြင်းခံရသူလည်း ဖြစ်သည်။ ၁၉၈၁ ခုနှစ်က လုပ်ကြံခြင်းခံရသည်။ အသက်မသေသော်လည်း ညာဘက်လက်မောင်းတစ်ခုလုံး သေသွားခဲ့သည်။

သူ့ကို ဆေယက်ဂျာဖက်ခါမေနီနှင့် ခါဒီဂျာမာဒါမဒီတို့မှ မွေးဖွားသည်။ သားသမီးရှစ်ဦးအနက် ဒုတိယမြောက်သားဖြစ်သည်။ သူညီအစ်ကိုနှစ်ယောက်သည် ဘာသာရေးခေါင်းဆောင်များအဖြစ် ထင်ရှားသည်။ ညီဖြစ်သူဟာဒီခါမေနီသည် သတင်းအယ်ဒီတာနှင့် ဘာသာရေးခေါင်းဆောင်တစ်ယောက်လည်း ဖြစ်သည်။

ငယ်စဉ်က ဘာသာရေးကျောင်းများတွင် တက်ရောက်ပညာသင်ကြားခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် အစ္စလာမ့်စ်လှုပ်ရှားမှုများ၌ ပါဝင်ခဲ့သဖြင့် ဘာဂျန်မြို့တွင် အဖမ်းခံရသည်။ ရက်ပိုင်းအတွင်း ပြန်လွတ်ခဲ့ပြီးနောက် မာရှတ်မြို့ရှိ ဘာသာရေးကျောင်းများနှင့် ဗလီများတွင် တက်ရောက်ပညာသင်ကြားပြန်သည်။ သူသည် ဆိုဗီယက်ယူနီယံခေတ်တွင် ရုရှားတက္ကသိုလ်မှ ဘွဲ့ရခဲ့သည်။

ခါမေနီသည် တစ်ကြိမ်အထိန်းသိမ်းခံရပြီးသည့်နောက် တီဟီရန်မြို့တွင် ၁၉၆၆ ခုနှစ်မှ ၁၉၆၇ ခုနှစ်အတွင်း ပုန်းလျှိုးကွယ်လျှိုးဘဝနှင့် နေထိုင်ခဲ့ရသည်။

## နိုင်ငံရေးသမားဘဝ

ခါမေနီသည် ရူဟိုလာခိုမေနီနှင့် အနီးစပ်ဆုံးနေခဲ့ပြီး ယုံကြည်စိတ်ချခြင်းခံရသူဖြစ်ခဲ့သည်။ အီရန်တော်လှန်ရေးတွင်လည်း အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်လှုပ်ရှားခဲ့သူတစ်ယောက်ဟု ဆိုနိုင်သည်။ ကာကွယ်ရေးဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးအဖြစ် ခေတ္တတာဝန်ထမ်းဆောင်ခဲ့ပြီး အစ္စလာမ့်စ်တော်လှန်ရေးတပ်ဖွဲ့ကို ကြီးမှူးအုပ်ချုပ်သူတစ်ယောက်အဖြစ်လည်း တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။

၁၉၈၁ ခုနှစ်တွင် ခါမေနီသည် ဗုံးနှင့်လုပ်ကြံမှုမှ သီသီလေးလွတ်မြောက်ခဲ့သည်။ သတင်းစာရှင်းလင်းပွဲတစ်ခုတွင် အသံဖမ်းစက်အတွင်း ထည့်သွင်း

ထားသည့် ဖုံးနှင့် လုပ်ကြံခံရခြင်းဖြစ်ပြီး ထိုဖုံးသည် သူ့အနီးတွင် ပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။ ညာဘက်လက်တစ်ခြမ်းသေသွားသည်အထိ ခံစားလိုက်ရသည်။

၁၉၈၁ ခုနှစ်တွင် မိုဟာမက်အလီ ရာဂျာအီကို လုပ်ကြံခံရပြီးသည့်နောက်တွင် သူ့ကို အီရန်သမ္မတအဖြစ် တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၈၁ ခုနှစ် အောက်တိုဘာလတွင် ကျင်းပပြုလုပ်သည့် အီရန်သမ္မတ ရွေးကောက်ပွဲတွင် ပထမဆုံး ဘာသာရေးခေါင်းဆောင်တစ်ယောက်အနေနှင့် အစိုးရအဖွဲ့ဝင်ဖြစ်လာရုံမက သမ္မတရာထူးကိုပါ လက်ခံရရှိခဲ့ခြင်းဖြစ်သည်။ ဘာသာရေးခေါင်းဆောင် ခိုမေနီကို သမ္မတရာထူးယူမည်ဟု အများက ထင်ထားခဲ့ကြသော်လည်း ခါမေနီသာ သမ္မတဖြစ်လာသောကြောင့် အီရန်နိုင်ငံရေး အလှည့်အပြောင်းကို ကမ္ဘာက စိတ်ဝင်စားစရာ ဖြစ်သွားခဲ့သည်။

သူ၏သမ္မတရာထူးလက်ခံပွဲတွင် ခါမေနီသည် "ဖောက်ပြန်ရေးသမားများ၊ လစ်ဘရယ်ဝါဒီများနှင့် အမေရိကန်လွှမ်းမိုးမှုခံထားရသည့် လက်ဝဲဝါဒီများ" တိုက်ဖျက်သွားမည်ဟု ကြွေးကြော်ပြီး တက်လာခဲ့သည်။ သူတက်လာပြီးနောက်တွင် ဒေသများစွာအတွင်း နိုင်ငံရေးဆန့်ကျင်မှုများကို အကြမ်းဖက်နည်းနှင့်ရော အကြမ်းမဖက်သည့်နည်းများနှင့်ပါ ပြုလုပ်လာကြောင်း တွေ့ရသည်။ လုပ်ကြံသတ်ဖြတ်မှုများလည်း မကြာခဏဖြစ်ခဲ့သည့်အပြင် ဆူပူအုံကြွမှုများလည်း ဖြစ်ပွားခဲ့သေးသည်။ ၁၉၈၀ ပြည့်နှစ်မတိုင်မီက ဖိနှိပ်တင်းကျပ်ခဲ့မှုများကြောင့်ဟု အကြောင်းပြကြသည်။

ခါမေနီတက်လာပြီးနောက် ရာထူးကြီးကြီး တာဝန်ယူထားသူများ၊ သောင်းကျန်းသူစာရင်းဝင်သူများကို ဖမ်းဆီးကာ တော်လှန်ရေးခုံရုံးတင်ပြီး အမြောက်အမြား ကွပ်မျက်ခြင်းခံခဲ့ရသည်။ ၁၉၈၂ ခုနှစ်တွင် ထိုတော်လှန်ရေးခုံရုံးကို ဖျက်သိမ်းလိုက်ကြောင်း အစိုးရကကြေညာခဲ့သော်လည်း နိုင်ငံရေးအုပ်စုများသည် အကြောင်းအမျိုးမျိုးပြပြီး ဖိနှိပ်ခြင်းခံနေရဆဲဖြစ်သည်။

## အီရန်ထိပ်တန်းခေါင်းဆောင်ဘဝ

အီရန်တော်လှန်ရေးတွင် ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သူ ရူဟိုလာခိုမေနီ ကွယ်လွန်ပြီးသည့်နောက်တွင် ခါမေနီသည် အီရန်နိုင်ငံ၌ အမြင့်ဆုံးထိပ်ပိုင်း ခေါင်းဆောင်ဘဝကို ရောက်ရှိသွားခဲ့သည်။ သူ့ကို ၁၉၈၉ ခုနှစ် ဇွန်လ ၄ ရက်နေ့တွင် လွှတ်တော်ပညာရှင်အဖွဲ့က အီရန်နိုင်ငံထိပ်တန်းခေါင်းကြီး (Supreme Leader) အဖြစ် ရွေးကောက်တင်မြှောက်လိုက်ကြသည်။ လွှတ်တော် ပညာရှင်သုံးဦးက သူ့ကို အမြင့်ဆုံးခေါင်းဆောင်ရာထူးအပ်နှင်းရန် ထောက်ခံ ခဲ့ကြခြင်းဖြစ်ပြီး လွှတ်တော်အတွင်း ကန့်ကွက်သူများရှိနေသောကြောင့် မဲခွဲ ဆုံးဖြတ်ခဲ့ကြရာတွင် အမတ်ပေါင်း ၇၄ ဦး ရှိသည့်အနက် ခါမေနီကို ၆၀ က ထောက်ခံပြီး ၁၄ ဦးက ကန့်ကွက်ခဲ့ကြသည်။ ထိုအချိန်က ခါမေနီသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မာဂျာ (Marja) မဖြစ်သေးသောကြောင့် ခေါင်းဆောင်ကြီးဘဝကို ခံယူခွင့် မရှိသေးပေ။ နောက်ပိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ကို ပြန်လည်ပြုပြင်ပြီးနောက် ၁၉၈၉ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့တွင် ထပ်မံရွေးချယ်ခဲ့ရာ လွှတ်တော်သို့တက်ရောက်သည့် အမတ်ပေါင်း ၆၄ ဦး အနက် ၆၀ က ထောက်ခံသဖြင့် အီရန်နိုင်ငံ အမြင့်ဆုံးခေါင်းဆောင်ရာထူးကို လက်ခံရရှိခဲ့သည်။

## နိုင်ငံရေး ဗျူဟာအခင်းအကျင်း

ခါမေနီလက်ထက်နိုင်ငံရေးသည် သူ့ယခင် ခိုမေနီလက်ထက်အုပ်ချုပ်ရေး နှင့် လုံးဝကွဲပြားခြားနားမှုများရှိခဲ့သည်။ သူက ခိုမေနီကျင့်သုံးခဲ့သည့် "အဖွဲ့ တစ်ဖွဲ့ကို အာဏာအပြည့်အဝမပေးဘဲ တစ်ဖွဲ့နှင့် တစ်ဖွဲ့ ရန်တိုက်ပေးကာ အာဏာချိန်ခွင်ကို ထိန်းထားသည့်ဗျူဟာ" ကို ဆက်လက်ကျင့်သုံးဆဲဖြစ်ကြောင်း တွေ့ရသည်။ သူက ခိုမေနီလို အာဏာကိုချုပ်ကိုင်ထားသည့်ပုံစံမပေါက်အောင် ကြိုးစားပြီး နေထိုင်လေ့ရှိသည်။ သို့သော်သူ့တွင် ချိတ်ဆက်ထားသည့် အဖွဲ့ ပေါင်းများစွာကို ကွန်ရက်အနေနှင့် ဖြန့်ကြက်ထားနိုင်ခဲ့သည်။

သူ့နောက်ကွယ်တွင် လက်နက်ကိုင်တပ်များ၊ ဘာသာရေးဖောင်ဒေးရှင်းများ၊ ဘာသာရေးခေါင်းဆောင်များကို စည်းရုံးပြီး ကျောထောက်နောက်ခံပြုလုပ်ထားသည်။ နိုင်ငံရေးအရသြဇာ အာဏာတည်ဆောက်ထားပုံမှာ အလွန်ထူးခြားသည်။ အဝိုက်အခံများ၊ နိုင်ငံရေးအဖွဲ့အစည်းပေါင်းများစွာကို ခါးပိုက်ထဲထည့်ထားနိုင်ရုံမျှမက လွှတ်တော်၊ သမ္မတ၊ တရားရေးအဖွဲ့၊ တော်လှန်ရေးတပ်၊ စစ်တပ်၊ ထောက်လှမ်းရေး၊ ရဲတပ်ဖွဲ့၊ ဘာသာရေးခေါင်းဆောင်များ၊ ဗလီခေါင်းဆောင်များ၊ မီဒီယာအတော်များများကို ထိန်းချုပ်ထားနိုင်သူဖြစ်သောကြောင့်လည်း အီရန်နိုင်ငံရေးနှင့် ဘာသာရေးခေါင်းဆောင်များထဲတွင် ထူးခြားသည့် ပုဂ္ဂိုလ်တစ်ဦးဟု ဆိုနိုင်သည်။

ထို့ပြင် နိုင်ငံအတွင်းရှိ NGO အဖွဲ့ အစည်းများ၊ NGO ဖောင်ဒေးရှင်းများနှင့် အခြားလူမှုရေးလုပ်ငန်းများကိုပါ ခါးပိုက်ထဲထည့်ထားပြီး ထိန်းချုပ်ထားနိုင်သဖြင့် သူ့ကို ဘာသာရေးခေါင်းဆောင်ဟုဆိုရမည်ထက် သက်ဦးဆံပိုင်ဘုရင်တစ်ပါးအဖြစ် သတ်မှတ်သင့်သော ပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်သည်။ သူ့ကို နိုင်ငံခေါင်းဆောင်ကြီးအဖြစ် ရပ်ပြထားခြင်းထက် သမ္မတကိုကျော်ပြီး သက်ဦးဆံပိုင်ဘုရင်တစ်ပါးပမာ ထင်တိုင်းစိုးမိုးအုပ်ချုပ်ပိုင်ခွင့်နှင့် စီရင်ပိုင်ခွင့်များကို လက်ဝယ်ထည့်ထားပေးခြင်း ခံရသူဖြစ်လာပြီး နိုင်ငံရေးတစ်ခုလုံးနှင့် နိုင်ငံတော်ကို ထိန်းသိမ်းချုပ်ကိုင်လာသူတစ်ယောက်လည်း ဖြစ်လာခဲ့သည်။ နိုင်ငံ့ခေါင်းဆောင်ကြီးဘဝ ရောက်လာပြီးကတည်းက မည်သည့်မီဒီယာနှင့်မှလည်း တွေ့ဆုံခြင်းမရှိ၊ မည်သည့်အင်တာဗျူးကိုမှလည်း လက်မခံတော့ပေ။

## နိုင်ငံခြားဆက်ဆံရေး

ခါမေနီသည် အီရန်တစ်နိုင်ငံကို ထိန်းချုပ်ထားခဲ့ရုံမက အမေရိကန်ပြည်ထောင်စုအပေါ်တွင် အလွန်သံသယကြီးစွာထားကာ ဆက်ဆံနေသူဖြစ်သည်။ သူက အီရန်နိုင်ငံကို အစ္စလာမ့်နိုင်ငံတော်တစ်ခုဖြစ်စေရန် ကြိုးစားထူထောင်လေ အီရန်နှင့် အမေရိကန်ဆက်ဆံရေးမှာ ခက်ခဲလေဖြစ်နေမည်မှာ သေချာသည်။

အီရန်က ထိုသို့တင်းလေ အမေရိကန်ကလည်း တားဆီးပိတ်ဆို့မှုများကို တိုးမြှင့်လုပ်ဆောင်လေဖြစ်နေဦးမှာ သေချာသည်။

ခါမေနီသည် နိုင်ငံခြားရေးမူဝါဒများနှင့်ပတ်သက်ပြီး တိုက်ရိုက်တာဝန်ယူကာ ထိန်းချုပ်နေသူတစ်ဦးဖြစ်သည်။ သူ့ဆုံးဖြတ်ချက်မပါဘဲ အတည်မပြုဘဲ နိုင်ငံခြားဆက်သွယ်မှုဆိုင်ရာကိစ္စများကို ခွင့်ပြုခြင်းမရှိပေ။ သမ္မတ၏ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အကြံပေးနှစ်ဦးကို ထားရှိသော်လည်း ထိုနှစ်ဦးစလုံးမှာ သူ့လူတွေဖြစ်ပြီး ဆုံးဖြတ်ချက်များကို သူတစ်ဦးတည်းကသာ ထိန်းချုပ်ထားကြောင်း တွေ့ရသည်။ သူ့နိုင်ငံခြားရေးမူဝါဒသည် အနောက်ကို ဆန့်ကျင်ဘက်အတိုက်အခံ လည်းမလုပ်၊ အလိုက်သင့်လည်း မဆက်ဆံ၊ ထိပ်တိုက်ရင်ဆိုင်ခြင်းလည်းမလုပ်ဘဲ ကြားနေသည့်မူဝါဒကိုသာ အများဆုံး ကျင့်သုံးကြောင်းတွေ့ရသည်။

၂၀၁၁ ခုနှစ် ဖွန်လတွင် ခါမေနီသည် အမေရိကန်အစိုးရက အကြမ်းဖက်ဝါဒကို ဆုပ်ကိုင်ထားသူများဆိုသည့် စွပ်စွဲချက်ကို ငြင်းဆိုလိုက်သည်။ ခါမေနီက "အမေရိကန်နဲ့ ဥရောပအစိုးရတွေက ကိုယ့်နိုင်ငံလွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်နေကြတဲ့ ပါလက်စတိုင်းတွေကို အကြမ်းဖက်သမားတွေလို့ သတ်မှတ်နေကြတာပါ" ဟု တုံ့ပြန်ပြောဆိုခဲ့သည်။

## လူ့အခွင့်အရေးချိုးဖောက်မှုများ

ခါမေနီက လူ့အခွင့်အရေးဆိုသည်မှာ အစ္စလာမ်တရားတော်၏ အခြေခံအခွင့်အရေးတစ်ခုဖြစ်ကြောင်း ပြောဆိုခဲ့သည်။ အစ္စလာမ်ဘာသာရေးတွင် လူ့အခွင့်အရေးဆိုသည်မှာ အသက်ရှင်နေထိုင်ခွင့်၊ လွတ်လပ်ခွင့်၊ တရားမျှတမှုကို ရပိုင်ခွင့်နှင့် လူမှုရေးခံစားခွင့်များ ရပိုင်ခွင့်တို့ဖြစ်ပြီး ထိုအခွင့်အရေးများကို အစ္စလာမ်ဘာသာရေးက နှစ်ပေါင်းများစွာ ကျင့်သုံးခဲ့သည်ဟုဆိုသည်။ သူက တတိယဖွံ့ဖြိုးဆဲနိုင်ငံများတွင် အစ္စလာမ့်နိုင်ငံတော်ပေါ်ပေါက်ရေးကို တားမြစ်ပိတ်ဆို့နေသူများသာ သက်ဦးဆံပိုင်ဘုရင်စနစ်ကို ထောက်ခံသူများ၊ အာဏာ

ရှင်များဖြစ်သည်ဟု အနောက်အုပ်စုကို စွပ်စွဲပြစ်တင်ဝေဖန်ခဲ့သည်။

အနောက်အုပ်စုကလည်း အီရန်နိုင်ငံတွင် အစ္စလာမ္မစ်နိုင်ငံကိုအကြောင်းပြုပြီး ရာဇဝတ်မှုကျူးလွန်နေခြင်းများ၊ တရားစီရင်ခြင်းမပြုဘဲ သတ်ဖြတ်မှုများကို ထောက်ပြဝေဖန်ခဲ့သည်။

## ဘာသာရေးဒီမိုကရေစီနှင့် ခါမေနီ

အစ္စလာမ္မစ်နိုင်ငံတော်ဆိုသည်မှာ ခါမေနီလက်ခံထားသည့် ဒီမိုကရေစီနိုင်ငံတော်သာဖြစ်သည်။ သူဖော်ဆောင်မည့် ဒီမိုကရေစီနိုင်ငံတော်သည် အစ္စလာမ်ဘာသာရေးအပေါ်တွင် အခြေခံထားသော ဘာသာရေးဒီမိုကရေစီလည်းဖြစ်သည်။ သူက ၂၀၀၅ ခုနှစ် ဇွန်လတွင်ကျင်းပသည့် ခိုမေနီကွယ်လွန်ခြင်း အထိမ်းအမှတ်နှစ်ပတ်လည်ပွဲတွင် "ကျွန်တော်တို့လက်ခံထားတဲ့ ဘာသာရေးအခြေခံ ဒီမိုကရေစီဆိုတာ အနောက်တိုင်းက လက်ခံထားတဲ့ ဒီမိုကရေစီနဲ့ အများကြီးကွာခြားပါတယ်" ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

သူပြောသည့် ဘာသာရေးဒီမိုကရေစီဆိုသည်မှာ ဘုရားသခင်ပေးအပ်သည့် အခွင့်အရေးတစ်မျိုးဖြစ်သည်။ ဒီမိုကရေစီဆိုသည်မှာ လူသား၏တာဝန်ဖြစ်သည်။ ဒီမိုကရေစီဆိုသည်မှာ ကျဉ်းမြောင်းသည့် သဘောတရားမဟုတ်။ လူသားတိုင်း ရွေးကောက်တင်မြှောက်ပိုင်ခွင့်ရှိသည်။ ကိုယ်ပိုင်ဆုံးဖြတ်ပြဋ္ဌာန်းပိုင်ခွင့်ရှိသည်။ သို့ဖြစ်ရာ "အစ္စလာမ္မစ်နိုင်ငံတော်တွင်လည်း ရွေးကောက်တင်မြှောက်မှုများရှိရမည်ဟု ဖော်ထုတ်ပြောဆိုခဲ့သည်။

ခါမေနီသည် အစ္စလာမ္မစ်ဒီမိုကရေစီကိုယုံကြည်ပြီး အီရန်နိုင်ငံကို ဘာသာရေးချုပ်ကိုင်မှုအောက်တွင် ဒီမိုကရေစီစိတ်ကူးယဉ် နိုင်ငံတော်ကြီးတစ်ခုအဖြစ် တည်ဆောက်နေသူဖြစ်သည်။ သို့သော် တင်းကျပ်ချုပ်ကိုင်ထားပြီး အုပ်ဆောင်းထဲတွင် လွတ်လပ်ခွင့်ပေးထားသော ပြည်သူတို့၏ဘဝ၊ အုပ်ဆောင်းထဲတွင် ခံစားနေရသည့် လူ့အခွင့်အရေး၊ အုပ်ဆောင်းထဲက လွတ်လပ်ရေးနှင့် အများလက်ခံသည့် အစ္စလာမ္မစ်ဒီမိုကရေစီသည် အီရန်နိုင်ငံပြည်သူတို့အပေါ်

တွင် မည်မျှအတိုင်းအတာအထိ လွှမ်းမိုးချုပ်ကိုင်နိုင်မည်ကို စောင့်ကြည့်ရပေလိမ့်မည်။

**Ref : News BBC; Leader.ir; Who is Ali Khamenei? The Worldview of Iran's Supreme Leader, by Akbar Ganji, Foreign Affair Magazine, September/ October 2013.**



17

မြောက်ကိုရီးယား
နိုင်ငံ

# ကင်ဂျုံအန်

ကင်ဂျုံအန်ကို ၁၉၈၃ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင် မွေးဖွားသည်ဟု ဆိုထားသဖြင့် မြောက်ကိုရီးယား နိုင်ငံ့ခေါင်းဆောင်ကြီးအဖြစ် တာဝန်ယူထားသူ၏ အသက်မှာ ၃၀ ကျော်သာ ရှိသေးသည်ဟု ဆိုရမည်ဖြစ်သည်။ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် ကွယ်လွန်သွားခဲ့သူ မြောက်ကိုရီးယားနိုင်ငံ့ခေါင်းဆောင် ကင်ဂျုံအီသည် သူ၏ဖခင်ဖြစ်ပြီး မြောက်ကိုရီးယားနိုင်ငံကို သားစဉ်မြေးဆက် လွှမ်းမိုးသိမ်းပိုက် အုပ်ချုပ်ထားသူများဟုလည်း ဆိုနိုင်သည်။ အဘိုးဖြစ်သူ ကင်အီဆွန်း၊ ဖခင်ဖြစ်သူကင်ဂျုံအီမှသည် ယခု ကင်ဂျုံအန်လက်ထက်တိုင် မြောက်ကိုရီးယားနိုင်ငံသည် သွေးမျိုးစုတစ်စုတည်း၏ ကံကြမ္မာစီမံရာကို ခံခဲ့ကြရသည်။

## ဝယ်စဉ်ဘဝ

ကင်ဂျုံအန်နှင့်ပတ်သက်ပြီး နောက်ကြောင်းစာတ်လမ်းများကို ထုံးစံအတိုင်း အလွန်လျှို့ဝှက်ထားသောကြောင့် တိတိပပပြောနိုင်ရန် ခက်သည်။ သူ့အစ်ကိုဖြစ်သူ ကင်ဂျုံချူးသည် ဆွစ်ဇာလန်နိုင်ငံတွင် သွားရောက်ပညာသင်ကြားနေစဉ်က သူလည်း မြောက်ကိုရီးယားနိုင်ငံက ပျောက်နေသဖြင့် သူတို့ညီအစ်ကိုနှစ်ယောက်စလုံး ကျောင်းအတူတူတက်နေသလိုလို သတင်းတွေထွက်ပေါ်ခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံက သူ့မွေးနေ့ကို ၁၉၈၂ ခုနှစ် ဇန်နဝါရီ ၈ ရက်နေ့ဟု ထုတ်ပြန်ထားသော်လည်း တောင်ကိုရီးယားထောက်လှမ်းရေးဌာန၏ ထုတ်ပြန်ချက်အရ ၁၉၈၃ ခုနှစ်ဖြစ်နေသဖြင့် တစ်နှစ်ငယ်နေသည်ဟု ဆိုရမည်။

ကင်ဂျုံအန်ကို ဆွစ်ဇာလန်နိုင်ငံ ဘန်းမြို့အနီးရှိ ကျောင်းတစ်ကျောင်းတွင် တက်ဖူးကြောင်းကို ဂျပန်နိုင်ငံသတင်းစာတစ်စောင်က ရေးသားခဲ့သောကြောင့်သာ သိကြရသည်။ ဘန်းမြို့အနီးရှိ ဂမ်လီဂျန်နိုင်ငံတကာ အထူးအင်္ဂလိပ်ကျောင်းတွင် ၁၉၉၃ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ တက်ရောက်ပညာသင်ကြားခဲ့သည်။ သူ့ကို ဘတ်စ်ကက် ဘောဝါသနာအိုး၊ ရှက်တတ်သူ၊ စာတော်သူတစ်ယောက်ဟု ကျောင်းနေဘက်များက ဆိုကြသည်။ သူ့ကို အရွယ်ကြီးကြီးကျောင်းသားတစ်ယောက်က လိုက်လံထိန်းသိမ်းစောင့်ရှောက်ပေးသည်။ သူ့ကိုယ်ရံတော်ဟုလည်းဆိုကြသည်။ ထိုကျောင်းတွင် သူက မြောက်ကိုရီးယား သံရုံးဝန်ထမ်းတစ်ဦး၏ သားအနေနှင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

သူသည် ဆွစ်ဇာလန်နိုင်ငံကျောင်းတွင် ၂၀၀၀ ပြည့်နှစ်အထိ ကျောင်းတက်ခဲ့ပြီး ၉ တန်းအဆင့်လောက်တွင် ကျောင်းထွက်ခဲ့သည်ဟုလည်း ဆိုကြသည်။ သူ့ကို စာတော်သည်ဟုသာပြောကြသော်လည်း အတန်းထဲတွင် အဆင့်ကတော့ အလွန်ညံ့ကြောင်း အထောက်အထားများအရ သိရသည်။ ဘတ်စ်ကက်ဘောကစားနည်းကို ခုံမင်သဖြင့် အမေရိကန် ဘတ်စ်ကက်ဘောသမား မိုက်ကယ်ဂျော်ဒန်ကို အလွန်မြတ်နိုးကိုးကွယ်သူဟုလည်း ဆိုနိုင်သည်။

ကင်ဂျုံအန်ကို ကင်အီဆွန်းတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားဖူး

သည်ဟုလည်း ဆိုကြသည်။ ပြုယမ်းရှိခေါင်းဆောင်သင်တန်းသို့လည်း ၂၀၀၂ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ တက်ရောက်ခဲ့ဖူးကြောင်း ပြောကြသည်။

## နိုင်ငံရေးလောကသို့ဝင်ရောက်လာခြင်း

သူ့အစ်ကိုဖြစ်သူ ကင်ဂျုံနမ်သည် ဖခင်ဖြစ်သူ၏ အရိုက်အရာကို ဆက်ခံမည့်သူဟု ထင်ကြရသော်လည်း ၂၀၀၁ ခုနှစ်တွင် ဂျပန်နိုင်ငံ တိုကျို ဒစ္စနေးလန်းသို့ နိုင်ငံကူးလက်မှတ်အတုနှင့် သွားခဲ့သည့်ကိစ္စနှင့်ပတ်သက်ပြီး အဖမ်းခံခဲ့ရာမှ သူ့ကို ချောင်ထိုးခြင်းခံလိုက်ရသည်ဟုလည်း နိုင်ငံရေးအသိုင်းအဝိုင်းတွင် သတင်းများပေါ်ထွက်ခဲ့သည်။

မည်သို့ဆိုစေ ဖခင်ဖြစ်သူ ကင်ဂျုံအီသည် သားအငယ် ကင်ဂျုံအန်ကိုသာ သူ့အရိုက်အရာကို ဆက်ခံမည့်သူအဖြစ်ရွေးချယ်ခဲ့သည်။ အစ်ကိုဖြစ်သူ ကင်ဂျုံချုး ကလည်း မိန်းမဆန်နေသောကြောင့် သူ့ကိုသာ ရွေးချယ်ခဲ့ခြင်းဖြစ်ဟန်တူသည်။ ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၅ ရက်နေ့တွင် တောင်ကိုရီးယားနိုင်ငံ ယုံဟပ်သတင်းအေဂျင်စီ၏ထုတ်ပြန်ချက်အရ ကင်ဂျုံအီသည် သားဖြစ်သူ ကင်ဂျုံအန်ကိုသာ သူ့နေရာကို ဆက်ခံမည့်သူအဖြစ် ရွေးချယ်ခဲ့ကြောင်း တရားဝင်ထုတ်ပြန်သည်ဟု ဆိုသည်။

၂၀၁၀ ပြည့်နှစ်တွင် ကင်ဂျုံအီသည် သားဖြစ်သူကို သိသာစွာရှေ့တန်းတင်လာကြောင်းတွေ့ရသည်။ သူ့သားမွေးနေ့ ဇန်နဝါရီလ ၈ ရက်နေ့ကို နိုင်ငံတော်ပိတ်ရက်အဖြစ် သတ်မှတ်ကာ ပွဲလမ်းများ ကျင်းပပေးခြင်းအပြင် ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ ၂၈ ရက်နေ့တွင် သူ့အရိုက်အရာကိုဆက်ခံမည့်သူအဖြစ် တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

ကင်ဂျုံအန်ကို ချက်ချင်း အမေရိကန်ပြည်ထောင်စုရှိ ဗိုလ်ချုပ်ကြီးအဆင့်နှင့် ညီမျှသော ဒေဂျန်းရာထူးသို့ တိုးမြှင့်ပေးလိုက်သည်။ စစ်ရေးအတွေ့အကြုံလုံးဝမရှိသူတစ်ယောက်ကို ဤရာထူးပေးအပ်ခဲ့ခြင်းဖြစ်သောကြောင့် မီဒီယာများတွင် ရိုးတိုးရိတ်တိတ် ဝေဖန်မှုများဖြစ်ခဲ့သည်။ သူ့ကို စစ်တပ်တွင်

အရေးပါသည့်နေရာသို့ ပို့ထားသော်လည်း တရားဝင်ပုံများထုတ်ကာလှုံ့ဆော်ခဲ့ခြင်း မရှိသေးပေ။ ၂၀၁၀ ပြည့်နှစ် စက်တင်ဘာ ၂၈ ရက်နေ့တွင်မှ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌကို အလုပ်သမားပါတီဗဟိုကော်မတီဝင်အဖြစ် ထပ်မံတာဝန်ပေးအပ်ခဲ့ပြန်သည်။ ထိုနေရာသည် ကင်ဂျုံအီနေရာကို ဆက်ခံနိုင်မည့် အနီးဆုံးနေရာတစ်နေရာလည်း ဖြစ်သည်။

၂၀၁၀ ပြည့်နှစ် အောက်တိုဘာ ၁၀ ရက်နေ့တွင် ကျင်းပသည့် ၆၅ နှစ်မြောက် အလုပ်သမားပါတီ၏ နှစ်ပတ်လည်အခမ်းအနားသို့ ဖခင်ကင်ဂျုံအီ မတက်ရောက်ဘဲ သားဖြစ်သူ ကင်ဂျုံအန်တက်ရောက်လာခြင်းက နိုင်ငံရေးတွင် အာဏာရှင်လက်သစ်ကို ပွဲထုတ်ပြလိုက်ခြင်းလည်းဖြစ်သည်။ နောက်ပိုင်းတွင် ဖခင်ဖြစ်သူနှင့်အတူ ပွဲများတက်ခြင်း၊ နိုင်ငံခြားခရီးစဉ်များသို့ အတူလိုက်ပါခြင်း၊ ခေါင်းဆောင်တစ်ယောက်အနေနှင့် ကြိုဆိုဂုဏ်ပြုခံခြင်းစသည်တို့မှာ ကင်ဂျုံအန်သည် နိုင်ငံရေးလောကအတွင်းသို့ ခြေလှမ်းဝင်လာပြီဖြစ်ကြောင်း ပြောင်ပြောင်တင်းတင်း ထုတ်ပြလိုက်ခြင်းဖြစ်သည်။

## မြောက်ကိုရီးယားခေါင်းဆောင်ကြီးဖြစ်လာခြင်း ၄

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်နေ့တွင် ဖခင်ဖြစ်သူကင်ဂျုံအီကွယ်လွန်ခဲ့သည်။ လက်ရှိခေါင်းဆောင် ကွယ်လွန်သွားခဲ့သော်လည်း သားဖြစ်သူ အရိုက်အရာဆက်ခံရေးမှာ မရေမရာဖြစ်နေခဲ့သည်။ ကင်ဂျုံအန်သည် လူကလည်းငယ်၊ အတွေ့အကြုံကလည်းမရှိသောကြောင့် ဂျန်ဆန်တိဆိုသူကို ရင်ဖွင့်ပိုက်အုပ်ချုပ်နိုင်းလိမ့်မည်ဟုလည်း သတင်းတွေပြေးနေသည်။

သို့သော် အရိုက်အရာမှာ သတ်မှတ်ပြီးသားဖြစ်နေသောကြောင့် ဖခင်သေဆုံးချိန်နှင့် တစ်ပြိုင်နက်တည်း ကင်ဂျုံအန်ကို "ဂျူချေတော်လှန်ရေး၏ မဟာအောင်ပွဲကို ဆက်ခံမည့်သူ" "ပါတီ၊ တပ်မတော်နှင့် ပြည်သူ့စံပြခေါင်းဆောင်" အဖြစ် ဝါဒဖြန့်ချိမှုများနှင့်အတူ ရှေ့တန်းသို့ တွန်းပို့လိုက်ကြသည်။ ဖခင်ဖြစ်သူ ကင်ဂျုံအီ၏ ရျာပနတွင် သူ့ကိုဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခြင်းခံလိုက်ရ

ကတည်းက ရုပ်လုံးပေါ်လာသယောင် ရှိလာသည်။

မြောက်ကိုရီးယား ဗဟိုသတင်းအေဂျင်စီက ကင်ဂျုံအန်ကို "ကောင်းကင်ဘုံက မွေးဖွားလာသော မဟာလူသား" ဟု ချီးမြှောက်လိုက်သည်။ ထိုဝါဒဖြန့်အသုံး အနှုန်းသည်သူ့အဘိုးနှင့် သူ့ဖခင်တို့လက်ထက်ကတည်းက အနှစ်သက်ဆုံး ချီးမြှောက်တင်စားမှုဖြစ်သည်။ မည်မျှအထိ ချီးမြှောက်ထားသနည်းဆိုသော် အလုပ်သမားပါတီစာစောင် အယ်ဒီတာအာဘော်တွင် "ကျွန်ုပ်တို့သည် ကင်ဂျုံအန်ကို သွေးမျက်ရည်ကျသည်အထိ ခေါင်းဆောင်ကြီးတစ်ယောက်အဖြစ် ဦးညွှတ်မိပါသည်" ဟု ရေးသားထားသည်။

၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် သူကိုယ်တိုင် ကိုရီးယားပြည်သူ့တပ်မတော် စစ်သေနာပတိချုပ်အဖြစ် ကြေညာခဲ့သည်။ အစဉ်အလာအရ ထိုရာထူးကို လက်ခံလိုက်သည်နှင့် အလုပ်သမားပါတီ ဗဟိုကော်မတီ၏ ပေါ်လစ်ဗျူရိုတစ်ယောက်ပါ ဖြစ်သွားခဲ့ရသည်။ မြောက်ကိုရီးယားတပ်မတော်တွင် အမြင့်ဆုံး၊ ပါတီတွင်လည်း အရေးအပါဆုံး သူတစ်ယောက်ဘဝသို့ အလိုအလျောက် ရောက်သွားခဲ့ရသည်။

●

## အာဏာအထွဋ်ထိပ် မြင့်တက်ခြင်း

၂၀၁၂ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့ တွင် ရီဆိုဂျူနှင့် လက်ထပ်သည်။ သူ့ဘေးနားတွင် နှစ်ပေါင်းများစွာတွဲနေခဲ့ပြီးမှ လက်ထပ်ခဲ့ခြင်းဖြစ်သည်။ အချို့ကလည်း ဖခင်ဖြစ်သူ လေဖြတ်နေခဲ့သည့် ၂၀၀၈ လောက်ကတည်းက ညားနေကြသည်ဟု ကိုရီးယားတိုင်းမ်သတင်းတွင် ဖော်ပြထားသည်။ သို့သော် ၂၀၀၉ ခုနှစ်ကတည်းက လက်ထပ်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် သမီးလေးတစ်ယောက်ထွန်းကားခဲ့ကာ ၂၀၁၂ ခုနှစ်မှ တရားဝင်လက်ထပ်ခဲ့ခြင်းဖြစ်သည်။

တိုင်းပြည်ခေါင်းဆောင်ကြီးဘဝကို လက်ခံပြီး ပထမလအတွင်း မိမိ၏အခန်းကဏ္ဍကို ရအောင်ယူပြသည့်သူ့စွမ်းရည်ကိုတော့ ချီးကျူးရမည်ဖြစ်သည်။ သူ့ဖခင်ခြေရာ နင်းနိုင်သူတစ်ယောက်ဟု ဆိုရလောက်အောင်

စစ်တပ်ကိုချုပ်ကိုင်ခြင်း၊ ကွန်မြူနစ် အလုပ်သမားပါတီကို ထိန်းသိမ်းနိုင်ခြင်းတို့မှာ သူ့အရည်အချင်းကို ထုတ်ဖော်ပြလိုက်ခြင်းဖြစ်သည်။

ခေါင်းဆောင်သစ်ကို မြောက်ကိုရီးယား ရုပ်သံတွေကလည်း ဗီဒီယိုတွေ ရိုက်ပြီး ဖျော်တ်ထုတ်လွှင့်ပြသည်။ ထို့ပြင် အင်တာနက်သို့ပါ ဝါဒဖြန့်မှုများ ပြန့်နေအောင် စီစဉ်လုပ်ဆောင်ခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စုကြီးကိုပင် စစ်ကြေညာပြီး တိုက်တော့မယောင် ဝါဒဖြန့်မှုတွေက မိုးလုံးညံခဲ့သည်။

တိုင်းပြည်နှင့်လူမျိုးကို စိတ်ဓာတ်တွေမြှင့်တင်ပေးပြီး လူတွေက ထမင်းငတ်၊ ဈေးတပ်များတွင် သန်းပေါင်းများစွာသော ပြည်သူတို့ငတ်ပြတ်နေကြခြင်းကို ကွန်မြူနစ်ခေါင်းဆောင်များ၏ ထုံးစံအတိုင်း ဝါဒမှိုင်းတိုက်ပြီး ချေးသိပ်နေကြခြင်းဖြစ်သည်။

တိုင်းပြည်က ဆင်းရဲတွင်းနက်နေသော်လည်း ပြုံယမ်းတွင် ကင်ဂျုံအန် တစ်ယောက် ကျွန်းမာရေးလေ့ကျင့်ခန်းပြုလုပ်သည့် သင်တန်းများကိုသွားသည်။ ရေပေါ်စားသောက်ဆိုင်များတွင် စားသောက်ပြသည်။ နိုင်ငံတကာစည့်သည်များကို ဖိတ်ကြားပြီး အသစ်ဖွင့်လှစ်ထားသည့် အပန်းဖြေဥယျာဉ်ကြီးထဲတွင် ရိုလာကော်စတာတွေ စီးပြသည်။

ကင်ဂျုံအန်သည် သူ့အဘိုး၊ သူ့ဖခင်တို့နှင့် မတူသည့်အချက်မှာ ဇနီးဖြစ်သူ ရီဆိုဂျူကို မကြာခဏပွဲထုတ်တတ်ခြင်းဖြစ်သည်။ ပြည်သူများကြားတွင် ဓာတ်ပုံများကို နှုတ်ခွဲအရိုက်ခံခြင်း၊ လက်ခုပ်လက်ဝါးတီးကာ ဂုဏ်ပြုခြင်းများကို ပြုလုပ်တတ်သည်။

မြောက်ကိုရီးယားနိုင်ငံတွင် ကင်ဂျုံအီလက်ထက်ကတည်းက လူ့အခွင့်အရေးချိုးဖောက်မှုများကိုပြုလုပ်ခဲ့သည်။ သားဖြစ်သူ လက်ထက်တွင်လည်း ဖခင်အရိုက်အရာ လက်စလက်နများကို တစ်သွေမတိမ်းလက်ခံဆောင်ရွက်ဆဲဖြစ်သည်၊ တိုင်းပြည်က ထွက်ပြေးသူများကို ဖမ်းမိလျှင်သတ်ပစ်သည်။ လူမြင်ကွင်းတွင် အဆုံးစီရင်ပွဲများကို ဆက်လက်ကျင်းပဆဲဖြစ်သည်။ ပြည်သူတွေကို ထောင်ထဲသို့ အတိုင်းအဆမရှိပို့ခြင်းမှာ မြောက်ကိုရီးယားသမိုင်းတစ်လျှောက် ရိုးအီနေသောဓာတ်လမ်း ဖြစ်နေသည်။

ယုံပြောင်းကျွန်းတိုက်ခိုက်မှုနှင့် ချီနမ်သင်္ဘော တိုက်ခိုက်နှစ်မြှုပ်ခံရမှု တို့တွင် ကင်ဂျုံအန် ပယောဂမကင်းဟုဆိုကြသည်။ သူက ဖခင်ထံမှ စစ်တပ် အာဏာကို ဆက်ခံလိုသောကြောင့် တောင်ကိုရီးယားနှင့် ပြဿနာဖြစ်အောင် လုပ်ကာ မိမိကိုယ်ကို မြှင့်တင်လိုက်ခြင်းဖြစ်သည်ဟု နိုင်ငံရေးအသိုင်းအဝိုင်းက ဝေဖန်ခဲ့ကြသည်။

၂၀၁၃ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် ကင်ဂျုံအန်ကို လုပ်ကြံသတ်ဖြတ်ရန် ကြံစည် ခြင်းခံရသည်ဟု တောင်ကိုရီးယားနိုင်ငံ ထောက်လှမ်းရေးအဖွဲ့က ထုတ်ပြန်ကြေညာ ခဲ့သည်။ သူတက်လာခြင်းကို မကျေနပ်သည့် အုပ်စုက လုပ်ကြံခြင်းဖြစ်သည်ဟုလည်းဆို သည်။ ထိုအဖြစ်အပျက်ကြောင့် မြောက် ကိုရီးယား ထောက်လှမ်းရေးအကြီးအကဲ ကင်ယုံချောင်ကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလ တွင် ရာထူးချလိုက်သည်။ သို့ဖြစ်ရာ လုပ်ကြံ သတ်ဖြတ်မှုသည် ယိုစဉ်လောက်ကတည်း က ဖြစ်ပွားခဲ့သည်ဟု ယူဆရသည်။ ပြုံယမ်း မြို့ထဲတွင် လှည့်လည်နေစဉ် သေနတ်ဖြင့် ပစ်ခတ်ကာ လုပ်ကြံသတ်ဖြတ်ခဲ့ခြင်းဖြစ် သည်။ ထိုအဖြစ်အပျက်ကပင် ပြည်တွင်း၌ ဂိုဏ်းကွဲမှုများရှိနေခြင်းကို ပြဆိုလိုက် ခြင်းဖြစ်နေကြောင်း တောင်ကိုရီးယားက သတ်မှတ်ထားသည်။

ကင်ဂျုံအန်သည် လူကငယ်ငယ် အပြုံးကြွယ်သူတစ်ယောက်ဖြစ်သည်။ စစ်သားနှင့်တွေ့တွေ့၊ အရပ်သားနှင့်တွေ့တွေ့ သူကဦးစွာ ပြုံးပြလိုက်သည်သာ ဖြစ်သည်။ အကြီးအကဲများနှင့်တွေ့လျှင်လည်း ပြုံးပြီးပြေးဖက်လိုက်သည်သာ ဖြစ်သည်။ ကွန်မြူနစ်နိုင်ငံတော်များတွင် ခေါင်းဆောင်ကြီးများ၏ အပြုံးနှင့် နွေးထွေးမှုများသည် များစွာအဓိပ္ပာယ်ရှိသည်။ အထူးသဖြင့် သူ့ကိုနိုင်ငံတော်က ကောင်းကင်ဘုံက မိုးနတ်သားလေးဟု ချီးမြှောက်ထားပြီး နတ်သားလေး၏ လက်စွမ်းလက်စ မည်မျှထက်ကြောင်း စောင့်ကြည့်ရပေလိမ့်မည်။

**Ref : UK-Songun; NBC News; Daily Telegraph; SMH.Com**



# 18

## ဥဇဘက်ကစ္စတန်နိုင်ငံ

# အစ္စလမ် ခါရီမော့

အမည် အပြည့်အစုံမှာ Islam Abdug'aniyevich Karimov ဖြစ်သည်။ အာရှတိုက်အလယ်ပိုင်း ဥဇဘက်ကစ္စတန် သမ္မတနိုင်ငံကို နှစ်ပေါင်းများစွာ သံလက်သီးဖြင့် စိုးမိုးအုပ်ချုပ်ခဲ့သူအဖြစ် နာမည်ကျော်သည်။ လက်နက်မဲ့ ဆန္ဒပြသူပေါင်းများစွာကို ပစ်ခတ်သတ်ဖြတ်ရန် အမိန့်ပေးခဲ့ခြင်း၊ နိုင်ငံရေးအကျဉ်းသားများအဖြစ် ပုံမှန်ဖမ်းဆီးအရေးယူ အပြစ်ပေးခြင်း၊ ရွေးကောက်ပွဲကို ရပ်ဆိုင်းထားပြီး အာဏာကိုဆုပ်ကိုင်ထားကာ အရက်စက် အကြမ်းကြုတ်ဆုံးလုပ်ရပ်များကြောင့် အာဏာရှင်တစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသူလည်းဖြစ်သည်။

## ငယ်စဉ်ဘဝ

ခါရီမော့ကို ၁၉၃၈ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ဆာမာကန်မြို့၌ မွေးဖွားခဲ့သည်။ သူ့မိခင်မှာ တာဂျစ်မျိုးနွယ်ဖြစ်ပြီး ဖခင်မှာ ဥဇဘက်မျိုးနွယ်များ ဖြစ်ကြသည်။ သူ့မိဘများ မည်သို့ဖြစ်ခဲ့ရသည်ဆိုသောအကြောင်းကို မသိကြပေ။ ခါရီမော့သည် ဆိုဗီယက်မိဘမဲ့ဂေဟာတွင် ကြီးပြင်းလာခဲ့ရသည်။ သူ့အကြောင်းကို မည်သူမျှ ကောင်းကောင်းမသိရသလို ပြည်သူများသို့လည်း တရားဝင်ထုတ်ပြန်ထားခြင်းမရှိပေ။

## ပညာရေး

အစ္စလမ် ခါရီမော့သည် အစိုးရကျောင်းတွင် တက်ရောက်ပညာသင်ကြားခဲ့သည်။ အထက်တန်းအောင်သည့်အခါတွင် ဗဟိုအာရှပိုလီတက်ကနစ်ကောလိပ်သို့ တက်ရောက်ခဲ့သည်။ ထိုကျောင်းမှ အင်ဂျင်နီယာဘွဲ့ကို ရရှိခဲ့သည်။ တာ့ရှ်ကင့် အမျိုးသားစီးပွားရေး တက္ကသိုလ်တွင်လည်း တက်ရောက် ပညာသင်ကြားခဲ့ပြီး စီးပွားရေးဘွဲ့ကိုလည်း ရရှိခဲ့သည်။ တာ့ရှ်ကင့်တက္ကသိုလ်မှ စီးပွားရေးပညာရှင် အက်ဘာရီဗာ ခါရီမိုဗာနှင့်တွေ့ဆုံခဲ့ပြီး လက်ထပ်ခဲ့သည်။ ယခုအခါ သူတို့တွင် သမီးနှစ်ယောက်နှင့် မြေးသုံးယောက်ရှိနေပြီဖြစ်သည်။

## လုပ်ငန်းခွင်ဝင်ရောက်ခြင်း

၁၉၆၀ ပြည့်နှစ်တွင် တက္ကသိုလ်အသီးသီးမှ ဘွဲ့ရပြီးနောက် တက်ရှ်ဆယ် မက်ရှ် လယ်ယာစိုက်ပျိုးရေးပစ္စည်းထုတ်လုပ်သည့် စက်ရုံတွင် အလုပ်ရခဲ့သည်။ တစ်နှစ်သာလုပ်ပြီး ချာကာလော့ တာ့ရှ်ကင့် လေယာဉ်တည်ဆောက်ရေးစက်ရုံသို့ ပြောင်းရွှေ့အမှုထမ်းခဲ့သည်။ ထိုစက်ရုံတွင် ငါးနှစ်လုပ်ကိုင်ခဲ့ပြီး အင်ဂျင်နီယာခေါင်းဆောင် ဖြစ်ခဲ့သည်။

## နိုင်ငံရေးလောကသို့ဝင်ရောက်လာခြင်း

၁၉၆၆ ခုနှစ်တွင် ကာရီမော့သည် အစိုးရအဖွဲ့အတွင်းသို့ ဝင်ရောက်ခဲ့သည်။ ဥဇဘက်ပြည်နယ် စီမံကိန်းဌာန၏ အထူးအရာရှိအဖြစ် အစိုးရအဖွဲ့ဝင်ဖြစ်လာသည်။ မကြာမီ စီမံကိန်းရုံး၏ ပထမဆုံးဒုဥက္ကဋ္ဌရာထူးကို လက်ခံရရှိခဲ့သည်။

ကာရီမော့ကို ၁၉၈၃ ခုနှစ်တွင် ဥဇဘက်ပြည်နယ် ဘဏ္ဍာရေးဝန်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။ ထိုရာထူးအပြင် ဝန်ကြီးများကောင်စီ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ နောက်သုံးနှစ်တွင် နိုင်ငံတော်စီမံကိန်းရုံး ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်များပေးအပ်ခြင်းခံခဲ့ရသည်။ ထိုရာထူးဖြင့် ဥဇဘက်ကွန်မြူနစ်ပါတီ ထိပ်ပိုင်းခေါင်းဆောင် တရင်းဝင်တစ်ယောက်ဖြစ်လာခဲ့သည်။

## အာဏာအဆင့်ဆင့်မြင့်တက်လာခြင်း

ကာရီမော့သည် ၁၉၈၆ ခုနှစ်တွင် ကက်ရှ်ကာဒါယာပြည်နယ် ကွန်မြူနစ်ပါတီကော်မတီတွင် ပထမဆုံးအတွင်းရေးမှူးရာထူးကို လက်ခံရရှိခဲ့သည်။ ထိုရာထူးကို သုံးနှစ်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ဥဇဘက်ကစ္စတန် ဗဟိုကော်မတီအတွင်းရေးမှူးတာဝန်ကို ပထမဆုံးထမ်းဆောင်ခဲ့ရသည်။ ၁၉၉၀ ပြည့်နှစ် မတ်လ ၂၄ ရက်နေ့ တွင် ဥဇဘက် ဆိုဗီယက်ဆိုရှယ်လစ် သမ္မတနိုင်ငံ၏ သမ္မတရာထူးကိုလက်ခံခဲ့သည်။

## ဆိုဗီယက်ယူနီယံကျဆုံးခြင်း

၁၉၉၁ ခုနှစ်တွင် ဆိုဗီယက်ယူနီယံကြီးသည် တစ်စစီပြိုကွဲသွားခဲ့သည်။ ကာရီမော့သည် ၁၉၉၁ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် ဥဇဘက်ကစ္စတန်နိုင်ငံ လွတ်လပ်ရေးကို မငြင်းမရဲဖြင့် ကြေညာလိုက်သည်။ နောက်လေးလအကြာ ၁၉၉၁ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ဥဇဘက်ကစ္စတန် သမ္မတနိုင်ငံ၏ သမ္မတအဖြစ် ကာရီမော့ကို ရွေးကောက်တင်မြှောက်ခဲ့ကြသည်။ ပြင်ပနိုင်ငံများနှင့်

လေ့လာသူများက တရားမျှတမှုမရှိသော ရွေးကောက်ပွဲဟု ဝေဖန်ခံရသည့်ပွဲတွင် ၈၆ ရာခိုင်နှုန်းမဲရပြီး သမ္မတဖြစ်လာခဲ့ခြင်းဖြစ်သည်။ ထိုတစ်ကြိမ်သာ သူ့ကို အတိုက်အခံများက ဝေဖန်ခွင့်ရခဲ့သည်။ နောက်ပိုင်းတွင် ဝေဖန်သူများ၊ ဆန့်ကျင် သူများသည် ပြည်နှင်ဒဏ်ခံသူခံရ၊ ခြေရာခံမရလောက်အောင် ပျောက်သူတွေ ဖြစ်သွားကြသည်။

## ဥဇဘက်ကစ္စတန်နိုင်ငံကို ထိန်းချုပ်ခြင်း

၁၉၉၅ ခုနှစ်တွင် ခါရီမော့သည် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီးတစ်ရပ်ကို ကျင်းပပေးခဲ့သည်။ ထိုပွဲသည် သူ့သမ္မတသက်တမ်းကို ၂၀၀၀ ပြည့်နှစ်အထိ ထပ်မံတိုးချဲ့ချင်သောကြောင့် ကျင်းပခဲ့ခြင်းဖြစ်သည်။ မည်သူမျှ အံ့သြခြင်း မဖြစ်ခဲ့သည့် ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလ ၉ ရက်နေ့ သမ္မတရွေးကောက်ပွဲတွင် ခါရီမော့သည် မဲ ၉၁ ဒသမ ၉ ရာခိုင်နှုန်းရပြီး သမ္မတရာထူးကို ဆက်ခံခဲ့ပြန်သည်။

သူနှင့်ပြိုင်ဘက် အတိုက်အခံခေါင်းဆောင် အဘာဒူလာဇစ်ဂျလာလော့ဗ် က သူသည် အတုအယောင်အမတ်အဖြစ် ဝင်ရောက်အရွေးခံသူဖြစ်ခဲ့ရကြောင်း ထုတ်ဖော်ကြေညာခဲ့သည်။ အပြင်ပန်းတွင် တရားမျှတသယောင်ထင်ရပြီး အတွင်း၌ ရက်စက်မှုအပေါင်းလွှမ်းခြုံထားသော ရွေးကောက်ပွဲအဖြစ် သူဆို လိုဟန်ရှိသည်။ ဂျာလာလော့ဗ်သည် ခါရီမော့ရွေးကောက်ခံရရန်အတွက် အဖြည့်ခံအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရခြင်းဖြစ်ကြောင်း ထုတ်ဖော်ဝန်ခံခဲ့သည်။ ဥဇဘက်ကစ္စတန်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ သမ္မတသက်တမ်းသည် နှစ် ဆက်တိုက်သာ တာဝန်ထမ်းဆောင်ရန်ဖြစ်သော်လည်း ၂၀၀၇ ခုနှစ်တွင် သမ္မတ တတိယသက်တမ်းကို ၈၁ ဒသမ ၁ ရာခိုင် နှုန်းမဲဖြင့် အနိုင်ရခဲ့ပြန်သည်။ ထိုသမ္မတသက်တမ်း သုံးကြိမ်စလုံးတွင် အတိုက်အခံများသည် အတိုက်အခံ လုပ်ခြင်းထက် ခါရီမော့ကို ချီးမြှောက်ခြင်းများဖြင့်သာ သူ့ကိုဓာတ်ရှိန်မြှင့်ပေး ခဲ့ရသူများ ဖြစ်ခဲ့သည်။

## လူ့အခွင့်အရေးချိုးဖောက်မှုများ

နိုင်ငံအတွင်း ဓာတ်ငွေ့၊ ရွှေ၊ ယူရေနီယံ အဖိုးတန်ရတနာသိုက်များ အလျှံပယ်ကြွယ်ဝသော်လည်း ဥဇဘက်ကစ္စတန် စီးပွားရေးမှာ နောက်ကျကျန်ခဲ့သည့် အခြေအနေတွင် ရောက်နေခဲ့သည်။ တိုင်းပြည်၏ လေးပုံတစ်ပုံခန့်မှာ ဆင်းရဲမွဲတေနေခဲ့သည်။ လူတစ်ဦး၏ တစ်နှစ်ပျမ်းမျှဝင်ငွေမှာ ၁၉၅၀ ဒေါ်လာ ခန့်သာဖြစ်သည်။

တိုင်းပြည်စီးပွားရေးကနိမ့်ကျနေသလို ပြည်သူတွေကလည်း ဖိနှိပ်ချုပ်ခြယ်မှုကို ခံစားနေခဲ့ရသည်။ ဥဇဘက်ကစ္စတန်တွင် လွတ်လပ်စွာ ပြောဆိုခွင့်နှင့် ဘာသာရေး လွတ်လပ်ခွင့်ဆိုသည်မှာ လုံးဝမရှိသလောက် ဖြစ်သည်။ ပြည်သူများကို ဖမ်းချင်သလိုဖမ်း၊ နှိပ်စက်ချင်သလောက်နှိပ်စက်၊ အစဖျောက်လက်စတုံးစီရင်မှုများမှာလည်း မထူးဆန်းသလောက် ဖြစ်နေသည်။ နိုင်ငံရေးအကျဉ်းသားများ အဖမ်းခံသွားရလျှင် အလောင်းများကို အခေါင်းအလုံပိတ်ပြီး သူ့မိသားစုထံ ပြန်ရောက်လာသည်ကများသည်။ အချို့မှာ အကျဉ်းထောင်များထဲတွင် သေသည်အထိ ရေနွေးဖြင့် ပြုတ်ခြင်းခံခဲ့ကြရသည်။

## အန်ဒီဂျန် အစုအပြုံလိုက် လူသတ်ပွဲ

၂၀၀၅ ခုနှစ် မေလ ၁၂ ရက်နေ့တွင် ထောင်ပေါင်းများစွာသော ပြည်သူတို့သည် အန်ဒီဂျန်မြို့တော်တွင်စုဝေးပြီး ငြိမ်းချမ်းစွာ ဆန္ဒပြပွဲတစ်ခု ပြုလုပ်ခဲ့ကြသည်။ ထိုပြည်သူများကို ဒေသဆိုင်ရာ စီးပွားရေးသမား ၂၃ ဦးက ထောက်ပံ့အားပေးခဲ့ကြသည်။ ထို ၂၃ ယောက်စလုံးနောက်ပိုင်းတွင် အစ္စလာမ္မစ်အစွန်းရောက်ဝါဒီများဟု စွပ်စွဲခြင်းခံရပြီး အဖမ်းခံခဲ့ရသည်။ ပြည်သူတို့သည် တိုင်းပြည်၏ လူမှုရေးနှင့် စီးပွားရေးနိမ့်ကျမှုများကို သည်းမခံနိုင်တော့သဖြင့် ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။ ထိုစီးပွားရေးသမားအားလုံးကို ထောင်သွင်းအကျဉ်းချခြင်း၊ နေအိမ်အကျယ်ချုပ်နှင့် ထိန်းသိမ်းထားခြင်းများကို ပြုလုပ်ခဲ့သည်။

ဆန္ဒပြပွဲအရှိန်တက်နေသည့် နောက်တစ်နေ့ နံနက်စောစောတွင်

ထောင်သွင်းအကျဉ်းချထားခြင်းခံရသည့် စီးပွားရေးသမား ၂၃ ဦးစလုံးကို အစွန်းရောက်ဝါဒီများနှင့် ထောက်ခံသူများက ထောင်ဖောက်ပြီး ဝင်ကယ်သွားကြသည်။ လေဆိပ်ကို လုံခြုံရေးပေးနေသည့် အစိုးရတပ်နှင့် တင့်ကားများသည် မြို့ထဲဝင်လာကြပြီး ဆန္ဒပြနေသည့် လူပေါင်းတစ်သောင်းခန့်ကို ဖြိုခွဲရန် ဖြစ်သည်။ ၂၀၀၅ ခုနှစ် မေလ ၁၃ ရက်နေ့ ညနေ ၆ နာရီခန့်တွင် လက်နက်မဲ့ လူအုပ်ကြီးကို စစ်တပ်နှင့် တင့်ကား၊ သံချပ်ကာကားများက မညှာမတာ ပစ်ခတ်ခဲ့ကြသည်။ ထိုအုပ်စုထဲတွင် အမျိုးသမီးများနှင့် ကလေးများလည်း ပါဝင်ခဲ့သည်။ ထိုနေ့ညဘက်တွင်လည်း စစ်သားများသည် မြို့ထဲသို့လှည့်လည်ပြီး မသေမရှင်ဖြစ်နေသူများ ဒဏ်ရာရနေသူများကို ဆက်လက်ပစ်ခတ်ခဲ့ကြပြန်သည်။

ခါရီမော့အစိုးရက ထိုရက်စက်သော ပစ်ခတ်နှိမ်နင်းမှုအတွက် လူပေါင်း ၁၈၇ ဦးသေဆုံးခဲ့သည်ဟု တရားဝင်ထုတ်ပြန် ကြေညာခဲ့သည်။ သို့ရာတွင် ထိုမြို့နေဆရာဝန်များ၏ ဖော်ထုတ်ချက်အရ ရင်ခွဲရုံသို့ရောက်လာသည့် အလောင်းပေါင်း ၅၀၀ ခန့်ရှိပြီး ထိုသူများမှာ အားလုံးအရွယ်ရောက်ပြီးသူများဖြစ်ကြောင်း သိရသည်။ အမျိုးသမီးများနှင့် ကလေးများ၏ အလောင်းများသည် လုံးဝပျောက်ဆုံးနေခဲ့သည်။ စစ်တပ်က သူတို့ကျူးလွန်ထားသည့် သက်သေခံအလောင်းများကို ဖျောက်လိုသောကြောင့် အစုလိုက်အပြုံလိုက် သွားမြှုပ်ထားသည့် အလောင်းပေါင်းမှာ မရေတွက်နိုင်အောင် ဖြစ်သည်။ အတိုက်အခံများက ထိုပစ်ခတ်မှုကြီး ပြီးဆုံးသည့်နောက်တွင် ပျောက်ဆုံးသူပေါင်း ၇၄၅ ဦးစာရင်းကောက်ခံရရှိသည်ဟု ဆိုသည်။ ပစ်ခတ်မှုပြီးသည့် နောက်နေ့တွင် ဆန္ဒပြပွဲကိုဦးဆောင်သည့် ခေါင်းဆောင်များ အဖမ်းခံခဲ့ကြရသည်။ ထိုအဖမ်းခံရသောသူများကိုလည်း နောက်ပိုင်းတွင် အစအနပင်မတွေ့ရတော့ပေ။

၁၉၉၉ ခုနှစ်တွင် ဘတ်စ်ကားတစ်စင်း အပိုင်စီးခြင်းခံခဲ့ရသည်။ ခါရီမော့က "ကျုပ် လူပေါင်း ၂၀၀ လောက်ကို ခေါင်းဖြတ်သုတ်သင်ဖို့ရှိတယ်။ တိုင်းပြည်ကြီးက သူတို့ကိုသတ်လိုက်လို့ အေးချမ်းသွားမယ်ဆိုရင် ကျုပ်ကတော့ သတ်မှာပဲ။ သူတို့က ဒီလမ်းကို ရွေးချယ်ခဲ့တာဆိုရင်လည်း သူတို့ခေါင်းတွေကို ဖြတ်ပေးဖို့ဝန်မလေးဘူး" ဟုပြောကြားခဲ့သည်။ နောက်ခြောက်နှစ်ကြာသော

အခါ ခါရီမော့သည် သူပြောထားသည့်အတိုင်း လက်ရဲဇက်ရဲနှင့် သွေးလွှမ်းသော စီရင်မှုများကို ဆက်လက်ကျူးလွန်ခဲ့သည်။

ဥဇဘက်ကစ္စတန်နိုင်ငံသည် နှစ်ပေါင်း ၂၀ ကျော် သမ္မတခါရီမော့ တစ်ဦးတည်း အာဏာရှင်ဆန်ဆန်အုပ်ချုပ်ခဲ့သော တိုင်းပြည်ဖြစ်သည်။ နိုင်ငံ အုပ်ချုပ်ရေးတွင်လည်း၊ အသိုင်းအဝိုင်းနည်းနည်းလေးဖြင့် သူ့ဩဇာနာခံမည့် သူတွေချည်း ရွေးချယ်ခန့်ထားကာ စီးပွားရေးကို ချုပ်ကိုင်ထားသည်။ သမ္မတ နှင့် နိုင်ငံတော်ကို ကျောထောက်နောက်ခံပေးထားသူများမှာ လျှို့ဝှက်ထောက် လှမ်းရေးအဖွဲ့သာ ဖြစ်သည်။ သူ့ဩဇာအာဏာသည် သူအသက်ရှည်နေသမျှ နိုင်မာနေဦးမည့်သဘောရှိသည်။ ယခုအခါ အသက် ၇၅ နှစ်ခန့်ရှိလာပြီဖြစ်သော ခါရီမော့ကွယ်လွန်သွားခဲ့လျှင် ဥဇဘက်ကစ္စတန်နိုင်ငံ၏ နိုင်ငံရေးအခြေအနေမှာ အလှည့်အပြောင်းတစ်မျိုးဖြစ်သွားနိုင်ကြောင်း ဝေဖန်သုံးသပ်နေကြသည်။

လက်ရှိဥဇဘက်ကစ္စတန်နိုင်ငံတွင် ချမ်းသာသည့် ရေပေါ်ဆီလူတန်းစား များအတွင်း ပြဿနာများ ဖြစ်ပွားနေသည်။ ချမ်းသာသည့်ဆိုသောစာရင်းတွင် ခါရီမော့မိသားစုလည်း ပါဝင်သည်။ လက်ရှိနိုင်ငံရေးအခြေအနေ မတည်ငြိမ်မှု များက ခါရီမော့ ဩဇာအာဏာကျဆင်းလာခြင်းကို ပြသနေသလိုရှိသည်။ ခါရီမော့ကလည်း အာဏာကိုလွှဲပြောင်းပေးမည့် အနေအထားမရှိ။ သေသည် အထိ ဖက်တွယ်သွားမည့်သူဖြစ်သည်။

နိုင်ငံအတွင်း စီးပွားရေးဆိုင်ရာ ပြဿနာပေါင်းစုံကို အကြီးအကျယ် ရင်ဆိုင်နေရပြီး နိုင်ငံတည်ငြိမ်မှုကလည်း ကင်းမဲ့နေသေးသည်။ ဖိနှိပ်မှုပြင်းထန် လွန်းသည့် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေးအနေအထားက ယမ်းပုံမီးကျဆိုသလို အချိန်မရွေး ပေါက်ကွဲသွားနိုင်သည့် အနေအထားတွင်ရှိသည်။ နိုင်ငံအတွင်း ရေပေါ်ဆီလူတန်းစားကြားတွင် ပဋိပက္ခဖြစ်နေခြင်းသည် တိုင်းပြည် ကသောင်း ကနင်းဖြစ်သွားစေရန် မီးစတစ်စဖြစ်လာနိုင်ပေသည်။ အဓိကပြဿနာများ ပြည်သူများစိတ်ထဲတွင် ကိန်းဝပ်နေသော မကျေနပ်စိတ်များဖြစ်သည်။ နှစ်ပေါင်းများစွာ တအုံ့နွေးနွေးဖြစ်နေသော ခံစားချက်များ၊ ဥဇဘက်ကစ္စတန် နိုင်ငံ၏ ပထဝီဝင်နိုင်ငံရေးအခြေအနေ၊ လူဦးရေအရိုးအစား၊ အုပ်ချုပ်သည့်

လူတန်းစား၏ အာဏာရှင်ဆန်ဆန် ဖိနှိပ်မှုများကြောင့် အာရှအလယ်ပိုင်းတွင် တည်ငြိမ်မှုနှင့် ငြိမ်းချမ်းဖွံ့ဖြိုးသော နိုင်ငံတစ်နိုင်ငံဖြစ်ရေးမှာ အလှမ်းဝေးလှပေသည်။

**Ref : OSW Analyses Political Crisis Uzbekistan; New York Times; The Economist 2013 April; News BBC; Asian History.**



19

ချဒ်နိုင်ငံ

# အီဒရစ် ဒယ်ဘီ

ဗိုလ်ချုပ် အီဒရစ် ဒယ်ဘီ၏ အမည် အပြည့်အစုံမှာ အီဒရစ် ဒယ်ဘီ အစ်နို (Idriss Deby Itno) ဖြစ်သည်။ ၁၉၅၂ ခုနှစ်တွင် ချဒ်နိုင်ငံ ဖာဒါတွင် မွေးဖွားခဲ့သည်။ ချဒ်နိုင်ငံ သမ္မတအဖြစ် ၁၉၉၀ ပြည့်နှစ်ကတည်းက တာဝန်ယူခဲ့သူလည်း ဖြစ်သည်။

သူ့ကို ဇာဂါဝါမျိုးနွယ် အုပ်စုမှ မွေးဖွားခဲ့ခြင်းဖြစ်သည်။ ချဒ်နိုင်ငံသည် ၁၉၇၀ ပြည့်နှစ်ခန့်ကတည်းက ပြည်တွင်းစစ်မီးတောက်လောင်မှုအောက်တွင် ကျရောက်နေခဲ့ရသောနိုင်ငံဖြစ်သည်။ ထိုအချိန်တွင် ဒယ်ဘီသည် စစ်တပ်ထဲဝင်ကာ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ပြင်သစ်နိုင်ငံ

သို့သွားပြီး လေယာဉ်မောင်းသင်တန်းတက်သည်။ ထိုနိုင်ငံမှ လေယာဉ်မောင်း လိုင်စင်ကို ရရှိခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် ဒယ်ဘီသည် ချဒ်နိုင်ငံသို့ ပြန်လာခဲ့သည်။ ထိုအချိန်အထိ နိုင်ငံတွင်း၌ ပဋိပက္ခများ ဖြစ်ပွားနေဆဲဖြစ်သည်။

ဒယ်ဘီသည် သူပုန်အုပ်စုတစ်စု၏ခေါင်းဆောင် ဟစ်ဆယ်နီဟာဘာရီကို ထောက်ခံခဲ့သည်။ ဟာဘာရီသည် နောက်ပိုင်းတွင် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ ဟာဘာရီ၏ သူပုန်တပ်သည် နောက်ပိုင်းတွင် အင်အားကြီးထွားလာပြီး သူပုန်အုပ်စုများကို ထိန်းချုပ်နိုင်ခဲ့ကာ အစိုးရသဖွယ်ဖြစ်လာသည်။ ဒယ်ဘီ၏ စစ်ဗျူဟာကောင်းမှုကြောင့် တိုက်ပွဲများတွင် အောင်နိုင်ခဲ့ခြင်းဖြစ်သဖြင့် ၁၉၈၂ ခုနှစ် ဟာဘာရီ အာဏာရလာသောအခါ ဒယ်ဘီကို တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် ဒယ်ဘီသည် ပြင်သစ်နိုင်ငံသို့ ပြန်ပြီး စစ်သင်တန်းများကို ဆက်လက်လေ့လာခဲ့ပြန်သည်။

နောက်ပိုင်း ဒယ်ဘီနှင့် ဟာဘာရီတို့ ဆက်ဆံရေးက မပြေမလည်ဖြစ်လာခဲ့သည်။ ၁၉၈၉ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ဒယ်ဘီကို ဟာဘာရီက သူ့အစိုးရကို ဖြုတ်ချရန် လျှို့ဝှက်ကြံစည်နေသည်ဟု စွပ်စွဲခဲ့သည်။ ဟာဘာရီတပ်၏ လိုက်လံဖမ်းဆီးသောကြောင့် ဒယ်ဘီသည် ရှောင်တိမ်းပြေးလွှားရင်း အိမ်နီးချင်းဆူဒန်နိုင်ငံသို့ ရောက်သွားခဲ့ရသည်။

ဆူဒန်နိုင်ငံ ဒါဖားဒေသတွင် ဒယ်ဘီသည် လူသူလက်နက်အင်အား စုဆောင်းပြီး မျိုးချစ်ကယ်တင်ရေးတပ်ကိုဖွဲ့စည်းကာ ဟာဘာရီ၏စစ်တပ်ကို ပြန်လည်တိုက်ပွဲဝင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်နှောင်းပိုင်းတွင် ဟာဘာရီသည် နိုင်ငံမှထွက်ပြေးသွားခဲ့ရပြီး ဒယ်ဘီတပ်ကလိုက်ဖမ်းရာ အန်ဂျမီးနားတွင် ပြန်လည်ဖမ်းဆီးရမိခဲ့သည်။ ဒယ်ဘီသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုင်းငံ့ထား လိုက်ပြီးသူကိုယ်သူ အစိုးရသစ်အဖွဲ့ တွင်ခေါင်းဆောင်အဖြစ် ကြေညာလိုက်သည်။

## နိုင်ငံရေးလောကသို့ဝင်လာခြင်း

ယာယီအစိုးရအဖြစ် သုံးလခန့်လုပ်ပြီး ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ဒယ်ဘီကို သမ္မတအဖြစ်ခန့်အပ်လိုက်ကြောင်း အတည်ပြုလိုက်သည်။ ၁၉၉၆ ခုနှစ် မတ်လတွင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေအသစ်ကို ထောက်ခံခဲ့ကြကာ ဇွန်လတွင် ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။

ပထမအကြိမ် ရွေးကောက်ပွဲတွင် လူများစုထောက်ခံမှုကိုမရခဲ့ဘဲ ဇူလိုင်လ ဒုတိယအကြိမ်ကျင်းပသည့် ရွေးကောက်ပွဲကျမှသာ ၆၉ ရာခိုင်နှုန်း ထောက်ခံမဲဖြင့် ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သည်။ ဒယ်ဘီသည် ၂၀၀၁ ခုနှစ် သမ္မတရွေးကောက်ပွဲတွင်လည်း ပထမအချီမှာပင် ၆၃ ဒသမ ၁၇ ရာခိုင်နှုန်း ထောက်ခံမဲဖြင့် ထပ်မံရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရပြန်သည်။ သို့သော် ထိုရွေးကောက်ပွဲကို နိုင်ငံတကာစောင့်ကြည့်သူများက ပုံမှန်သွေးရိုးသားရိုး ရွေးကောက်ပွဲအဖြစ် အသိအမှတ်မပြုခဲ့ကြပေ။

၂၀၀၅ ခုနှစ် ဇွန်လတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ သမ္မတတစ်ဦးသည် နှနှစ်ဆက်တိုက်သာ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်ဆိုသော အချက်ကို ပယ်ဖျက်ခဲ့သည်။ ထိုအချက်နှင့်ပင် ဒယ်ဘီသည် ၂၀၀၆ ခုနှစ်တွင် သမ္မတအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ခဲ့ပြန်သည်။ ၂၀၀၆ ခုနှစ်တွင် သမ္မတရွေးကောက်ပွဲဝင်ရန် ကိုယ်စားလှယ်လောင်းအဖြစ် စာရင်းသွင်းခဲ့ပြီး မေလ ၃ ရက်နေ့ရွေးကောက်ပွဲကိုဝင်ခဲ့သောကြောင့် အတိုက်အခံတို့၏ သပိတ်မှောက်ခြင်းခံခဲ့ရသည်။ သို့သော် ထိုရွေးကောက်ပွဲတွင်လည်း ဒယ်ဘီသည် ၆၄ ဒသမ ၆၇ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

## သူပုန်များနှင့် စိုးရိမ်ပူပန်စရာ ဆူဒန်နိုင်ငံ

၁၉၇၀ ပြည့်နှစ် ဒယ်ဘီအာဏာရလာကတည်းက အမျိုးသားလွတ်မြောက်
ရေးတပ်အမည်ခံ သူပုန်အဖွဲ့ပေါင်းခုနစ်ဖွဲ့ခန့်သည် ဒယ်ဘီ၏အုပ်ချုပ်မှုကို
တော်လှန်ပုန်ကန်ခဲ့ကြပြီး ချဒ်နိုင်ငံတစ်ဝိုက် ဆူပူလှုပ်ရှားခဲ့ကြသည်။ ၁၉၉၂
ခုနှစ်တွင် ပြင်သစ်တပ်ဖွဲ့တစ်ဖွဲ့သည် ဆူဒန်နယ်စပ်တွင် လှုပ်ရှားနေသည့်
အန်ကာသာဖူးလူးသူပုန်အဖွဲ့ကို သွားရောက်ကူညီခဲ့ကြသည်။ ၁၉၉၃ ခုနှစ်တွင်
ယခင်ဒယ်ဘီအစိုးရအဖွဲ့တွင်ပါဝင်ခဲ့သည့် အက်ဘာက်စ်ကိုတီဆိုသူသည် အာဏာ
သိမ်းရန် ကြံစည်မှုဖြင့် အဖမ်းခံလိုက်ရသည်။

၂၀၀၅ ခုနှစ်တွင် သူပုန်များသည် နိုင်ငံအရှေ့ပိုင်းတွင် ဆူပူလှုပ်ရှားနေ
ကြသည်။ ထိုဆူပူလှုပ်ရှားမှုများကို ဆူဒန်နိုင်ငံကလည်း စိုးရိမ်ပူပန်လျက်ရှိသည်။
၂၀၀၆ ခုနှစ် မတ်လတွင် အာဏာသိမ်းအဖွဲ့တစ်ဖွဲ့သည် ဒယ်ဘီ၏လေယာဉ်ပျံကို
ပစ်ချမှုတစ်ခု ဖြစ်ပွားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ၂၀၀၆ ခုနှစ် ဧပြီလ
လယ်တွင် သူပုန်များသည် အန်ဂျမီးနားမြို့ကိုဝင်စီးကာ တိုက်ပွဲများဖြစ်ပွား
ခဲ့သော်လည်း အစိုးရတပ်များက နှိမ်နင်းလိုက်နိုင်သောကြောင့် မြို့တော်ကို
ပြန်လည်ပြီး ထိန်းသိမ်းနိုင်ခဲ့သည်။ ဒယ်ဘီသည် ဆူဒန်ကို သူပုန်များအား
အကာအကွယ်ပေးနေသည့်အတွက် အဆက်အသွယ်ဖြတ်လိုက်သည့်အပြင်
၂၀၀၆ ခုနှစ်တွင် ရွေးကောက်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ဒယ်ဘီသည် သမ္မတအဖြစ် ၂၀၀၆ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင်
ထပ်မံ ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ ထိုပွဲသို့ ဆူဒန်သမ္မတ အိုမာအယ်လ်ဘာရှာ
လည်း တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံခေါင်းဆောင်များ သံတမန်ဆက်ဆံရေးကို
ပြန်လည်တည်ဆောက်ရန် သဘောတူခဲ့ကြသည်။

သမ္မတအဖြစ် ဒယ်ဘီပြန်တက်လာပြီးနောက် သူပုန်တပ်ဖွဲ့ အမြောက်
အမြား ပြိုကွဲသွားခဲ့သည်။ ၂၀၀၆ ခုနှစ် စက်တင်ဘာ ၁၁ ရက်နေ့မှ ၂၁ ရက်နေ့
အထိ အဘီချီမြို့တွင် သူရှိနေစဉ် ရဟတ်ယာဉ်တစ်စင်းသည် ဒီမိုကရက်တစ်
အင်အားစုဟု အမည်ပေးထားသော သူပုန်တပ်ကို ဖြိုခွဲဖျက်ဆီးလိုက်သည်။

အရှေ့ဘက်တွင် သူပုန်များကျန်နေဆဲဖြစ်ပြီး ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ

၂ ရက်နေ့တွင် သူပုန်တို့သည် အန်ဂျမီးနားမြို့ကို ဝင်ရောက်တိုက်ခိုက်ခဲ့ကြပြန်သည်။ ထိုသူပုန်အဖွဲ့ကိုလည်း အစိုးရတပ်ကနှိမ်နင်းလိုက်ပြီး ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ဒယ်ဘီက သူပုန်များကို ချေမှုန်းနိုင်ခဲ့ကြောင်း ကြေညာခဲ့သည်။ ထို့ပြင် ထိုတပ်ဖွဲ့သည် ဆူဒန်နိုင်ငံမှကြေးစားတပ်ဖွဲ့များ အကူအညီနှင့်လာရောက်တိုက်ခိုက်ခြင်းဖြစ်ပြီး တိုင်းပြည်ကို ပြန်လည်ထိန်းသိမ်းနိုင်ခဲ့ကြောင်း ကြေညာခဲ့သည်။

## လူ့အခွင့်အရေး ချိုးဖောက်မှုများ

ချဒ်နိုင်ငံ လူ့အခွင့်အရေးသည် အနိမ့်ဆုံး အညံ့ဆုံးအဆင့်တွင်ရှိနေသည် ဟုဆိုရမည်။ Freedom House အဖွဲ့အဆိုအရ တစ်တိုင်းပြည်လုံးလွတ်မြောက်မှု မရှိသည့်အနေအထားတွင် ရောက်နေခဲ့သည်။ နိုင်ငံရေးလွတ်လပ်ခွင့်တွင် အဆင့် ၇ နိုင်ငံ၊ နိုင်ငံသားများ လွတ်လပ်ခွင့်တွင် အဆင့် ၆ နိုင်ငံအဖြစ်သတ်မှတ်ထားခြင်းခံရသည့် နိုင်ငံလည်းဖြစ်သည်။ (အဆင့် ၁ သည် လွတ်လပ်ခွင့်အရဆုံး နိုင်ငံ၊ အဆင့် ၇ သည် နောက်ဆုံးအဆင့်)

အမေရိကန်ပြည်ထောင်စုအစိုးရအဖွဲ့ထုတ်ပြန်ချက်အရ လူ့အခွင့်အရေးဖိနှိပ်ချုပ်ခြယ်မှုတွင် အဆိုးရွားဆုံးအဆင့်ရှိနေပြီး ချိုးဖောက်မှုအများဆုံးနိုင်ငံဖြစ်နေသည်။ နှိပ်စက်ညှဉ်းပန်းမှုများ၊ တရားလက်လွတ်ပြုမူမှုများ၊ သတ်ဖြတ်ခြင်း၊ ရိုက်နှက်ခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်း၊ မုဒိမ်းကျင့်ခြင်းတို့ကို လုံခြုံရေးတာဝန်ယူထားသည့် တပ်ဖွဲ့များကအစ ထင်တိုင်းပြုကျင့်နေကြသည်။

ထို့ပြင် လွတ်လပ်စွာပြောဆိုခွင့်များကို ကန့်သတ်ထားခြင်း၊ သတင်းစာလွတ်လပ်ခွင့်ကို ပိတ်ပင်ထားခြင်းများအပြင် လွတ်လပ်စွာစုဝေးခွင့်လည်း မရှိပေ။ ဖမ်းချင်သလိုဖမ်းဆီး ထောင်ချခြင်းများအပြင် တစ်နိုင်ငံလုံးအကျင့်ပျက်ခြစားမှုများက လည်းရှိနေသေးသည်။ အားလုံးကို လုံခြုံရေးတပ်များက ထင်တိုင်းပြုကျင့်နေကြခြင်း ဖြစ်သည်။

နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့အစီရင်ခံချက်အရ ချဒ်နိုင်ငံအရှေ့ပိုင်းတွင် လုံခြုံမှုမရှိဘဲ အမျိုးသမီးများအတွက် အစိုးရိမ်ရဆုံးအနေအထား

တွင်ရှိနေသည်။ ရွာများကို ဝင်ရောက်စီးနင်းတိုက်ခိုက်ပြီးတိုင်း အမျိုးသမီးများမှာ မုဒိမ်းအကျင့်ခံကြရသည်။ အမျိုးသမီးများသည် ခွဲခြားဆက်ဆံခြင်းခံကြရရုံမက အကြမ်းဖက်မှုများကိုပါ ခံစားနေကြရသည်။ အမျိုးသမီးများသည် လိင်ပိုင်းဆိုင်ရာ အတင်းအဓမ္မဖြတ်တောက်ခြင်းများကိုပါ ခံနေကြရသည်။ သတင်းထောက်များနှင့် လူ့အခွင့်အရေး လှုပ်ရှားသူများကိုလည်း မကြာခဏတိုက်ခိုက်ခြင်းခံရပြီး ကလေးများကို စစ်သားများအဖြစ်ဖမ်းဆီးကာ စစ်မှုထမ်းစေခြင်းများကိုပါ တရားလက်လွတ်ပြုချင်တိုင်း ပြုလုပ်နေကြကြောင်း လူ့အခွင့်အရေးအဖွဲ့က အစီရင်ခံထားသည်။

## မိသားစုအတွင်းရေး

ဒယ်ဘီသည် အကြိမ်ပေါင်းများစွာ လက်ထပ်ခဲ့ပြီး ကလေးတစ်ဒါဇင်ခန့် ရှိသည်။ ၂၀၀၅ ခုနှစ် ဧက်တင်ဘာလတွင် ဟင်ဒါဆိုသူနှင့် လက်ထပ်သည်။ ဟင်ဒါသည် အလွန်လှပသူတစ်ဦးအဖြစ် ကျော်ကြားသည်။ သမ္မတနှင့် အလှမယ်တို့လက်ထပ်ပွဲကို ချဒ်တစ်နိုင်ငံလုံး စိတ်ဝင်စားခဲ့ကြသည်။ သူပုန်တို့ ရန်နှင့် ဖိနှိပ်မှုများကြားမှ သူတို့နှစ်ယောက်လက်ထပ်ပွဲသည် စိတ်ထွက်ပေါက် တစ်ခုဖြစ်သွားစေခဲ့သလို လူမျိုးစုအုပ်စုများအတွင်း၌လည်း စည်းလုံးညီညွတ်မှု တစ်ခုကို ဖြစ်စေခဲ့သည်။

သမ္မတဇနီး ဟင်ဒါသည် နောက်ပိုင်းတွင် လွှတ်တော်ဥက္ကဋ္ဌအဖွဲ့ဝင် တစ်ယောက် ဖြစ်လာရုံမက၊ သမ္မတ၏ အထူးအတွင်းရေးမှူးရာထူးကိုပါ ပူးတွဲ တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၀၇ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့ တွင်ဒယ်ဘီ၏ သားဖြစ်သူ အသက် ၂၇ နှစ် အရွယ်ရှိ ဘရာဟင်သည် ပြင်သစ်နိုင်ငံ ပဲရစ်မြို့အနီးရှိ သူနေထိုင်ရာ အိမ်အနီးတွင် သေဆုံးနေကြောင်း တွေ့ရှိခဲ့ရသည်။ ခွဲစိတ်စစ်ဆေးပြီး ဆရာဝန် များ၏ ထုတ်ပြန်ချက်အရ မှုးယစ်ဆေးရှူခြင်းကြောင့် သေဆုံးရခြင်းဖြစ်သည်။ ထိုအမှုကို ပြင်သစ်ရဲများက လိုက်လံစုံစမ်းပြီး ဖော်ထုတ်ခဲ့ခြင်း ဖြစ်သည်။

ဘာရာဟင်သည် မသေမီတစ်နှစ်ခန့်ကအထိ သမ္မတအကြံပေးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ သူ့ထံတွင် မူးယစ်ဆေးနှင့် လက်နက်များပိုင်ဆိုင်နေကြောင်းတွေ့ရသဖြင့် ပိုပြီးအပြစ်ကြီးသွားခဲ့သည်။ ဘာရာဟင်သည် တိုင်းပြည်၏ အဖျက်လုပ်ငန်းများကို လုပ်ကိုင်နေသည့် တရားခံစစ်စစ်ဖြစ်ပြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ အရာရှိကြီးများကို ကြိုးကိုင်ထားသူဖြစ်ကြောင်း ဘလော့ဂ်ဂါတစ်ဦးဖြစ်သူ မာကီလာဆိုသူက ရေးသားဝေဖန်ခဲ့သည်။

## ရင်လေးဖွယ် ချဒ်နိုင်ငံရေး

၂၀၁၁ ခုနှစ်တွင် ချဒ်နိုင်ငံသည် နိုင်ငံ GDP ထဲမှ ၁ ဒသမ ၆ ရာခိုင်နှုန်းကို စစ်တပ်အတွက်အသုံးပြုခဲ့သည်။ နိုင်ငံ၏ GDP ကလည်း ၂၀၀၉ ခုနှစ်ကစတင်ပြီး ၄ ဒသမ ၂ ရာခိုင်နှုန်းမှ ကျဆင်းလျက်ရှိသည်။ နိုင်ငံအတွင်းပြည်တွင်းစစ်မီးက မငြိမ်းနိုင်သေးဖြစ်နေသည့်အပြင် သူပုန်များကိုလည်းအိမ်နီးချင်းဆူဒန်နိုင်ငံက ထောက်ပံ့အားပေးလျက်ရှိသည်။ ၂၀၁၃ ခုနှစ်အထိ နိုင်ငံ GDP သည် ၂ ရာခိုင်နှုန်းခန့်သာ တိုးတက်လာခဲ့သည်။

ချဒ်နိုင်ငံသည် တိုင်းပြည်အတွင်း ချွတ်ခြုံကျနေသော်လည်း မာလီနိုင်ငံမြောက်ပိုင်းကို စစ်ရေးအရသွားပြီး ကျူးလွန်ခဲ့သည်။ ပြင်သစ်တပ်နှင့် အခြားအာဖရိကနိုင်ငံများ အကူအညီကြောင့် မာလီနိုင်ငံမြောက်ပိုင်းသည် ပြန်လည်လွတ်မြောက်လာခဲ့ရသည်။ ယခုအခါ ချဒ်စစ်တပ်တွင် တာဝန်ထမ်းဆောင်နေသူပေါင်း ၃၀၃၅၀ ဦးရှိပြီး စစ်သားများအဖြစ် အသင့်အနေအထားတွင်ထားရှိသောသူပေါင်း သုံးသန်းခန့်ရှိသည်ဆိုသဖြင့် လစ်ဗျားနှင့် ဆူဒန်နိုင်ငံပြီးလျှင် ကြောက်စရာအကောင်းဆုံးစစ်တပ်ကို ပိုင်ဆိုင်ထားသည့်နိုင်ငံဟုလည်း ဆိုရမည်။

ဒယ်ဘီနိုင်ငံရေးတွင် ဝင်လာပြီး သမ္မတအဖြစ်တာဝန်ယူခဲ့ချိန်ကစတင်ကာ သူပုန်အုပ်စုများ တစ်စုပြီးတစ်စု ပေါ်ပေါက်လာခဲ့သည်။ ၂၀၀၃ ခုနှစ်ကစတင်ပြီး သမ္မတကိုလုပ်ကြံရန် ကြံစည်မှုများ ကြုံတွေ့ခဲ့ရသည်။ ၂၀၀၇ ခုနှစ်တွင် သူပုန်အုပ်စုကြီးတစ်ခုဖြစ်သော ဒီမိုကရေစီပြောင်းလဲရေးတပ်ဦး (FUC) အဖွဲ့

နှင့် ခေစပ်ဆွေးနွေးပြီး ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးခဲ့သည်။ လက်ရှိအနေအထားတွင် UFR (Union of Resistance Forces) သူပုန်အဖွဲ့သည် အင်အားအတောင့်တင်းဆုံးဖြစ်ပြီး ဒယ်ဘီအစိုးရကို ပုန်ကန်တိုက်ခိုက်လျက်ရှိသည်။ ထိုအဖွဲ့တွင် သူပုန် ၆၀၀၀ ခန့်နှင့် ယာဉ်အစီးပေါင်း ၃၀၀ ခန့်ရှိသည်။

ကုလသမဂ္ဂအစီရင်ခံစာ Human Development Index အရ ချဒ်နိုင်ငံ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများတွင် အဆင့် ၇ နိုင်ငံဖြစ်သည်။ လူဦးရေ ၈၀ ရာခိုင်နှုန်းခန့်သည် လူနေမှုအဆင့်အတန်းနိမ့်ကျစွာနှင့် ဆင်းရဲချို့တဲ့စွာ နေထိုင်ကြရသည်။ ပြည်တွင်းစစ်မီးကတောက်၊ အာဏာပိုင်တွေက တိုင်းပြည်ကိုဖိနှိပ်ကာ အသွေးအသားများ ဝါးမျို၊ ထိုထိုသောဘဝတွင် လူဖြစ်နေကြရသော ချဒ်ပြည်သူများမှာ သေသော်မှတည့် သြော်ကောင်း၏ဟု ဆိုရမည့် အနေအထားတွင် ရောက်နေရရှာသည်။

**Ref: Britannica Encyclopedia; Irin News; Sudan Tribune; BBC News.**



# 20

## အိဂျစ်နိုင်ငံ

# အာဘ္ဒူ ဖာတာ အယ်လ် စီစီ

စစ်တပ်က တိုင်းပြည်အာဏာကို သိမ်းပိုက်ပြီးချိန်ကစပြီး နိုင်ငံတော်သို့ မိန့်ခွန်းပြောရသည့် အချိန်တိုင်းတွင် "ပြည်သူ့ဆန္ဒအရ ကာကွယ်စောင့်ရှောက်သူများ" ဟု ဗိုလ်ချုပ်စီစီက စကားလုံးလှလှလေးကို သုံးစွဲတတ်သည်။ သမ္မတမော်စီကို နှင်ထုတ်ပြီးချိန်တွင် မော်စီကို ထောက်ခံသူများ၏ ထိုင်သပိတ်မှောက်ပြီး စစ်အာအာဏာရှင်ဆန့်ကျင်ပွဲလုပ်သည်။ ထိုပွဲကို လုံခြုံရေးတပ်က နှိမ်နင်းသောကြောင့် သွေးလွှမ်းခဲ့ရသည်။ စီစီသည် အာဏာကိုချုပ်ကိုင်ပြီးတက်လာစဉ် ကတည်းက လက်စွမ်းပြခဲ့သူဟုဆိုနိုင်သည်။

ဗိုလ်ချုပ်စီစီကို ၁၉၅၄ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ကိုင်ရိုမြို့၌

မွေးဖွားခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် အီဂျစ်စစ်တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သည်။ သမ္မတမော်စီ အစိုးရလက်ထက် ၂၀၁၂ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။

စီစီနှင့် စစ်တပ်သည် မွတ်ဆလင်ညီနောင်များနှင့် ဆက်စပ်မှုရှိနေကြောင်း သတင်းများထွက်လာသည်။ သို့သော် စီစီက အီဂျစ်တပ်မတော်သည် အီဂျစ်ပြည်သူတို့ဘက်ကရှိနေကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

၂၀၁၃ ခုနှစ် ဧပြီလ ၂၈ ရက်နေ့က ဆိုင်နိုင်းလွတ်လပ်ရေးနေ့ ကျင်းပစဉ် စီစီက "အီဂျစ်ပြည်သူတွေကို ခြောက်လှန့်ခုက္ခပေးနေတဲ့ လက်တွေကို ဖြတ်ပစ်မယ်" ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။ ထိုစကားသည် မော်စီကို ထောက်ခံသူများအား ခြိမ်းခြောက်လိုက်ခြင်းဖြစ်ပြီး မိမိကိုဖြုတ်ချ၍ မရနိုင်ကြောင်းကိုလည်း သက်သေထူလိုက်ခြင်း ဖြစ်သည်။

စီစီသည် မော်စီကိုဖြုတ်ချပြီးသည့်နောက် အစိုးရသစ်ကို ဖွဲ့စည်းခဲ့ပြီး ဟာဇမ် အယ်လ်ဘာလာဝီကို ဦးဆောင်စေခဲ့သည်။ သူကိုယ်တိုင်လည်း အီဂျစ် ဒုတိယဝန်ကြီးချုပ် တာဝန်ယူထားခဲ့သည်။

## အာဏာရှင်ထံမှ အာဏာသိမ်းခြင်း

၂၀၁၃ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် ကိုင်ရိုမြို့ တာဟီရာရင်ပြင်နှင့် ဟေလီယို ပိုလိစ်နန်းတော်ရှေ့တွင် ဆန္ဒပြသူအများအပြား စုဝေးရောက်ရှိလာကြသည်။ အခြား အီဂျစ်နိုင်ငံမြို့များဖြစ်သော အလက်ဇန်းဒရီးယား၊ ပို့ဆက်နှင့် ဆူးအက်တို့တွင်လည်း ဆန္ဒပြပွဲများ တစ်ပြိုင်တည်းဖြစ်ပွားခဲ့သည်။

အီဂျစ်နိုင်ငံတစ်ဝန်းလုံးတွင်ပေါ်ပေါက်နေသော ဆန္ဒပြမှုများကို လက်ရှိ အာဏာရှင်မော်စီ၏ စစ်တပ်ကလည်း ရက်စက်စွာဖြိုခွင်းမှုများ ပြုလုပ်ခဲ့သည်။ ထိုအချိန်တွင် အီဂျစ်တပ်မတော်အနေနှင့် ရပ်မြင်သံကြားကတစ်ဆင့် ၄၈ နာရီအတွင်း နိုင်ငံရေးပါတီများသည် မော်စီကိုဆန့်ကျင်နေကြသည့် ဆန္ဒပြသူများနှင့် တွေ့ဆုံဆွေးနွေးရန် ရာဇသံပေးလိုက်သည်။ ထို့ပြင် အီဂျစ်အစိုးရသည်

ဖြစ်ပေါ်နေသော ပြဿနာများကို မဖြေရှင်းနိုင်လျှင် စစ်တပ်အနေနှင့် ကြားဝင်ရလိမ့်မည်ဟုလည်း ခြိမ်းခြောက်လိုက်သည်။ စစ်တပ်က နောက်ဆုံးသတိပေးလိုက်သည့်ရက်မှာ ဇူလိုင် ၃ ရက်နေ့ဖြစ်သည်။

၂၀၁၃ ဇူလိုင် ၂ ရက်နေ့တွင် သမ္မတမော်စီသည် စစ်တပ်၏ ၄၈ နာရီ ရာဇသံကို ဆန့်ကျင်ပြီး "တရားဝင်ရွေးကောက်တင်မြှောက်ထားသည့် သူ့အစိုးရအဖွဲ့ကို သူအသက်ရှင်နေသရွေ့ ခုခံကာကွယ်ပေးသွားမည် ဖြစ်ကြောင်း၊ သူ့အနေနှင့် ရာထူးကလည်း ဆင်းမပေးနိုင်ကြောင်း" ကြေညာလိုက်သည်။

ဇူလိုင် ၃ ရက်နေ့တွင် အီဂျစ်တပ်မတော်က နိုင်ငံရေးပါတီများသည် သတ်မှတ်ရက်တွင် ဆောင်ရွက်ရန်ပျက်ကွက်ကြောင်း၊ သမ္မတမော်စီသည်လည်း ပြည်သူ့ဆန္ဒခံယူရန် ပျက်ကွက်ကြောင်း၊ ထို့ကြောင့် တပ်မတော်က တိုင်းပြည်အာဏာကို သိမ်းလိုက်ကြောင်း ကြေညာလိုက်သည်။

အီဂျစ်တပ်မတော်သည် အက်လီမန်ဆိုးအား ကြားဖြတ်အစိုးရခေါင်းဆောင် အဖြစ် တင်မြှောက်လိုက်သည်။ ထို့နောက် မွတ်ဆလင်ညီနောင်အဖွဲ့ဝင်များကိုလည်း ဖမ်းဆီးရန် အမိန့်ထုတ်လိုက်သည်။ အကြောင်းပြချက်မှာ မွတ်ဆလင်ညီနောင်များအဖွဲ့သည် အကြမ်းဖက်မှုများပြုလုပ်ရန် လှုံ့ဆော်ခြင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို အနှောင့်အယှက်ပေးခြင်းတို့ကြောင့် ဖမ်းဆီးခိုင်းရခြင်းဖြစ်ကြောင်း ကြေညာခဲ့သည်။

စီစီက ရုပ်မြင်သံကြားကတစ်ဆင့် သမ္မတသည် အီဂျစ်ပြည်သူများက တွေ့ဆုံဆွေးနွေးရန် တောင်းဆိုသည်ကို ပျက်ကွက်ခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ဆိုင်းငံ့ထားလိုက်ကြောင်း၊ တာဟီရာရင်ပြင်တွင် ဆန္ဒပြနေသူများကို ထောက်ခံကြောင်း၊ မော်စီကိုထောက်ခံသူများအား ရှုတ်ချကြောင်း ပြောကြားခဲ့သည်။

အစ္စလာမ္မစ်လှုပ်ရှားသူများဖြစ်ကြသည့် မွတ်ဆလင်ညီနောင်များအဖွဲ့၊ အယ်လ် ဝါဆတ် ပါတီနှင့် အယ်လ် ဂါမာ အယ်လ် အစ္စလာမ်မီးယားအဖွဲ့များက စစ်တပ်၏ အာဏာသိမ်းမှုကို တရားမဝင်ကြောင်း ကြေညာပြီး ဒီမိုကရေစီကို

ဆန့်ကျင်ခြင်းဖြစ်ကြောင်း ပြောဆိုခဲ့ကြသည်။

နိဝင်ဘာလတွင် မော်စီက သူ့ကို စစ်တပ်က ပြန်ပေးဆွဲထားကြောင်း ကြေညာခဲ့သည်။ စစ်တပ်ကလည်း သူ့ကို ဇူလိုင် ၅ ရက်နေ့အထိ ထိန်းသိမ်းထားမည်ဖြစ်ပြီး ထို့နောက်မှ ရေတပ်အခြေစိုက်စခန်းသို့ပို့မည်ဖြစ်ကြောင်း၊ ထိုစခန်းတွင်သူသည် နောက်လေးလခန့်နေရမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။ ယခုတော့ မော်စီသည် တရားရင်ဆိုင်နေရသည်။

**အီဂျစ်၏ သူရဲကောင်း**

တိုင်းပြည်တာဝန်ကို ထမ်းဆောင်သည့်လမှာပင် စကားလှလှပြောတတ်သဖြင့် ဗိုလ်ချုပ်စီစီသည် လူစိတ်ဝင်စားခြင်းကို ခံရသည်။ သူက စစ်တပ်သည် နိုင်ငံရေးကို စွက်ဖက်ရခြင်းမှာ ပြည်သူများတောင်းပန်မှုကြောင့်ဖြစ်ပြီး သူတို့မှာ အခြားရွေးချယ်စရာလည်းမရှိကြောင်း၊ မွတ်ဆလင်ညီနောင်များကို နောက်ခံပြုထားသည့် မော်စီအစိုးရကို ပြည်သူများက မလိုလားသောကြောင့် အာဏာသိမ်းခြင်းကို လုပ်ဆောင်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

စီစီသည် အာဏာသိမ်းပြီးတက်လာသော်လည်း မော်စီကို ဆန့်ကျင်သူများက လမ်းပေါ်ထွက်ပြီးသူ့ကိုထောက်ခံကြောင်း ဆန္ဒတွေထုတ်ဖော်ကြသည်။ သူတို့က စီစီ၏ ရုပ်ပုံပိုစတာများကို ကိုင်ဆောင်လာပြီး "တပ်နှင့်ပြည်သူ လက်တွဲကူ" စသည့် ကြွေးကြော်သံများကို အော်ဟစ်ခဲ့ကြသည်။ လူမှုကွန်ရက် Website ပေါ်တွင်လည်း မိမိတို့ပုံများကို စီစီ၏ပုံများနှင့် ပြောင်းလဲသည်အထိ အဖြစ်သည်းလိုက်ကြသည်။ ပိုဆိုးသည်က အယ်လ်စီစီကို စစ်တပ်၏အမြင့်ဆုံး ရာထူး ဖီးမာရှယ်အဆင့်သတ်မှတ်ရန် လှုပ်ရှားမှုများ ပြုလုပ်လာကြခြင်းဖြစ်သည်။ ထိုစဉ်ကတည်းက အီဂျစ်တွင်နောက် တက်လာမည့် သမ္မတဟူ၍လည်း သတင်းပြေးနေခဲ့သည်။

သူ့ကို ပြည်သူတွေက အာဏာရှင်လက်ထဲက တိုင်းပြည်ကိုကယ်တင်မည့် သူရဲကောင်းဟု မြင်လာကြသည်။ ကိတ်မုန့်၊ ချောကလက်၊ လည်ဆွဲများတွင်

အင်္ဂလိပ်လို CC ဆိုသည့်စာလုံးတွေကိုရေးသွင်းလာကြသည်။ မုန့်ဆိုင်များကိုပင် စီစီဆိုသည့် အမည်များပေးကာ ဂုဏ်ပြုခဲ့ကြသည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်နေ့တွင် Time မဂ္ဂဇင်းက သူ့ကို "Time Person of the Year" အဖြစ် ရွေးချယ်ရန်အတွက် စာဖတ်သူများထံက မဲရယူရန် ထုတ်ဖော်ကြေညာခဲ့သည်။ သူ့ကို ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသည့် သမ္မတမော်စီအားဖြုတ်ချပြီး အာဏာသိမ်းရာတွင် လူကြိုက်များခဲ့သည့်အတွက် ဤသို့ရွေးချယ်ရန် စီစဉ်ခြင်းဖြစ်ကြောင်း ကြေညာခဲ့သည်။

## သမ္မတအသစ် စီစီဖြစ်မည်လား

အသက် ၅၉ နှစ်အရွယ်ရှိပြီဖြစ်သော ဗိုလ်ချုပ်စီစီသည် နောက်လာမည့် သမ္မတသစ်ရွေးကောက်ပွဲဝင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ဒီဇင်ဘာလ ၂၃ ရက်နေ့က ကူဝိတ်သတင်းစာ Al Seyassah က မေးမြန်းသည့် အင်တာဗျူးတွင် ပြောကြားခဲ့သည်။

"ပြည်သူတွေအားလုံးက ကျေနပ်သဘောကျမယ်ဆိုရင်၊ နိုင်ငံတကာကလည်း သဘောကျမယ်ဆိုရင်၊ အီဂျစ်ရဲ့ ပြဿနာပေါင်းများစွာကို ဖြေရှင်းနိုင်မယ်ဆိုရင် အဲဒီနေ့ကို ကျွန်တော်ဖော်ဆောင်ပေးမှာပါ" ဟုပြောကြားခဲ့သည်။

သမ္မတရွေးကောက်ပွဲကျင်းပရန် အချိန်ခြောက်လခန့်သာ လိုတော့သည်။ အကယ်၍ စီစီသာ သမ္မတနေရာတွင် ဝင်ရောက်အရွေးခံပါက သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရရန်မှာ သေချာသလောက်ဖြစ်သည်။ စီစီသာ သမ္မတဖြစ်သွားခဲ့လျှင် အီဂျစ်နိုင်ငံတွင် ၁၉၅၂ ခုနှစ်ကတည်းက စိုးမိုးခဲ့သည့် စစ်အာဏာရှင် အရိပ်မည်းကြီးသည် ဆက်လက်ပြီး သက်ဦးဆံပိုင်စနစ်ကဲ့သို့ လက်ဆင့်ကမ်းအုပ်ချုပ်သွားသလို ဖြစ်နေပေလိမ့်မည်။

## စီစီကို ပြည်သူထောက်ခံသလား

ဒီဇင်ဘာ ၂၃ ရက်နေ့က ရာပေါင်းများစွာသော အီဂျစ်ပြည်သူတို့သည် ကိုင်ရိုမြို့လယ်တွင် ဆန္ဒပြကြသည်။ ဒီမိုကရေစီထောက်ခံသူ ခေါင်းဆောင်သုံးဦးကိုဖမ်းဆီးပြီး ထောင်ထဲပို့လိုက်ခြင်းကြောင့် မကျေမနပ်ဖြစ်ကာ ဆန္ဒပြနေကြခြင်းဖြစ်သည်။

ဆန္ဒပြသူများ ကိုင်ဆောင်ထားသည့် စာတန်းများတွင် "ဖမ်းဆီးထားသူများအားလုံး ပြန်လွှတ်ပေး" ဟု ရေးသားထားသည်။ ဆန္ဒပြသူများသည် စစ်တပ်က ကျောထောက်နောက်ခံပြုထားသည့် ကြားဖြတ်အစိုးရအဖွဲ့ကို ကန့်ကွက်နေကြခြင်းဖြစ်သည်။ သူတို့က နာမည်ကျော်အာဏာရှင်သစ် ဗိုလ်ချုပ်စီစီကို "ခွေး" ဟု အော်ဟစ်နေကြသည်။

ဒီဇင်ဘာ ၂၂ ရက်နေ့က အီဂျစ်တရားရုံးသည် ဒီမိုကရေစီရေးလှုပ်ရှားသူများဖြစ်သည့် အာမက် မဟာ၊ အာမက် ဒိုမာနှင့် မိုဟာမက် အေဒဲလ်တို့ကို ထောင်သုံးနှစ်စီချလိုက်သည်။ ထိုသုံးယောက်သည် ၂၀၁၁ ခုနှစ်တွင် သမ္မတဟိုစနီ မူဘာရက်ကို ဖြုတ်ချရာတွင်ပါဝင်ခဲ့သူများဖြစ်သည်။ သူတို့သုံးယောက်ကို ခွင့်ပြုမိန့်မရဘဲ ဆန္ဒပြခြင်း၊ ရဲများကို ကိုယ်ထိလက်ရောက် တိုက်ခိုက်ခြင်းဆိုသည့် အကြောင်းပြချက်ဖြင့် ဖမ်းဆီးထောင်ချလိုက်ခြင်းဖြစ်သည်။

ဥရောပသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုတို့က ထိုစီရင်ချက်ကို ပြန်လည်စဉ်းစားပေးရန် တောင်းဆိုထားသည်။ ဝါရှင်တန်ကလည်း လွတ်လပ်စွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခွင့်မပြုသော အီဂျစ်ပြည်သူများအတွက် နိုင်ငံရေးအနေအထား မကောင်းလှကြောင်း ခန့်မှန်းထားသည်။ ဤနည်းအတိုင်း နောက်တက်သည့် အာဏာရှင်က ဖိနှိပ်မှုများပြုနေလျှင် နောက်ခြောက်လအကြာ ကျင်းပမည့် ရွေးကောက်ပွဲသည် ရင်လေးစရာဖြစ်လိမ့်မည်ဟု ဝေဖန်ထားသည်။

အီဂျစ်အာဏာပိုင်အသစ်များသည် ပြီးခဲ့သည့် နိုဝင်ဘာလကမှ ရဲနှင့် အာဏာပိုင်များက ခွင့်မပြုလျှင် ဆန္ဒပြခြင်းမပြုရဆိုသည့် ဥပဒေသစ်ကို ထုတ်ပြန်ထားခြင်းဖြစ်သည်။ ဥပဒေသစ်အရ ဒီမိုကရေစီထောက်ခံသူ ခေါင်းဆောင်သုံးဦးကို အီဂျစ်ပေါင်ငွေ ၅၀,၀၀၀ (ဒေါ်လာ ၇၂၀၀) ချမှတ်လိုက်ရုံမက ရဲအစောင့်

အရှောက်နှင့် ထောင်ထဲတွင် ကောင်းမွန်စွာနေစေဟု အမိန့်ချမှတ်လိုက်ခြင်း ဖြစ်သည်။

ဒီဇင်ဘာ ၂၃ ရက်နေ့ ဆန္ဒပြသူများသည် "အစိုးရဘာတွေကြောက်နေသလဲ။ စစ်အစိုးရကျဆုံးပါစေ" စသည့် ကြွေးကြော်သံများကို အော်ပြီး ပြည်သူတွေက ဆန္ဒပြခဲ့ကြသည်။ လိုရီ မိုဟာမက်ဆိုသူက "ကျွန်တော်တို့ ဒီစစ်အစိုးရကို ဆက်ပြီးဆန္ဒပြသွားမယ်။ တော်လှန်ရေးကို ဆက်လုပ်မယ်" ဟုပြောသွားခဲ့သည်။

အီဂျစ်လို မွတ်ဆလင်နိုင်ငံမျိုးတွင် အမျိုးသမီးများသည် ရှေ့တန်းသို့ အလွန်ထွက်ခဲသူများဖြစ်သည်။ သို့သော် နိုဝင်ဘာလအတွင်း အမျိုးသမီးများပါ ထွက်ပြီး ဆန္ဒပြခဲ့ခြင်းကြောင့် အမျိုးသမီးကြီး ၁၄ ဦးနှင့် မိန်းကလေး ၇ ဦးကို မော်စီထောက်ခံသည့် ဆန္ဒပြပွဲတွင်ပါဝင်သည်ဟုဆိုကာ ထောင်ဒဏ် ၁၁ နှစ်စီ ချလိုက်လေသည်။ တစ်နိုင်ငံလုံး ပွက်လောညံသွားသောကြောင့် ဆိုင်းငံ့ ထောင်ဒဏ်တစ်နှစ်ကိုပြောင်းပေးလိုက်ရသည့်အဖြစ်ကား ထူးခြားမှုဟုဆိုရမည်။

အဖိနှိပ်ခံ ပညာမဲ့လူတန်းစားများသည် သူရဲကောင်းကို ကိုးကွယ်ကြသည်။ အားငယ်နေချိန်တွင် ကယ်တင်ရှင်ကို မျှော်လင့်ကြသည်။ အာဏာရှင်နေရာတွင် အာဏာရှင်ဝင်လာသော်လည်း ကယ်တင်ရှင်ဟုထင်ခဲ့ကြသည်။ သို့သော် မင်းသားခေါင်း မည်မျှဆောင်းထားသည်ဖြစ်စေ အတွင်းသရုပ်ကို ဖုံးကွယ်မထားနိုင်ကြ။ အာဏာကိုလက်ကိုင်ပြုထားသူတို့သည် အာဏာမဲ့မည်ကိုကြောက်ကြသည်။ ဒီမိုကရေစီသည် အာဏာကို လမ်းဆုံးတွန်းပို့နိုင်သောကြောင့် ဒီမိုကရေစီအသံကို အာဏာရှင်တို့ကြောက်ကြသည်။ သို့ဖြစ်ရာ အာဏာကိုထိမိုက်လာမည့် မည်သူကိုမဆို အာဏာပြရမည်ကို သူတို့ဝန်လေးကြမည် မဟုတ်ပေ။

**Sources : Independent Journal; Aljazeera; Gulf News; Zee News; The Telegraph**



21

ဗဟိုအာဖရိက
သမ္မတနိုင်ငံ

# ဖရန်ဆွာ ဘိုဇိုင်ဇီ

အမည်အပြည့်အစုံမှာ ဖရန်ဆွာ ဘိုဇိုင်ဇီ ယန်ဂိုဗွန်ဒါ (François Bozizé Yangouvonda) ဖြစ်သည်။ ၁၉၄၆ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့တွင် မွေးဖွားသည်။ ဗဟိုအာဖရိကသမ္မတနိုင်ငံ၏သမ္မတ ဖြစ်ပြီး ၂၀၀၃ ခုနှစ်မှ ၂၀၁၃ ခုနှစ်တိုင်အောင် တိုင်းပြည်ကို အုပ်ချုပ်ခဲ့သော စစ်အာဏာရှင် တစ်ဦးလည်း ဖြစ်သည်။

ဘိုဇိုင်ဇီသည် သမ္မတဘိုကာဆာ လက်ထက် ၁၉၇၀ ပြည့်နှစ်ပိုင်း လောက်က စစ်တပ်တွင် အဆင့်မြင့်အရာရှိတစ်ဦးအဖြစ် အမှုထမ်းခဲ့သည်။ ဘိုကာဆာ ရာထူးအဖြုတ်ခံ ရပြီးချိန်တွင် ဘိုဇိုင်ဇီသည် အစိုးရအဖွဲ့၌

ကာကွယ်ရေးဝန်ကြီးအဖြစ် ၁၉၇၉ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ထောက်လှမ်းရေးဌာနဝန်ကြီးအဖြစ် ၁၉၈၁ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

သမ္မတ အန်ဒရေကိုလင်ဘာလက်ထက် ၁၉၈၂ ခုနှစ်တွင် စစ်တပ်က အာဏာသိမ်းမှုတွင် သူပါဝင်ခဲ့သည်။ မအောင်မြင်သောကြောင့် နိုင်ငံကထွက်ပြေးခဲ့ရသည်။ တစ်နှစ်ခန့်အကြာ သမ္မတဗီးလစ်ပါတက်ဆီလက်ထက်၌ ကာကွယ်ရေးဦးစီးချုပ်ရာထူးကိုပြန်ရပြီး ၂၀၀၁ ခုနှစ်တွင် ပါတက်ဆီကို ဆန့်ကျင်သည့် သူပုန်တစ်ယောက် ပြန်ဖြစ်သွားခဲ့သည်။

၂၀၀၃ ခုနှစ် မတ်လတွင် သမ္မတပါတက်ဆီ ပြည်ပနိုင်ငံသို့ ခရီးထွက်နေချိန်၌ ဘိုဇိုင်ဇီသည် ဘန်ဂီမြို့ကို အတင်းဝင်ရောက်တိုက်ခိုက်ပြီး အာဏာသိမ်းလိုက်သည်။

၂၀၀၅ ခုနှစ် မတ်လမှ မေလအထိ ကျင်းပပြုလုပ်သည့် သမ္မတရွေးကောက်ပွဲတွင် ဒုတိယအချီတွင် အနိုင်ရခဲ့သည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီလ သမ္မတရွေးကောက်ပွဲတွင် နောက်တစ်ကြိမ် ပြန်လည်ရွေးကောက်တင်မြှောက်ခံရပြန်သည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ဗဟိုအာဖရိက၌ သူပုန်တပ်များအင်အားကောင်းလာပြီး ဘိုဇိုင်ဇီနှင့် မည်သို့မျှ ညှိနှိုင်းမရသည့်အနေအထားသို့ရောက်လာခဲ့သည်။ ၂၀၁၃ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် သူပုန်တပ်သည် မြို့တော်ဘန်ဂီကို ဝင်ရောက်တိုက်ခိုက်သည်။ ဘိုဇိုင်ဇီသည် ကွန်ဂိုနိုင်ငံကတစ်ဆင့်ကင်မရွန်းသို့ ထွက်ပြေးခဲ့ရသည်။

## အစောပိုင်းကာလများ

ဘိုဇိုင်ဇီကို ဂါဘွန်မြို့တွင် မွေးဖွားသည်။ အာဖရိကအလယ်ပိုင်း ဘိုအားနယ်တွင်ဖွင့်လှစ်ထားသည့် တပ်မတော်အရာရှိကောလိပ်တွင် တက်ရောက်ပညာသင်ကြားခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် ဒုဗိုလ်အဖြစ်တပ်မတော်တွင် စတင်တာဝန်ထမ်းဆောင်ပြီး ၁၉၇၅ ခုနှစ်တွင် ဗိုလ်အဖြစ် ရာထူးတိုးခဲ့သည်။

သမ္မတဘိုကာဆာလက်ထက် ၁၉၇၈ ခုနှစ်တွင် သမ္မတကို မရိုမသေ၊ မလေးမစားလုပ်သည့် ပြင်သစ်အရာရှိတစ်ဦးကို ရိုက်နှက်ဆုံးမလိုက်သဖြင့် သဘောကျပြီး ဗိုလ်မှူးချုပ်ရာထူး ချက်ချင်းတိုးမြှင့်ပေးခံလိုက်ရသည်။ မီဘများတွင် တင်ရှိနေသည့် ကြွေးကျန်များကိုလျှော်ပစ်ရန်တောင်းဆိုသည့် လူငယ်ဆန္ဒပြသမားများကိုလည်း ဗိုလ်ချုပ်မာယိုမိုကာလာနှင့်အတူ လက်သံပြောင်ပြောင် နှိမ်နင်းခဲ့သောကြောင့် အထူးအလေးပေးခံခဲ့ရသူဖြစ်သည်။

ဒေးဗစ် ဒက်ကိုက သမ္မတဘိုကာဆာအား ဖြုတ်ချလိုက်ပြီး ၁၉၇၉ ခုနှစ်တွင် သူ့ကို ကာကွယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။ ၁၉၈၁ ခုနှစ် စက်တင်ဘာလတွင် ဒက်ကိုအား ကိုလင်ဘာက ဖြုတ်ချပြီးနောက် သူ့ကို ထောက်လှမ်းရေးဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခဲ့ပြန်သည်။

၁၉၈၂ ခုနှစ်မတ်လ ၃ ရက်နေ့တွင် ပါတက်ဆီဆိုသူဦးဆောင်ပြီး မအောင်မြင်သည့် အာဏာသိမ်းမှုတွင် သူကိုယ်တိုင်ပါဝင်ခဲ့ကာ နောက်ဆုံးတပ်သား ၁၀၀ နှင့်အတူ ထွက်ပြေးခဲ့ရသည်။ သူက ကိုလင်ဘာကို သစ္စာဖောက်ဟုကြေညာပြီး အာဏာလွှဲပြောင်းပေးရန် ရေဒီယိုဘန်ဂီကတစ်ဆင့် ကြေညာခဲ့သည်။

နောက်ပိုင်း ပြင်သစ်နိုင်ငံသို့ထွက်ပြေးပြီး ဒုက္ခသည်အဖြစ် ခိုလှုံနေခဲ့ရသည်။ ၁၉၈၉ ခုနှစ် ဇူလိုင်လတွင် ကိုတိုနိုမြို့တွင် အဖမ်းခံခဲ့ရသည်။ မေလက အာဏာသိမ်းမှုတွင် အကူအညီပေးမှုဖြင့် ရုံးတင်စစ်ဆေးခဲ့သော်လည်း ၁၉၉၁ ခုနှစ် စက်တင်ဘာ ၂၄ ရက်နေ့တွင် အပြစ်မရှိကြောင်းစီရင်ပြီး ဒီဇင်ဘာ ၁ ရက်နေ့တွင် ထောင်ကလွှတ်ပေးခဲ့သည်။ နောက်ပိုင်း ပြင်သစ်တွင်ပင် ဒုက္ခသည်ဘဝနှင့် ၂ နှစ်ခန့် သွားနေခဲ့သည်။

၁၉၉၃ ခုနှစ်သမ္မတရွေးကောက်ပွဲတွင် ဘိုနိုင်ဇီသည် တစ်သီးပုဂ္ဂလအနေနှင့် ဝင်ရောက်အရွေးခံခဲ့သည်။ ပြိုင်ဘက်ပါတက်ဆီနှင့် ဂိုမ်ဘာတို့က မဲအရေအတွက်မကျွာသော်လည်း ပူးပေါင်းသွားသောကြောင့် သမ္မတရာထူးကို သူလက်လွှတ်လိုက်ရသည်။ ပါတက်ဆီကတစ်ဖန် ဂိုမ်ဘာကို ထပ်မံမဲဖြတ်နိုင်ခဲ့သောကြောင့် သမ္မတရာထူးကို ဆက်ခံသွားခဲ့ရသည်။

ဘိုနိုင်ဗီသည် သမ္မတမဖြစ်ခဲ့သော်လည်း ပါတက်ဆီကို နှစ်ပေါင်းများစွာ အထောက်အပံ့ပေးခဲ့သည်။ တပ်တွင်းပုန်ကန်မှုများ မဖြစ်ပေါ်စေရေးအတွက် နှိမ်နင်းရာတွင်သူ့ကို ပါတက်ဆီက အလွန်အားကိုးအားထားပြုခဲ့သည်။ နောက်ပိုင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရာထူးသို့ တိုးပေးပြီး ချီးမြှောက်ခြင်းခံခဲ့ရသည်။ ပါတက်ဆီလက်ထက်တွင် သူသည် သမ္မတကို ဆန့်ကျင်ခြင်း မပြုတော့ဘဲ သမ္မတကို ဆန့်ကျင်သူများအား နှိမ်နင်းရာတွင် ပြောင်မြောက်ခဲ့သောကြောင့် နာမည်ကျော်ခဲ့သူဖြစ်သည်။

## သမ္မတကိုပုန်ကန်ခြင်း

၂၀၀၁ ခုနှစ် မေလ ၂၈ ရက်နေ့တွင် ပါတက်ဆီကို အာဏာသိမ်းသည့် အဖြစ်အပျက်တစ်ခု ဖြစ်ပွားခဲ့သည်။ ထိုအာဏာသိမ်းမှုကို လစ်ဗျားတပ်နှင့် ကွန်ဂိုသူပုန်တို့၏ အကူအညီဖြင့် နှိမ်နင်းနိုင်ခဲ့သည်။ ထိုအချိန်တွင် ဘိုဇိုင်ဇီ၏ ဂုဏ်သိက္ခာမှာ မေးခွန်းထုတ်စရာဖြစ်လာသည်။ ၂၀၀၁ ခုနှစ် အောက်တိုဘာလတွင် သူ့ကို ကာကွယ်ရေးဦးစီးချုပ်ရာထူးက ထုတ်ပယ်ခြင်းခံလိုက်ရသည်။

ဘိုနိုင်ဗီသည်ပေါက်ကွဲပြီး နိုဝင်ဘာ ၃ ရက်နေ့တွင် တန်ပြန်တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။ ငါးရက်အကြာတွင် အစိုးရတပ်များသည် လစ်ဗျားတပ် အကူအညီဖြင့် ပုန်ကန်နေသည့်တပ်စခန်းကို ဝင်စီးခဲ့သည်။ ဘိုဇိုင်ဇီလည်း ချက်နိုင်ငံသို့ ထွက်ပြေးခဲ့ရသည်။

ဘိုင်နိုင်ဇီ၏ သူပုန်တပ်နှင့် အစိုးရတပ်များသည် ၂၀၀၂ ခုနှစ်အထိ ဆက်လက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ အောက်တိုဘာ ၂၅ ရက်နေ့မှ ၃၁ ရက်နေ့အတွင်း မြို့တော်ဘန်ဂီကို တက်သိမ်းသော်လည်း မအောင်မြင်ခဲ့ပေ။ ကွန်ဂိုမှအကူအညီပေးရန် ရောက်လာကြသည့် သူပုန်တပ်ကလည်း တိုက်ခိုက်လုယက်ခြင်း၊ မုဒိမ်းကျင့်ခြင်းများကို ပြုလုပ်ခဲ့ကြသည်။

ချက်နိုင်ငံက ဘိုဇိုင်ဇီကို လက်ခံထားချိန်ကစပြီး ချက်နှင့် ပါတက်ဆီ အစိုးရတို့ကြားတွင် မပြေမလည်ဖြစ်ခဲ့ကြရသည်။ ပါတက်ဆီ၏ လက်ရှိအာဏာရ

ပါတီကလည်း ချက်အစိုးရကို ဗဟိုအာဖရိကသမ္မတနိုင်ငံ မတည်ငြိမ်ရေးအတွက် ဘိုဇိုင်ဇီအား လူသူလက်နက်အင်အားများ ထောက်ပံ့နေသည်ဟု စွပ်စွဲခဲ့သည်။

## အာဏာရလာခြင်း

၂၀၀၃ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် ဘိုဇိုင်ဇီ၏တပ်သည် လုံးဝ အခြေအနေအရပ်ရပ်ကို ထိန်းနိုင်ပြီး အာဏာကိုသိမ်းပိုက်နိုင်ခဲ့သည်။ ဘန်ဂီသို့ သူ့တပ်များဝင်လာချိန်တွင် လုံးဝဆန့်ကျင်ခုခံခြင်းပင် မရှိတော့ပေ။ ထိုအချိန်က သမ္မတပါတက်ဆီသည် နိုင်ဂျာနိုင်ငံတွင် ကျင်းပပြုလုပ်နေသည့် အစည်းအဝေး တစ်ခုတွင် တက်ရောက်နေသည်။ သူလေယာဉ်ဖြင့် ပြန်လာချိန်တွင် ဘိုဇိုင်ဇီက အာဏာသိမ်းထားသောကြောင့် လေဆိပ်သို့ပင် လေယာဉ်ဆင်းသက်နိုင်ခြင်း မရှိခဲ့ပေ။ ပါတက်ဆီသည် ကွန်ဂိုနိုင်ငံသို့ ထွက်ပြေးခိုလှုံခဲ့ရပြီး နောက်တစ်နှစ်တွင် တိုဂိုနိုင်ငံသို့ ရောက်ရှိသွားသည်။

ဘိုဇိုင်ဇီသည် အေဘယ်ဂိုမ်ဘာကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့ပြီးနောက် မတ်လတွင် သူ့ထံက အာဏာပြန်သိမ်းလိုက်ပြန်သည်။ ဒီဇင်ဘာလတွင် ဂိုမ်ဘာကို ဒုတိယသမ္မတအဖြစ် ပြန်လည်ခန့်အပ်ပြီး ဂေါင်ဘာလက်ဆိုသူကို ဝန်ကြီးချုပ်နေရာပေးလိုက်သည်။

ဘိုဇိုင်ဇီသည် အာဏာရလာပြီးချိန်ကစပြီး ၁၉၉၅ ခုနှစ်တွင် ရေးဆွဲခဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုင်းငံ့ထားခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ယခင်အဟောင်းနှင့် သိပ်မကွဲပြားဘဲ ထပ်မံရေးဆွဲပြီး ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၅ ရက်နေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကျင်းပခဲ့သည်။ ယခင်က သူသည် သမ္မတရာထူးကိုမယူဟု တဖွဖွပြောခဲ့သော်လည်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကျင်းပနိုင်ခဲ့သဖြင့် ဒီဇင်ဘာ ၁၁ ရက်နေ့တွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲသို့ ဝင်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

၂၀၀၄ ခုနှစ် သမ္မတရွေးကောက်ပွဲကို ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှ မတ်လ ၁၃ ရက်နေ့အထိ ကျင်းပခဲ့သည်။ နောက်ဆုံး ရွေးကောက်ပွဲတွင် မဲ

၄၃ ရာခိုင်နှုန်းရရှိခဲ့ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်။ မဲမပြတ်သဖြင့် ပါတက်ဆီလက်ထက် ဝန်ကြီးချုပ်ဟောင်း ဗီဂူလေနှင့်ဆက်ပြီးယှဉ်ပြိုင်ရာ မေလ ၂၄ ရက်နေ့နောက်ဆုံးရလဒ်တွင် ဗီဂူလေကိုနိုင်ပြီး မဲ ၆၄ ဒသမ ၆ ရာခိုင်နှုန်းဖြင့် အောင်ပွဲခံနိုင်ခဲ့သည်။ သို့ဖြင့် ဇွန်လ ၁၁ ရက်နေ့တွင် သမ္မတ အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

၂၀၁၁ ခုနှစ် သမ္မတဒုတိယသက်တမ်းအတွက် ဇန်နဝါရီလမှ မတ်လ အထိ ကျင်းပခဲ့သည်။ ထိုရွေးကောက်ပွဲတွင်လည်း ဘိုနိုင်ဇီ၏ပါတီနှင့် သူကိုယ်တိုင် သမ္မတအဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခြင်း ခံရသည်။

## ပဋိပက္ခရှုပ်ထွေးမှုနှင့်ကျွမ်းစစ်ကြောင်း

ဘိုနိုင်ဇီ သမ္မတဖြစ်ချိန်ကတည်းက ပြည်တွင်းသူပုန်များရန်သည် ငြိမ်းအေးသွားခြင်းမရှိခဲ့ပေ။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်နေ့တွင် သူပုန် ညွန့်ပေါင်းတပ်က မြို့ကြီးသုံးမြို့ကို သိမ်းပိုက်လိုက်သည်။ သူပုန်တို့သည် ဘိုနိုင်ဇီ၏ အစိုးရတပ်ကို စစ်ဆင်မှုများပြုနေသောကြောင့် နိုင်ငံအတွင်း အခက်အခဲ အကျပ်အတည်းများနှင့် ရင်ဆိုင်ခဲ့ရသည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်နေ့တွင် ဗဟိုအာဖရိကသမ္မတ ဘိုနိုင်ဇီက သူပုန်များကို ဝိုင်းဝန်းနှိမ်နင်းပေးကြပါဟု နိုင်ငံတကာကိုအကူအညီတောင်းခဲ့ သည်။ အထူးသဖြင့် ပြင်သစ်နှင့် အမေရိကန်နိုင်ငံများကိုဖြစ်သည်။ ပြင်သစ် သမ္မတ ဟော်လန်ဒေးက တောင်းဆိုချက်ကို ပယ်ချလိုက်ပြီး ဘန်ဂီနိုင်ငံတကာ လေဆိပ်တွင် တပ်စွဲထားသည့် ပြင်သစ်စစ်သား ၂၅၀ ကိုပင် အခြားနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် အမိန့်ထုတ်လိုက်သည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ဂါဘွန် လစ်ဘရာဗီးလ်တွင် အစိုးရတပ်နှင့် သူပုန်များစစ်ပြေငြိမ်းရေး သဘောတူစာချုပ်များ လက်မှတ် ရေးထိုးခဲ့ကြသည်။ သူပုန်တို့က ဘိုဇိုင်ဇီ သမ္မတရာထူးက နုတ်ထွက်ပေးလျှင်

လက်နက်ချမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြသည်။ သို့သော် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၈ ရက်နေ့တွင် သူက ဝန်ကြီးချုပ်ရာထူးကို အတိုက်အခံပါတီအား ပေးလိုက်သည်။ ဇန်နဝါရီ ၁၃ ရက်နေ့တွင် ဘိုင်ဇိုင်ဇီသည် ဝန်ကြီးချုပ်ဟောင်းကို သူပုန်များနှင့် သဘောတူထားစဉ်ကအတိုင်း ရာထူးကဖယ်ရှားလိုက်ပြီး ဇန်နဝါရီလတွင် နစ်ခိုလပ်စ်တန်ဂါယီကို ဝန်ကြီးချုပ်ရာထူးပေးလိုက်သည်။

၂၀၁၃ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် သူပုန်တို့နှင့် စစ်ပြေငြိမ်းရန် သဘောတူညီထားမှု ပျက်ပြယ်သွားခဲ့သည်။ သူပုန်တို့သည် မြို့ကြီးများကို ဆက်လက်သိမ်းပိုက်ခဲ့သည်။ မြို့တော်ဘန်ဂီအနီး ၂၂ ကီလိုမီတာအကွာအဝေး အထိ ချဉ်းကပ်လာခဲ့ကြသည်။ အစိုးရတပ်က သူပုန်တို့ကို ရဟတ်ယာဉ်နှင့် တိုက်ခိုက်ခဲ့သော်လည်း ထိုရဟတ်ယာဉ်ကို ပစ်ချနိုင်ခဲ့ကြောင်း သူပုန်တပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ နယ်လ်ဆင်ဂျပ်ဒါက ပြောကြားသည်။

၂၀၁၃ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် သူပုန်တပ်တို့က မြို့တော်ဘန်ဂီကို သဲသဲမဲမဲတိုက်ခိုက်ခဲ့ကြသည်။ သမ္မတနန်းတော်အပါအဝင် အချက်အချာကျသည့် နေရာများကို သိမ်းပိုက်ထားလိုက်ကြသည်။ ဘိုဇိုင်ဇီနှင့် မိသားစုများ ကွန်ဂို နိုင်ငံသို့ ထွက်ပြေးကြရတော့သည်။ ယခုအခါ သမ္မတဟောင်း ဘိုဇိုင်ဇီသည် ကမ်မရွန်းတွင် နိုင်ငံရေးခိုလှုံနေသည်။

အစိုးရသစ်ကို မတ်လ ၃၁ ရက်နေ့က ကြေညာခဲ့သည်။ အစိုးရသစ်ကို နောက်အတိုက်အခံအဖွဲ့ကထုပ်ပြီး သပိတ်မှောက်သည်။ နောက်တက်သည့် အစိုးရကို အိမ်နီးချင်းတွေကလည်း သဘောမတူကြောင်း ကန့်ကွက်ပြန်သည်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက တိုင်းပြည်ငြိမ်းချမ်းရေးက အရေးကြီးကြောင်း၊ တိုင်းပြည်တွင် တကယ်မရှိသူကို အစိုးရအဖြစ်သတ်မှတ်ရန်လည်း မဖြစ်နိုင်သည့် အခြေအနေ သို့ရောက်ရှိနေကြောင်း သတိပေးပြောကြားခဲ့သည်။

ကုလသမဂ္ဂ ဒုတိယအထွေထွေအတွင်းရေးမှူး ယန်းအီလီယာဆန်ကမူ "လုံးဝဖရိုဖရဲနှင့် ပြိုလဲသည့်အခြေအနေသို့ သက်ဆင်းနေကြောင်း" ဟု မှတ်ချက်

ပြုသွားခြင်းသည် ပြည်တွင်းစစ်များ၊ သူပုန်များထူပြောပြီး အာဏာလုနေသည့် နိုင်ငံတစ်နိုင်ငံအတွက် အထိရောက်ဆုံးမှတ်ချက်ဖြစ်တော့သည်။

**Source : The New York Times, Huffingtonpost**



22

ကွန်ဂိုနိုင်ငံ

# မိုဘူတူ စီစီ ဆီကို

အမည်အပြည့်အစုံမှာ မိုဘူတူ စီစီ ဆီကို ကူကူ နဘန်ဒူ ဝါ ဇာ ဘန်ဂါ (Mobutu Sese Seko Kuku Ngbendu wa Za Banga) ဖြစ်သည်။ ယခင် ကွန်ဂို (Congo) ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ယခု ဇိုင်ယာ (Zaire) တွင် ကာလရှည်ကြာစွာ အာဏာရှင်အဖြစ် စိုးမိုးအုပ်ချုပ်ခဲ့သူတစ်ဦးလည်းဖြစ်သည်။ သူ့ကို ၁၉၃၀ ပြည့်နှစ် အောက်တိုဘာ ၁၄ ရက်နေ့တွင်မွေးသည်။ ၁၉၆၅ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ဇိုင်ယာ (ကွန်ဂို) နိုင်ငံတွင် နှစ်ပေါင်း ၃၀ ကျော်ကြာ သမ္မတအဖြစ်အုပ်စိုးခဲ့ပြီး ၁၉၉၇ ခုနှစ် စက်တင်ဘာ ၇ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် အသက် ၆၇ နှစ်အရွယ်ဖြစ်သည်။

## ငယ်စဉ်ဘဝ

မိုဘူတူကို ဘယ်လ်ဂျီယံကွန်ဂို လီဆာလာမြို့တွင် မွေးဖွားခဲ့သည်။ သူ့မိခင်သည် ကျေးရွာအကြီးအကဲအိမ်မှ အိမ်ဖော်တစ်ဦးဖြစ်ပြီး အတင်းအဓမ္မ သိမ်းပိုက်မည့်ရန်ကို ကြောက်ရွံ့ပြီး လီဆာလာသို့ ထွက်ပြေးတိမ်းရှောင်လာသူ ဖြစ်သည်။ ထိုမြို့တွင် ဘယ်လ်ဂျီယံတရားသူကြီးအိမ်တစ်အိမ်၌ ထမင်းချက် လုပ်နေသော ဂဘီမာနီဆိုနှင့်တွေ့ပြီး အိမ်ထောင်ကျကာ မိုဘူတူကို မွေးဖွားလာ ခဲ့ခြင်းဖြစ်သည်။ သူ့အသက် ရှစ်နှစ်သားအရွယ်တွင် ဖခင်ဖြစ်သူကွယ်လွန် သွားခဲ့သည်။

ဘယ်လ်ဂျီယံတရားသူကြီးဇနီးက မိုဘူတူကို သဘောကျပြီး ခေါ်ယူ ကျွေးမွေးစောင့်ရှောက်ကာ စာသင်ပေးသောကြောင့် ပြင်သစ်စာကို အရေး၊ အဖတ်၊ အပြော ကောင်းစွာ ကျွမ်းကျင်တတ်မြောက်ခဲ့သည်။ မိခင်ဖြစ်သူ ယီမိုသည် ဆွေမျိုးများထောက်ပံ့မှုဖြင့် ကလေး လေးယောက်ကို စောင့်ရှောက် ခဲ့ရသောကြောင့် အတည်တကျ တစ်နေရာတည်းတွင်မနေနိုင်ဘဲ ရွှေ့ပြောင်းနေခဲ့ရ သည်။

နောက်ပိုင်းတွင် မိုဘူတူကို သူ့ဦးလေးထံပို့ပြီး ခရစ်ယာန်ကက်သလစ် ကျောင်းတွင် ကျောင်းအိပ်ကျောင်းစားထားလိုက်သည်။ ကျောင်းတွင် ပညာရေး နှင့် ကျောင်းစာထူးချွန်သူဖြစ်ပြီး ထင်ရှားသူတစ်ဦးဖြစ်သည်။ အထက်တန်းပြီးသော အခါတွင် ကိုလိုနီစစ်တပ်ထဲ၌ ခုနစ်နှစ်အမှုထမ်းရန် အပို့ခံရသည်။ ထိုစစ်တပ် သည် သူပုန်ကျောင်းသားများကိုပို့သော စစ်စခန်းဖြစ်သည်။ မိုဘူတူသည် ကျောင်းကထွက်ပြေးပြီး တစ်ပတ်ခန့်ပျောက်သွားသောကြောင့် အပြစ်ပေးသည့် အနေဖြင့် စစ်ကျောင်းသို့ အပို့ခံရခြင်းဖြစ်သည်။

## စစ်သားဘဝ

မိုဘူတူသည် စစ်တပ်ရောက်သောအခါ စစ်စည်းကမ်း စစ်ပုံစံကို အလွန်သဘောကျသွားသည်။ သူသည် အားလပ်ချိန်များတွင် ဘယ်လ်ဂျီယံ

အရာရှိများထံက စာအုပ်များငှားဖတ်ကာ ပညာရှာခဲ့သည်။ သူကပြင်သစ်သမ္မတချားစ်ဒီဂေါ ရေးသားသည့်စာပေများကို အလွန်နှစ်သက်သူဖြစ်သည်။ ထို့ပြင် ဗြိတိန်ဝန်ကြီးချုပ် ဝင်စတန်ချာချီနှင့် အီတလီအတွေးအခေါ်ပညာရှင် မာခီယာဗယ်လီတို့၏ စာပေများကိုလည်း ဖတ်ရှုလေ့လာခဲ့သည်။

အထက်တန်းကျောင်းမှ ထွက်ပြေးစဉ် မိန်းကလေးတစ်ဦးနှင့်တွေ့ဆုံပြီး ချစ်ကြိုက်ခဲ့သည်။ ဘုန်းတော်ကြီးက ချစ်ခြင်းကိုခွဲပြီး စစ်တပ်ကိုပို့လိုက်သောကြောင့် စိတ်နာပြီး သူလက်ထပ်ချိန်တွင် ဘုရားကျောင်း၌ လက်မထပ်ဘဲ ဘီယာတွေတဝတိုက်ကာ လစာကုန်အောင်သုံးပစ်ခဲ့သည်။

၁၉၅၈ ခုနှစ်တွင် သူသည် သတင်းစာသင်တန်းတက်ခဲ့သေးသည်။ ကွန်ဂိုတွင် သတင်းစာသင်တန်းတက်စဉ် ပက်ထရစ် လူမွန်ဘာနှင့်တွေ့ဆုံပြီး သူငယ်ချင်းများ ဖြစ်သွားကြသည်။ နောက်ပိုင်းတွင် စာဖတ်နာသောကြောင့် လူမွန်ဘာအတွက် ထောက်လှမ်းပေးသည့် သတင်းပေးသမားတစ်ယောက်ဘဝ ရောက်ခဲ့ရသည်။

၁၉၆၀ ပြည့်နှစ်တွင် ကွန်ဂိုနိုင်ငံကို လွတ်လပ်ရေးပေးရန် ဘရပ်ဆဲလ်မြို့တွင် ဆွေးနွေးညှိနှိုင်းကြသည်။ အမေရိကန်သံရုံးတွင် ထိုဆွေးနွေးပွဲကိုလုပ်ရာ၌ အမေရိကန်သံအမတ်ကြီးက လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် အထူးမျိုးကျူးထိုက်သော ပုဂ္ဂိုလ်တစ်ဦးရှိကြောင်း၊ ထိုပုဂ္ဂိုလ်သည် စာရင်းထဲတွင် မပါသော်လည်း အလွန်ထူးခြားပြီး ထက်မြက်သူဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထိုသူမှာ လူမွန်ဘာ၏ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေသူ မိုဘူတူဖြစ်သည်။

## မိုဘူတူ၏ နိုင်ငံရေး အဝင်အထွက်

၁၉၆၀ ပြည့်နှစ် ဇွန်လ ၃၀ ရက်နေ့တွင် ကွန်ဂိုနိုင်ငံသည် လွတ်လပ်ရေးရရှိခဲ့သည်။ ညွန့်ပေါင်းအစိုးရဖွဲ့စည်းနိုင်ခဲ့ပြီး ဝန်ကြီးချုပ်တာဝန်ကို ပက်ထရစ် လူမွန်ဘာက ထမ်းဆောင်ကာ ဂျိုးဆက်ကာဆာဗူဘူက သမ္မတဖြစ်လာသည်။

လူမွန်ဘာက မိုဘူတူကို ကာကွယ်ရေးဦးစီးချုပ်တာဝန် ပေးသည်။

လူမွန်ဘာသည် ဆိုဗီယက်ယူနီယံထံမှ နည်းပညာအထောက်အပံ့များကို ယူလိုက်သဖြင့် အမေရိကန်တို့အတွက် အာဖရိကအလယ်ပိုင်းတွင် ကွန်မြူနစ်တို့ စိုးမိုးမည့်အန္တရာယ်ကို စိုးရိမ်လာခဲ့ကြသည်။ ထိုအချိန်တွင်သမ္မတက ဝန်ကြီးချုပ် လူမွန်ဘာကို ရာထူးဖြုတ်ချလိုက်ကြောင်း ဆိုဗီယက်တို့ အားကိုးနှင့် ကြေညာခဲ့သည်။ လူမွန်ဘာကလည်း သမ္မတဇူဘူကို ဖြုတ်ချမည်ဟု ရာဇသံပေးခဲ့သည်။ ကာကွယ်ရေးဦးစီးချုပ်တာဝန် ထမ်းဆောင်နေရသော မိုဘူတူသည် သမ္မတ အမိန့်နာခံရမည်လော၊ ဝန်ကြီးချုပ်အမိန့် နာခံရမည်လော ဝေခွဲမရဖြစ်လာသည်။

နောက်ဆုံး ၁၉၆၀ ပြည့်နှစ် စက်တင်ဘာ လ ၁၄ ရက်နေ့တွင် မိုဘူတူသည် စီအိုင်အေအကူအညီဖြင့် အာဏာသိမ်းလိုက်သည်။ ဝန်ကြီးချုပ် လူမွန်ဘာကို နေအိမ်အကျယ်ချုပ်ထားလိုက်ပြီး သမ္မတဇူဘူကို ယင်းရာထူး၌ပင် ဆက်ထားခဲ့သည်။ ဆိုဗီယက်ယူနီယံမှ ရောက်လာသောအကြံပေးများအားလုံးကို နေရပ်သို့ပြန်ရန် နှင်ထုတ်ခဲ့သည်။

မိုဘူတူက လူမွန်ဘာကို ကွန်မြူနစ်ထောက်ခံသူအဖြစ် စွပ်စွဲကာ အမေရိကန်အထောက်အပံ့ကိုခံယူရန် ပြင်ဆင်နေချိန်တွင် လူမွန်ဘာက စတန်လေဗီးလ်သို့ ထွက်ပြေးသွားပြီး စင်ပြိုင်အစိုးရထောင်လိုက်သည်။ လူမွန်ဘာကို ဆိုဗီယက်တို့က ထောက်ပံ့ပေးထားခဲ့သည်။ ၁၉၆၀ နိုဝင်ဘာလတွင် လူမွန်ဘာ ကိုဖမ်းမိပြီး ကာတန်ဂါသို့ပို့လိုက်သည်။ ၁၉၆၁ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် လူမွန်ဘာကို စစ်ဆေးစီရင်မည်ဟု ပြောသည့်အချိန်ကစပြီး ပြည်သူများကြားတွင် လူမွန်ဘာ လုံးဝပျောက်ဆုံးသွားခဲ့သည်။ နောက်ပိုင်းမှ သိရသည်မှာ ထိုနေ့တွင်ပင် လူမွန်ဘာကို အဆုံးစီရင်ခဲ့ခြင်းဖြစ်သည်။

၁၉၆၁ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့တွင် သမ္မတက မိုဘူတူကို ဗိုလ်ချုပ်ရာထူး တိုးပေးလိုက်ပြီးနောက် ၁၉၆၄ ခုနှစ်တွင် ပီဇရေ မူလီလီဆိုသူက ပုန်ကန်မှုဖြုလုပ်ပြန်ရာ မိုဘူတူခေါင်းဆောင်သည့် ကွန်ဂိုတပ်သည် သူပုန်များ တပ်လုံးပြုတ်အောင် တိုက်ခိုက်နှိမ်နင်းပစ်လိုက်သည်။

**အာဏာသိမ်းသမ္မတ**

၁၉၆၅ ခုနှစ် မတ်လတွင် ကျင်းပသည့် ရွေးကောက်ပွဲတွင် လက်ရှိဝန်ကြီးချုပ် တာဝန်ယူထားသည့် မော်စီရှိဘီ၏ ကွန်ဂိုအမျိုးသားပါတီကမဲအရေအတွက် အပြတ်အသတ်ရကာ အနိုင်ရခဲ့သည်။ သို့သော် သမ္မတက ရှိဘီကိုဆန့်ကျင်သည့် ကင်ဘာဆိုသူကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်လိုက်သည်။ ပါလီမန်ကလည်း သမ္မတခန့်အပ်သည့် ဝန်ကြီးချုပ်ကိုလက်မခံခဲ့ပေ။ နိုင်ငံရေးအခြေအနေက တင်းမာနေသဖြင့် ထိုနှစ်နိုဝင်ဘာ ၂၅ ရက်နေ့တွင် မိုဘူတူက နောက်တစ်ကြိမ် အာဏာထပ်သိမ်းလိုက်ပြန်သည်။ ထိုအချိန်တွင် မိုဘူတူအသက်က ၃၅ နှစ်ခန့်သာ ရှိသေးသည်။

၁၉၆၆ ခုနှစ်တွင် လွှတ်တော်အဖွဲ့ဝင်လေးဦးကို အာဏာသိမ်းရန်ကြံညီမှုဖြင့် ဖမ်းဆီးပြီး လူပေါင်း ၅၀,၀၀၀ ရှေ့တွင် ကြပ်မျက်စီရင်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် သမ္မတရွေးကောက်ပွဲ ထပ်မံကျင်းပသည်။ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရန် တစ်ဦးတည်းသာ စာရင်းတက်လာသည်။ ထိုသူမှာ မိုဘူတူသာဖြစ်သည်။ သူ့ကို မဲ ၉၈ ဒသမ ၃၃ ရာခိုင်နှုန်းဖြင့် ရွေးကောက်တင်မြှောက်လိုက်ကြသည်။

မိုဘူတူသည် သမ္မတဖြစ်လာပြီးနောက် ကွန်ဂိုနိုင်ငံကိုလည်း ဇိုင်ယာသမ္မတနိုင်ငံအဖြစ် ၁၉၇၁ ခုနှစ် အောက်တိုဘာလတွင် အမည်ပြောင်းလိုက်သည်။ ထို့ပြင် ဥရောပအမည်များကို ခံယူထားသူများအား အာဖရိကအမည် အတင်းအကျပ်ပြောင်းစေခြင်း၊ ခရစ်ယာန်ဘုန်းတော်ကြီးများကိုလည်း မိမိတို့နိုင်ငံသားများကို ခရစ်ယာန်ဘာသာသို့ သွတ်သွင်းပေးပြီး ဥရောပအမည်ပြောင်းပေးလျှင် ထောင်ဒဏ်ငါးနှစ်ချမည်ဆိုသည့် အမိန့်များထုတ်ပြန်လိုက်သည်။ အနောက်တိုင်းစတိုင် ဝတ်စုံနှင့် လည်စည်းများ ဝတ်ဆင်ခြင်းကို တားမြစ်လိုက်ပြီး အမျိုးသားများအားလုံးကို တရုတ်ကွန်မြူနစ်ခေါင်းဆောင်စတိုင် ကျူးနစ်ဝတ်စုံကိုသာ ဝတ်ဆင်စေခဲ့သည်။

၁၉၇၂ တွင်မိုဘူတူသည် သူ့အမည်ကိုလည်း တိုက်တိုင်းအောင်စစ်သူရဲကောင်းဆိုသည့် ဘွဲ့ထူးဂုဏ်ထူးများနှင့် နာမည်ရှည်ကြီးပေးပြီး

ပြန်လည်ချီးမြှောက်ခဲ့သည်။ သူ့စတိုင်ကိုလည်း မျက်မှန်ထူထူ၊ လမ်းလျှောက်တုတ်၊ ကျားသစ်သားရေဦးထုပ်တို့နှင့် ခမ်းနားအောင် ပြင်ဆင်ခဲ့သည်။

## တစ်ကိုယ်တော်အာဏာရှင်

မိုဘူတူသည် သမ္မတအဖြစ် လုပ်ကိုင်နေစဉ်တွင် ပြိုင်ဘက်နိုင်ငံရေးသမားများ၊ ခွဲထွက်ရေးသမားများ၊ အာဏာသိမ်းရန် ကြံစည်သူများနှင့် သူ့ကိုခြိမ်းခြောက်သူများအား ပြုသွားကြောက်သွားစေရန် ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်သည့်ပုံစံများကို ပြုလုပ်လေ့ရှိသည်။ ဥပမာ- လူအများရှေ့တွင် ကြိုးဆွဲချသတ်သည့် အပြစ်ပေးမှုများကို ပြုလုပ်ပြခြင်းဖြစ်သည်။ လူထုရှေ့တရားစီရင်ပွဲတွင် လွှတ်တော်အဖွဲ့ဝင်ဝန်ကြီးများလည်း ပါသွားခဲ့သည်။

၁၉၆၈ ခုနှစ်တွင် လူမွန်ဘာလက်ထက်က ပညာရေးဝန်ကြီးဖြစ်ခဲ့သူ ပီရေး မူလီလီကို သူကပြည်နှင်ဒဏ်ပေးကာ သက်သာခွင့်ပေးမည်ဟု စည်းရုံးလိုက်သည်။ မူလီလီသည် ၁၉၆၄ ခုနှစ်ကတည်းက ဆင်ဘာသူပုန်များကို ဦးဆောင်ပြီး ပုန်ကန်နေခြင်းဖြစ်သည်။ သို့သော် မိုဘူတူတပ်သည် မူလီလီကို ဖမ်းလိုက်ပြီး မျက်လုံးများကို ဖောက်ထုတ်လိုက်သည်။ ထို့ပြင် သူ့မယောကျ်ားအင်္ဂါကို ဖြတ်လိုက်ပြီး ခြေလက်များကိုလည်း ဖြတ်တောက်လိုက်သည်။ မူလီလီသည် ရုပ်ပျက်ဆင်းပျက် ဒုက္ခသည်ဘဝဖြစ်သွားသော်လည်း အသက်ရှင်နေခဲ့သည်။ ထိုနည်းဖြင့် မိုဘူတူသည် ပြိုင်ဘက်နိုင်ငံရေးသမားများကို သတိပေးခြိမ်းခြောက်ပြီး နှိပ်ကွပ်မှုများ ပြုလုပ်ထားသည်။

မိုဘူတူ၏နည်းကရှင်းသည်။ သူ့ကို အတိုက်အခံလုပ်သူများကို ပထမဦးစွာလာဘ်ထိုးသည်။ မရလျှင် အစိုးရအဖွဲ့ကို အမျိုးမျိုးပြောင်းပစ်သည်။ ဤနည်းဖြင့် သူ့ကို မည်သူမျှမလှုပ်ရှားစေရန် စီစဉ်ထားသည်။ ၁၉၇၇ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီး ဂျင်းငူဇာကားလ် အီဘွန်းဆိုသူကို ရာထူးကထုတ်ပြီး သေဒဏ်ပေးလိုက်သည်။ ထို့နောက် ထိုသူကို တစ်သက်တစ်ကျွန်းပြောင်းပေးလိုက်ပြီး တစ်နှစ်အကြာတွင် လွှတ်ပေးလိုက်သည်။ နောက်ပိုင်းတွင် အီဘွန်းကို

ဝန်ကြီးချုပ်အဖြစ် ခန့်လိုက်ပြန်သောကြောင့် သူ့စိတ်သူ့သဘောကို မှန်းဆရ ခက်လှသည်။ အဲဒီဘူန်းသည် ၁၉၈၁ ခုနှစ်တွင် နိုင်ငံကထွက်ပြေးပြီး ၁၉၈၅ ခုနှစ်တွင် ပြန်ရောက်လာသည်။

၁၉၇၂ ခုနှစ်တွင် မိုဘူတူသည် သူ့ကိုယ်သူ 'ရာသက်ပန်သမ္မတ' အဖြစ် နိုင်ငံတော်ကသတ်မှတ်ရန် ကြိုးစားခဲ့သော် လည်း မအောင်မြင်ခဲ့ပေ။ ၁၉၈၃ ခုနှစ်တွင် မိုဘူတူသည် သူ့ကိုယ်သူ ဖီးမာရှယ်အဆင့် သတ်မှတ်ပေးခဲ့သည်။

## အတွင်းရေး

မိုဘူတူသည် နှစ်ကြိမ်လက်ထပ်ခဲ့သည်။ ပထမဇနီးသည် ၁၉၇၇ ခုနှစ် အောက်တိုဘာ ၂၂ ရက်နေ့တွင် နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် နောက်တစ်ကြိမ် ထပ်မံအိမ်ထောင်ပြုသည်။ ပထမအိမ်ထောင်နှင့် ရသည့် သားလေးယောက်စလုံး ကွယ်လွန်သွားခဲ့သည်။ ဒုတိယအိမ်ထောင်နှင့် ရသည့် သားသည် ၂၀၀၆ ခုနှစ်တွင် သမ္မတရွေးကောက်ပွဲဝင်ရန် စာရင်းသွင်းခဲ့ သည်။ စုစုပေါင်း အိမ်ထောင်နှစ်ဆက်တွင် သားသမီး ၁၄ ဦးရရှိခဲ့သည်။

## နေဝင်ချိန်

မိုဘူတူကို ပထမကွန်ဂိုစစ်ပွဲတွင် လောရင့် ကာဘီလာဆိုသူက ဖြုတ်ချ လိုက်သည်။ ၁၉၉၇ ခုနှစ် မေလ ၁၆ ရက်နေ့တွင် ကာဘီလာ၏ ADFL တပ်နှင့် ဆွေးနွေးညှိနှိုင်းသော်လည်း မအောင်မြင်ခဲ့ပေ။ နောက်တစ်နေ့တွင် ကာဘီလာက အာဏာသိမ်းလိုက်ပြီး မိုဘူတူလည်း မကျန်းမာသည့်ကြားက တိုင်းပြည်မှ ထွက်ပြေးသွားခဲ့ရသည်။ သူတိုင်းပြည်က ထွက်ပြေးသွားချိန်တွင် သူနှင့်အတူ အမေရိကန်ဒေါ်လာ ငါးဘီလီယံခန့်ပါသွားကြောင်း သတင်းများ ထွက်ပေါ်လာခဲ့သည်။

မိုဘူတူသည် တိုဂိုသို့ထွက်ပြေးသွားသော်လည်း များသောအားဖြင့်

မော်ရိုကိုနိုင်ငံတွင် အနေများသည်။ ၁၉၉၇ ခုနှစ် စက်တင်ဘာ ၇ ရက်နေ့တွင် မော်ရိုကိုနိုင်ငံ ရာဘက်မြို့တွင် ဆီးကျိတ်ကင်ဆာဝေဒနာ ခံစားရင်း ကွယ်လွန်ခဲ့သည်။ သူ့အလောင်းကို ရာဘက်မြို့တွင် မြှုပ်နှံသင်္ဂြိုဟ်ခဲ့သည်။

၂၀၀၇ ခုနှစ် ဒီဇင်ဘာလတွင် သူ့ရုပ်ကြွင်းကို ကွန်ဂိုနိုင်ငံသို့ပြန်ပို့ပြီး ဂူသွင်းသင်္ဂြိုဟ်ကာ အထိမ်းအမှတ်အုတ်ဂူ ပြုလုပ်ပေးထားသည်။

သူ့ကိုဖြုတ်ချခဲ့သည့် ကာဘီလာသည် ကွန်ဂိုနိုင်ငံ၏ မိုဘူတူထွက်ပြေးသည့် နေ့တွင်ပင် သမ္မတအသစ်အဖြစ်တာဝန်ယူခဲ့သည်။ ကာဘီလာကိုလည်း သူ့သားဂျိုးဆက် ကာဘီလာက ၂၀၀၁ ခုနှစ်တွင် ထပ်မံလုပ်ကြံခဲ့သည်။

**Sources : News York Times; 1997 September 8**



# 23

မြန်မာနိုင်ငံ

# ဗိုလ်ချုပ်ကြီးနေဝင်း (၁၉၁၀–၂၀၀၂)

ဗိုလ်ချုပ်ကြီးနေဝင်းကို ၁၉၁၀ ပြည့်နှစ် မေလ ၁၄ ရက်နေ့တွင် မွေးဖွားကြောင်းဆိုကြသည်။ သူသည် ၂၀၀၂ ခုနှစ် ဒီဇင်ဘာ ၅ ရက်နေ့တွင် ကွယ်လွန်သည်။ မြန်မာ့နိုင်ငံရေးတွင် စစ်ခေါင်းဆောင်တစ်ဦးအနေဖြင့် ကာလရှည်ကြာစွာ စိုးမိုးအုပ်ချုပ်နိုင်ခဲ့ပြီး နာမည်ဆိုးဖြင့် ထင်ရှားသူတစ်ဦးဖြစ်သည်။ သူသည် ၁၉၆၂ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ထူထောင်ခဲ့ပြီး ၁၉၈၈ ခုနှစ်အထိ ပါတီဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့သည်။ မြန်မာနိုင်ငံကို ၂၆ နှစ်အကြာ အာဏာရှင်တစ်ဦးအနေဖြင့် စိုးမိုးအုပ်ချုပ်သွားနိုင်ခဲ့သူဖြစ်သည်။

## မွေးဖွားသည့်ကာလ

ဦးနေဝင်း၏ မွေးရက်အတိအကျကို သေချာစွာမသိရပေ။ ဇာတ်ကိန်းခန်းများကို အလွန်ယုံကြည်သူဖြစ်သောကြောင့်လည်း မွေးရက်အတိအကျကို ထုတ်ဖော်မည်မထင်ပေ။ ၁၉၁၀ ပြည့်နှစ် မေလ ၁၄ ရက်နေ့ဟုသာ အသိများသည်။ ရန်ကုန်မြို့ ပြည်သူ့စာပေတိုက်မှ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသည့် Who's Who in Burma စာအုပ်တွင် ၁၉၁၁ ခုနှစ် မေလ ၁၄ ရက်နေ့ဟု ဖော်ပြထားသည်။ ဗိုလ်ချုပ်ကြီးနေဝင်းအကြောင်းကို ဒေါက်တာမောင်မောင် ရေးသားသည့် 'မြန်မာ့နိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း' စာအုပ်တွင်လည်း ဦးနေဝင်း၏ မွေးဖွားရက်ကို ၁၉၁၁ ခုနှစ် မေလ ၁၄ ရက်နေ့ဟုပင် ဖော်ပြထားသည်။ ဦးကျော်ငြိမ်းရေးသားသည့် 'ရဲဘော်သုံးကျိပ်' စာအုပ်တွင်မူ ဦးနေဝင်း မွေးနေ့ကို ၁၉၁၀ ပြည့်နှစ် ဇူလိုင်လ ၁၀ ရက်ဟု ဖော်ပြထားသည်။

ဦးကျော်ငြိမ်းက ဖော်ပြထားသည့် ၁၉၁၀ ပြည့်နှစ်တွင် ဦးနေဝင်းကို မွေးဖွားသည်ဆိုသောအချက်သည် စဉ်းစားဖွယ်ကောင်းသည့် အချက်တစ်ခုဖြစ်သည်။ ဦးကျော်ငြိမ်းသည် ရဲဘော်သုံးကျိပ်အဖွဲ့ဝင်များနှင့် တွေ့ဆုံကာမေးမြန်းမှုများလုပ်ဆောင်ခဲ့ပြီးမှ ၁၉၉၀ ပြည့်နှစ်နှောင်းပိုင်းတွင် စာအုပ်ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။

ဦးနေဝင်းသည် ရဲဘော်သုံးကျိပ်အဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့သည်။ ထိုအဖွဲ့သည် ဂျပန်များသိမ်းပိုက်ထားသည့် ဟိုင်နန်ကျွန်းသို့ လျှို့ဝှက်စွာ ထွက်ခွာသွားခဲ့ကြပြီး လွတ်လပ်ရေးအတွက် ဗြိတိသျှတို့ကို တိုက်ထုတ်ရန် ဂျပန်များထံမှ စစ်ပညာကို သွားရောက်သင်ယူခဲ့ကြသည်။ ဦးကျော်ငြိမ်းရေးပြီး ၁၉၉၈ ခုနှစ် ဝန်းကျင်တွင် ထုတ်ဝေခဲ့သည့် ယင်းစာအုပ်သည် ရဲဘော်သုံးကျိပ်အဖွဲ့ဝင်များကို တွေ့ဆုံအင်တာဗျူးပြီးမှ ရေးသားထုတ်ဝေခဲ့ခြင်းဖြစ်သည်။ သို့သော် သူအင်တာဗျူးသည့်အထဲတွင် ဦးနေဝင်းတစ်ယောက်တော့ မပါဝင်ခဲ့ပေ။

ဦးနေဝင်းသည် ၂၀၀၂ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။ မြန်မာဘာသာဖြင့်ထုတ်ဝေသည့် သတင်းစာများ၏ နာရေးကြော်ငြာများတွင် ဦးနေဝင်းသည် အသက် ၉၃ နှစ်တွင် ကွယ်လွန်ကြောင်း ဖော်ပြထားသည်။

မြန်မာ့ထုံးစံအရ သူတို့မွေးနေ့ထက် တစ်နှစ်ကြီးထားတတ်သည်ဖြစ်ရာ အမှန်တကယ်အသက်မှာ ၉၂ နှစ်ခန့်သာ ရှိဦးမည်ဖြစ်သည်။ အနောက်တိုင်းသတင်းစာများကမူ ဦးနေဝင်းမွေးနေ့ကို ၁၉၁၁ ခုနှစ် မေလတွင်သာ အခြေခံပြီး ကွယ်လွန်ချိန်၌ ၉၂ နှစ်သာရှိသေးကြောင်း ဖော်ပြကြသည်။

**အစောပိုင်းဘဝ**

ဦးနေဝင်း၏ ငယ်အမည်မှာ ရှုမောင်ဖြစ်သည်။ မြန်မာ-တရုတ်စပ် အလယ်အလတ်တန်းစား မိသားစုက မွေးဖွားခဲ့သည်။ ဇာတိမှာ ရန်ကုန်မြို့မှ မိုင် ၂၀၀ ခန့်ကွာဝေးသည့် ပေါင်းတလည်မြို့အနီးရှိ ရွာလေးတစ်ရွာတွင်ဖြစ်သည်။ ၁၉၂၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ကျောင်းလာတက်ခဲ့သော်လည်း နှစ်နှစ်ခန့်သာ ကျောင်းတက်သွားခဲ့သည်။ သူသည် ဆရာဝန်တစ်ဦးဖြစ်ချင်သောကြောင့် တက္ကသိုလ်တက်စဉ်က ဇီဝဗေဒဘာသာတွဲကို အဓိကဘာသာအဖြစ်ယူခဲ့သည်။

၁၉၃၁ ခုနှစ်တွင် စာမေးပွဲကျသောကြောင့် ကျောင်းအထုတ်ခံလိုက်ရသည်။ ဒို့ဗမာအစည်းအရုံးအဖွဲ့ဝင်တစ်ဦးဖြစ်လာသောကြောင့် သခင်ရှုမောင်အမည်ခံခဲ့သည်။ သူနှင့်အတူ အခြားဒို့ဗမာအစည်းအရုံးဝင် လူငယ်များမှာ သခင်အောင်ဆန်းနှင့် ကိုနုတို့ဖြစ်ကြသည်။

၁၉၄၁ ခုနှစ်တွင် ဒို့ဗမာအစည်းအရုံးမှ ခွဲထွက်သွားသော သခင်ဗစိန်နှင့် သခင်ထွန်းအုပ်တို့၏ ဆိုရှယ်လစ်ဂိုဏ်းသို့ သခင်ရှုမောင် လိုက်ပါသွားခဲ့သည်။ ဂျပန်နိုင်ငံတွင် စစ်ပညာသွားသင်ရန်အတွက် ရဲဘော်သုံးကျိပ်အဖွဲ့ဝင်တစ်ဦး အဖြစ် သူ့ကို ထိုအဖွဲ့ကိုယ်စား ရွေးချယ်သွားခဲ့ခြင်းဖြစ်သည်။

ရဲဘော်သုံးကျိပ်အဖွဲ့ကို ဦးဆောင်သွားသူမှာ သခင်အောင်ဆန်းဖြစ်သည်။ သူတို့သည် ဗမာ့လွတ်လပ်ရေး တပ်မတော် (BIA) ကိုထူထောင်ဖွဲ့စည်းခဲ့ကြသည်။ ဂျပန်များသိမ်းပိုက်ထားသည့် ဟိုင်နန်ကျွန်းတွင် သူတို့ စစ်ပညာသွားသင်နေစဉ်က ရဲဘော်သုံးကျိပ်အဖွဲ့ဝင်တိုင်း အခြားအမည်ဂုဏ်တစ်ခုခုကို ပြောင်းလဲသုံးစွဲကြရာတွင် သခင်ရှုမောင်ကိုလည်း ဗိုလ်နေဝင်းအမည်ပြောင်းကာ ခေါ်ခဲ့ကြသည်။ ၁၉၄၂

ခုနှစ် အစောပိုင်းတွင် ဂျပန်တပ်မတော်နှင့် ဘီအိုင်အေတပ်တို့ မြန်မာနိုင်ငံကို ပြန်လည်ဝင်ရောက်လာကြပြီး ဗြိတိသျှတပ်တို့ကို မြန်မာနိုင်ငံမှ ဆုတ်ခွာသွားစေရန် ပြုလုပ်နိုင်ခဲ့ကြသည်။ ဗိုလ်နေဝင်းသည် ထိုအချိန်က ဗြိတိသျှတို့ကိုတိုက်ခိုက်ရန် အတွက် စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ပေးခဲ့ရသည်။

ဂျပန်တို့သည် မြန်မာနိုင်ငံကို ဝင်ရောက်လာကြပြီးနောက် လွတ်လပ်ရေး ပေးမည်ဆိုသည့် ကတိကို ချိုးဖောက်ခဲ့ကြသည်။ ဘီအိုင်အေတပ်ကိုလည်း ဗမာ့ကာကွယ်ရေးတပ်မတော် (BDA) အဖြစ် အမည်ပြောင်းလဲ ခေါ်ဆိုခဲ့ကြသည်။ ဗြိတိသျှတပ်များ မြန်မာနိုင်ငံသို့ ပြန်လည်ကျူးကျော်ဝင်ရောက်မှုမရှိစေရေး အတွက် မြန်မာတပ်များက ဂျပန်တို့ကို ပြန်လည်ကူညီ တိုက်ထုတ်ပေးခဲ့ရသည်။

ဂျပန်တို့သည် မြန်မာတို့ကို လွတ်လပ်ရေးပေးရန် မရေရာသောကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ (ဖတပလ) ကို တိတ်တဆိတ်ထူထောင်ဖွဲ့စည်းခဲ့ရာတွင် ဗိုလ်နေဝင်းသည် ယင်းအဖွဲ့တွင် ဦးဆောင်အဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့သည်။

ဖက်ဆစ်တော်လှန်ရေးပြီးချိန် ၁၉၄၅ ခုနှစ် စက်တင်ဘာလတွင် သီဟိုနိုင်ငံ ကန္ဒီမြို့သို့ စစ်သေနာပတိ မောင့်ဘက်တန်က ဖိတ်ခေါ်ဆွေးနွေးရာတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ဗိုလ်နေဝင်းလည်း ပါဝင်ခဲ့သည်။ ၁၉၄၅ ခုနှစ် ဗမာ့မျိုးချစ်တပ်မတော်ကို ဖျက်သိမ်းပြီး ဗမာတပ်မတော်ကို ၁၉၄၅ ခုနှစ် အောက်တိုဘာလတွင် အသစ်ထပ်မံဖွဲ့စည်းခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် အသစ် ထပ်မံဖွဲ့စည်းသော ဗမာတပ်မတော်တွင် စစ်ဦးစီးချုပ်မှာ ဗိုလ်ချုပ်တယ်လိဇီ သောမတ်စ်ဖြစ်ပြီး ဒုတိယစစ်ဦးစီးချုပ်အဖြစ် တာဝန်ယူထားသူမှာ ဗိုလ်မှူးကြီး စမစ်ဒွန်းဖြစ်သည်။ ထိုစဉ်က မြောက်ပိုင်းတိုင်း တိုင်းမှူးအဖြစ်သာ ရှိနေသေး သူမှာ ဗိုလ်မှူးကြီးနေဝင်းဖြစ်သည်။ မြောက်ပိုင်းတိုင်း တိုင်းမှူးရာထူးကို ၂၀.၁၂.၄၇ မှ ၁.၈.၄၈ ခုနှစ်ကာလအထိ ထမ်းဆောင်အပြီးတွင် ဗိုလ်မှူးချုပ် နေဝင်းဖြစ်လာသည်။

လွတ်လပ်ရေးရပြီး လေးနှစ်အကြာ ၁၉၄၈ ခုနှစ်တွင် တစ်နိုင်ငံလုံး ပြည်တွင်းရောင်စုံ သူပုန်များကြောင့် မငြိမ်မသက်ဖြစ်လာသည်။ ထိုအချိန်တွင်

ဗိုလ်မှူးချုပ်နေဝင်းကို ၁၉၄၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့က စတင်ကာ ဒုတိယ ဦးစီးချုပ်ရာထူးနှင့် ဒုတိယစစ်သေနာပတိ (တပ်ပေါင်းစု) အဖြစ် ခန့်အပ်ခြင်း ခံလိုက်ရသည်။ ၁၉၄၈ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် ဗိုလ်ဇေယျနှင့် ဗိုလ်ရဲထွဋ်တို့ခေါင်းဆောင်သော ဗမာ့သေနတ်ကိုင်တပ်ရင်း (၃) မှ အင်အား ထက်ဝက်ခန့်သည့် တောခိုခဲ့ကြသည်။ တစ်နည်းအားဖြင့် တပ်ရင်း (၃)သည် ကွန်မြူနစ်များနှင့် ဆက်စပ်ပြီး တောခိုသွားခဲ့ကြခြင်းဖြစ်သည်။

၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့မှစတင်ကာ ကရင်လက်နက်ကိုင် တပ်များကလည်း ထကြွပုန်ကန်ခဲ့ကြသည်။ ထိုအချိန်တွင် တပ်မတော်စစ်ဦးစီးချုပ် တာဝန်ကိုယူထားရသော စမစ်ဒွန်းကို ရာထူးမှဖယ်ရှားကာ ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်ပြီး ဒုတိယဗိုလ်ချုပ်ကြီးနေဝင်းကို စစ်ဦးစီးချုပ် စစ်သေနာပတိ (တပ်ပေါင်းစု) ရာထူးခန့်အပ်လိုက်သည်။

၁၉၅၅ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့မှစတင်ပြီး တပ်မတော်စစ်ဦးစီး ချုပ်အား ကာကွယ်ရေးဦးစီးချုပ်အဖြစ် ဖွဲ့စည်းပုံကို ပြင်ဆင်သတ်မှတ်ခဲ့သည်။ ပြင်ဆင်ချက်အသစ်အရ စစ်ဦးစီးချုပ်၊ ရေတပ်ဦးစီးချုပ်၊ လေတပ်ဦးစီးချုပ်တို့၏ လုပ်ပိုင်ခွင့်နှင့် အာဏာများအားလုံးကို ကာကွယ်ရေးဦးစီးချုပ်အား ပေးအပ် ခဲ့ရသည်။

ကာကွယ်ရေးဦးစီးချုပ် တစ်ဦးတည်းအောက်တွင် တပ်အားလုံးကို ကွပ်ကဲနိုင်ရန် ယခင်စစ်ရုံး (War Office) ကို ကာကွယ်ရေးဝန်ကြီးဌာန (Ministry of Defence) အဖြစ် ပြောင်းလဲပြင်ဆင်ဖွဲ့စည်းလိုက်ပြီး ဗိုလ်ချုပ်ကြီး နေဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ဖြစ်လာခဲ့သည်။ ဗမာ့တပ်မတော်သမိုင်းတွင် ကြည်း၊ ရေ၊ လေတပ်မတော် အားလုံးကို ကွပ်ကဲခွင့်ရသော ပထမဆုံး ကာကွယ်ရေးဦးစီးချုပ် ဖြစ်လာခဲ့သည်။

၁၉၅၈ ခုနှစ် အောက်တိုဘာ ၂၈ ရက်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ် အဖြစ် တာဝန်ထမ်းဆောင်နေသော ဦးနု၏ မေတ္တာရပ်ခံချက်အရ ဗိုလ်ချုပ်ကြီး နေဝင်းသည် ကြားဖြတ်အစိုးရဖွဲ့စည်းကာ ယာယီဝန်ကြီးချုပ်အဖြစ် တာဝန် ထမ်းဆောင်ခဲ့ရသည်။ ထိုအချိန်သည် မြန်မာနိုင်ငံ၏ အစဉ်အလာကြီးသော

ပါတီကြီးတစ်ခုဖြစ်သည့် ဖဆပလသည် နှစ်ခြမ်းကွဲကာ ဦးနုကိုယ်တိုင် ပါလီမန်ကို ထိန်းချုပ်နိုင်ခြင်းမရှိတော့သဖြင့် ဗိုလ်ချုပ်နေဝင်းအား အကူအညီတောင်းရခြင်းဖြစ်သည်။ ဗိုလ်ချုပ်ကြီးနေဝင်း အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူရသည့်ကာလတွင် နိုင်ငံတော်အတွင်း ဖရိုဖရဲဖြစ်ကာ ဆူပူသောင်းကျန်းနေမှုများကို ထိန်းသိမ်းနိုင်စေရန် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။ ရွေးကောက်ပွဲကိုလည်း ကတိပေးထားသည့်အတိုင်း ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ကျင်းပပေးနိုင်ခဲ့ကာ ၁၉၆၀ ပြည့်နှစ် ဧပြီလတွင် ရွေးကောက်ပွဲအနိုင်ရသည့် ဦးနုလက်ထဲသို့ အာဏာပြန်လည် လွှဲပြောင်းပေးနိုင်ခဲ့သည်ဟုဆိုရမည်။

## ၁၉၆၂ ခုနှစ် အာဏာသိမ်းမှု

ဦးနုထံသို့ အာဏာကိုပြန်လွှဲအပ်ပြီး နှနှစ်အကြာ ၁၉၆၂ ခုနှစ် မတ်လတွင် ဗိုလ်ချုပ်ကြီးနေဝင်းသည် စစ်တပ်အာဏာသိမ်းမှုကို ပြုလုပ်ခဲ့သည်။ တော်လှန်ရေးကောင်စီကို ဖွဲ့စည်းပြီးနောက် ဗိုလ်ချုပ်ကြီးနေဝင်းသည် ကောင်စီတွင် ဥက္ကဋ္ဌတာဝန်ယူခဲ့သည်။ တစ်ချိန်တည်းတွင် ဝန်ကြီးချုပ်ရာထူးကိုပါ ရယူလိုက်သည့်သဘော ဖြစ်သည်။ ကမ္ဘာ့မီဒီယာများတွင် ယင်းအာဏာသိမ်းမှုကို သွေးမဲ့အာဏာသိမ်းပွဲဟုခေါ်ကြသည်။ ဗိုလ်ချုပ်နေဝင်းအစိုးရက ပါလီမန်ဒီမိုကရေစီသည် မြန်မာနိုင်ငံနှင့်ကိုက်ညီခြင်းမရှိကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ စစ်အစိုးရသည် လက်ရှိဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဆိုင်းငံ့ထားလိုက်ရုံမက ပါလီမန်ကိုပါ ဖျက်သိမ်းလိုက်တော့သည်။

အာဏာသိမ်းပွဲနောက်ဆက်တွဲအဖြစ် ၁၉၆၂ ခုနှစ် ဇူလိုင်လတွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများ ဆန္ဒပြမှုကို ရင်ဆိုင်ခဲ့ရသည်။ စစ်တပ်ကို လွှတ်ပြီး နှိမ်နင်းသဖြင့် ကျောင်းသားအမြောက်အမြားသေခဲ့ရုံမက ကျောင်းသားများ အမြတ်တနိုးထားသည့် ကျောင်းသားသမဂ္ဂကိုပါ ဗုံးဖောက်ခွဲပြီး ဖျက်ဆီးလိုက်တော့သည်။

၁၉၆၂ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့ နံနက်တွင် ကျောင်းသားသမဂ္ဂ

အဆောက်အအုံကို ဒိုင်းနမိုက်များဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း ခံခဲ့ရသည်။ ထိုနေ့ည ၇ နာရီအချိန်တွင် မြန်မာ့အသံမှတစ်ဆင့် ဗိုလ်ချုပ်ကြီးနေဝင်းသည် တိုင်းပြည်သို့ ထုတ်ပြန်ကြေညာရာ၌–

"ကျွန်တော် တိုင်းပြည်တာဝန်ယူသည့်အချိန်မှာ တက္ကသိုလ်ကျောင်းသားများရဲ့ စည်းမဲ့ကမ်းမဲ့ဘဝကို ပြင်ရမယ့်တာဝန်ပါ ကျရောက်နေလို့ တပ်မတော်ရဲ့ အင်အားတစ်စိတ်တစ်ဒေသကိုသုံးပြီး ဖြေရှင်းလိုက်ပါတယ်။ အခုဖြစ်တဲ့ ကိစ္စဟာ ကျောင်းသားကိစ္စတစ်ခုတည်းမဟုတ်ဘဲ နိုင်ငံရေးအမှောင့်ပယောဂများ ဖမ်းစားတယ်ဆိုတာ ရိပ်စားမိပါတယ်။ ကျွန်တော်တို့ကို အလုပ်ဖျက်ကွက်အောင် ရည်ရွယ်ပြီး တမင်လုပ်၊ လုပ်နေကြတယ်ဆိုရင်တော့ ကျွန်တော် နောက်ထပ် ဘာမျှ မပြောလိုပါဘူး။ ဓားကို ဓားချင်း၊ လှံကို လှံချင်း ရင်ဆိုင်ဖို့သာရှိပါတယ်" ဟုပြောဆိုခဲ့သည်။

ထိုသို့ ကျောင်းသားများအပေါ် စိန်ခေါ်သလိုပြောဆိုအပြီး တစ်ပတ်ခန့်အကြာ ၁၉၆၂ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် ဗိုလ်ချုပ်နေဝင်းသည် ဩစတြီးယား၊ ဆွစ်ဇာလန်နှင့် ဗြိတိန်နိုင်ငံများသို့ ထွက်ခွာသွားသည်။ သူ့ကျန်းမာရေး အခြေအနေများကို စစ်ဆေးရန်ဟုအကြောင်းပြသည်။ ၁၉၆၂ ခုနှစ်ကစတင်ပြီး တက္ကသိုလ်ကျောင်းများကို ပိတ်ထားလိုက်သည်မှာလည်း ၁၉၆၄ ခုနှစ် စက်တင်ဘာလတိုင်အောင် ဖြစ်သွားသည်။

ကျောင်းသားသမဂ္ဂ အဆောက်အအုံကို ဖြိုဖျက်ပြီး ၂၆ နှစ်အကြာ ၁၉၈၈ ခုနှစ်တွင် ဦးနေဝင်းသည် ထိုစဉ်က သမဂ္ဂကို ဒိုင်းနမိုက်နှင့် ဖြိုဖျက်ခဲ့သူမှာ သူမဟုတ်ကြောင်း ထုတ်ဖော်ငြင်းဆိုခဲ့သည်။ သူက သမဂ္ဂကိုဖြိုဖျက်ခဲ့သူမှာ ဗိုလ်မှူးချုပ်အောင်ကြီးသာဖြစ်ကြောင်း ပြောခဲ့သည်။ ဗိုလ်မှူးချုပ်အောင်ကြီးကို ဦးနေဝင်းကိုယ်တိုင် ဖြုတ်ခဲ့ခြင်းဖြစ်သည်။ ထိုစဉ်ကတည်းက တော်လှန်ရေးကောင်စီအဖွဲ့ဝင်အဖြစ်မှ ဗိုလ်မှူးချုပ်အောင်ကြီးကို ထုတ်ခဲ့မှုနှင့် ပတ်သက်ပြီး သို့လော သို့လော ပြောစရာများဖြစ်ခဲ့သည်။

## မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ထူထောင်ခြင်း (၁၉၆၂-၁၉၈၈)

ဗိုလ်ချုပ်ကြီးနေဝင်းသည် အာဏာသိမ်းပြီးကတည်းက ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် စီမံဆောင်ရွက်ခဲ့သည်။ သူက မြန်မာနိုင်ငံကြီးကို စိုးမိုးအုပ်ချုပ်နိုင်ရေးအတွက် အမျိုးသားရေးဝါဒ၊ မာ့ခ်စ်ဝါဒနှင့် ဗုဒ္ဓဘာသာတို့ကို ပေါင်းစပ်ထားသော စနစ်တစ်ခုကို ထူထောင်ရန် စိတ်ကူးခဲ့သည်။ သူ့အနေဖြင့် ဝါဒသဘောတရားရေးရာများနှင့် ဘာသာရေးအပေါ် သိပ်ပြီးအလေးအနက်ထားသူတစ်ဦး မဟုတ်သော်လည်း 'မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်' ဆိုသည့် ဝါဒသဘောတရားတစ်ခုကို တီထွင်ခဲ့သည်။ လမ်းစဉ်ကို ထုတ်ပြန်ပြီးနောက် သူက 'မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ' ကိုပါ ဆက်ပြီး ထူထောင်ခဲ့သည်။ ၁၉၆၄ ခုနှစ်ကစတင်ပြီး တစ်ခုတည်းသော တရားဝင်ပါတီအဖြစ် ထုတ်ပြန်ကြေညာပြီး ထူထောင်ခဲ့ခြင်းလည်းဖြစ်သည်။

နိုင်ငံတော်အတွင်းရှိ ဆေးရုံနှင့် လုပ်ငန်းအဖွဲ့အစည်းအားလုံးကို နိုင်ငံတော်ပိုင် (ပြည်သူပိုင်) အဖြစ်သိမ်းယူလိုက်ပြီး ပြည်သူများ အခမဲ့ဆေးဝါးကုသခွင့်များပြုလုပ်ပေးရန် ကြေညာခဲ့သည်။ ပုဂ္ဂလိကဆေးရုံများသည် အစိုးရဆေးရုံများ ဖြစ်လာသည်။ ပညာရေးကိုလည်း ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန်အတွက် စနစ်သစ်ပညာရေး သဘောတရားများကို ပြဋ္ဌာန်းခဲ့သည်။ စာမတတ်သူပပျောက်ရေး အစီအစဉ်များကို ၁၉၆၅ ခုနှစ်လောက်ကတည်းက စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ၁၉၆၂ ခုနှစ်မှ ၁၉၆၅ ခုနှစ်အတွင်း မြေယာဥပဒေများပြဋ္ဌာန်းကာ လယ်ပိုင်ရှင်စနစ်၊ မြေယာအငှားချထားစနစ်များကို ဖျက်သိမ်းသည့် ဥပဒေများကိုလည်း ထုတ်ပြန်ခဲ့သည်။ လယ်လုပ်သူသာ လယ်ပိုင်ရမည်ဆိုသည့် သဘောတရားများဖြင့် လယ်သီးစားချထားသည့်စနစ်ကို တိုက်ဖျက်ကာ လယ်ယာမြေစနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆိုရှယ်လစ်သဘောတရား၊ ဆိုရှယ်လစ်အစိုးရအသွင်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အာဏာသိမ်းပြီး ၁၂ နှစ်အကြာ ၁၉၇၄ ခုနှစ် မတ်လ ၂ ရက်နေ့တွင် 'တော်လှန်ရေးကောင်စီ' ကိုဖျက်သိမ်းခဲ့သည်။ နိုင်ငံကိုလည်း 'ပြည်ထောင်စု

ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံ' အဖြစ် ထုတ်ပြန်ကြေညာခဲ့သည်။ ဗိုလ်ချုပ်ကြီး နေဝင်းသည် သူကိုယ်တိုင် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းကို ခံယူလိုက်ပြီး ဗိုလ်ချုပ်စိန်ဝင်းကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။ ၁၉၈၁ ခုနှစ် နိုဝင်ဘာ ၉ ရက်နေ့တွင် သမ္မတအဖြစ်တာဝန် ထမ်းဆောင်နေသော ဦးနေဝင်းသည် တာဝန်မှအနားယူကာ သူ့နေရာတွင် ဗိုလ်ချုပ်စန်းယုကို သမ္မတ အဖြစ် ထပ်မံတင်မြှောက်ခဲ့သည်။ ဦးနေဝင်းသည် သမ္မတတာဝန်မှ အနားယူ ခဲ့သည်ဆိုသော်လည်း ပါတီဥက္ကဋ္ဌကြီးအဖြစ် ဆက်လက်တာဝန်ယူထားစဲဖြစ်သည်။ ပါတီခေါင်းဆောင်ကြီးအဖြစ် အာဏာကို ဆက်လက်ထိန်းသိမ်းထားရင်းက တိုင်းပြည်၏ အရေးပါသည့် ဆုံးဖြတ်ချက်များကို ချုပ်ကိုင်ပြီးအုပ်ချုပ်နေခဲ့ သည်မှာ ၁၉၈၈ ခုနှစ် နုတ်ထွက် အနားယူပြီဟု ကြေညာချိန်အထိဖြစ်သည်။

**စီးပွားရေးဆိုင်ရာ မူဝါဒများ**

ဦးနေဝင်းသည် နိုင်ငံကိုအုပ်ချုပ်သည့်အချိန်ကစပြီး လုပ်ငန်းအားလုံးကို ပြည်သူပိုင်သိမ်းလိုက်သည့်အပြင် တိုင်းပြည်ကို ကမ္ဘာကြီးနှင့် အဆက်အသွယ် ဖြတ်လိုက်ပြီး တံခါးပိတ်စီးပွားရေးဝါဒကို ကျင့်သုံးခဲ့သည်။ တိုင်းပြည်မှာ ထုတ်ကုန်များလည်း အလုံအလောက် မထုတ်လုပ်ပေးနိုင်သဖြင့် မှောင်ခိုဈေးကွက် စီးပွားရေးစနစ် ထွန်းကားလာပြီး မြို့တိုင်းနယ်တိုင်း ဌာနဆိုင်ရာ လုပ်ငန်းတိုင်း မှောင်ခိုလုပ်ငန်းများဖြင့် စီးပွားရှာစားမှုများ ခေတ်စားလာခဲ့သည်။ အုပ်ချုပ်ရေး စနစ်တွင်လည်း ဗဟိုဦးစီးချုပ်ကိုင်မှုကို ကျင့်သုံးသောကြောင့် အကြံအဖန် လုပ်မှုများ၊ အကျင့်ပျက်ခြစားမှုများနှင့် လာဘ်ပေးလာဘ်ယူလုပ်မှုများ အလွန် ထကြွသောင်းကျန်းလာခဲ့သည်။ တံခါးပိတ်စနစ်ကို ကျင့်သုံးခဲ့ခြင်းကြောင့် နိုင်ငံခြားသားများအပေါ် ယုံကြည်မှုသိပ်မရှိဘဲ ပြည်ဝင်ခွင့်ကိုပင် သုံးရက်ထက် ပိုမပေးကြောင်းတွေ့ရသည်။ နောက်ပိုင်း ၁၉၇၂ ခုနှစ်မှ နိုင်ငံခြားသားများကို ပြည်ဝင်လည်ပတ်ခွင့် တစ်ပတ်ပေးခဲ့သည်။ နိုင်ငံခြားအထောက်အပံ့အကူအညီ နှင့် နိုင်ငံတကာထောက်ပံ့ကူညီရေးအဖွဲ့များ၏ အကူအညီအထောက်အပံ့များကို

ပိတ်ပင်ထားသည်။ လူသားအချင်းချင်း စာနာထောက်ထားသဖြင့် လျှော်ပါန်းမှုများကို အစိုးရအဖွဲ့အစည်းများကတစ်ဆင့်သာလျှင် ပြုလုပ်ကြရသည်။ ပညာရေးနှင့် နိုင်ငံရေးဆိုင်ရာ ဖိနှိပ်မှုများလွန်းသဖြင့် ပညာတတ်အများစုသည် နိုင်ငံခြားတိုင်းပြည်များသို့ထွက်ပြေးကာ ထိုနိုင်ငံကြီးများတွင် ခိုလှုံခွင့်တောင်းပြီး နေထိုင်ခဲ့ကြသည်က များသည်။

ဦးနေဝင်း၏ ငွေကြေးဆိုင်ရာ ဆောင်ရွက်မှုများသည် အလွန်ကြောက်စရာကောင်းလှသည်။ ၁၉၆၃ ခုနှစ်တွင် နိုင်ငံတော်အတွင်း ကိုင်ဆောင်အသုံးပြုနေသည့် ၅၀ ကျပ်တန်နှင့် ၁၀၀ ကျပ်တန် ငွေစက္ကူများကို တရားမဝင် ငွေကြေးများဖြစ်ကြောင်း ဥပဒေများထုတ်ပြန်ကြေညာခဲ့သည်။ အကြောင်းပြချက်မှာ မှောင်ခိုသမားများထံတွင် ထိုငွေစက္ကူအမြောက်အမြား ထိန်းသိမ်းထားရှိနေသောကြောင့်ဟု အကြောင်းပြသည်။ ထိုငွေစက္ကူများသည် တရားမဝင်မှောင်ခိုလုပ်ငန်းကို လုပ်ကိုင်နေသူများနှင့် သောင်းကျန်းသူများ လက်ဝယ်တွင်ရှိနေသောကြောင့် ထိုသို့ တရားမဝင်ကြောင်းကြေညာလိုက်ခြင်းဖြင့် ထိုသူများကို ဒုက္ခရောက်စေရန် ရည်ရွယ်ပြုလုပ်ခြင်း ဖြစ်သည်ဟုဆိုသည်။ ပြည်တွင်းရှိ ပြည်သူပြည်သားများကို ငွေစက္ကူများ ပြန်လဲပေးသည်ဆိုသော်လည်း အနည်းငယ်မျှသာဖြစ်သည်။ ကရင်သောင်းကျန်းသူများသည် နယ်စပ်ဒေသများတွင် မှောင်ခိုသမားများထံမှ တရားမဝင်ကောက်ခံသော ငွေကြေးများဖြင့် ချမ်းသာနေခြင်းကို ပြဋ္ဌာန်းထုတ်ပြန်လိုက်သည့် ငွေစက္ကူများ တရားမဝင်ဆိုသည့်အမိန့်ကြောင့် အခက်အခဲများတွေ့စေရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။

၁၉၈၇ ခုနှစ်တွင် ဗေဒင်ဆရာများ အကြံပေးချက်အရ '၉' ဂဏန်း ဓာတ်ကျနေသော ဦးနေဝင်းသည် ၄၅ ကျပ်တန်နှင့် ၉၀ ကျပ်တန် ငွေစက္ကူများကို ထုတ်ဝေခဲ့သည်။ ၄၅ ရော ၉၀ ပါ ၉ နှင့်စားလျှင် ပြတ်သည်။ ထို့ပြင် ထိုကိန်းနှစ်လုံးပေါင်းခြင်း ရလဒ်မှာလည်း ၉ သာဖြစ်သည်။ မြန်မာနိုင်ငံမှ ပြည်သူများသည် သူတို့ငွေကြေးများဆုံးရှုံးခဲ့ရမှုကို သင်ခန်းစာယူပြီး အစိုးရအပေါ်ယုံကြည်မှု မရှိကြတော့ပေ။ သို့ဖြစ်ရာ မြန်မာ့စီးပွားရေးမှာလည်း အကြီးအကျယ်ထိခိုက်နေသည့်အနေအထားတွင် ဆက်ပြီးရှိနေခဲ့သည်။ ဦးနေဝင်းသည် ဗေဒင်နှင့်

ယတြာများကို အလွန်စွဲလမ်းယုံကြည်သူတစ်ဦးဖြစ်သည်။ သူ့အခါပေးဆရာများက သူ့ကို သွေးချောင်းစီးမှုတစ်ခုဖြစ်လိမ့်မည်ဟူ၍ သတိပေးထားသည်။ သို့ဖြစ်ရာ ဦးနေဝင်းသည် မှန်ရှေ့တွင်ရပ်ပြီး အသားတုံးများကို သွေးထွက်သည့်တိုင် နင်းခြေပေးပြီးနောက် မှန်ထဲတွင် တွေ့နေရသော သူ့ပုံကိုပြန်ပြီး သေနတ်ဖြင့် ပြန်ပစ်ကာ သူ့အပေါ်တွင် ကျရောက်မည့် ဘေးဆိုးကို ကျော်လွှားနိုင်စေရန် ယတြာချေခဲ့သည်။

ဦးနေဝင်းသည် သူကိုယ်တိုင်ထူထောင်ခဲ့သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကလည်း ၁၉၈၈ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် နုတ်ထွက်အနားယူခဲ့သည်။ ထိုအချိန်သည် မြန်မာနိုင်ငံကို ကုလသမဂ္ဂ၏ 'ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ' အဖြစ်ကြေညာခဲ့ပြီးနောက် တစ်နှစ်အကြာတွင်ဖြစ်သည်။

## တရုတ်ဆန့်ကျင်နှိမ်နင်းရေး

ဦးနေဝင်းသည် တရုတ်သွေးပါလာသူတစ်ဦးဖြစ်သော်လည်း မြန်မာနိုင်ငံအတွင်း တရုတ်များကို နှိပ်ကွပ်မှုများ ပြုလုပ်ခဲ့ကြောင်းလည်းတွေ့ရသည်။ ၁၉၆၃ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံအတွင်းရှိလုပ်ငန်းများကို ပြည်သူပိုင်သိမ်းသည့် ဥပဒေကိုပြဋ္ဌာန်းခဲ့သည်။ လက်ရှိလည်ပတ်နေသော စက်ရုံအလုပ်ရုံများကို ပြည်သူပိုင်သိမ်းလိုက်သည့်အပြင် နောက်ထပ် စက်ရုံအလုပ်ရုံသစ်များကို ထပ်မံတည်ဆောက်ခြင်းမပြုရန်ပါ တားမြစ်လိုက်သည်။ ထိုဥပဒေထုတ်ပြန်လိုက်ခြင်းကြောင့် မြန်မာနိုင်ငံသားများထက် မြန်မာနိုင်ငံသားမဟုတ်သည့် လုပ်ငန်းရှင်ကြီးများစွာ ထိခိုက်နစ်နာခဲ့ကြရသည်။ မြန်မာအစိုးရ ပြည်သူပိုင်သိမ်းသည့်လုပ်ငန်းတွင် နိုင်ငံခြားသားများကို လုပ်ငန်းလုပ်ပိုင်ခွင့်များကန့်သတ်လိုက်ခြင်းကြောင့်လည်း နိုင်ငံသားမဟုတ်သည့် တရုတ်လူမျိုး အမြောက်အမြား ထိခိုက်နစ်နာခဲ့ကြရသည်။ ဥပဒေအရ တရုတ်လူမျိုးအများစု ပိုင်ဆိုင်သည့် လုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများ၊ ငွေများ၊ လုပ်ငန်းလိုင်စင်များ ရပ်ဆိုင်းခြင်းခံလိုက်ရသည့်အတွက် မြန်မာနိုင်ငံတွင် နေထိုင်သော တရုတ်များသာမက

ယင်းတို့နှင့်ဆက်စပ်နေသည့် နိုင်ငံခြားမှ တရုတ်များပါ ထိခိုက်နစ်နာခဲ့ကြရသည်။ သို့ဖြစ်ရာ တရုတ်တို့သည် မြန်မာနိုင်ငံမှ ထွက်ခွာသွားခဲ့ရာ စုစုပေါင်း တရုတ် တစ်သိန်းခန့် အခြားနိုင်ငံများသို့ ပြန်ထွက်သွားခဲ့ကြသည်ဟုဆိုသည်။

ဦးနေဝင်းသည် သူကိုယ်တိုင် တရုတ်ကပြားတစ်ယောက်ဖြစ်သော်လည်း မြန်မာနိုင်ငံအတွင်း တရုတ်စာသင်ကြားမှုကို တားမြစ်ခဲ့သည်။ သူ့လုပ်ရပ်များသည် တရုတ်တို့အပေါ် ဖိနှိပ်နေသလိုဖြစ်နေချိန်သည် တရုတ်နိုင်ငံတွင် ၁၉၆၇ ခုနှစ် ယဉ်ကျေးမှုတော်လှန်ရေး ဆင်နွှဲနေချိန်နှင့် တိုက်ဆိုင်နေကြောင်းတွေ့ရသည်။ မြန်မာနိုင်ငံတွင် ကျောင်းအားလုံးကိုလည်း ပြည်သူပိုင်သိမ်းလိုက်သည်။ ထိုအထဲတွင် တရုတ်ကျောင်းအမြောက်အမြားပါဝင်ခဲ့သည်။

၁၉၆၇ ခုနှစ်မှသည် ၁၉၇၀ ပြည့်နှစ်အတွင်း ဖြစ်ပေါ်လာခဲ့သည့် တရုတ်ဆန့်ကျင်ရေးစိတ်ဓာတ်နှင့် တရုတ်–မြန်မာ အရေးအခင်းများ ဖြစ်ပွားလာခဲ့ရခြင်းသည် ပြည်မကြီးတရုတ်နိုင်ငံအစိုးရက မြန်မာနိုင်ငံအတွင်းရှိ တရုတ်များကို မြှောက်ပေးပြီး ထောက်ပံ့နေသည်ဆိုသောအတွေးမျိုး မြန်မာနိုင်ငံသားများ စိတ်ထဲဝင်သွားစေရန် ရိုက်သွင်းခြင်း ခံလိုက်ရသောကြောင့် ဖြစ်သည်။

၁၉၆၇ ခုနှစ်တွင် လသာအထက်တန်းကျောင်းတွင် မီးရှို့မှုတစ်ခု ဖြစ်ပွားသည်။ ထိုအရေးအခင်းမီးမှာ ဦးနေဝင်း၏ သစ္စာတော်ခံများရှို့သည်ဟု ဆိုကြသည်။ မီးလောင်မှုကြောင့် တရုတ်ကျောင်းသူများ မီးလောင်ခဲ့ကြရသည်။ အလားတူပင် တရုတ်ဈေးဆိုင်များကိုလည်း မီးရှို့ပြီး လုယက်ခြင်းများကို ပြုလုပ်ခဲ့ကြပြန်သည်။ နိုင်ငံအတွင်း ကုန်ဈေးနှုန်းများကြီးမြင့်ခြင်း၊ ဆန်များ ရှားပါးပြီး ဆန်ဈေးများ အဆမတန်တက်ခြင်းစသည့် ပြဿနာများကို အစိုးရက မထိန်းနိုင်သည့်အဆုံးတွင် လူထုကို အာရုံပြောင်းသွားစေရန် တရုတ်များဘက်သို့ လှည့်ပြီး လူမျိုးရေးပဋိပက္ခအသွင် ဖန်တီးလိုက်ခြင်းဖြစ်သည်။

၁၉၈၂ ခုနှစ်တွင် နိုင်ငံသားဥပဒေကို ပြဋ္ဌာန်းခဲ့ရာ၌လည်း မြန်မာနိုင်ငံဖွား တရုတ်များအတွက် နိုင်ငံသားဖြစ်နိုင်ရန် အခွင့်အရေးများနည်းပါးသွားခဲ့သည်။ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားအဖြစ်လျှောက်ထားသူ စသည်ဖြင့် အဆင့်ဆင့်ခွဲခြား သတ်မှတ်လိုက်ခြင်းကလည်း တရုတ်အများစုကို

FRC ခေါ် နိုင်ငံခြားသားများအဖြစ်သာ လက်ခံထားသည့်သဘော သက်ရောက်သွားစေခဲ့သည်။ နိုင်ငံသားမဖြစ်သေးသည့် တရုတ်လူမျိုးများ၏ သားသမီးများသည် တက္ကသိုလ်ပညာရေးကို ဆက်လက်သင်မည်ဆိုလျှင် ဆေးတက္ကသိုလ်၊ အင်ဂျင်နီယာ၊ စိုက်ပျိုးရေး၊ စီးပွားရေးတက္ကသိုလ်များကို တက်ရောက်သင်ကြားခွင့် မရှိတော့ပေ။ ထိုကာလများသည် နိုင်ငံအတွင်း စီးပွားရေးများ တဟုန်ထိုးကျဆင်းလျက်ရှိပြီး တရုတ်–မြန်မာ ခွဲခြားဆက်ဆံမှုများ အလွန်ထင်ရှားစွာ ပေါ်ပေါက်ခဲ့သောကာလဟု ဆိုရမည်ဖြစ်သည်။

## ဆန့်ကျင်ဆန္ဒပြမှုများ ပေါ်ပေါက်လာခြင်း

မြန်မာနိုင်ငံတွင် ဘက်ပေါင်းစုံဖိနှိပ်အုပ်စိုးခြင်းဒဏ်ကြောင့် မခံမရပ်နိုင်သည့် ပြည်သူများသည် ပြတ်တောင်း ပြတ်တောင်း ဆန့်ကျင်ဆန္ဒပြမှုများကို ပြုလုပ်ခဲ့ကြောင်းတွေ့ရသည်။ ၁၉၆၅ ခုနှစ်၊ ၁၉၆၉ ခုနှစ် ဒီဇင်ဘာနှင့် ၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလများတွင် ကျောင်းသားများ ဦးဆောင်ပြီးဆန္ဒပြခဲ့ကြသည်။ ထိုဆန္ဒပြမှုများကို ကျောင်းသားများသည် ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်နှင့် မော်လမြိုင်ကောလိပ်တို့တွင် ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ ဆန္ဒပြတိုင်းလည်း အစိုးရသည် ကျောင်းများကို ပိတ်ပစ်ခဲ့သည်ချည်းဖြစ်သည်။

၁၉၇၄ ခုနှစ် ဇွန်လတွင် စက်ရုံပေါင်း ၁၀၀ ကျော်မှ အလုပ်သမားများ စုပေါင်းပြီး အလုပ်သမားသပိတ်ကြီးကို စတင်ဆင်နွှဲခဲ့သည်။ အစိုးရသည် အလုပ်သမားသပိတ်ကို ပစ်ခတ်ဖြိုခွဲသဖြင့် လူပေါင်းရာချီပြီး သေဆုံးခဲ့ရသည်။ အထူးသဖြင့် ၁၉၇၄ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင်ဖြစ်ပွားခဲ့သော သမိုင်းချည်မျှင်နှင့် အထည်စက်ရုံနှင့် ဆင်မလိုက် သင်္ဘောကျင်း လုပ်သားများသပိတ်တွင် ကျောင်းသားများအပါအဝင် အလုပ်သမားများ သေဆုံးခဲ့ကြရခြင်းဖြစ်သည်။ အလုပ်သမားသပိတ်ကို ဖြိုခွင်းနေချိန်တွင် ဦးနေဝင်းသည် ဩစတြေးလျနိုင်ငံသို့ ရောက်နေသောကြောင့် သူ့တွင် တာဝန်မရှိသယောင်ယောင် ဖြစ်ခဲ့ရသည်။

၁၉၇၄ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေ

အတွင်းရေးမှူးချုပ်ဦးသန့် ဈာပနနှင့်ပတ်သက်ပြီး အစိုးရ၏ စီစဉ်ဆောင်ရွက်မှုကို မကျေနပ်သောကြောင့် ကျောင်းသားများ ဆန္ဒပြခဲ့ကြပြန်သည်။ ဦးသန့်ရုပ်အလောင်းကို အမေရိကန်ပြည်ထောင်စုမှ ပြန်ပို့ပေးလိုက်သည့်အခါတွင် ကျိုက္ကဆံမြင်းပြိုင်ကွင်းဟောင်း၌ ဈာပနအခမ်းအနားကို ကျင်းပပြုလုပ်ရန် စီစဉ်ပေးထားသည်။ နိုင်ငံတော်ဈာပနအဖြစ် ကျင်းပပြုလုပ်ပေးမှုမရှိခြင်း၊ မြှုပ်နှံသင်္ဂြိုဟ်မည့် နေရာမှာလည်း ဦးနေဝင်း၏ ကွယ်လွန်သွားသော ဇနီးဟောင်းအုတ်ဂူခြေရင်းတွင် နေရာပေးထားခြင်းစသော ဦးနေဝင်း၏ စီမံမှုများကို ကျောင်းသားများက မကျေနပ်ကြချေ။ သို့ဖြစ်ရာ ကျောင်းသားများသည် ဦးသန့်အလောင်းကို လုယူသွားပြီး ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ဈာပနအခမ်းအနားကျင်းပပြီး တက္ကသိုလ်ဝင်းအတွင်းရှိ ယခင်သမဂ္ဂအဆောက်အအုံဟောင်း ရှေ့ကွက်လပ်တွင် ဂူသွင်းသင်္ဂြိုဟ်ခဲ့ကြသည်။ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် အစိုးရစစ်တပ်သည် သမဂ္ဂအဆောက်အအုံဝင်းအတွင်း ဦးသန့်ရုပ်အလောင်းဂူကိုသိမ်းယူပြီး ပစ်ခတ်ဖြိုခွင်းခဲ့သောကြောင့် ကျောင်းသားများ သေဆုံးခဲ့ကြရပြန်သည်။ အစိုးရသည် ဦးသန့်ရုပ်အလောင်းကို ရွှေတိဂုံဘုရားခြေရင်းရှိ သခင်ကိုယ်တော်မှိုင်းအုတ်ဂူဘေးတွင် မြှုပ်နှံသင်္ဂြိုဟ်ပေးခဲ့သည်။

ရန်ကုန်တက္ကသိုလ်ကျောင်းသားများသည် ၁၉၇၅ ခုနှစ် ဇွန်လတွင် ယမန်နှစ်က အလုပ်သမားသပိတ်တွင် ကျဆုံးခဲ့သော အလုပ်သမားများနှင့် ကျောင်းသားများကို ဂုဏ်ပြုသည့်အနေဖြင့် နှစ်ပတ်လည် အထိမ်းအမှတ်ပွဲကို ကျင်းပကာ ဆန္ဒပြခဲ့ကြပြန်သည်။ ၁၉၇၆ ခုနှစ် မတ်လ၊ ၁၉၈၇ ခုနှစ် စက်တင်ဘာလ၊ ၁၉၈၈ ခုနှစ် စက်တင်ဘာလတို့တွင် ကျောင်းသားများသည် အစိုးရကို အကြိမ်ကြိမ်ဆန္ဒပြခြင်းများ ပြုလုပ်ခဲ့ကြသည်။ ၁၉၈၈ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလများတွင် ဆန္ဒပြပွဲများသည် တစ်နိုင်ငံလုံးသို့ ပျံ့နှံ့သွားခဲ့သည်။ မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ စိုးမိုးမှုသည် ခေတ်ကုန်လာပြီဟု ဆိုရမည်ဖြစ်သည်။ ကျောင်းသားနှင့် ပြည်သူတစ်ရပ်လုံးပါဝင်သည့် ၁၉၈၈ ခုနှစ်သပိတ်ကြီးသည် ရှစ်လေးလုံး အရေးတော်ပုံကြီးအဖြစ် ထင်ရှားလာခဲ့ရသည်။

## အာဏာရှင် နုတ်ထွက်ခြင်း

ရှစ်လေးလုံးအရေးတော်ပုံကြီးသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနှင့် အာဏာရှင်စနစ်ကို ပြည်သူတို့က ပြောင်ပြောင်တင်းတင်း ဆန့်ကျင်လာခဲ့ကြခြင်းဖြစ်သည်။ ဦးနေဝင်းသည် ၁၉၈၈ ခုနှစ် ဇူလိုင် ၂၃ ရက်နေ့တွင် ပါတီဥက္ကဋ္ဌတာဝန်မှ နုတ်ထွက်ပေးလိုက်သည်။ သူသည် ပြည်သူကိုရန်လိုသောစကားများပြောပြီး စိတ်ဆိုးမာန်ဆိုးနှင့် နုတ်ထွက်သွားခဲ့သူလည်းဖြစ်သည်။ သူက–

"ကျွန်တော် နိုင်ငံရေးက အနားယူတော့မယ်။ အနားယူတော့မယ်ဆိုပေမယ့်လို့ နောင်အဖွဲ့အစည်းတွေ တာဝန်အပြည့်ကွပ်ကဲနိုင်တဲ့အထိတော့ ကျွန်တော်တို့နိုင်ငံကို မပျက်စီးရအောင်၊ ကသောင်းကနင်း မဖြစ်ရအောင် ဆက်ထိန်းရပါလိမ့်မယ်။ အဲဒီထိန်းတဲ့အထဲမှာ တိုင်းပြည်တစ်ပြည်လုံးလူထုကို ကျွန်တော်သိစေချင်တယ်။ နောင်ကို လူစုလူဝေးနဲ့ ဆူဆူပူပူလုပ်လို့ရှိရင်တော့ စစ်တပ်ဆိုတာ ပစ်ရင်မှန်အောင်ပစ်တယ်။ မိုးပေါ်ထောင်ပြီးချောက်တာမပါဘူး။ အဲဒီတော့ နောင်ကို ဆူဆူပူပူလုပ်မယ်ဆိုရင်တော့ တပ်ကိုသုံးလို့ရှိရင်တော့ အဲဒီဆူတဲ့လူတွေ မသက်သာဘူးသာ မှတ်ပေတော့လို့ ကျွန်တော်ဒီကနေ ပြောပါတယ်" ဟုဆိုခဲ့သည်။ သူပြောခဲ့သည့်အတိုင်း မြန်မာနိုင်ငံနေရာအနှံ့အပြား ဖြစ်ပွားခဲ့သော ဆူပူဆန္ဒပြမှုများကို နှိမ်နင်းခဲ့သောကြောင့် လူရာပေါင်းများစွာ သေကျေခဲ့ကြရသည်။ ထို့ကြောင့် သူသည် ခြိမ်းခြောက်ရုံသက်သက် ပြောတတ်သူတစ်ဦး မဟုတ်ကြောင်း ပိုပြီးထင်ရှားသွားစေခဲ့သည်။

## ၁၉၈၈ ခုနှစ် အာဏာသိမ်းပွဲ

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် ဗိုလ်ချုပ်စောမောင်ဦးဆောင်သည့် စစ်အစိုးရသည် တိုင်းပြည်ကို နောက်ထပ်တစ်ဖန် အာဏာသိမ်းခြင်းဖြင့် ဒီမိုကရေစီနှင့် အလုမ်းဝေးစေခဲ့ရုံမက သွေးမြေကျမှုပေါင်းများစွာဖြင့် လူထုအုံကြွမှုကြီးကို နှိမ်နင်းလိုက်လေတော့သည်။ လူတိုင်းက ဦးနေဝင်းသည်

နိုင်ငံရေးက အနားယူသွားပြီဆိုခြင်းမှာ ဟန်ပြသဘောသာဖြစ်ပြီး နောက်ကွယ်တွင် စစ်တပ်ကို ကြိုးကိုင်ထိန်းသိမ်းနေစဲဟု ယုံကြည်ခဲ့ကြသည်။

နောက်ထပ်ဆယ်နှစ်ခန့် ဦးနေဝင်းသည် မထင်မရှားဘဝဖြင့် နောက်ကွယ်တွင် နေထိုင်ခဲ့ကြောင်းတွေ့ရသည်။ သူနှင့် လက်ရှိအာဏာသိမ်းထားသည့် စစ်အစိုးရ မည်မျှအတိုင်းအတာအထိ ပတ်သက်နေသည်ဆိုခြင်းမှာ ခန့်မှန်းရခက်လှသည်။ သို့သော် တပ်မတော် စစ်ခေါင်းဆောင်တိုင်းက အဖေကြီးဟု ခေါ်နေသည့် ဦးနေဝင်း၏ ဩဇာအာဏာသည် ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် မှေးမှိန်သွားသည်ကတော့ ထင်ရှားသည်။

၂၀၀၂ ခုနှစ် မတ်လ ၄ ရက်နေ့တွင် ဦးနေဝင်း၏ သားမက်ဖြစ်ပြီး သူ၏ အချစ်ဆုံးသမီးဖြစ်သူ စန္ဒာဝင်း၏ခင်ပွန်း အေးဇော်ဝင်းကို လက်ရှိစစ်ခေါင်းဆောင်များက အရေးယူသည့်ကိစ္စတစ်ရပ်ဖြစ်ပွားခဲ့သည်။ ဦးနေဝင်းနှင့် သမီးဖြစ်သူ စန္ဒာဝင်းတို့ကို နေအိမ်အကျယ်ချုပ်ထားလိုက်ပြီး အေးဇော်ဝင်းအပါအဝင် သားများဖြစ်သော အေးနေဝင်း၊ ကျော်နေဝင်းနှင့် ဇွဲနေဝင်းတို့ကို နိုင်ငံတော်ပုန်ကန်ရန်ကြံစည်မှုဖြင့် ဖမ်းဆီးပြီး သေဒဏ်ချမှတ်ခြင်းခံရသည်ကို ကြည့်ခြင်းအားဖြင့် ဦးနေဝင်းခေတ်ကုန်ပြီဆိုခြင်းမှာ ထင်ရှားလှသည်။ စန္ဒာဝင်းသည် နေအိမ်အကျယ်ချုပ် ထိန်းသိမ်းခံထားရခြင်းမှ ၂၀၀၈ ခုနှစ်တွင် လွတ်မြောက်လာခဲ့သည်။ ဇွဲနေဝင်းနှင့် အေးဇော်ဝင်းတို့သည် ၂၀၁၁ ခုနှစ်တွင် လွတ်မြောက်လာသည်။ အေးနေဝင်းနှင့် ကျော်နေဝင်းတို့မှာ ၂၀၁၃ ခုနှစ်တွင် လွတ်မြောက်လာသည်။

**ဦးနေဝင်းမိသားစု**

ဦးနေဝင်းသည် အိမ်ထောင် ခြောက်ကြိမ်ပြုခဲ့သူဖြစ်သည်။

၁။ ပထမအိမ်ထောင်မှာ ဒေါ်သန်းညွန့်ဖြစ်ပြီး သူနှင့် ကျော်သိန်းဆိုသည့် သားတစ်ဦး မွေးဖွားခဲ့သည်။

၂။ ဒုတိယအိမ်ထောင်မှာ ဒေါ်တင်တင်ဖြစ်ပြီး သူနှင့် သားနှစ်ဦး ထွန်းကားခဲ့သည်။ ငွေစိုးနှင့် အေးအောင်တို့ဖြစ်သည်။

၃။ တတိယအိမ်ထောင်မှာ ဒေါ်ခင်မေသန်းဖြစ်သည်။ သူ့ကို ကေတီဘသန်းဟုလည်းခေါ်ကြသည်။ ယခင် ရန်ကုန်ဆေးတက္ကသိုလ် ပါမောက္ခဟောင်း ပါမောက္ခ ဦးဘသန်း၏ သမီးဖြစ်သည်။ ဒေါ်ခင်မေသန်းနှင့် သမီးနှစ်ဦး သားတစ်ဦး ထွန်းကားသည်။ စန္ဒဝင်း၊ ကြေးမုံဝင်းနှင့် ဖြိုးနေဝင်းတို့ဖြစ်သည်။ ဒေါ်ခင်မေသန်းသည် ပထမအိမ်ထောင်နှင့် သမီးသုံးဦး ထွန်းကားခဲ့သေးသည်။ လှဲလှဲဝင်းနှင့် အမွှာဖြစ်သော သီတာဝင်းနှင့် သော်တာဝင်းတို့ဖြစ်သည်။ ဒေါ်ခင်မေသန်းသည် ဦးနေဝင်းအချစ်ဆုံး ဇနီးတစ်ဦးဖြစ်ပြီး ၁၉၇၂ ခုနှစ်တွင် ကွယ်လွန်သွားခဲ့သည်။

၄။ ဒေါ်ခင်မေသန်း ကွယ်လွန်ပြီးနောက် တက္ကသိုလ်သမိုင်းဌာနမှ ဆရာမတစ်ဦးဖြစ်သူ ဒေါ်နီနီမြင့်နှင့် လက်ထပ်ပြန်သည်။ သားသမီးထွန်းကားခြင်း မရှိဘဲ ကွာရှင်းခဲ့ကြသည်။

၅။ နောက်ပိုင်း June Rose Bellamy (ရတနာနတ်မယ်) ဆိုသူနှင့် ထပ်မံအိမ်ထောင်ပြုပြန်သည်။ ကနောင်မင်းသားကြီး၏ မြစ်တော်ဟုဆိုကြသည်။

၆။ ယခင် ကွာရှင်းပြတ်စဲခဲ့သည့် ဒေါ်နီနီမြင့်နှင့် တစ်ဖန်ထပ်ပြီး အိမ်ထောင်ပြုပြန်သည်။

## နောက်ဆုံးကာလ

ဦးနေဝင်း နောက်ဆုံးကာလသည် ဗုဒ္ဓဘာသာဝင်များအနေဖြင့် ကြည့်လျှင် အလွန်တရားကျစရာကောင်းလှသည်။ ဦးနေဝင်းသည် နေအိမ်အကျယ်ချုပ်ဘဝဖြင့် နေထိုင်ခဲ့ရပြီး အသက် ၉၂ နှစ်အရွယ်၊ ၂၀၀၂ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားခဲ့သည်။ ဦးနေဝင်း ကွယ်လွန်ကြောင်း သမီးဖြစ်သူ စန္ဒာဝင်းက စစ်ခေါင်းဆောင်များထံ အကြောင်းကြားလိုက်သည့်အခါတွင် ဗိုလ်ချုပ်သန်းရွှေက တပ်မတော်ထောက်လှမ်းရေး ဗိုလ်ချုပ်တစ်ဦးကို စေလွှတ်လိုက်သည်။ ရောက်ရှိလာသည့် စစ်ဗိုလ်ချုပ်များကို စန္ဒာဝင်းက ဦးနေဝင်းမကွယ်လွန်မီ ရေးခဲ့သော စာကိုထုတ်ပြသည်။ ထိုစာ

ထဲတွင် သူ့ မြေးများနှင့်ပတ်သက်ပြီး သောကရောက်နေကြောင်းကို–

"ကလေးတွေကို ဖေဖေက တွေ့စရာအကြောင်း မရှိတော့ဘူး။ ဖေဖေ မရှိတော့ရင် ကြုံတွေ့လာရမယ့် ဒုက္ခကို သမီးခံနိုင်ချင်မှ ခံနိုင်မယ်။ အခု သူတို့ကို ခွဲထားတဲ့အမှုက သေဒဏ်ပေးလို့ရတဲ့အမှု။ ဒါကြောင့် သမီးကိုယ် တိုင်လည်း ကလေးတွေကို ပြန်တွေ့ချင်မှ ပြန်တွေ့ရတော့မယ်။ အဲဒီအချိန်ကျရင် ဘာမှ အာဃာတမရှိနဲ့။ တရားအားထုတ်။ အမေပေးတဲ့ စာအုပ်တွေဖတ်။ အေးချမ်းသွားလိမ့်မယ်။ ကလေးတွေနဲ့ မတွေ့ရရင်တောင်မှ အခုလုပ်တဲ့ သူတွေကို ပြန်ပြောပြလိုက်။ အဖေ့အနေနဲ့ သူတို့အပေါ်မှာ ဘာအာဃာတမှ မရှိဘူး။ အားလုံးခွင့်လွှတ်တယ်" ဟု ရေးသားထားသည်။

ဦးနေဝင်းသည် ၂၀၀၂ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့ နံနက် ၇ နာရီ ခန့်အချိန်တွင် ကွယ်လွန်သွားခဲ့သည်။ တပ်မတော်သားဟောင်းတစ်ဦးဖြစ် သည့်အတွက် တပ်မတော်ထောက်လှမ်းရေးမှ ဗိုလ်ချုပ်ခင်အောင်က အမိန့် ပြန်တမ်းထုတ်ရန်နှင့် မြို့တော်ဝန်ဦးကိုလေးက ရှာပနကိစ္စကို ဦးစီးလုပ်ဆောင် ပေးရန် တာဝန်ယူခဲ့ကြသည်။

ဦးနေဝင်း၏ ရုပ်အလောင်းကို ရေဝေးသုသာန်တွင် တိတ်တဆိတ် မီးသင်္ဂြိုဟ်ခဲ့ကြသည်။ အရိုးပြာများကိုမူ ရန်ကုန်လှိုင်မြစ်အတွင်း မျှောချရန် ရေတပ်သင်္ဘောတစ်စီးပေါ်သို့ ရွှေ့ပြောင်းယူဆောင်လာခဲ့ကြသည်။ လှိုင်မြစ်ထဲတွင် ဦးနေဝင်း၏ အရိုးပြာအိုးကို ဗိုလ်ချုပ်ခင်အောင်က ကိုင်ထားပြီး–

"အဖေကြီး အဖေကြီးရဲ့ နိုင်ငံ့တာဝန်တွေ အကုန်ကျေပွန်ပါပြီ။ အဖေကြီးသွားလိုရာ သွားခွင့်ပြုပါတယ်။ ကျွန်တော်တို့ တပ်တွေအားလုံး ဒီကနေ အလေးပြုလိုက်ပါတယ်။ အဖေကြီးရဲ့ တာဝန်တွေ ပြီးဆုံးသွားပါပြီ" ဟု အမိန့်ပြန်ပြီး အရိုးပြာများကို လှိုင်မြစ်အတွင်းသို့ ဖြန့်ကျဲလိုက်သည်။ ထိုစဉ် တပ်မတော်စစ်ရေယာဉ်ထဲမှ လွမ်းဆွတ်ဖွယ် ဥဩသံများ ထွက်လာသည်။ မြန်မာနိုင်ငံ၏ သက်တမ်းအရှည်ကြာဆုံး အာဏာရှင်ကြီး၏ဘဝသည် ဤတွင် နိဂုံးချုပ်သွားခဲ့ရသည်။



**24**

မြန်မာနိုင်ငံ

# ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၁၉၃၃– )

ယခုဖော်ပြမည့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏အကြောင်းသည် 'မြဝင်း' ရေးသား ပြုစုသည့် 'တပ်မတော်ခေါင်းဆောင်များ သမိုင်းအကျဉ်း' မှ ကောက်နုတ်ဖော်ပြခြင်း ဖြစ်သည်။ ဤအကြောင်းအရာများသည် တပ်မတော်ကရေးသည့် တပ်မတော်မှတ်တမ်း ဖြစ်ပြီး ပထမဆုံး အာဏာသိမ်းစစ်ခေါင်းဆောင် များအကြောင်းကိုဖော်ပြသည့် စာအုပ်လည်း ဖြစ်သောကြောင့် တပ်မတော်အာဘော်ကို လေ့လာသုံးသပ်နိုင်ရန် တင်ပြခြင်းဖြစ်ပါသည်။

ဤစာအုပ်ကိုထုတ်ဝေသည့် ၁၉၉၁ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးသန်းရွှေသည် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယ

ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

## ဝယ်စဉ်ဘဝမှ စစ်မှုထမ်းကာလ အဆင့်ဆင့် မြင့်တက်ခဲ့မှုများ

ဗိုလ်ချုပ်ကြီးသန်းရွှေကို ကျောက်ဆည်မြို့တွင် ၁၉၃၃ ခုနှစ်က ဖွားမြင်သည်။ ၁၉၅၁ ခုနှစ်တွင် ကျောက်ဆည် အစိုးရအထက်တန်းကျောင်းမှ အင်္ဂလိပ်–မြန်မာ ဆယ်တန်းအောင်မြင်ခဲ့သည်။ ၁၉၅၂ ခုနှစ်အတွင်း မိတ္ထီလာမြို့ စာတိုက်၌ စာတိုက်စာရေးအဖြစ် လုပ်ကိုင်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင်ပင် စာတိုက်စာရေးလုပ်နေရာမှ ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၉) ကို တက်ရောက်ခဲ့သည်။

ဗိုလ်လောင်းသင်တန်းမှ ဆင်းလာပြီးနောက် ၁၉၅၃ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့မှစတင်ကာ အမှတ် (၁) ခြေလျင်တပ်ရင်း၌ ဒုတိယဗိုလ်အဆင့်ဖြင့် တပ်စုမှူးတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ၁၉၅၅ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့တွင် စစ်ဘက်မှုလဗိုလ်အဆင့်သို့လည်းကောင်း၊ ၁၉၅၇ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ဗိုလ်ကြီးအဆင့်သို့လည်းကောင်း တိုးမြှင့်ခန့်ထားခြင်း ခံခဲ့ရသည်။ ယင်းတပ်ရင်း၌ပင် တပ်စုမှူး၊ တပ်ခွဲမှူးတာဝန်များကို ထမ်းဆောင်ပြီးနောက် ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ သံလွင်အရှေ့ခြမ်းဒေသများတွင် ပြုလုပ်ခဲ့သည့် စစ်ဆင်ရေးများတွင် ပါဝင်ခဲ့သည်။

၁၉၅၈ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ ပညာရေးနှင့် စိတ်ဓာတ်ရေးရာ ညွှန်ကြားရေးမှူးရုံး၌ တွဲဖက်ထားခဲ့ပြီး ၁၉၅၈ ခုနှစ် မေလ ၉ ရက်နေ့တွင် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်သို့ ပြောင်းလဲတွဲဖက်ထားခဲ့သည်။ ၁၉၆၀ ပြည့်နှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ အမှတ် (၁) နယ်လှည့် စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့သို့ တပ်ခွဲမှူး အဖြစ် ပြောင်းရွှေ့ခန့်အပ်ခြင်းခံရသည်။ ၁၉၆၁ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင် တပ်မဟာ (၃) သို့ စိတ်ဓာတ်ရေးရာအရာရှိအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းခဲ့သည်။

၁၉၆၃ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ဗဟိုနိုင်ငံရေးတက္ကသိုလ်ကျောင်းသို့ ပြောင်းရွှေ့ပြီး နည်းပြဋ္ဌာနမှူးတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ၁၉၆၇ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် အမှတ် (၁၀၁) ခြေမြန်တပ်ရင်းသို့ ယာယီဌာနချုပ် တပ်ခွဲမှူးအဖြစ် ပြောင်းရွှေ့ခန့်အပ်ခြင်းခံရသည်။

၁၉၆၉ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ခေတ္တဗိုလ်မှူးအဆင့်သို့ တိုးမြှင့်ခန့်ထားခြင်းခံရပြီး ကရင်ပြည်နယ်၊ မြစ်ဝကျွန်းပေါ်ဒေသ၊ ပဲခူးရိုးမဒေသ တို့တွင် အမှတ် ၇၇ ခြေမြန်တပ်မဌာနချုပ်က ဦးစီး၍ပြုလုပ်ခဲ့သည့် စစ်ဆင်ရေးများတွင် ပါဝင်ခဲ့သည်။

၁၉၆၉ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်နေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေးဌာနစုသို့ စစ်ဦးစီးမှူး (ဒုတိယတန်း) အဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၁ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့တွင် အမှတ် (၁) ခြေလျင်တပ်ရင်းသို့ ယာယီတပ်ရင်းမှူးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၇၂ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် ဒုတိယဗိုလ်မှူးကြီးအဆင့်သို့ တိုးမြှင့်ခန့်ထားခြင်းခံရသည်။ ရာထူးတိုးမြှင့်ခံထားရပြီးနောက် အမှတ် (၁) ခြေလျင်တပ်ရင်း၊ တပ်ရင်းမှူးအဖြစ် ဗန်းမော်ဒေသ၊ ရှမ်းပြည်နယ်မြောက်ပိုင်း မုံးစီး၊ နားလယ်ဒေသနှင့် ရှမ်းပြည်နယ်တောင်ပိုင်း သံလွင်အရှေ့ခြမ်း ကျိုင်းတုံ၊ မိုင်းခတ်၊ မိုင်းယောင်းဒေသတို့တွင် အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ်မှ ဦးစီးပြုလုပ်ခဲ့သော စစ်ဆင်ရေးများ၌ ပါဝင်ခဲ့သည်။

၁၉၇၅ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေးဌာနစုသို့ စစ်ဦးစီးမှူး (ပထမတန်း) အဖြစ် ပြောင်းရွှေ့တာဝန်ပေးခြင်းခံရသည်။ ၁၉၇၇ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ်သို့ ယာယီဒုတိယတပ်မမှူးအဖြစ် ပြောင်းရွှေ့ခန့်အပ်ခြင်းခံရသည်။ ၁၉၇၈ ခုနှစ် မေလ ၂ ရက်နေ့တွင် ဗိုလ်မှူးကြီးအဆင့်သို့တိုးမြှင့်ခြင်းခံရသည်။

၁၉၈၀ ပြည့်နှစ် မတ်လ ၂၉ ရက်နေ့တွင် အမှတ် (၈၈) တပ်မဌာနချုပ်၌ပင် တပ်မမှူးတာဝန်ကို ဆက်လက်ထမ်းဆောင်ခဲ့ပြီး ယင်းဌာနချုပ်က ဦးစီးပြုလုပ်

ခဲ့သည့် ရဲနိုင်အောင်၊ လေးမာန်အောင်၊ နေမင်းရောင်နှင့် မင်းရန်အောင် စစ်ဆင်ရေးများတွင် ပါဝင်ခဲ့သည်။

၁၉၈၁ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ်ပါတီညီလာခံတွင် ဗဟိုကော်မတီဝင်အဖြစ် ရွေးချယ်ခြင်းခံရသည်။ ၁၉၈၃ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးအဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၈၃ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသပါတီကော်မတီ ဥက္ကဋ္ဌတာဝန်များကို ပူးတွဲထမ်းဆောင်ခဲ့သည်။

၁၉၈၄ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့တွင် ဗိုလ်မှူးချုပ်အဆင့်သို့လည်းကောင်း၊ ၁၉၈၅ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် ဒုတိယကာကွယ်ရေးဦးစီးချုပ် (ကြည်း) အဖြစ်လည်းကောင်း၊ ၁၉၈၆ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် ဗိုလ်ချုပ်အဆင့်သို့လည်းကောင်း၊ ၁၉၈၇ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် ဒုတိယဗိုလ်ချုပ်ကြီးအဆင့်သို့လည်းကောင်း အဆင့်ဆင့် ရာထူးများတိုးမြှင့်ခြင်းခံရပြီးနောက် ၁၉၈၈ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၈၈ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့တွင် ကျင်းပသည့် လမ်းစဉ်ပါတီဗဟိုကော်မတီ ဒသမအကြိမ်မြောက်အစည်းအဝေးက ဗဟိုကော်မတီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က နိုင်ငံတော်တာဝန်များကို လွှဲပြောင်းရယူလိုက်ချိန်တွင် ဗိုလ်ချုပ်ကြီးသန်းရွှေသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။

၁၉၉၀ ပြည့်နှစ် မတ်လ ၁၈ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးအဆင့်သို့ ရာထူးတိုးမြှင့်ခန့်အပ်ခြင်းခံရပြီးနောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) တာဝန်များကို ပူးတွဲထမ်းဆောင်လျက်ရှိသည်။

'တပ်မတော်ခေါင်းဆောင်များ သမိုင်းအကျဉ်း' သည် (၁၉၄၁ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ) ပြုစုထုတ်ဝေထားသော စာအုပ်ဖြစ်ခြင်းကြောင့် ဗိုလ်ချုပ်ကြီးသန်းရွှေဘဝတွင် ပြီးဆုံးခဲ့ကြောင်းတွေ့ရသည်။

၁၉၉၂ ခုနှစ် ဧပြီလ ၂၃ ရက်နေ့တွင် ဗိုလ်ချုပ်မှူးကြီး စောမောင်သည်

ကျန်းမာရေးအခြေအနေကြောင့် အနားယူသွားခဲ့ကြောင်း ကြေညာခဲ့သည်။

၁၉၉၂ ခုနှစ် ဧပြီလ ၂၄ ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ကြေညာချက်အမှတ် ၁၀/၉၂ ဖြင့် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး သန်းရွှေသည် အစိုးရအဖွဲ့တွင် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၏တာဝန် အပြင် ဝန်ကြီးချုပ်တာဝန်ကိုပါ ထမ်းဆောင်ကြောင်း ကြေညာသည်။

**(၁၉၉၂ ဥပဒေများ၊ အမိန့်များ၊ ကြေညာချက်များ၊ စာ ၁၉၅)**

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးသည့်အဖွဲ့ကို ထူထောင်ခြင်း

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့တွင် အမိန့်အမှတ် ၁/၈၈ ဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကို ဖွဲ့စည်းကာ တိုင်းပြည်ကို ထိန်းချုပ်လိုက်ပါသည်။ အတိုကောက် 'နဝတ' ဟုခေါ်သည့်အဖွဲ့တွင် အဖွဲ့ဝင် ဗိုလ်ချုပ်ပေါင်း ၁၉ ဦးပါဝင်ပြီး ဥက္ကဋ္ဌမှာ ဗိုလ်ချုပ်ကြီးစောမောင်ဖြစ်သည်။ ထိုအချိန်တွင် ဒုတိယဗိုလ်ချုပ်ကြီးသန်းရွှေသည် အဖွဲ့ဝင် နံပါတ် (၂) အဆင့် တွင်ရှိပြီး ဗိုလ်မှူးချုပ်ခင်ညွန့်သည် အတွင်းရေးမှူး (၁) တာဝန်ကိုယူခဲ့သည်။

၁၉၉၂ ခုနှစ် ဧပြီလ ၂၄ ရက်နေ့တွင် နဝတဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်အား ကျန်းမာရေးအကြောင်းပြချက်ဖြင့် နဝတအဖွဲ့မှ ဖယ်ရှားခြင်း ခံလိုက်ရသည်။ ဗိုလ်ချုပ်မှူးကြီး စောမောင်နေရာသို့ ရောက်လာသူမှာ ဒုတိယ နေရာတွင်ရှိနေသူ ဒုတိယဗိုလ်ချုပ်မှူးကြီးသန်းရွှေဖြစ်သည်။ သူသည် နဝတ ဥက္ကဋ္ဌဖြစ်လာချိန်ကစပြီး ဗိုလ်ချုပ်မှူးကြီးရာထူးကို ရရှိလာခဲ့ခြင်းဖြစ်သည်။ ထိုအချိန်တွင် ဒုတိယဥက္ကဋ္ဌနေရာကို ရောက်လာသူမှာ ဗိုလ်ချုပ်ကြီးမောင်အေး ဖြစ်သည်။ နဝတဥက္ကဋ္ဌသစ် ဗိုလ်ချုပ်ကြီးသန်းရွှေသည် ဗိုလ်ချုပ်မှူးကြီး စောမောင်ကဲ့သို့ လူရှေ့သူရှေ့ သိပ်ထွက်သူမဟုတ်။ မိန့်ခွန်းချွေခြင်းများကို လည်း ပြုလုပ်လေ့မရှိ။ မလွဲမရှောင်သာ တပ်မတော်နေ့ အခမ်းအနားလောက်တွင် သာ မိန့်ခွန်းများကို ဖတ်ကြားပေးခြင်းပြုလေ့ရှိသည်။ ထိုအချိန်တွင် နဝတ၏ ပြောရေးဆိုခွင့် ကိစ္စအားလုံးကို ပြုလုပ်ရသူမှာ ဗိုလ်ချုပ်ခင်ညွန့်ဖြစ်လာသည်။

## ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း

တပ်မတော်အစိုးရသည် ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် 'ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း' ကို စတင်ထူထောင်ပေးလိုက်သည်။ အသင်းနာယကကြီးအဖြစ် နဝတအဖွဲ့ ဥက္ကဋ္ဌဖြစ်သူ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တာဝန်ယူခဲ့သည်။ ထို့ပြင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)တို့သည် အသင်းကြီး၏ ဗဟိုနာယကအဖွဲ့ဝင်များ ဖြစ်လာကြသည်။

ထိုအသင်းဖွဲ့စည်းရခြင်း ရည်ရွယ်ချက်မှာ နဝတအစိုးရသည် လူထုနောက်ခံမရှိဘဲ တက်လာသည့် စစ်အစိုးရဖြစ်သောကြောင့် လူမှုရေးအသင်းအဖွဲ့တစ်ခုအနေဖြင့် စစ်တပ်ကို ကျောထောက်နောက်ခံဖြစ်လာစေမည့် ထိုအသင်းကြီးကို ဒေါက်တိုင်တစ်တိုင်အနေနှင့် ထူထောင်လိုက်ခြင်းဖြစ်သည်။ (နောက်ပိုင်းမှ ပါတီအသွင် ကူးပြောင်းခဲ့သည်)။ ၁၉၅၈ ခုနှစ်ခန့်က အိမ်စောင့်အစိုးရလက်ထက်တွင် 'ပြည်ထောင်စုကြံ့ခိုင်ရေးအသင်း' ဟူ၍ ဖွဲ့စည်းထားခဲ့ဖူးသည်။ ထိုအချိန်ကလည်း စစ်တပ်ကို ကျောထောက်နောက်ခံပြုခဲ့ရသည့် လူမှုရေးအဖွဲ့အသွင်တည်ထောင်ခဲ့သည်။ ထိုပုံစံအတိုင်းယူပြီး ၁၉၉၃ ခုနှစ်တွင်လည်း ပုံစံတူ ယင်းအသင်းမျိုးကိုပင် ထူထောင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ယခင်က စစ်တပ်၏ လက်ကိုင်တုတ်အသွင် ဖွဲ့စည်းခဲ့သောအသင်းသည် ယခုအချိန်တွင်လည်း ယင်းပုံစံအတိုင်းပင် စစ်တပ်ကို အကာအကွယ်ပေးထားရသည့် လက်ကိုင်တုတ်အသင်း ဖြစ်ခဲ့ရသည်။

## ဗိုလ်ချုပ်ကြီးသန်းရွှေ၏ ခေါင်းဆောင်မှုပုံစံ

အာဆီယံနိုင်ငံများအဖွဲ့ဝင်ဖြစ်ခဲ့သည့်အတွက် ဗိုလ်ချုပ်ကြီးသန်းရွှေသည် နိုင်ငံတော်ကာသာလျှင် စီးပွားရေးလုပ်ငန်းများကို ထိန်းချုပ်သွားရန် ဆက်လက်ဆုံးဖြတ်လုပ်ဆောင်ခဲ့ကြောင်းတွေ့ရသည်။ ထို့ပြင် ရုပ်ပြကောင်းစေရန်အတွက်

၁၉၉၇ ခုနှစ်က နိုင်ငံတော်အတွင်း အကျင့်ပျက်ခြစားမှုများကို ဖြုခွင်းပြလိုက်သည့်အပြင် ဝန်ကြီးအဖွဲ့ဝင်များ၊ တိုင်းမှူးများကိုပင် အရေးယူပြခဲ့သည်။

စည်းကမ်းရှိသော ဒီမိုကရေစီဖော်ဆောင်ရန် အကြောင်းပြချက်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရန်အတွက် ညီလာခံကိုလည်း ၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် စတင်ကျင်းပပေးခဲ့သည်။ ထိုညီလာခံသည် ၂၀၀၇ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့တိုင်အောင် ကျင်းပခဲ့သောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ၁၄ နှစ်နှင့် ၈ လကြာခဲ့သည့် စံတင်လောက်သော ညီလာခံတစ်ခုဖြစ်ခဲ့ရသည်။

ထိုအချိန်တွင် စစ်အစိုးရအတွက် အတိုက်အခံပါတီမှာ ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သော NLD ပါတီသာ အဓိကကျနေပြီး ထိုပါတီသည် ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော်လည်း အာဏာမရခဲ့သည့်ပါတီတစ်ခု ဖြစ်ခဲ့ရသည်။ နောက်ဆုံး အမျိုးသားညီလာခံကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ပင် NLD ပါတီမပါဝင်ဘဲ ရေးဆွဲပြီးဆုံးကြောင်း ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ကြေညာခဲ့သည်။

ဗိုလ်ချုပ်ကြီးသန်းရွှေသည် မြန်မာနိုင်ငံ၏ သတင်းစာလွတ်လပ်ခွင့်ကို ဆက်လက်ထိန်းချုပ်ထားခဲ့သည်။ သတင်းစာ လွတ်လပ်ခွင့်ပေးလိုက်လျှင် စစ်အစိုးရအုပ်ချုပ်မှုကို ဝေဖန်ထောက်ပြမည်ကို စိုးရိမ်သောကြောင့်ဖြစ်သည်။ ၁၉၉၀ ပြည့်နှစ် နှောင်းပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်ကို ထိန်းသိမ်းထားရာမှ ပြန်လွှတ်ပေးလိုက်သည်။ သို့သော် အခြေအနေကို မယုံစားဝံ့သဖြင့် ၂၀၀၃ ခုနှစ်တွင် ပြန်လည်ထိန်းသိမ်းခဲ့ပြန်သည်။ စစ်အစိုးရအုပ်ချုပ်သည့် နိုင်ငံဖြစ်သောကြောင့် နိုင်ငံကြီးအချို့က စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်သော်လည်း မည်သို့မျှမဖြစ်လေဟန်လုပ်ပြီး စီမံမှုများ ညံ့ဖျင်းလှသည့်အတွက် နိုင်ငံ၏ စီးပွားရေးအနေအထားမှာ အကျပ်အတည်းများနှင့် ရင်ဆိုင်ခဲ့ရသည်။

စစ်အာဏာရှင်တစ်ဦးဖြစ်သော်လည်း ဗိုလ်ချုပ်ကြီးသန်းရွှေသည် ထင်ထင်ပေါ်ပေါ် နေထိုင်လေ့မရှိပေ။ မျက်နှာက အမြဲမှုန်တေတေ ရှုသိုးသိုးဖြင့် မရွှင်ပြသည့်ဟန်ဖြင့် တစ်ဦးတည်းနေထိုင်လိုသည့်အသွင်များက သိသာထင်ရှား

လွန်းလှသည်။ တရားသေသမားပုံစံပေါက်နေပြီး မျက်နှာကြောတင်းလှသော ကြောင့်လည်း မည်သို့မျှ ညှိနှိုင်းဆောင်ရွက်၍ ရနိုင်မည့် အနေအထားကို မတွေ့ရပေ။ တစ်နည်းအားဖြင့်ပြောရလျှင် ဒီမိုကရေစီကို အော်နေကြသော မြန်မာနိုင်ငံသားများအတွက် သူ့အသွင်က နားလည်ရခက်ပြီး တောင်းရခက်နိုင်သည့် အနေအထားတွင် ရှိနေခဲ့သည်။

သူက နိုင်ငံတော်အခမ်းအနားနေ့များတွင် သဝဏ်လွှာများ ပေးပို့တတ်သည်။ ထိုသဝဏ်လွှာများကို နိုင်ငံတော်ပိုင် သတင်းစာများတွင် တခမ်းတနား ဖော်ပြလေ့ရှိသည်။ ထိုသို့ မီဒီယာကို ဆက်ဆံသည်ကလွဲပြီး သတင်းဌာနများနှင့် တွေ့ဆုံဆွေးနွေး အင်တာဗျူးလေ့မရှိကြောင်းလည်း တွေ့ရသည်။

သူ၏ ရက်ရောပြီး ငွေမည်မျှပေါကြောင်းကို ပြည်သူတွေက သမီး ဖြစ်သူ၏ မင်္ဂလာအခမ်းအနားကို တွေ့လိုက်ရမှ အံ့အားသင့်သွားကြရသည်။ နိုင်ငံရှိပြည်သူများ ဆင်းရဲမွဲတေနေချိန်တွင် သမီးမင်္ဂလာဆောင်သည့် စိန်များ တလက်လက်တောက်ပကာ ရှုံ့ပိန်တွေချောင်းစီးဖြစ်နေသည့်အတွက် အံ့အားသင့် သွားခဲ့ကြရသည်။

မြန်မာစစ်တပ်အတွင်း အာဏာအားပြိုင်မှုသည် အမြဲဖြစ်နေခဲ့သည်။ ဗိုလ်ချုပ်ကြီးသန်းရွှေသည် အာဏာတစ်စင်ထောင်လာသည့် ဗိုလ်ချုပ်ခင်ညွန့်၏ ရန်ကို တစ်နေ့တခြား စိုးရိမ်လာသောကြောင့် ၂၀၀၄ ခုနှစ်တွင် ထိန်းသိမ်းပြီး နေအိမ်အကျယ်ချုပ် ချထားလိုက်သည်။

ဗိုလ်ချုပ်ကြီးသန်းရွှေသည် ၂၀၀၆ ခုနှစ် နိုဝင်ဘာလတွင် ကုလသမဂ္ဂ အထူးကိုယ်စားလှယ် အီဘရာဟင် ဂမ်ဘာရီနှင့် နေပြည်တော်တွင် တွေ့ဆုံခဲ့ သည်။ ဂမ်ဘာရီက ၂၀၀၇ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်များတွင် မြန်မာနိုင်ငံကိုထပ်မံ ရောက်ရှိလာပြီး ဗိုလ်ချုပ်ကြီးသန်းရွှေနှင့်တွေ့ဆုံရန် ခွင့်တောင်းသော်လည်း လက်ခံတွေ့ဆုံခြင်း မရှိခဲ့ပေ။

၂၀၀၈ ခုနှစ် မေလတွင် ဗိုလ်ချုပ်ကြီးသည် နိုင်ငံခြားအထောက်အပံ့ ပေးသည့် အဖွဲ့များကို မြန်မာနိုင်ငံအတွင်း ဝင်ခွင့်ပေးရန် ငြင်းပယ်ခဲ့သည်။ ၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့တွင် မြန်မာနိုင်ငံသည် နာဂစ်မုန်တိုင်းဒဏ်ကို

အလူးအလဲခံခဲ့ရသည်။ နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့များကို လက်ခံခြင်းမပြုမှုကြောင့် ကုလသမဂ္ဂကသာမက နိုင်ငံတကာကလည်း ဗိုလ်ချုပ်ကြီးသန်းရွှေအပေါ် မကျေမနပ်ဖြစ်ခဲ့ကြရသည်။

၂၀၀၉ ခုနှစ် ဇူလိုင်လ အစောပိုင်းတွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်လာခဲ့ချိန်တွင်မူ ဗိုလ်ချုပ်ကြီးသန်းရွှေသည် လက်ခံတွေ့ဆုံခြင်းပြုခဲ့သည်။ သို့သော် ဘန်ကီမွန်းက ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံရန် ခွင့်တောင်းခြင်းကိုမူ ငြင်းဆိုခဲ့ပြန်သည်။ ဗိုလ်ချုပ်ကြီးသန်းရွှေက ဘန်ကီမွန်းကို ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး "အဲဒီအချိန်ကျရင် ကျွန်တော်လည်း သာမန်အရပ်သားတစ်ယောက်ဖြစ်သွားပါပြီ။ ကျွန်တော့် ရဲဘော်ရဲဘက်တွေလည်း အရပ်သားတွေ ဖြစ်သွားကြလိမ့်မယ်။ အဲဒီအချိန်ကျရင် အရပ်သားအစိုးရတွေ တက်လာပါလိမ့်မယ်" ဟု ပြောဆိုလိုက်သည်။

၂၀၁၀ ပြည့်နှစ် ဩဂုတ်လ ၂၇ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးသန်းရွှေနှင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်အေးအပါအဝင် အခြားအဆင့်မြင့် တပ်မတော်အရာရှိကြီးခြောက်ဦးတို့ နုတ်ထွက်တော့မည်ဆိုသည့် သတင်းများ ထွက်ပေါ်လာသည်။ သို့သော် ဗိုလ်ချုပ်ကြီးသန်းရွှေသည် လုပ်ငန်းသဘောအရဆိုလျှင် ၂၀၁၁ ခုနှစ် ဘဏ္ဍာနှစ်ဆုံးချိန်အထိ တာဝန်ဆက်လက်ထမ်းဆောင်နေရဦးမည်ဖြစ်သည်။ ထိုအချိန်တွင် အာဏာရရှိလာမည့် သမ္မတလက်ထဲသို့ အာဏာကို လွှဲအပ်ပေးရမည်ဖြစ်သည်။

**လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများ**

ဗိုလ်ချုပ်ကြီးသန်းရွှေ၏ အုပ်ချုပ်မှုနှင့်ပတ်သက်ပြီး အငြင်းပွားစရာပြဿနာပေါင်းများစွာ ရှိခဲ့သည်။ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ အစီရင်ခံစာတွင် မြန်မာနိုင်ငံ၌ လူ့အခွင့်အရေး အကြမ်းဖက် ချိုးဖောက်မှုများနေရာတကာတွင် စနစ်တကျ ကျူးလွန်လျက်ရှိကြောင်း ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးပေါင်း သန်းနှင့်ချီပြီး တောတောင်များအတွင်း ထွက်ပြေးပုန်းရှောင်နေကြရသည်။ ထို့ပြင် ပေါ်တာဆွဲခြင်း၊ အလုပ်ကြမ်းများကို အဓမ္မခိုင်းစေခြင်းများကိုလည်း ခံနေကြရသည်ဟု ယင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံအတွင်း ပြည်သူများသည် လွတ်လပ်စွာ ပြောဆိုပိုင်ခွင့်မရှိ၊ သတင်းမီဒီယာ လွတ်လပ်ခွင့်မရှိ။ အဖိနှိပ်ခံ၊ အနှိမ်ခံများဘဝနှင့် နှစ်ပေါင်းများစွာ သည်းခံနေထိုင်ခဲ့ကြရသည်။ ၂၀၀၇ ခုနှစ်တွင် သံဃာတော်များဦးဆောင်ပြီး ဆန္ဒပြမှုကြီးတစ်ခု ပေါ်ပေါက်လာခဲ့သည်။ သံဃာတော်များကို အကြမ်းဖက်နှိမ်နင်းပစ်ခတ်မှုများကြောင့် အသေအပျောက်များ ရှိခဲ့သည်။

## ကိုယ်ရေးကိုယ်တာ ကိစ္စများ

ဗိုလ်ချုပ်ကြီးသန်းရွှေ၏ ဇနီးဒေါ်ကြိုင်ကြိုင်သည် ပအိုဝ်းတိုင်းရင်းသူ ဖြစ်သည်။ သူတို့တွင် သမီးငါးယောက်နှင့် သားသုံးယောက်ရှိသည်။ သမီးများမှာ အေးအေးသစ်ရွှေ၊ ဒေဝါရွှေ၊ ခင်ပြုံးရွှေ၊ ကြည်ကြည်ရွှေ၊ သန္တာရွှေတို့ ဖြစ်သည်။ သားသုံးယောက်မှာ ကြိုင်စန်းရွှေ၊ သန့်ဇော်ရွှေနှင့် ထွန်းနိုင်ရွှေတို့ဖြစ်သည်။ ဗိုလ်ချုပ်ကြီးသန်းရွှေတွင် ဆီးချိုရောဂါရှိသည်။ ထို့ပြင် အူမကြီးကင်ဆာဖြစ်နေသည့်ဆိုသည့် ကောလာဟလများလည်း ပေါ်ထွက်နေသည်။ ထို့ကြောင့်လည်း လူရှေ့သူရှေ့ အထွက်နည်းရခြင်းဖြစ်ကြောင်း ပြောကြသည်။

ဗိုလ်ချုပ်ကြီးသန်းရွှေသည် ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့တွင် စင်ကာပူနိုင်ငံသို့ လေယာဉ်ဖြင့် သွားရောက်ခဲ့သည်။ ကျန်းမာရေးအတွက် ဆေးသွားကုသည်ဟု ယူဆကြသည်။ အဘယ်ကြောင့်ဆိုသော် ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၄ ရက် နေ့တွင်ပြုလုပ်သည့် လွတ်လပ်ရေးနေ့ ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ခြင်းအား မတွေ့ကြရသောကြောင့် ဖြစ်သည်။ ၁၉၉၂ ခုနှစ် နိုင်ငံတော်အကြီးအကဲတာဝန်ကို လက်ခံပြီးကတည်းက ပုံမှန်တက်ရောက်လာခဲ့ခြင်းအား ပျက်ကွက်ခဲ့ခြင်းဖြစ်သည်။ ထိုအချိန်တွင် စင်ကာပူဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူနေပြီး မြန်မာပြည်သို့ နှစ်ပတ်ကြာမှ ပြန်ရောက်ခဲ့သည်။

## ကမ္ဘာကျော်သည့် သမီးမင်္ဂလာပွဲ

နေပြည်တော်ကြီးသို့ပြောင်းရွှေ့ပြီး နှစ်အနည်းငယ်ကြာသည်အထိ နိုင်ငံခြားသားများကို ပြည်တော်ထဲသို့ ဝင်ခွင့်မပြုခဲ့သေးပေ။ ဗိုလ်ချုပ်မင်းအပေါင်းစုံသည့် ပွဲတစ်ပွဲကို မကြာမီ ပြည်သူများသည် ဗီဒီယိုခွေဖြင့် ကြည့်ရှုခွင့်ရရှိလိုက်ကြသည်။ ထိုပွဲသည် ၂၀၀၆ ခုနှစ်တွင် ပြုလုပ်ခဲ့သော ဗိုလ်ချုပ်မှူးကြီး၏ သမီးဖြစ်သူနှင့် တပ်မတော်မှ ဗိုလ်မှူးတစ်ဦးတို့ လက်ထပ်သည့်ပွဲ ဖြစ်သည်။

ထိုလက်ထပ်ပွဲသည် အမှန်ဆိုရလျှင် သီးသန့် မင်းပွဲစိုးပွဲတစ်ခုအနေဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။ သို့သော် ဘယ်ကဘယ်လို ပေါက်ထွက်သွားသည်မသိ။ လက်ထပ်ပွဲအခမ်းအနား ဗီဒီယိုသည် ပြင်ပကိုရောက်ရှိလာခဲ့သည်။ ပထမဆုံးအကြိမ်အနေဖြင့် မြန်မာနိုင်ငံသားများသာမက ကမ္ဘာကပါ You Tube ပေါ်တွင် ဗိုလ်ချုပ်မှူးကြီးနှင့်တကွ စစ်တပ်မှအာဏာပိုင်များကို စုံညီစွာ တွေ့ရှိလိုက်ရခြင်းဖြစ်သည်။ ယင်းဗီဒီယိုကို တစ်ကမ္ဘာလုံးကလည်း စိတ်ဝင်စားစွာ ကြည့်ရှုခဲ့ကြသဖြင့် You Tube ပေါ်တွင် ကမ္ဘာကျော်သည်အထိ ဖြစ်ခဲ့ရသည်။

ထိုပွဲသည် မင်္ဂလာသတို့သမီးဖြစ်သူ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သမီးဖြစ်သူအား ပွဲထုတ်အမွှမ်းတင်သည့်ပွဲဖြစ်ကြောင်းကတော့ ထင်ရှားသည်။ ဗီဒီယိုပြကွက်များတွင် အခမ်းအနားမစတင်မီ သတို့သမီး၏ ဝတ်စားဆင်ယင်နေပုံများကိုလည်း အသေးစိတ်ရိုက်ပြထားသည်။ သူ့ကို မိတ်ကပ်လိမ်းပေးသူက ခြယ်သပေးနေပုံများလည်းပါသည်။ သူ၏ သူငယ်ချင်းများနှင့် အမျိုးသမီးကြီးများက ရေးကြီးခွင်ကျယ် ဟိတ်ဟန်လုပ်နေပုံများလည်း တွေ့ရသည်။ အထင်ရှားဆုံးပုံရိပ်များမှာ စိန်ဆံထိုး၊ စိန်လည်ဆွဲများကို တပ်ဆင်ပေးနေကြပုံဖြစ်သည်။ သတို့သမီးလည်ပင်းတွင် စိန်လည်ဆွဲများအထပ်ထပ်၊ အရောင်တွေတဖိတ်ဖိတ် တလက်လက်တောက်ပနေသည်။ လက်ကောက်ဝတ်များတွင်လည်း စိန်လက်ကောက်များ၊ လက်ချောင်းများတွင်လည်း စိန်လက်စွပ်များနှင့် တစ်ကိုယ်လုံး စိန်တွေဖုံးထားသည့်အလား ထင်မှတ်မှားရလောက်အောင် ဆင်ယင်ထားခြင်းဖြစ်ပါသည်။

သတို့သမီးတစ်ကိုယ်လုံး တန်ဖိုးရှိသော စိန်တွေလွှမ်းခြုံထားသည့်နည်းတူ

မင်္ဂလာပွဲအခမ်းအနားကလည်း ခမ်းနားကြီးကျယ်ထည်ဝါလှသည်။ မင်္ဂလာပွဲကို ဝင်ရောက်လာသော ဧည့်သည်များသည် ကော်ဇောနီများအပေါ် နင်းလျှောက်လာပြီး အေးတစ်ဘက်တစ်ချက်တွင် စိုက်ထိုးထားသော ပန်းများကို ဖြတ်သန်းလာကြရသည်။ ခန်းမအဝင်ဝတွင် သတို့သားနှင့် သတို့သမီးတို့၏ လက်ထပ်ဝတ်စုံပြည့် ရိုက်ကူးထားသော ဓာတ်ပုံကြီးများကို ထောင်ထားသည်။ မင်္ဂလာခမ်းမအတွင်း၌ သတို့သားနှင့် သတို့သမီးတို့ မင်္ဂလာယူမည့်နေရာကို ခမ်းနားစွာ ပြင်ဆင်ထားသည်။ ခမ်းမထဲရှိ ဧည့်ပရိသတ် ဗိုလ်မင်းအပေါင်းတို့ကြားတွင် စားပွဲထိုးများကလည်း လစ်ဟာခြင်းမရှိရလေအောင် တာဝန်ကျေနေကြသည်။

ဗိုလ်ချုပ်များနှင့် သူတို့၏ဇနီးများကလည်း ဖိတ်ဖိတ်တောက်၊ လက်လက်ထ ဝတ်ဆင်ထားကြသည်။ အားလုံး မြန်မာဆန်ဆန် ချိတ်ထမီများ၊ စီးကွင့်ထိုးထားသော ပြောင်လက်လက်အင်္ကျီများ ဝတ်ဆင်ခဲ့ကြခြင်းဖြစ်သည်။ ထိုလူအုပ်ကြားတွင်ရှိနေသည့် အမျိုးသားများသည် ရာထူးအဆင့်အတန်းမြင့်မားသည့် ဗိုလ်ချုပ်ကြီးများနှင့် စစ်အာဏာပိုင်များကို အလုပ်အကျွေးပြုနေကြသော ခရိုနီကြီးများဖြစ်သည်။ အမျိုးသားများကလည်း ထိုနေ့တွင် ချိတ်ပုဆိုး ပိုးပုဆိုးများ ဝတ်ဆင်ထားကြပြီး အပေါ်တွင် တိုက်ပုံကိုယ်စီနှင့်ဖြစ်သည်။

ဧည့်ကြိုများက ဗိုလ်ချုပ်များနှင့် ခရိုနီကြီးများအပါအဝင် သူတို့၏ ဇနီးမယားများကို ဦးဆောင်ခေါ်လာပြီး သတ်မှတ်ထားသည့် စားပွဲများတွင် နေရာချထားပေးလိုက်သည့်အခါ သူတို့အားလုံး တောင့်တောင့်မတ်မတ် မသက်မသာ ထိုင်နေကြသည်။ သူတို့အားလုံး အခမ်းအနားစတင်မည့်အချိန်ကို စောင့်စားနေကြခြင်းဖြစ်သည်။ အမျိုးသမီးများက တစ်ဦးဘက်တစ်ဦးကိုင်းပြီး တီးတိုးပြောနေကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လူမြင်ကွင်းသို့ စစ်ဝတ်စုံမပါဘဲ ထွက်ခဲ့လှသည်။ သို့သော် သမီးဖြစ်သူ မင်္ဂလာပွဲတွင် ရွှေရောင်ပိုးလုံချည်ကို ဝတ်ဆင်ထားသည်။ ကင်မရာဆရာကလည်း ဗိုလ်ချုပ်မှူးကြီး အားရပါးရ ကိတ်မုန့်စားနေသည်ကို သေသေချာချာရိုက်ပြနေသည်။ ဗိုလ်ချုပ်မှူးကြီး၏ ဇနီး ဒေါ်ကြိုင်ကြိုင်သည် သူ့ဘေးတွင် တိတ်ဆိတ်စွာထိုင်နေသည်။ သူလည်း

တန်ဖိုးမနည်းသော စိန်ရွှေရတနာများဝတ်ဆင်ထားသည်။

အားလုံးကိုခြုံကြည့်လိုက်လျှင် ထိုပွဲသည် အုပ်စိုးသည့် စစ်အာဏာရှင်လူတန်းစားသည် မည်မျှချမ်းသာကြွယ်ဝနေကြောင်း၊ သာမန်ပြည်သူများထက်မည်မျှချမ်းသာနေကြောင်းကို ထုတ်ဖော်ပြသလိုက်သည့် ပွဲတစ်ပွဲလည်းဖြစ်တော့သည်။ စစ်ဗိုလ်ချုပ်ကြီးများက အဖိုးတန်ရတနာများဝတ်ဆင်၊ တန်ဖိုးရှိသည့်ကားကြီးများစီးပြီး မင်္ဂလာသတို့သမီးက မည်သူမျှ အိပ်မက်ပင်မမက်ရဲလောက်သောစိန်များကို တစ်ကိုယ်လုံးဖုံးပြနေချိန်တွင် တိုင်းပြည်၏ ပကတိအနေထားမှာဆင်းရဲတွင်းထဲကျနေချိန်ဖြစ်သည်။ မည်သည့်နည်းနှင့် ရမှန်းမသိသော ဝင်ငွေများဖြင့် ကိုယ့်ကိုယ်ကိုတက်ချမ်းသာနေကြသော ဗိုလ်ချုပ်ကြီးများဘဝသည် အားကျစရာကောင်းလောက်သည်။

မြန်မာနိုင်ငံသည် ပင်ကိုယ်အားဖြင့် သဘာဝသယံဇာတများ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ကျောက်မျက်ရတနာများ၊ ကျောက်စိမ်းနှင့်ကျွန်းသစ်များကို ရောင်းချခြင်းဖြင့် ဝင်ငွေရနေသော နိုင်ငံလည်းဖြစ်သည်။ မြန်မာနိုင်ငံ၏ သဘာဝတွင်းထွက်များဖြစ်သည့် ရေနံနှင့် သဘာဝဓာတ်ငွေ့များသည်ဗိုလ်ချုပ်ကြီးများအတွက် ချမ်းသာစေနိုင်သည့် ရင်းမြစ်များ ဖြစ်တော့သည်။

EarthRights International အစီရင်ခံစာ၌ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၉ ခုနှစ်အတွင်း စစ်အစိုးရသည် ပြင်သစ်ကုမ္ပဏီတစ်ခုဖြစ်သည့် Total နှင့် အမေရိကန်ပိုင် Chevron တို့မှ ရရှိသည့် ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၃ ဘီလီယံဖြစ်ကြောင်း သိရသည်။ ထိုဝင်ငွေများကို နိုင်ငံတော်ဘတ်ဂျက်အတွင်း ထည့်သွင်းကြေညာခြင်းမရှိဟုလည်း ယင်းအစီရင်ခံစာက ဆိုထားသည်။ ထိုငွေများသည် နိုင်ငံခြားဘဏ်များအတွင်းသို့ ရောက်ရှိသွားခဲ့ရသည့် ငွေများဖြစ်ခဲ့ရသည်။ မြန်မာနိုင်ငံပတ်လည်တွင် စွမ်းအင်ငတ်နေသည့် ထိုင်းနှင့် တရုတ်နိုင်ငံတို့က ရှိနေသည်။ ရေနံနှင့် ဓာတ်ငွေ့ရောင်းစားသည့် လုပ်ငန်းသည် သူတို့အတွက် အကျိုးအမြတ်များစေသည့် လုပ်ငန်းကြီးတစ်ခုဖြစ်ခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သမီးဖြစ်သူ လက်ထပ်ပွဲတွင် အသုံးပြုခဲ့သော အဆောင်အယောင်၊ အခမ်းအနား၊ အဝတ်အစားနှင့် လက်ဝတ်ရတနာများအတွက်

ကုန်ကျမည့်ငွေကြေးပမာဏကို မခန့်မှန်းရဲလောက်အောင်ဖြစ်သည်။ သတို့သမီး တစ်ဦးတည်း ဝတ်ဆင်ထားသည့်ကပင် ဒေါ်လာသိန်းချီပြီး တန်ကြေးရှိလောက်သည်။ တိုင်းပြည်က ဆင်းရဲနေချိန်တွင် တိုင်းပြည်အုပ်ချုပ်သူတို့က အဘယ်ကြောင့် အလွန်တန်ဖိုးကြီးသည့် မင်္ဂလာပွဲကြီးကို ဝှံ့ချီးကျင်းပပြနေရသနည်း။

မင်္ဂလာပွဲအတွက် လက်ဖွဲ့များကို ဧည့်ဆောင်နံ့နစ်ဦးက လက်ခံယူသည်။ ထိုလက်ဖွဲ့များထဲတွင် ဇိမ်ခံကားများ၊ တန်ဖိုးကြီးသည့် တိုက်အိမ်ကြီးများ ပါဝင်သည်။ ပြောသံဆိုသံတွေက ထိုမင်္ဂလာပွဲတွင်ရရှိသော လက်ဖွဲ့ကြေးကပင် ဒေါ်လာ သန်း ၅၀ တန်ဖိုးခန့်ရှိသည်ဟုဆိုကြသည်။ ကျွမ်းကျင်သူများ၏ တွက်ချက်ပြချက်အရ ၂၀၀၆ ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သော ထိုမင်္ဂလာပွဲ ကုန်ကျစရိတ်သည် နိုင်ငံတော်က ကျန်းမာရေးအတွက် အသုံးပြုသော ဘတ်ဂျက်ငွေပမာဏ၏ သုံးဆဖြစ်သည်ဟုဆိုသည်။ မင်္ဂလာပွဲနှင့်ပတ်သက်ပြီး ကောလာဟလတွေကလည်း နားမဆန့်အောင် ကြားကြရသည်။ မည်သို့ဆိုစေ အားလုံးသည် အတွင်းစကားတွေက လျှံပြီးထွက်လာခြင်းသာ ဖြစ်သည်။

မင်္ဂလာပွဲကို သာဓနှိဟုတင်ရကောင်းသော်လည်း အချင်းချင်းပြိုင်ဆိုင်ပွဲ တစ်ခုဟု ဆိုသူတွေကဆိုကြသည်။ စစ်ခေါင်းဆောင်တစ်ဦးဖြစ်သူ ဗိုလ်ချုပ်ကြီး မောင်အေး၏ သမီးသည်လည်း မင်္ဂလာပွဲတစ်ခု ကျင်းပခဲ့သည်။ ယင်းမင်္ဂလာပွဲကို ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်တွင် ခမ်းနားစွာကျင်းပခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က အခမ်းနားအကြီးကျယ်ဆုံးဟု သတ်မှတ်ခဲ့ကြသည်။ မြန်မာနိုင်ငံမှ ထွက်ပြေး လာသော စစ်ဗိုလ်တစ်ဦးကမူ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏သမီးဖြစ်သူ မင်္ဂလာဆောင်သည် ထိုမင်္ဂလာဆောင်ကို ပြိုင်ဆိုင်သည့် ပွဲဖြစ်သည်ဟုဆိုသည်။

သူ၏အဆိုအရ ဗိုလ်ချုပ်မှူးကြီးသမီး၏ မင်္ဂလာပွဲသို့ တက်ရောက် လာသည့် ဗိုလ်ချုပ်တိုင်းသည် မတန်တဆများပြားလှသည့် ပမာဏများကို လက်ဖွဲ့ ကြရသည်ဟုသိရသည်။ တိုင်းမှူး၊ တပ်ရင်းမှူးအဆင့်ဆင့်က ထိုလက်ဖွဲ့အတွက် ရှာဖွေဆက်သကြရခြင်းဖြစ်သည်။ အားလုံးသည် ဗိုလ်ချုပ်မှူးကြီး မျက်နှာသာ အပေးခံရရေးအတွက် ဖားဆက်ကြရခြင်းဖြစ်ကြောင်းကား ထင်ရှားလှသည်။

ပြင်ပသို့ ပေါက်ထွက်လာခဲ့သည့် ဗီဒီယိုခွေသည် လူတိုင်းလက်ထဲသို့

ရောက်သွားသည်။ ထိုအချိန်တွင် အိမ်တိုင်းလိုလို ဗီစီဒီဖွင့်စက်လေးတွေ ဝယ်ထားနိုင်ကြသဖြင့် ရန်ကုန်နှင့် နယ်တိုင်းလိုလိုတွင် စိန်စီသောညဆိုသည့် မင်္ဂလာဆောင်အခွေသည် လူတိုင်းကြည့်ပြီး စိတ်ဆိုးဒေါသထွက်စရာဖြစ်သွားခဲ့ရသည်။ ရန်ကုန်မြို့တွင်ပင် လမ်းဘေးသာမက ကားရပ်လိုက်သည်နှင့် စိန်စီသောညအခွေကို လိုက်ရောင်းနေသော သူများလည်း အတော်ပင်အလုပ်ဖြစ်လိုက်ကြသည်။ အဖြေကတော့ရှင်းသည်။ ဗိုလ်ချုပ်မှူးကြီး၏ ပွပေါက်တိုးနေခြင်းကို အပုပ်ချပြီး ဖြုတ်ချရန် နောက်ကွယ်ကလုပ်ဆောင်နေသည့် တိုက်ကွက်တစ်ခုဖြစ်ကြောင်း ထင်ရှားလှသည်။

အဖြစ်က ဇင်ဘာဘွေနိုင်ငံကဲ့သို့ဖြစ်နေသည်။ ဇင်ဘာဘွေ အာဏာရှင်ကြီးကလည်း သူ၏ ၈၃ နှစ်မြောက် မွေးနေ့ကို ၂၀၀၇ ခုနှစ်တွင် ကျင်းပခဲ့သည်။ အလွန်ကြီးမားလှသော မွေးနေ့ကိတ်ကြီးကိုလှီးပြီး သူ၏လုပ်ဖော်ကိုင်ဘက် ရေပေါ်ဆီ လူတန်းစားများကို ကျွေးမွေးပြုစုခဲ့သည်။ ထိုအချိန်တွင် ဇင်ဘာဘွေ ပြည်သူများသည် စားစရာမရှိ။ နေထိုင်စရာ အိုးအိမ်မရှိ၊ ငတ်ပြတ်နေကြသည်။ မူဂါဘီသည် သူ့မွေးနေ့ကို ဒေါ်လာသန်းချီပြီး အကုန်ခံကာ ကျင်းပခဲ့ခြင်းဖြစ်သည်။ အငြိမ်းစားပြည်သူ့ရေးဆရာ ဟောဒီယော်လန်ပြောပုံအရဆိုလျှင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သမီးမင်္ဂလာပွဲအတွက် ခရီးများ အကုန်အကျခံပေးသည့် ငွေပမာဏသည် မူဂါဘီမွေးနေ့တွင် သုံးစွဲခဲ့သည့်ငွေကြေးထက် အဆငါးဆယ်ခန့် ပိုများသည်ဟုဆိုသည်။

•

## အာဏာရှင်ဘဝမှ အနားယူခြင်း

၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ဗိုလ်ချုပ်မှူးကြီးဘဝဖြင့် ဦးသန်းရွှေသည် အနားယူခဲ့သည်။ ထိုအချိန်မှစတင်ပြီး အများပြည်သူမြင်ကွင်းမှ သူတို့မိသားစုလည်း ပျောက်ကွယ်သွားခဲ့ရသည်။ မြန်မာ့နိုင်ငံရေးလောကတွင် သူပျောက်ကွယ်သွားခဲ့သော်လည်း သူ့အရိုက်အရာကို သူ့လိုပင် စစ်ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သူ ဗိုလ်ချုပ်သိန်းစိန်က ဆက်ခံပြီး သမ္မတရာထူးဖြင့် ဆက်စခဲ့သည်။